www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## နှလုံးသားကို ... ပိုင်စိုးသူ



အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ ဇွန်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၇၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ‧ ၈၃
မမသဒ္ဒါမောင်
နှလုံးသားကို ပိုင်စိုးသူ/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၈၅ – စာ ၊ ၁၂ ‧ ၇ × ၁၈ စင်တီ။
(၁) နှလုံးသားကို ပိုင်စိုးသူ


# မမသဒ္ဒါမောင်

# နှလုံးသားကို ပိုင်စိုးသူ•••

www.burmeseclassic.com

www.burmeseclassic.com

မင်းကို ကိုယ်, ပိုင်တယ် "တချ"...မင်းရဲ့နှလုံးသားကိုရော, စိတ်ကိုပါ ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရခဲ့တာပါ။ ဒီတော့ ကိုယ်ကလွဲပြီး တခြား ဘယ်သူ့စိမ်းယောက်ျားမျိုးကိုမှ မကြည့်နဲ့ မမြင်နဲ့ လုံးဝမချစ်မိစေနဲ့!

(ရှာန်)

www.burmeseclassic.com

www.burmeseclassic.com

ချစ်နိုင်ဖို့အတွက် အင်အားလိုပြီး...
အချစ်ခံရဖို့အတွက် သတ္တိတော့ လိုအပ်ပါတယ်...

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

White board ထက်မှာ အိမ်စာလုပ်ရမည့် သင်္ချာပုစ္ဆာတို့ကို အခန်းနှင့် နံပါတ်တွေတွဲပြီး ဆေးပင်နှင့် ရေးလိုက်ပါ၏။ ကလေးတွေ တွက်စာအားနည်းသလိုဖြစ်နေတာမို့ 'တျာ' အတော်စိတ်ညစ်နေရလေသည်။ ကိုယ်က စာဖတ်အားနည်းခဲ့ပေမယ့် ဝီရိယစိုက်ပြီး ကြိုးစားခဲ့ရတာပါ။ တွက်စာဆိုလျှင် ဘယ်နှပုဒ်, ဘယ်နှခန်း တွက်ရတွက်ရ ပျော်လွန်းခဲ့ရပါ၏။

"တီချယ် ... အဲဒါအကုန်တွက်ရမှာလား"

"တွက်ရမှာပေါ့၊ နင်တို့ အပျင်းထူနေလို့ သင်္ချာအမှတ်တွေ နည်းကုန်တာ မဟုတ်လား။ (၆၀) (၆၂) (၆၅) (၆၈) မှတ်တဲ့၊ ရပါ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်မယ် ဂုဏ်ထူး၊ တက်ချင်တာက ဆေးကျောင်း၊ ဆေးရလိမ့်မယ် ခိုးဖိုချောင်ထဲက ပန်းကန်အပေတွေ”

မျက်နှာရှုံ့တွနေကြပေမယ့် ‘တျာ့’ အပြောကြောင့် တခွိခွိနှင့် ရယ်သံတွေ ထွက်လာလေ၏။ စာစသင်ခါစ ‘တျာ့’ ကို အသက် ငယ်ငယ်လေးနှင့် ကျူရှင်ဆရာမဆိုပြီး သိပ်မရိုသေချင်ကြပါ။ ပြီးတော့ ပိုက်ဆံရှိ သားသမီးတွေမို့ ထောင့်မကျိုးကြတာလည်း ပါပါ၏။ မိဘ တွေ ပေးနိုင်၊ ပံ့ပိုးနိုင်တာမို့ ဘာမဆို ခပ်ပေါ့ပေါ့သဘောမျိုးထားကြပုံ ပါ။

ဒါကို ရိပ်မိသည့် ‘တျာ’က လေသံဖြတ်ဖြင့် နင့်,ငါဆိုပြီး ခပ်တင်းတင်းပြောကာ စာမကြိုးစားပါက ပိုင်းဖျက်မည်ဟု အစရက် ကတည်းက ကြေငြာခဲ့ပါ၏။ တကာယ်တမ်း စာသင်စဉ်မှာ ကလေးတွေ မပျင်းရလေအောင် ရယ်စရာလေး ပြော၊ ဗဟုသုတရအောင် ဖတ် ထား၊ လေ့လာထားသည့် စာတို၊ ပေတို၊ သတင်းတို့တွေ ဝေမျှ၊ စာ စိတ်ဝင်စားစေရန် သင်ကြားပေးနိုင်တာမို့ အခုတော့ ‘တျာ’ မှ ‘တျာ’ ဆိုပြီး ကလေးတွေ ပိုင်းချစ်နေကြလေသည်။

“သူ့ရ အမှတ်ကောင်းတာကျ တီချယ်က မပြောဘူး”

“ဘာကောင်းတာလဲ၊ (၈၀) ဆိုတာ အချိန်မရွေးပြုတ်ကျ သွားနိုင်တဲ့ အမှတ်ဟဲ့၊ ငါ D မှတ်ရတယ်ဆိုပြီး ဘဝင်လေဟပ်မနေ နဲ့”





အိမ်ရှင်ကလေးကို ချီးမွမ်းခိုင်းနေပေမယ့် ‘တျာ’ က မျက်နှာ သာပေးတာမျိုး မရှိပါ။ ဆူလည်း ငါးယောက်စလုံး တန်းတူဆူပြီး မနာနာအောင်လည်း ပြောတတ်ပါ၏။ ကလေးဆိုတာ ရိုက်မှသာ နာတတ်တာမျိုးမဟုတ်ပါ။ စကားဖြင့် နာအောင်လည်း လုပ်တတ်မှ သွန်သင်ဆုံးမလို့ရတာ မဟုတ်ပါလား။ မိဘတွေက အပြင်မှာ အလုပ် ထွက်လုပ်နေကြပြီး အိမ်မှာ ကလေးကို ဂရုမစိုက်နိုင်ကြပါချေ။

ဒီတော့ ကျူရှင်ချိန် နှစ်နာရီကျော် ယူထားပါသည့် ‘တျာ’ ကသာ သင့်လျော်သလို ဆိုဆုံးမပေးရလေ၏။ ပိစိညှောင့်တောင့် ကလေးဘဝကတည်းက နားပူသက်သာလျှင်ပြီးရောဆိုပြီး မုန့်ဖိုးတွေ အလျှံပယ်ထုတ်ပေးကြတာပါလေ။ အခုလို phone တွေ ပေါ်လာသည့် ခေတ်မှာ ‘တျာ့’ တပည့်တွေက phone ကိုယ်စီ ကလီ, game ဆော့, internet ဖွင့်ပြီး ကြည့်ဖို့ကျ အချိန်ကုန်ခံပြီး စာကိုကျ ဗဟု သုတရှာမှီးဖို့ ယောင်လို့သော်မျှ မကိုင်ကြပါချေ။

ဦးနှောက်အသစ်နှင့် လူငယ်လေးတွေရဲ့ ရှေ့ရေးက ရင်မော စရာပါပဲ။ ‘တျာ’ က ဆယ်တန်းအောင် အဝေးသင်တက်စဉ်ကတည်း က နီးစပ်ရာမှ ကလေးတွေ (၈ တန်း, ၉ တန်း, ၁၀ တန်း) ကို Guide လုပ်ပေး, စာသင်ပေးခဲ့တာပါ။ ကလေးတွေ အတန်းမတူ၊ အချိန်မတူကြ၍ အရမ်းလည်း ပင်ပန်းခဲ့ရပါ၏။ အခု ဘွဲ့ရပြီးမှပင် (၅) ယောက်တစ်ဝိုင်းစီဖြင့် သင်မှသာ အချိန်ကုန် လူပင်ပန်း သက်သာ



www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။

'သူရ' ၏မာမီကပင် လမ်းထဲမှ ကလေးတွေစုပြီး ဝိုင်းလုပ်ပေးတာမို့ 'တျာ' က ဘာသာစုံအကုန် တာဝန်ယူဖြစ်ခဲ့တာပင်။ နွေကျောင်းပိတ်ကတည်းက သင်ပေးခဲ့တာမို့ စာသွားတာမှန်ပေမယ့် ကျောင်းတက်သည်နှင့် အပျင်းကြီးလာလေတော့၏။ ဒီကြားထဲ မျောက်သုံးကောင်စုမိသလို 'သူရ'၊ 'နန္ဒ' နှင့် 'ဝဏ္ဏ' က အတော် အစအနောက်သန်လေသည်။

ငါးယောက်အုပ်စုမှာ 'စန္ဒီ' နှင့် 'နန္ဒီ' က အမြွှာညီအစ်မဖြစ်ကာ နှစ်ယောက်စလုံး ချောချောလေးတွေပါ။ အစ်မဖြစ်သည့် 'စန္ဒီ' က အမည်နှင့်လိုက်အောင် အေးလွန်းပြီး အငယ်ဖြစ်သည့် 'နန္ဒီ' က အစွာလေးဖြစ်လေ၏။ ဒီတော့ မျောက်သုံးကောင်နှင့် ရွှေခဲမတို့၏စကားစစ်ပွဲက မကြာမကြာ အသံမြည်ကာ 'တျာ' က 'မယ်ဝဏ္ဏ' ဆိုင်းနှင့် ဝင်ကရတော့လေသည်။

"တီချယ်"

"ဘာတုန်း"

"(၉) တန်းဝိုင်းက (၆) ယောက်တောင်ဆို"

"အေး"

"သားတို့လို ယောကျ်ားလေးက တစ်ယောက်တည်းဆို"

"ဟီဟိ! ... လာပြန်ပြီ သားတဲ့"





'သူရ' က အိမ်မှာ 'သား' ဟူသာ သုံးတတ်၍ အကျင့်ဖြစ်နေပုံပါ။ ဒါကို ဟိုနှစ်ယောက်က တီးတိုးစလိုက်တာမို့ လက်သီးဖြင့် (သိပ်မနာအောင်) ထိုးဟန်ပြုကြလေ၏။ ဒီကလေးတွေများ ရှာကြံစနောက်တတ်ကြပါရဲ့။ ရေများရေနိုင်၊ မီးများ မီးနိုင်ဆိုတာ သဘာဝပေကိုး။

"ဟုတ်တယ် ... ကိုထက်တစ်ယောက်တည်းပဲ"

"အဲဒီဝေါ်လေးကို သနားလိုက်တာ"

"ဘာသနားစရာလိုလို့လဲ၊ မချော (၅) ယောက် ကိုယ်ထဲစ်ယောက်နဲ့ ကောင်းစားနေတာများ"

"ဖူးဖူးတို့အုပ်စုက အချောကြီးပဲဆိုတာ ဟုတ်လားဟင်"

"ဟုတ်တယ်"

"မနာလိုလိုက်တာ"

"အောင်မာ ... ဖူးဖူးတို့က ချောပြီး ငါတို့ညီအစ်မက ရုပ်ဆိုးနေလို့လား၊ ပြောပုံကိုက ..."

"ဟုတ်တာပဲတာ"

"ဘာပြောတယ်"

"ဟယ်! တော်ကြစမ်း ... စကားများနေကြပြန်ပြီ၊ အိမ်စာ ရှာတွေ မှတ်ပြီးရင် တွက်လက်စဟာကို ဆက်တွက်မှပေါ့၊ သော်တော်အချိန်ဖြုန်းနေကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်! . . . တီချယ် ပြန်တော့မှာ မဟုတ်လား"

"ဘာလို့ပြန်ရမှာလဲ၊ အခုမှ (၄) နာရီပဲ ရှိသေးတာ၊ နာရီဝက် ကျန်သေးတယ်၊ လျှာမရှည်နဲ့"

'ဝဏ္ဏ' က ရုတ်တရက် ထရပ်ကာ လက်ညှိုးထောင်ပြလေ၏။ ခွင့်တောင်းတာကို နှုတ်က မပြောပါဘဲ ထိုသို့အမူအရာလုပ်တာကို ဘယ်ဂူမှများ သင်လာတာပါလိမ့်။ နှစ်နာရီလေး ထိုင်တာကို ခါးညောင်းနေလျှင် ကျောင်းမှာ မည်သို့ စာသင်လာကြပါသနည်း။

"ဒီလောက် စကားများနေမှတော့ ရေဆာတော့မှာပေါ့၊ ငါ မပြောလိုက်ချင်ဘူး"

"ရေဆာလို့ မဟုတ်ဘူး တီချယ်ရဲ့၊ အခုက ရှူးရှူးပေါက်ချင်လို့"

"ဟီးဟိ!"

ကျိတ်ရယ်သံတွေ ထွက်လာပြန်ပါ၏။ တစ်ယောက်ပြီးလျှင် နောက်တစ်ယောက်ကပါ လိုက်ထွက်တော့မှာပါ။ 'တျာ' လည်း ဒီအရွယ်ကို ကျော်လာတာမို့ သိနေပြီးသား မဟုတ်လား။ လက်မှ နာရီကို တစ်ချက်ကြည့်ပြီး ပြောလိုက်ပါ၏။ တိုယ်က စည်းကမ်းတင်းကျပ်နိုင်မှသာ ကလေးတွေ စည်းကမ်းတကျ လိုက်နာတတ်မှာပါ။

"ဒါဖြင့် (၅) မိနစ် break time ပေးမယ်၊ အခု ထွက်လက်စ ပဏ္ဍာတွေ မပြီးမချင်း အိမ်ပြန်ရလိမ့်မယ်မထင်နဲ့"





"ဟာ! . . . တီချယ်ကလည်း (၅) မိနစ်နဲ့ အချိန်ဘယ်လောက်မှာလဲ၊ တိခနဲဖြတ်ပြီး ထွက်လာလို့မှမရတာ"

"ဒါဆို (၁၀) မိနစ်၊ ထပ်ပြီး ဈေးမဆစ်နဲ့၊ ဒါပဲ! . . . မြန်မြန်သွားပြီး ပြန်လာ"

ချာတိတ်သုံးကောင် စာသင်ခန်းတွင်းမှ လှစ်ခနဲ ပြေးထွက်သွားလေတော့၏။ 'စန္ဒီ' နှင့် 'နန္ဒီ' ကတော့ မိန်းကလေးတွေမို့ သူများအိမ်မှာ ဤသို့ အပေါ့အပါးမသွားချင်ကြပုံပါ။ 'တျာ' လည်း ထိုအတူပါလေ။ ဒီအိမ်က ယောကျ်ားသားများတာမို့ တော်ရုံ တပို တပါး မသွားဖြစ်ပါ။ ဒီကအပြန် (၉) တန်းပိုင်းမှာမှ မိန်းကလေးအိမ်မို့ ရေအိမ်ဝင်ဖြစ်လေ၏။

ကျောင်းမဖွင့်ခင်က စာသင်ချိန်များတာ ကိစ္စမရှိပါ။ ကျောင်းဖွင့်တော့မှ ကျောင်းတိုင်း အချိန်မတူကြတာမို့ ဝိုင်းကျူရှင်အချိန်က အတော်လုပြီး သင်ရလေ၏။ စာကျက်ပျင်းပုံနှင့် Guide သီးသန့်ခေါ်ရမည်ဟု မိဘတွေ ညည်းကြတာကြောင့် စိတ်မောလှမော ဖြစ်ရပါသည်။ ငွေကုန်ကြေးကျများပြီး ကလေးတွေ စာမကြိုးစားပါက အချည်းနှီးပင် မဟုတ်ပါလား။

"တီချယ်"

"ပြောလေ နန္ဒီ"

"နှင်းဆီတို့ပိုင်းက အခြေအနေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ . . . သိပ်အတော်ကြီးတွေချည်း မရှိပါဘူး"

"သူရထက် တော်တဲ့သူ မရှိဘူးလား"

"အင်း . . . နစ်ယောက်တော့ ပါတယ်"

"ဟယ်!"

"ဝေယံနဲ့ Rose က အထက်ဆုံးပဲ၊ ဘာသာတိုင်း ပျမ်းမျှ (၇၀) အထက်ရတာဆိုတော့ အခြေအနေကောင်းတယ်လို့ ဆိုရမှာပေါ့"

"သူတို့က တစ်နေ့ကုန်ကျောင်းမှ မဟုတ်တာကို၊ အချိန်ပိုရတာပေါ့"

"နေ့ဝက်ကျောင်းလည်း အိပ်ရေးပျက်ရတာပဲလေ, နန္ဒီရဲ့၊ မနက် (၅) နာရီ နေ့တိုင်း ထနိုင်လား"

"ဟင်အင်း"

"ဒအေး . . . Exam နီးရင် ညဆို (၁၁) နာရီမှ အိပ်ရပြီး မနက် (၄) နာရီ ထရမယ်မှတ်"

"အား! . . . သေပါပြီ"

"အဲဒီလို မပင်ပန်းချင်ရင် အခုကတည်းက ပိုကြိုးစားကြမှပေါ့၊ ဟိုသုံးကောင် (၁၀) မိနစ်ဆိုပြီး ခုထိ မဝင်လာသေးဘူးလား"

ခုံမှထရပ်ကာ အခန်းတံခါးကို အသာဟ၍ အော်လိုက်စဉ် ပါးစပ်မှာ ပလုပ်ပလောင်း ဝါးရင်း ပြေးလာသည့် ချာတိတ်တွေကို





မြင်လိုက်ရပါ၏။ ဒီအချိန် ဆာပြီမှန်း 'တျာ' လည်း သိနေပါသည်။ သို့သော်, အစာစားပြီး စာသင်လျှင် ကလေးတွေ အိပ်ငိုက်တာကို [illegible]သက်တာ အမှန်ပါပဲ။ ပြောတော့ Toilet ဆိုပြီး Kitchen ထဲမှာ အလစ်သုတ် ဝါးတီးဝင်ဆွဲလာကြတာကို။

"လာခဲ့ . . . လာခဲ့"

"အီး . . . တီချယ်"

"အဲဒီလိုစည်းကမ်းမရှိရင် နောက်ကို အပေါ်ကရော အောက် [illegible]ပါ ထည့်လို့ထုတ်လို့ရမယ်မထင်နဲ့၊ ရှိသမျှအပေါက် အကုန်အပိတ် [illegible]

"မိုက်ဆာနေတာ အရမ်းပဲ တီချယ်ရဲ့၊ Toilet ဝင်ပြီး [illegible]ထွက်မှာ သူရမာမီ လက်ဖက်သုတ်တာမြင်လို့ တစ်ဇွန်းနှစ်ဇွန်း [illegible]ကမ်ခြည်းခဲ့တာ . . . အဟီး!"

"အမြင်ကိုကပ်တယ်"

'တျာ' က ချာတိတ်တွေကို မျက်စောင်းထိုးလိုက်မိပါ၏။ [illegible]က (၁၀) တန်းတစ်ပိုင်းမှာ လေးဦးသာရှိသလို အနည်းငယ်ငြိမ် [illegible]ည့် ကလေးတွေပါ။ ဒီတစ်ပိုင်းကမှ ပါးစပ်မပိတ်ရဘဲ မျောက်ရှုံး [illegible]ောင် ဆော့သည့် ချာတိတ်တွေ ပါဝင်နေတာမို့ပါပဲ။ ကလေးလို [illegible]ကြတာမို့ အပြစ်လည်း သိပ်မတင်ချင်ပါ။ ဒီအရွယ်မှာ ဘာဘာ[illegible] [illegible]ညာ စိတ်ကစားတတ်ကြပေမယ့် 'သူရ'တို့အုပ်စုက ဘော[illegible]ကန်,



www.burmeseclassic.com

www.burmeseclassic.com



ခြင်းခတ် . . . စသဖြင့် ကစားတတ်ပြီး ကလေးဆန်တာသာ ရှိလေသည်။

"အဲဒါ ဘာရေးဦးမလို့လဲ"

"မနက်ဖြန် sunday ဆိုတာ သတိရသွားလို့ စာစီစာကုံး ရေးခိုင်းတာ"

"အာ . . . တီချက်ကလည်း ရက်စက်တယ်ဗျာ"

"နင်တို့က ဒီလောက်ထိမှ မှတ်မှာကိုး . . . သင်္ချာတွက်တာ ပြီးရင် လာပြ၊ စာစီစာကုံးရေးဖို့ ရှင်းပြပေးမယ်, ခဏနေ"

ကလေးတွေ မျက်နှာရှုံ့တွသွားလေ၏။ အိမ်စာတွေ တစ်ပုံကြီး ပေးထားတာမို့ အပျင်းတက်၍ မရတော့ပါ။ 'တျာ' က ကလေးတွေကို လမ်းပေါ်မှာ လတ်လျားလတ်လျားဖြင့် အချိန်ဖြုန်းနေတာမျိုး မမြင်ချင်ပါ။ တစ်ချိန်လုံး အခန်းအောင်းပြီး Game ဆော့နေတာမျိုးလည်း မတွေ့ချင်ပါလေ။ သူ့နေရာနှင့်သူ အချိန်ဇယားချကာ လုပ်ဆောင်မှသာ အချိန်ကို တန်ဖိုးရှိစွာဖြင့် သုံးတတ်မှာ မဟုတ်ပါ လား။

"တီချယ်"

စာအုပ်လာပြသည့် ညီအစ်မနှစ်ယောက်ကို စစ်ပေးပါ၏။ 'စန္ဒီ' က ဖြည်းဖြည်းနှင့်မှန်မှန် တွက်တတ်၍ အမှားနည်းပေမယ့် 'နန္ဒီ' က မြန်မြန်တွက်ပြီး ရှမ်းတတ်သဖြင့် ဂရုတစိုက် စစ်ရလေသည်။





နှစ်ယောက်စစ်ခေးတာ မပြီးသေးခင် ဟိုသုံးယောက်ပါ အလုအယက် စာအုပ်လာထပ်ကြလေ၏။ ဘာမဆို အပြိုင်အဆိုင်လေး ရှိတာမို့ စာတော်သူတွေနှင့် ယှဉ်ပြောလျှင် မခံချင်စိတ်ဖြင့် ကြိုးစားတတ်ကြ တာပဲ တော်ပါသေးသည်။

"ဒါက အဖြေမမှန်ဘူး။ minus two ရရမှာ plus two ဆို မှားတယ်၊ ပြန်တွက်ပါ နန္ဒီ၊ ဝဏ္ဏ"

"ဗျာ"

"ဒီသုံးပုဒ်မှားတယ် . . . နောက်က ကျားလိုက်သလို အဖြေး အလွှား တွက်မှတော့ မှားတော့မှာပေါ့၊ နန္ဒက ဒီတစ်ပုဒ်တွက်တာ မှန်ဘူး၊ နောက်ဆိုမှားရင် တစ်ပုဒ်ကို သုံးခေါက်ပြန်တွက်ရမယ်"

"ဟာ! . . . သွားပါပြီ"

"အဲဒီလိုမလုပ်ချင်ရင် တစ်ခါတည်းနဲ့ မှန်အောင်တွက်ပေါ့၊ ယောက်ျားလေးဖြစ်ပြီး ဆပ်ပြာသည် လင်ပျောက်သလို ဖျပ်ဖျပ်လူး နေတာကို၊ သူရ . . . စာအုပ်လာယူ၊ သင်္ချာစာအုပ်တွေသိမ်း။ မြန်မာ စာအတွက် ခဲတံနဲ့ အကြမ်းလိုက်မှတ်ပါ၊ ခေါင်းစဉ်က ဘာတဲ့လဲ"

"အလိမ္မာစာမှာရှိ"

"အေး . . . ဟုတ်တယ်၊ အလိမ္မာ စာမှာရှိ၊ မလိမ္မာရင် ကြိမ်ဒဏ်ထိတဲ့"

"ဟီဟီ!"



www.burmeseclassic.com

www.burmeseclassic.com



"(၉) တန်းတုန်းက သင်ခဲ့တဲ့ ကဗျာကို မှတ်မိရဲ့လား ဖျူးဖျူးငှာငှာ"

"မှတ်မိပါတယ်"

"အဲဒီထဲကလိုမျိုး ရေးရမှာ၊ ပညာဆိုတဲ့ မျက်စိက အလင်းဆောင်ပြီး စာပေဆိုတဲ့ ဗဟုသုတတွေကို ရှာဖွေသိမှီးနိုင်မှသာ လူ့လောကရဲ့တန်ဖိုးရှိတဲ့ သားကောင်းသမီးရတနာလေးတွေအဖြစ် ရှင်သန်နိုင်ကြမှာပါ၊ အဆိုးအကောင်း အကျိုးအကြောင်းကို ဝေဖန်ပိုင်းခြားနိုင်တဲ့အရာဆိုတာ ပညာဆိုတဲ့ စာထဲမှာ သင်ဖူးတတ်ဖူးမှသာ သိနိုင်တယ်၊ ဒါကြောင့် စာများများ ဖတ်ပါလို့ ပြောကြတာ၊ စာဆိုပြီး တွေ့ကရာ မဟုတ်တရုတ် မဖတ်သင့်တဲ့စာတွေကို ပြောတာ မဟုတ်ဘူးနော်၊ ဦးနှောက်ဉာဏ်ကို ပွင့်စေတဲ့ ထက်မြက်စေတဲ့ သုတဉာဏ်ကြွယ်ဝစေတဲ့ စာတွေကို ဆိုလိုတာ"

ကလေးတွေ စိတ်ဝင်စား နားထောင်နေတာကိုကြည့်ပြီး ရှင်းပြချိန်မှာပင် နာရီမှ တီတီဟု မြည်လာလေတော့၏။

⊛ ⊛ ⊛



## အခန်း (၂)

စာသင်ပေးသည့် အိမ်ထဲမှ ထွက်လာခဲ့ပါ၏။ ကလေးတွေက အားပုံဆွဲပြီး Bio ဖားပုံဆွဲပြီး Label တပ်ရန် မြားထိုးထားတာကို ဆေးဖြင့် တညီတည်းဖြစ်စေရန် ဂရုတစိုက်ဆွဲရင်း ကျန်ရစ်ခဲ့ကြလေသည်။ တိုက်တစ်ထပ်တည်းမှာပဲနေကြတာမို့ ဝေးဝေးပြန်ရမည့်သူမရှိပါ။ 'တျာ' သာ ကားလမ်းကူးပြီး ပြန်ရမှာဖြစ်ပါ၏။

တိုက်လှေကားမှ မြေညီထပ်သို့ ဆင်းလာစဉ် အပြင်မှာ မိုးက ခပ်ဖွဲဖွဲလေး ရွာနေလေသည်။ မိုးဦးအစမို့ ရွာချင်တိုင်း ရွာချတတ်တာ သဘာဝပင် မဟုတ်လား။ ထီးယူရန် မေ့လာခဲ့သည်မို့ Plastic File ကိုသာ ခေါင်းထက်မိုးပြီး ပြေးရန်သာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းဘေး platform မှ ကားအသွားအလာကိုကြည့်ရင်း လမ်းမကြီးကို လူကူးမျဉ်းကျားမှ ဖြတ်ကူးလိုက်ပါသည်။

ည (၆) နာရီကျော်နေပြီမို့ လမ်းမီးတွေ စထွန်းထားသော်ငြား အလင်းမကုန်သေးချိန်မို့ သိပ်ကြီး လင်းလင်းထင်းထင်း မရှိလှပါ။ 'တျာ' တို့ တိုက်ခန်းဆီသို့ရောက်ရန် အတော်လေး လျှောက်ရပါ၏။ လမ်းကြားထဲ ချိုးကွေ့လိုက်စဉ် ကားတစ်စီး ကွေ့ဝင်လာပြီး လမ်းဘေးမြောင်းထဲ ဘီးကျသွားတာမို့ ရွှံ့ရေတို့က ဖြန်းခနဲ စဉ်လေသည်။

"ဟယ် ... ကျွတ်! ... အရမ်းပဲ"

မိုးတွင်းမို့ လုံချည်ကို အရောင်ရင့်သော ရွေးဝတ်တာမို့ တော်ပါသေး၏။ အပျော့သားလုံချည်ကို (အညိုမှာ အပွင့်ဖြူလေးတွေ ကျဲထားပြီး) အပေါ်မှ blouse အဖြူလက်ဖောင်းလေးနှင့် လိုက်ဖက်အောင် ဝတ်ထားတာပါ။ ဒူးအောက်ပိုင်းမှာ ရွှံ့ရေတို့ ပေကျံကုန်လေပြီ။ ကားစီးနိုင်သည့် လူတွေက ဒီလိုပဲ လမ်းဘေးလျှောက်နေသည့် လူတွေကို လူဟုပင် မမြင်ကြပါလေ။

"တျာ ... ပြန်လာပြီလား"

"ဟုတ်ကဲ့, မမော်၊ မိတ္တူကူးထားတာ ရပြီလား"

"ခုထိ မဆွဲရသေးဘူး တျာရဲ့၊ သိတယ်မဟုတ်လား ... စနေနေ့ဆို အရမ်းဈေးရောင်းကောင်းတာ"

"ညဘက် မအားလည်း မနက်ကို ကူးပေးပါ, မမော်၊ ဒီ





စာအများပြန်စစ်ဖို့ အချိန်ရမှာမို့ပါ"

"အေးပါ တျာရယ် ... စိတ်ချ"

Copy ကူးတာက မင်ပျက်တာ မှုန်တာမျိုး ရှိတတ်သဖြင့် သေချာပြန်စစ်ရပါ၏။ အောက်ထပ်၊ မြေညီထပ် store ဆိုင်မှ 'မအိမော်' ကို နှုတ်ဆက်လိုက်ပြီး ဆိုင်ဘေးရှိ လှေကားမှ အပေါ်ထပ်သို့ ဆက်တက်ခဲ့ပါသည်။ လေးလွှာ (၁၆) ခန်းမို့ 'တျာ' တို့ တိုက်ခန်းက အတော်အသင့်ကျယ်ပါ၏။ 'တျာ' တို့က သုံးလွှာမှာနေတာမို့ လှေကားနှစ်ဆစ်ချိုးအထိ မညောင်းမညာဆက်တက်ခဲ့ရလေသည်။

"ဒေါက်! ဒေါက်!"

တိုက်ခန်း Bell ကို မနှိပ်ဘဲ တံခါးခေါက်သံသာ ပေးလိုက်ပါ၏။ ဒီအချိန် အန်တီလေးက ဧည့်ခန်းမှာ TV ကြည့်နေပြီ မဟုတ်လား။ တရှပ်ရှပ်ခြေသံနှင့်အတူ တံခါးက ချပ်ခနဲပွင့်သွားလေသည်။ အိမ်ထဲနေသည့်လူက နွေးနေတာဖြစ်ပေမယ့် အနွေးထည်ဝတ်ထားပါ၏။

"ရောက်နေတယ်"

"ဘယ်သူ ... ခြော်, ရှာန်လား၊ ဘယ်မှာလဲ"

"ဈေးဝယ်လာတာ သူ့စိတ်တိုင်းကျ ထည့်သိမ်းပေးနေလေရဲ့ သိတယ်မဟုတ်လား ... သူ့လက်သူ့ခြေနဲ့လုပ်ရမှ ကျေနပ်တာ၊ ချွေးတစ်ကိုယ်လုံး ရွှဲလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းလေးပါ အန်တီလေးရယ်၊ ခုနက ကားကြောင့် ရွှံ့ရေတွေ ပေလာတာ"

"သွား သွား ... ရေမြန်မြန်ချိုးတော့၊ တော်ကြာ ဘသား ချောက ဆာပြီဆိုပြီး အော်ဦးမယ်"

အကြောင်းသိမို့ အထူးပြောစရာမရှိပါ။ လုံချည်ကို သမ် တလင်းထက် ရေမကျစေရန် အနည်းငယ်လုံး၍ ကိုင်မရင်း အတွင်း ဘက် ဆက်လျှောက်လာခဲ့၏။ အိပ်ခန်းထဲဝင်၍ ရေချိုးရန် ရေလဲ လုံချည်ယူရမှာမို့ တံခါးကို ဖွင့်မည်ပြင်လိုက်စဉ် နောက်ဖေးဘက်မှ ခေါင်းပြူ၍ ကြည့်လိုက်ပါသည့်သူက 'တျာ' ကို မြင်သွားလေသည်။

"တျာ!"

"အမေ့!"

"ပြန်လာရင် ဒီကို အရင်လာရမှာပေါ့၊ အဲဒါ ဘာသဘောလဲ"

"ဟို ... ရေလဲလုံချည် ဝင်ယူမလို့"

"ဒီကိုအရင်လာ"

သက်မကို ကျိတ်ရှိုက်လိုက်မိပါ၏။ ဘာကိုမှ သူ မသိအောင် ခိုးလုပ်၍မရပါ။ 'တျာ' ဆိုတာ ကလေးတွေ စာသင်စဉ် ခဏတာ ဆရာမခေါ်သာဖြစ်ပြီး သူ့ရှေ့မှောက်ရောက်သည်နှင့် ဝီတီကလေးသာသာ အရွယ်မျိုး မျက်စိဒေါက်ထောက်ကြည့် အဆူခံရတော့တာ မဟုတ် လား။ အခုလည်း မိုးရေအစိုခံလာရတာကို အပြောခံရတော့မှာ အသေ





အချာပါလေ။

"တျာ ... ခေါ်နေတယ်လေ"

"လာပါပြီ"

ခြေလှမ်းကို နောက်ဖေးဘက် ရွှေ့လိုက်ရပါ၏။ မီးဖိုခန်း အဝမှာ ရပ်လိုက်စဉ် သူက နံရံကပ်ဗီရိုထဲသို့ နို့ဆီဗူး၊ မုန့်ပုံး၊ Teamix ထွေကာအုပ်ဗူး စသည်တို့ကို စီထည့်ပေးနေပါသည်။ ယောကျာ်းလေး ဖြစ်ပြီး ဤသို့ ဂရုတစိုက်လုပ်တတ်သည့်သူက စနစ်ကျလွန်းလေ၏။

အိမ်ကိုရောက်လာတိုင်း မျက်စိရှေ့ အမြင်မတော်သမျှ အရွည်းတို့ကို သူ့လက်သူ့ခြေနှင့် စိတ်တိုင်းကျပြုပြင်စီထားတတ်တာ ပဲ

"Anlene ကျန်သေးရဲ့လား"

"နည်းနည်းရှိသေးတယ်"

"ကျစ်! ... ကုန်တော့မယ်ဆိုလည်း စောစောစီးစီးပြောမှ ပေါ့ တျာရယ်၊ ဘာမဆို ကြိုစီစဉ်မယ်မရှိ။ ကြည့်စမ်း! ... တစ်ကိုယ် လုံး စိုရွှဲလာတယ်"

"အဲဒါက"

"ထီးမယူသွားဘူးလား"

"ယူဖို့မေ့သွားလို့"

"မေ့စရာလား၊ မိုးတွင်းဆို ထီးက မပါမဖြစ်ယူရမယ့်တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မိန်းကလေးဖြစ်ပြီး မိုးရေအစိုခံရလား။ လူတွေဝိုင်းကြည့်ရင် ဘယ့်နှယ်လုပ်မလဲ။ ဝတ်သွားတော့လည်း အဖြူလေး”

“မိုးချုပ်နေပါပြီ ချာန်ရယ် . . . ဘယ်သူမှ မမြင်ပါဘူး”

“ယောက်ျားတွေမျက်စိက မမြင်ဘဲနေမလား။ ကြီးကြီးငယ်ငယ် လုတာမှန်သမျှ အကုန်ကြည့်တတ်တယ်မှတ်၊ နွေလည်း နွေး ဆောင်းလည်း ဆောင်း၊ မိုးလည်း မိုးဆိုပြီး လိုအပ်တဲ့ခေါက်ထီး ဖြောင့်ထီးမှန်သမျှ မှိုးစုံဝယ်ထားပေးတာ၊ အခုလိုမသုံးရင် ဘာလုပ်ရမှာလဲ၊ အကုန်ရိုက်ချိုးပြီး အမှိုက်ပုံးထဲ သွားပစ်လိုက်!”

“ရှူး! . . . တိုးတိုးပြောပါ”

“မတိုးနိုင်ဘူး။ တျာဟာလေ . . . ကိုယ့်ကိုရော၊ ကိုယ့်စကားကိုပါ ဂရုကိုမစိုက်တာ ဘာသဘောလဲ”

“ရော် . . . တျာက ဘာလုပ်မိလို့လဲ”

“အခုပဲ လုပ်နေပြီလေ၊ ပြီစလွယ် မိုးမိခံပြီး ဖျားနာတော့ ဘယ်သူစိတ်ညစ်ရမှာလဲ”

“ဖျားရင် ဆေးသောက်လိုက်လိုက်ရုံပါ, ချာန်ရယ်”

“အခုအဖျားတွေက ဆေးသောက်ရုံနဲ့ ပျောက်တယ်များ ထင်နေလား။ လွယ်လွယ်လေး မပြောနဲ့၊ တစ်ကိုယ်လုံး ကိုက်ခဲပြီး ခေါင်းအုံတာသေမတတ် ခံစားရတယ်မှတ် . . . တာသိသလဲ”

“ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ အခု ရေအရင်ချိုးပါရစေ”





“ဒါဖြင့်လည်း သွက်သွက်လုပ် . . . ကိုယ် ရေနွေးစပ်ပေးထားမယ်”

အဲဒါလေးတွေပေါ့ . . . ‘တျာ’ ၏ချစ်သူက လူ့ကို ဤသို့ ရှာတိုက်ရှိသော်ငြား အုပ်ထိန်းသူ မိခင်နှယ် ဖျစ်တောက်ဖျစ်တောက် ပြောတတ်တာက ပိုဆိုးလေ၏။ အဒေါ်ဖြစ်သူ ‘ဒေါ်သော်တာ’ က နှိုကတည်းက ခပ်အေးအေးမို့ သိပ်ပူပန်မှုမရှိလှပါ။ တူမကို အားကိုး နိုးနေတာမို့ ‘တျာ’ ဦးခေါင်းသည့်နောက်မှ အလိုက်သင့် မျောလိုက်ရုံသာ ရှိလေသည်။ ဒီတော့ ‘တျာ့’ ကို ပဲ့ကိုင်ပေးသည့် ‘ချာန်’ က သို့သလို ထိန်းမတ်ပြီး ပြောချင်တိုင်းပြော၊ ဆူချင်တိုင်းဆူနေတော့တာ ဒီလေ။

ပေလာသည့် အဝတ်အစားတို့ကို တစ်ခါတည်း လျှော်ရမှာမို့ လက်မှကိုင်ပြီး (ရေချိုးလုံချည်ဝတ်, တဘက်ခြုံလျက်) ရေလဲလုံချည်ကိုပါ ယူ၍ အိပ်ခန်းထဲမှ ထွက်လိုက်ပါ၏။ ရေချိုးခန်းထဲမှာ ပုံးထဲ ရေနွေးထည့်ကာ အပူအအေးမျှတစေရန် စပ်ဆေးနေပါသည့် သူ့ကို ရပ်စောင့်ရပြန်လေသည်။

“ဒီလောက်ဆို ရလောက်ပြီ။ ဘာလဲ . . . ဒါက လျှော်ဦး မလို့လား”

“လျှော်ရမှာပေါ့ . . . မလျှော်ရင် ဖားညှစ်စွဲကုန်မယ်”

“ကျစ်! . . . အဲဒါလျှော်နေတာနဲ့ပဲ ရေနွေးစပ်ထားတာက



www.burmeseclassic.com

www.burmeseclassic.com



အေးကုန်တော့မယ်၊ အဲဒါပြောတာပေါ့၊ ဘာမှကို စိစဉ်ပေးလို့မရဘူး။ သိပ်ခေါင်းမာတာပဲ"

"မကြာပါဘူး ရျာန်ရယ်"

"ပြောလိုက်ရင် ဒီလိုချည်းပဲ၊ မဖြစ်ဘူး . . . မဖြစ်ဘူး။ ရေပူရေအေးစက် တပ်ပေးမှဖြစ်တော့မယ်၊ ဒီလောက် အအေးကြိုက်ပုံနဲ့တော့ မလွယ်ဘူး"

"အဲဒီစက်တွေက မီးတအားဆွဲတယ်ဆို"

"ဆွဲဆွဲ . . . မီတာခ သောင်းနဲ့ချီပေးရလည်း ဘာဖြစ်လဲ။ ကျန်းမာရေးကောင်းဖို့အတွက်ပဲဟာ၊ လေများမနေနဲ့၊ မြန်မြန်ချိုး . . . ဒီမှာဝိုက်ဆာနေပြီ"

ရေချိုးခန်းတံခါးပိတ်လိုက်မှပင် နားပူတာ သက်သာရလေတော့၏။ ကိုယ့်အပေါ် တကယ်ချစ်တာ၊ စေတနာထားတာကို ရင်ထဲမှ အလိုလိုသိနေပါသည်။ သို့သော်, တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် လွတ်လပ်သည့် အပိုးစင်ဟု မမြင်တော့ဘဲ မလွတ်မလပ်ဖြင့် ချုပ်ကိုင်ခံနေရသည့် အိမ်ထောင်သည်ဟု မြင်မိတော့တာပါ။ ဤမျှအထိ . . . 'တျာ'၏ 'ရျာန်' က 'တျာ'အပေါ် လွှမ်းမိုးထားတာ မဟုတ်ပါလား။

ယယ်သူငယ်ချင်းဖြစ်ခဲ့တာ၊ အိမ်နီးချင်းဖြင့် အတူကြီးပြင်းခဲ့ရတာ၊ မူကြိုကတည်းက စပြီး ကျောင်းပြီးချိန်အထိ 'တျာ' နှင့်





'ရျာန်' ဆိုတာ စွယ်တော်ရွက်နှယ် တပူးကပ်ကပ် ရှိခဲ့ရလေ၏။ 'တျာ' က မိဘကံမကောင်းခဲ့ပါ။ ဖေဖေက 'တျာ' ကို မေမေကိုယ်ဝန်ရစဉ် မှာပင် ကား Accident ဖြစ်၍ ဆုံးပါးခဲ့၏။ မေမေကတော့ 'တျာ' ငါးနှစ်သမီးအရွယ်မှာပင် နှလုံးရောဂါဖြင့် ဆုံးခဲ့တာပါ။

ထိုအချိန်မှာပင် 'ရျာန်' တို့မိသားစုက ဘေးအိမ်ကို ပြောင်းလာခဲ့တာ ဖြစ်လေ၏။ အန်တီလေးက နဂိုကတည်းက စီးပွားရေး မလုပ်တတ်တာကြောင့် ဖေဖေရှာထားသမျှ ထိုင်သုံးရင်း တတိတိဖြင့် ကုန်ခဲ့ပါသည်။

ထို့ကြောင့် 'တျာ' (၆) တန်းနှစ်မှာ ခြံကို ပိုင်းရောင်းသည်ပြင်စဉ် 'ရျာန်' တို့မိဘတွေက ငွေချေပြီး ဝယ်လိုက်လေ၏။ နောက်ဆုံးတော့ တစ်ခြံလုံးကို အပြီးရောင်းလျက် ယခုတိုက်ခန်းမှာ နေချပ်ငှားနေရန် ပြောင်းခဲ့တာပင်။

ထိုစဉ်က 'တျာ' (၈) တန်းအရွယ်သာ ရှိသေးပါ၏။ 'ရျာန်' တစ်ယောက် 'တျာ' တို့ ပြောင်းသွားတာကို မသိလိုက်ပါဘဲ ရုတ်တရက် shock ရကာ ဆေးရုံရောက်သွားခဲ့လေသည်။ အဲဒီအချိန်ကပင် 'ရျာန်' ၏နှလုံးသားအဖြစ် 'တျာ'က ရှင်သန်ပေးခဲ့ရပါ၏။ မိဘတွေကအစ 'တျာ့'အပေါ် အချစ်ပိုခဲ့တာမို့ 'ရျာန့်' သဘောအတိုင်းသာ ဖြစ်ခဲ့ရတာ ။ ဤသို့ဤနှယ် 'ရျာန်' နှင့် 'တျာ' တို့ ချစ်သူဘဝရောက်ခဲ့ရခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း! ဒုန်း! ဒုန်း!"

"တျာ . . . ကြာနေပြီ"

"ပြီးပြီ . . . ပြီးပြီ"

"ရေချိုးတာ (၁၅) မိနစ်, မိနစ် (၂၀) ဆိုတော်ပြီပေါ့။ ကိုးချုတ် ရေချိုးနေတာမှ မဟုတ်တာ"

ရေသုတ်နေရင်းမှ ပြုံးလိုက်မိပါ၏။ ဝဋ်ဆိုတာ ချက်ချင်းလည်တတ်ပါလား။ ကလေးတွေကို (၁၀) မိနစ်ဆိုပြီး နားချိန်ပေးလိုက်မိတာ . . . အခု 'တျာ' ပါ အချိန်နဲ့ အလုပ်လုပ်နေရလေပြီ။ အဝတ်ကို ရေစစ်စေရန် ရေချိုးခန်းထဲမှာပင် လှန်းခဲ့ပါ၏။ အိပ်ခန်းထဲပြန်ဝင်လျက် အဝတ်အစား မြန်မြန်လဲကာ ခေါင်းကို ရေသုတ်ရင်း ပြန်ထွက်လာခဲ့ပါသည်။

"ကျစ်! . . . ခေါင်းလျှော်ပြန်ပြီလား"

"မိုးစိုတာ မလျှော်လို့မှ မဖြစ်တာ . . . ဟပ်ချိုး!"

"တွေ့လား . . . ပြောရင် ပြောစကားကို နားမထောင်ဘူး ပေး . . . သုတ်ပေးမယ်၊ Dryer နဲ့ မမှုတ်ဘူးလား"

"ပျက်နေလို့"

"အဲဒါ စောစောက ပြောပါလား"

"အချိန်မှမရတာ၊ ချာန်နဲ့မတွေ့လို့ ပြင်ဆိုင်အပ်မယ်ဆိုပြီး"

"ဘာပြောတယ်၊ လျှပ်စစ်ပြင်ဆိုင်တွေမှာ ယောကျ်ားတွေ





ချည်းရှိတာ အမိရဲ့၊ ဘာပစ္စည်းပြပြီး ညှိမြလုပ်ဖို့ မကြံနဲ့၊ မရဘူး၊ မကောင်းရင် အသစ်ဝယ်၊ ပျက်တာကို ကိုယ်အားတဲ့အချိန် ပြင်ပေးမယ်၊ လူချင်းမတွေ့လည်း phone နဲ့ပြောမှပေါ့"

"ချာန်မအားမှန်း သိလို့ပေါ့"

"မအားစရာလား၊ ဆိုင်မှာ ကျော်စွာတို့လည်း ရှိတာပဲ"

"တခြားလူနဲ့ phone ပြောတော့ရော ကြိုက်လို့လား"

"မှန်တယ် . . . မကြိုက်ဘူး"

"အဲဒါကိုများ"

"အဲဒါ ခင်ဗျားလေးကြောင့်လေ၊ ခင်ဗျားလေးကို စိတ်မချလို့ စိတ်ပူလို့ဆိုတာ မသိဘူးလား အမိရဲ့၊ မပြောလိုက်ချင်ဘူး"

"ရုပ်ဆိုးဆိုး ရှည်းစားရထားပေလို့ပဲ၊ လုတ,ပတလေးသာဖြစ်ရင် ကောင်တာမှန်ပုံးထဲတောင် ထည့်သိမ်းထားမလား မသိဘူး"

"ချစ်တာကိုး၊ ချစ်လွန်းလို့ ကိုယ့်မျက်စိထဲ လှနေရင် ပြီးတာပဲ တခြားလူ ကြည့်စရာမလိုပါဘူး၊ ဘာပြုံးတာလဲ၊ ဒီရေနွေးပူပူလေး အရင်သောက်၊ ပြီးရင် ထမင်းစားကြမယ်"

လက်ဖက်ခြောက်နှပ်ထားပါသည့် ရေနွေးခွက်ကို လက်ထဲထည့်ပေးကာ ဆံပင်တွေခြောက်အောင် သုတ်ပေးနေပါ၏။

ဆံပင်ရှည်တာကို နှစ်မြိုက်ပေးမယ့် လျှော်ရေးရ ခက်လောဘ်မို့ နေ့သာသာလောက်သာ ထားစေပြီး သူကိုယ်တိုင် အမြဲညှိအောင်



www.burmeseclassic.com

www.burmeseclassic.com



ညှိပြီး ညှပ်ပေးတတ်လေသည်။

ခေါင်းခြောက်သွားမှပင် ထမင်းစားပွဲ အဆင်သင့် ပြင်ထားသည့်ခုံမှာ ထိုင်ရပါ၏။ အန်တီလေးက ဆာတာနှင့် ခပ်စောစော စားထားနှင့်တာမို့ သူနှင့်'တျာ' နှစ်ယောက်တည်း ညနေစာစားဖြစ်လေသည်။

❂ ❂ ❂

## အခန်း (၃)

နာရီမှ Alum ဖြည်သံကြောင့် လူက ဆတ်ခနဲ လန့်နိုးသွား [illegible]ာ လက်က စားပွဲထက်မှ နာရီကို မမီမကမ်းဖြင့် လှမ်းပိတ်လိုက်ရ [illegible] မနက် (၆) နာရီမို့ သိပ်ကြီး မစောတာမှန်ပေမယ့် သူ့ချစ်သူ [illegible]တာ အမြဲ ဒီအချိန် နိုးလေ့ရှိတာပါ။ မိုးလင်းသည်နှင့် သူ့ကို [illegible]တိရပ့်မလား။ မထင်ပါလေ။ နောက်ရက် သင်ရမည့်စာတွေကို [illegible]ပြင်ဆင်ပြီး ကြိုဖတ်ရမှာ မဟုတ်လား။

စိတ်ပူရပါ၏။ (၁၅) နှစ်၊ (၁၆) နှစ်အရွယ် ကလေးတွေကို [illegible]သင်ပေးရတာ မှန်ပေမယ့် 'တျာ' အသက်က အခုမှ (၂၃) နှစ်[illegible] [illegible]တာပါ။ အထူးသဖြင့် မျက်ဝန်းဝိုင်းဝိုင်းလေးတွေက (၁[illegible]) (၂၀)


ရွှေပဒေသာစာပေ
www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်စရာဖြစ်အောင် ရိုးသားမှုတို့ကို အရှင်းသား မြင်နေရပြီး ငယ်နုလွန်းနေတာလေ။ ကလေးတွေက (၇) နှစ် (၈) နှစ်သာ ကွာပေမယ့် သိပ်စိတ်မပူဖြစ်။ ပူရသည်က ထိုချာတိတ်တို့၏အိမ်မှ လူလွတ်လူပျိုကြီးတွေကိုပါပဲ။

'ဆရာမ' ... 'ဆရာမ' ဆိုပြီး ခဏခဏခေါ်နေလျှင် အခက်ပါ။ တင့်တယ်နုပျိုသည့် အရွယ်, ငွားငွားစွင့်စွင့် လှပစွာပွင့်နေပါသည့် သူ၏ချစ်မေတ္တာပန်းပွင့်လေးကို တခြားလူ ချိုးယူနမ်းရှိုက်သွားမှာကိုဖြင့် သေမတတ် စိုးရိမ်ကြောက်ရွံ့နေတာကို 'တျာ' ကဖြင့် မသိလေခဲ့။

"သားလား"

"ဟုတ်! ... မာမီ"

"ဆိုင်က (၉) နာရီမှ ဖွင့်ရတာ မဟုတ်လား။ ဘာလို့ အစောကြီးထရတာလဲ"

"အကျင့်ဖြစ်နေလို့ပါ"

"Breakfast စားတော့မယ်ဆို အကြိုင့်ကို ပြောလိုက်လေ"

"မစားသေးပါဘူး, မာမီ"

မာမီက ဘုရားခန်းမှာ သောက်တော်ရေလဲ, ဘုရားပန်းကာ ဆွမ်းတော်ကပ်ဖို့ ပြင်ဆင်နေရင်း လှည့်ပြောလိုက်ခြင်း ဖြစ်ပါ မျက်နှာမသစ်ဖြစ်သေးဘဲ ဘုရားခန်းဘေးမှ တံခါးဖွင့်ထားသည့်အ ထပ် ဝရန်တာကို ထွက်လိုက်ပါသည်။ ခြံစည်းရိုးမရှိတော့သည့်





အစ်ဖက်ခြံမှ သစ်သားအိမ်မည်းမည်းလေးက ယခုတိုင် ရှိနေစဲပါ။ အရင်က သူ့အဘယ်မျှ ပျော်ရွှင်စွာဆော့ကစားခဲ့ရသည့် ခြံနှင့်အိမ် အလေးပါပဲ။ မာမီက မုန့်အကောင်းစားတွေ ဝယ်ကျွေးတတ်ပေမယ့် ရှာ 'တျူ' မေမေ 'အန်တီမာလာ' လုပ်ကျွေးပါသည့် ကြက်ဥပူတင်း ကိုသာ အရသာတွေ့ပြီး လမ်းလျှောက်ခါစ အရွယ်လေးမှာပင် သွားတောင်းတတ်ခဲ့ပါသတဲ့။

ထမင်းနှံ့လျှင်လည်း မာမီကျွေးတဲ့ အသားဟင်းထက် 'အန်တီမာလာ' နယ်ကျွေးသည့် ပဲဟင်းချိုနှင့် ကြက်ဥမွှေကြော်ကိုသာ မြိန်စွာ စားခဲ့သတဲ့လေ။ ဘာမဆို ဆင်တူနှစ်ခုဝယ်ပြီး 'တျူ' ကို အရှုံးခဲ့သလို ဘာစားစား သူတစ်ယောက်တည်း မစားခဲ့ပါ။ သကြား တစ်လုံးတည်း ကျန်လျှင်တောင်မှ တစ်ဝက်ကိုက်၍ ကျန်တစ်ဝက် 'တျူ' ပါးစပ်ထဲ ခွံ့ကျွေးခဲ့ပါသည့် 'ရှာန်' ပါ။

ဤမျှ အတူစား အတူကစားပြီး သံယောဇဉ်တွယ်ခဲ့ပါလျက် ချုပ်ထဲကို မည်သူမျှ မမြင်တတ်ခဲ့ပါလေ။ အရွယ်ရောက်ခါစ အသက် (၁) နှစ်အရွယ်မှာ မျက်စိရှေ့မှ 'တျာ' ရုတ်တရက်ပျောက်သွားသည် သူ ရှူးမတတ်ခံစားခဲ့ရတာ မဟုတ်လား။ ကျောင်းမဖွင့်ခင်အချိန် မှာ အသည်းအသန်ဖျားပြီး ဆေးရုံပင် တင်ခဲ့ရပါသည်။ ဒါတောင် ကျောင်းအတူတစ်ခန်းတည်း အတူစာသင်ခဲ့သည့် 'တျူ' ကို လွမ်းနေခဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



'သားတို့ မင်္ဂလာဆောင်ပြီးရင်နေဖို့ အမွေ' တဲ့။ 'တျာ' တို့ခြံကို ငွေချေပြီးမှ ဒက်ဒီပြောခဲ့ခြင်း ဖြစ်ပါ၏။ 'အဲဒါဆိုလည်း 'တျာ' တို့ တူအရီးကို ထွက်သွားနိုင်းသေးလဲ' ဆိုတော့ သူချစ်သော 'တျာ' က မာနအကြီးစားလေးမို့ 'မနေပါ' တဲ့လေ။ ဒီတော့လည်း 'တျာ' ရှိနေသည့်နေရာကို ကားမကြောက်၊ ဘာမကြောက် သူ တစ်ချောင်းချောင်းရောက်တော့တာပါပဲ။

"နှောင်! ဝေ ... ဝေ ... ဝေ ... ဝေ"

မာမီ ကြေးစည်ပင်ထုနေလေပြီ။ ဘုရားရှိခိုးတာ ပြီးပြီထင်ပါရဲ့။ 'တျာ' ရယ် ကိုယ်တို့က အသက် (၂၅) နှစ်ရောက်မှသာ စေ့စပ်ပွဲလုပ်ပြီး (၆) လမှသာ မင်္ဂလာဆောင်ရမှာတဲ့။ နှစ်နှစ်ကျော်ကာလက အနှစ် (၂၀) လောက် ကြာမြင့်နေတာကို 'တျာ' သိပါရဲ့လား။ အခုဆို ချစ်သူသက်တမ်း (၃) နှစ်ကျော်ခဲ့ပေမယ့် ဒီလောက်နှစ်ကြာတာတောင်မှ သွေးမအေးနိုင်ပါဘဲ အဘယ့်ကြောင့် ဆူပွက်နေရတုန်းပါလိမ့်။

သူများတွေဆို မြင်တာတွေ့တာကြာပြီး ငြီးငွေ့ကာ ရည်းစားသက်တမ်းလပိုင်းလေးနဲ့ လမ်းခွဲပြီး ကျောခိုင်းစွန့်ခွာလေ့ရှိကြတာလေ။ သူကဖြင့် ထိုသို့မဟုတ်ပြီ။ 'တျာ့' ကို ဘယ်အချိန်ပဲတွေ့တွေ့ ကြည့်လေ, မျက်စိထဲ ပိုလှလာလေ။ ရင်ဘတ်ထဲမှာ တဒိန်းဒိန်းမြည်ရင်ခုန်သံက အသံကျယ်လာလေပင် မဟုတ်ပါလား။ တုန်နေအောင် ချစ်တာကို 'တျာ' အသိပါပဲ။





"သား"

"ဗျာ ... မာမီ"

"ဘာမှမစားမသောက်နဲ့ ငေးငိုင်နေရတာလဲ"

"ဒီလိုပါပဲ"

"ဘာလဲ ... မျက်စိမှိတ်လည်းလွမ်း, မျက်စိဖွင့်လည်း လွမ်းနေတာပဲလား"

"ကျွန်တော့်အကြောင်း မာမီသိမှာပါဗျာ"

"သားတို့ အသက်ငယ်သေးတာကြောင့် သားဒက်ဒီက အချိန်ယူပြီး စောင့်ကြည့်နေတာပါ။ ငယ်တုန်းအရွယ်လေးနဲ့ အိမ်ထောင်ပြုပြီး စိတ်တူကိုယ်တူမဖြစ်မှာစိုးလို့ပါကွယ်"

"ကျွန်တော် နားလည်ပါတယ်"

"ပြီးတော့ ... အမိကကျတာက တျာ့စိတ်မဟုတ်လား။ စိတ်ပြောင်းပြီးသားကို မတွဲနိုင်လို့ပါဆိုပြီး ငြင်းခဲ့ရင် မာမို့သားပဲ ခံတွဲရမှာ"

"မာမီကလည်းဗျာ ... နိမိတ်မရှိတာ မပြောပါနဲ့။ တျာ့မှာ ကျွန်တော်တစ်ယောက်တည်းပဲ ရှိတာပါ"

"ဒါက သားအမြင်လေ၊ အခုဆို သားလည်း ကိုယ့်အလုပ်နဲ့ ကိုယ်၊ သူလည်း သူ့အလုပ်နဲ့သူဆိုတော့ အရင်လို သိပ်မတွေ့နိုင်တော့ဘူး မဟုတ်လား။ သူ့အတွင်းစိတ်ထဲ ဘာအရောင်ပြောင်းနေပြီလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စောင့်ကြည့်လို့မှမရတာ"

"တျာက ကျွန်တော့်ကိုပဲ ချစ်တာပါဗျာ"

"အဲဒီလိုပဲ ဆက်ချစ်ပါစေလို့ မာမီရော၊ သားဒက်ဒီပါ ဆုတောင်းနေကြတာပါ၊ ကိုယ်လက်သန့်စင်ပြီးရင် ဆင်းခဲ့တော့"

"ဟုတ်!"

မာမီက သူ့ဘေးမှာ စကားရပ်ပြောရင်းမှ တိုက်ထဲပြန်ဝင်သွားလေ၏။ 'ဆက်ချစ်ပါစေ' တဲ့လား။ 'တျာ' က စိတ်အပြောင်းအလဲမြန်သည့်လူမှ မဟုတ်တာ။ သူ့လောက်မချစ်နိုင်ပေမယ့် သူ့ချ… မှန်းသိနေတာမို့ ငြင်းဆန်ပဲ့မလား။ သို့သော် သူ့အပေါ်မှာမှလွဲပြီး တခြားသူစိမ်းတွေအပေါ်မှာဖြင့် 'တျာ'က မာနထားတတ်တာ အမှန်ပါ…

Sunday ဖြစ်ပေမယ့် 'တျာ' က ကျူရှင်နားပြီး သူတို့ Show… Room က ဖွင့်တာမို့ အလုပ်ရှိပါ၏။ 'တျာ' ကို လိုလေသေး… ဖြည့်ဆည်းပေးချင်တာ မှန်ပေမယ့် အိမ်ထောင်ပြုဖို့အတွက် သူလည်း အလုပ်လုပ်ပြီး ငွေစုနေရတာပါ။ 'တျာ' က အိမ်ငှားနေရတာမို့ … စရိတ်, နေစရိတ်, ဘာညာဖြင့် ငွေသိပ်မစုဖြစ်မှန်း သူ သိပါ… ဒက်ဒီတို့က ခြံရောအိမ်ပါ အစစအမွေပေးမှာ မှန်ပေမယ့် ကိုယ့်… ထောက်ပေါ် ကိုယ်ရပ်နိုင်အောင်တော့ အိမ်ထောင်ဦးစီးဖြစ်မည့်သူ… သာ တာဝန်ရှိတာပါလေ။

ခေါင်းလျှော်ရေမိုးချိုး အဝတ်အစားလဲကာ အပေါ်ထ…





သူ ဆင်းလာခဲ့၏။ အလုပ်တစ်ခါတည်း သွားတော့မှာမို့ ကားသော့နှင့် ဖုန်းကိုပါ ယူလာခဲ့ပါသည်။ အလယ်ခန်းမှ ဧည့်ခန်းသို့ ထွက်လာသည်က အိမ်မှာ မာမီ့အတွက် ချက်ပြုတ်လျှော်ဖွပ်ပေးပြီး အဖော်ခေါ်ထားပါသည့် 'အကြိုင်' ဖြစ်နေလေ၏။

"အစ်ကိုလေး"

"ငါသွားတော့မယ်လို့ မာမီ့ကို ပြောလိုက်"

"ဟင်! ... ဘာမှမစားဘူးလား"

"မစားတော့ဘူး"

"မာမီက အစ်ကိုလေးဖို့ ပေါင်မုန့်ကင်နေတယ် အစ်ကိုလေးရဲ့"

"သြော် ... မစားတော့ပါဘူးလို့ ဆိုနေမှ ... လျှာကိုရှည်တယ်"

သူ ဘုကောလိုက်သဖြင့် 'အကြိုင်' ဖက်ပုသွားလေ၏။ ဧည့်ခန်းမှထွက်ကာ 'မောင်မြင့်'က ကားကိုဒေါင်မှထုတ်ပြီး ရေဆေးပေးထားပါသည့် သူ့ကားပေါ်သို့ တက်၍ မောင်းခဲ့ပါသည်။ ဒီလိုမနက်မျိုးဆို 'တျာ' က ပဲပြုတ်နံပြားဖြစ်ဖြစ်၊ ပဲအီကြာဖြစ်ဖြစ် Teamix နှင့်၍ တွဲစားတတ်ပါ၏။ တစ်ခါတစ်ရံ ပဲပြုတ်နှင့်ထမင်းကြော်၊ ဒါမှမဟုတ် ပဲပြုတ်နှင့် ထမင်းပူပူလေးကို ဆီဆမ်းပြီး ဆားဖြင့်နယ်ကာ အရသာပြေစားလေ့ရှိလေသည်။ ထိုသို့သော breakfast ကိုမှ သူစား



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ ဘယ့်နှယ်လုပ်ရပါ့မလဲ။

ခြံထဲမှ ကားထွက်စဉ်မှာပင် phone ကို နှိပ်လိုက်ပါသည်။ 'တျာ' က စာသင်နေသည့်အချိန်မျိုးမှာ အနှောင့်အယှက်ဖြစ်စေတာမို့ စာသင်ချိန် သုံးချိန်စလုံးကို Time Table ကြည့်ပြီး phone ပြောရလေ၏။ ဒီနေ့တော့ နားရက်မို့ စကားကြာကြာပြောခွင့်ရမည်ထင်ပါရဲ့။

"ဟယ်လို"

"ဟယ်လို! ... အန်တီသော်လား"

"အေး ... ဟုတ်တယ် သားရဲ့"

"တျာရော"

"အောက်ကို ခဏဆင်းသွားတယ်"

"ကျစ်! ... အဲဒါ phone ဘာလို့ယူမသွားတာလဲ၊ အိမ်လာမလို့ပါဆို"

"လာလေ သားရဲ့၊ ဒီနေ့မျိုး သားရောက်လာတတ်လို့ သူ အစောကြီးထပြီး ပဲပြုတ်ဝယ်ထားသေးတာ၊ အခုက ဘာစာရွက်တွေ ယူဖို့ဆိုလည်းမသိ ခဏပဲ ဆင်းသွားတာပါ၊ ရှာနေရယ်"

"ဟုတ်လား ... အဲဒါဆို ဒါပဲနော်၊ အန်တီသော်"

လမ်းထိပ်ဖက်ရောက်ပြီမို့ phone ခေါ်တာကို ရပ်လိုက်ပါ၏။ အဲဒါတွေ စိတ်တိုတာပေါ့။ စောစောစီးစီး ချစ်သူ၏အသံလေးသော်မှ





နားထောင်ခွင့်မရတာလေ။ အတူတူနေချင်ပြီ 'တျာ'။ စိတ်တိုင်းမကျသလို ဒေါသထွက်လာရတိုင်း ဘေးကနေ ဘယ်ကိုမှ သွားလို့မရအောင် တားလို့ရမယ့် 'ပိုင်ဆိုင်ခွင့်' ဟူသည့် လောဘက တဖွားဖွား ပေါ်လာရတော့တာ မဟုတ်လား။

"တောက်!"

မနက်စောစော ကုသိုလ်မရ၊ အ,ကုသိုလ်သာ ရတော့မည်ထင်ပါရဲ့။ ကားကို လမ်းမထက် အရှိန်မြှင့်လိုက်မိတော့၏။ ခပ်စောစော နှံ့ချိန်မဟုတ်ပါက လမ်းမှာ ကားရှင်းလေသည်။ အဲဒီလို ကြပ်ကြပ် ထုပ်ပေးပေါ့ 'တျာ'။ ကိုယ့်ရင်ထဲ ပူလောင်လျှင် 'တျာ' ပဲ ဒဏ်ခံရတာ မသိဘူးလား။ စိတ်တိုတယ်နော် ... စိတ်တိုတယ်။

နှစ်နှစ်ဆိုသည့်ကာလကို မျက်လှည့်ဆရာတွေလို ဟပ်ချဆလာင်း! ဆိုပြီး ကျော်တက်လိုက်ချင်ပါရဲ့။ စောင့်ဆိုင်းနေရသည့် ကာလယန္တရားကြီး လည်နေပုံက အိပ်ပုံ့အိပ်ပုံ့နိုင်လွန်းနေတာပါ။ သူများ အတွဲတွေလို မယူမဖြစ်အခြေအနေမျိုး ဖန်တီးလိုက်ရမကောင်းပါဘူး။ သူက 'တျာ့'အပေါ် မိဘတွေမရှိလို့ဆိုပြီး အသနားပိုပြီး ငုံထားမတတ် ချစ်တာ မဟုတ်လား။ အူနည်းနည်းတိုတတ်တာကလွဲရင်ပေါ့လေ။

အချစ်နှင့်ဝန်တိုခြင်းက အမြွှာညီအစ်ကိုတွေလို ပူးတွဲနေတာပဲ။ ချစ်လျှင် အူတိုရမှာ မလွဲကောန်ပါပဲ။ ဒီတော့ များများချစ်မိလေ အများကြီး အူတိုလေ မဟုတ်လား။ 'တျာ့' အပေါ် အချစ်တွေ့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွေ, မေတ္တာတွေ, ကရုဏာတွေ, နှောင်တွယ်ခြင်းတွေ, နက်ရှိုင်းမှုတွေ, တွယ်တာခြင်းတွေ ရှိသမျှ အကုန်စုပေါင်းပြီး နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့တာ (ခုထိ ချစ်နေစဲ) သူ့ကိုယ်သူသာ အသိဆုံးပါပဲ။

အူတိုတတ်တာ ကျွဲမြီးတိုတာလေးတော့ မဖြစ်စလောက် အပြစ်ပိစိညှောင့်တောင့်လေးလောက် ရှိမှာပေါ့နော်။ ဒါကိုတော့ ‘တျာ’ ခွင့်လွှတ်ပေးရမှာပေါ့။ သူစိမ်းယောက်ျားလေးတွေ မပြောပါနှင့် မိန်းကလေးချင်းတောင်မှ လူ ရှိနေတုန်း ‘တျာ’ ရယ်ရယ်မောမောဖြင့် စကားပြောတာလေးတောင် သူ မနှစ်မြို့က်ပါချေ။

အဲဒီလောက်ထိ ချစ်တာပါ ‘တျာ’။ ရှူသွင်းရှူထုတ်လေ့ရှိတဲ့ ထွက်သက်ဝင်သက်လေလေးအတိုင်း တဒုတ်ဒုတ် ပုံမှန်မြည်နေတတ်တဲ့ သွေးခုန်နှုန်းတွေအတိုင်း တဒိုင်းဒိုင်းအခုန်မြန်လေ့ရှိတဲ့ ရင်ခုန်သံတွေအတိုင်း တစိမ့်စိမ့်နဲ့ ‘တျာ့’ အပေါ် ကိုယ်ချစ်မိတာပါ။

ခေါင်းထက်က နက်မှောင်ပျော့ပျောင်းနေတဲ့ ဆံနွယ်စင်းစင်းလေးတွေကိုလည်း ချစ်တယ်။ နဖူးပြေပြေလေးကိုလည်း ချစ်တယ်။ ခပ်ကွေးကွေးမျက်ခုံးတန်းလေးတွေကိုလည်း ချစ်တယ်။ ကော့ပြီးရှည်တဲ့ မျက်တောင်လေးနဲ့ ကလေးဆန်အပြစ်ကင်းတဲ့ မျက်ဝန်းလှလှလေးတွေကိုလည်း ချစ်တယ်။ နှာတံစင်းစင်းလေးနဲ့ ပါးဖောင်းဖောင်းလေးတွေပါမက နှုတ်ခမ်းဖူးဖူးလေးကိုပါ ချစ်တာပါ။

လည်တိုင်သွယ်သွယ်လေးရယ်၊ ဝင်းဝါတဲ့ အသားအရေရယ်





လက်မောင်းစင်းစင်းလေးရယ်၊ လက်ချောင်းသွယ်သွယ်ရှည်ရှည်လေးတွေရယ်။ ပေါင်တံစင်းစင်းလေးနဲ့ ခြေသလုံးသွယ်သွယ်၊ ခြေချောင်းရှည်ရှည်လေးတွေအဆုံး အားလုံးကို ချစ်ရတာပါ ‘တျာ’။

ရယ်လျှင်ပဲဖြစ်ဖြစ်၊ ပြုံးလျှင်ပဲဖြစ်ဖြစ် ဘာမဆိုကြည့်ကောင်းနေပြီး ဝမ်းနည်းမျက်ရည်ကျတာကိုတော့ သူ မကြည့်ရက်ပါလေ။ သူက သူ့ချစ်သူ စိတ်ဆင်းရဲငိုကြွေးရမှာကိုဖြင့် သေမတတ် ကြောက်ရွံ့သည့် လူငယ်လေးပါပဲ။ ‘တျာ့’ အလှကို ကဗျာဆရာတွေ၊ ပန်းချီဆရာတွေလို တင်စားပြလို့ရရင် စာရွက်၊ ပိတ်ကားထက် သူ ရေးခြယ်ဆင်ပြလိုက်ချင်ပါ၏။

ကားကို ‘တျာ’ တို့ လမ်းထိပ်ရောက်ပြီမို့ စက်ရှိန်လျှော့လိုက်ပါသည်။ လမ်းကြားထဲသို့ ဖြည်းဖြည်းချင်း ဝင်လိုက်ပါ၏။ လှေကားနားမှာ ရှေ့ကားကိုရပ်ကာ သော့ဖြုတ်လိုက်ပါသည်။ မနက် အဆာပြေစားပြီး ဆိုင်တွေဖွင့်ချိန်လောက် ‘တျာ့’ ကို အပြင်ခေါ်ဖို့ စိတ်ကူးထားပါ၏။ မနေ့ကအပြန်မှာ ဝယ်ထားပါသည့် နို့မှုန့်ဗူးနှင့် မုန့်ဗူးတို့ကိုယူပြီး ကားပေါ်မှ ဆင်းစဉ် သူ မျက်မှောင်ကြုတ်သွားရလေသည်။

ကြည့်ပါဦး ... သူ့ကားရပ်လိုက်သည်ကို မမြင်ဘဲ မရွှေချောက စတိုးဆိုင်ထဲမှ အစ်မကြီးနှင့် ရယ်မောပြောဆို လေပေးဖြောင့်နေတာပါလေ။ ပတ်ဝန်းကျင်ကို သတိမထားဘူးလား။ ဆိုင်ထဲမှာ စျေးလာဝယ်သည့် ချာတိတ်လေးနှစ်ယောက်က ‘တျာ့’ ကို လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ဖြင့် ဖြစ်နေကာ နှစ်ယောက်သား တွတ်ထိုးနေတာပါ။

ဘာလဲ . . . လေသံချိုချိုလေးနဲ့ အပြုံးနုနုလေးကို သဘောကျတယ်လို့ ပြောနေသလား။ ဒါမှမဟုတ် 'ချစ်စရာလေး' ဆိုပြီး မျက်စိအစာကျွေးနေကြတာများလား။

ကိုယ် တကယ်စိတ်တိုလာပြီ, 'တျာ'။



## အခန်း (၄)

"လာခဲ့"

"အမေ့!"

"အချိန်တော်တော်ပေါ်နေတယ်ပေါ့လေ၊ ကိုယ်ရောက်နေ (၁၀) မိနစ်ကျော်ပြီ၊ နည်းနည်းလေးမှ မကြည့်မိဘူးလား"

"ဟိုလေ . . . တျာ, photo ကူးနေတာ မပြီးသေးလို့"

"မပြီးသေးလည်း နောက်မှယူ၊ အပေါ်တက်မယ်"

"မမော်ရေ . . . ကျန်တဲ့စာရွက်ထုပ်ကို . . . "

"သိတယ် . . . သိတယ်, တျာ၊ မမော် စာအိတ်နဲ့ထည့်ပေးမယ် . . . သွား . . . သွား"



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ဆွဲခေါ်နေပြီမို့ အမြန် လိုက်ခဲ့ရပါ၏။ စောစောစီးစီး ရောက်လာပြန်ပါရောလား။ ကားရပ်ပြီး အပေါ်ကို မတက်ပါဘဲ ဘယ်လိုဖြစ်ပြီး ဆိုင်ထဲမှာ ရပ်နေသည့် 'တျာ့' ကို မြင်ရတာပါလိမ့်။ မျက်စိကလည်း လျှင်လွန်းပါ၏။

"ဆိုင်မသွားဘူးလား"

"သွားမှာပေါ့၊ Phone ကို ဘာလို့ မယူသွားတာလဲ၊ အသံ မကြားရလို့ စိတ်တိုလာပါတယ်ဆိုမှ ဒီကိုရောက်လာမှပဲ ဒေါ်သက ငယ်ထိပ်ကို ရောက်သွားရပြီ . . . တကယ်ပါပဲ"

"မမော်နဲ့ စကားပြောတာပါ ဈာန်ရယ်၊ အလွန်ဆုံး (၁၅) မိနစ်လောက်ပဲ ရှိတာပါ။ စက်ထဲက စာရွက်တွေ အကုန်ကူးလို့ မပြီးသေးတာနဲ့"

"မမော်နဲ့ ပြောတာက အကြောင်းမဟုတ်ဘူး၊ ဆိုင်ထဲမှာ ရှိနေတဲ့ ငတိနှစ်ကောင်ကမှ အကြောင်း . . . အမိရဲ့၊ ကိုယ့်ကို ငမ်းနေ လို့ ငမ်းမှန်းလည်း မသိ၊ ပြောချင်ရာ စွတ်ပြော၊ မနမြောဘဲ အပြုံးတွေ က ဈေးပေါပေါနဲ့ လွှတ်နေ၊ ဟိုက ပိုက်ဆံမပေးရဘဲ အချောင်ငမ်း ကြတော့တာပေါ့၊ စိတ်ရှိတိုင်း ပြေးထိုးချင်လိုက်တာ လက်ကို ယား နေတာပဲ"

"ဈာန်ကလည်းလေ"

"ဘာဈာန်ကလည်းလဲ . . . ခင်ဗျားလေးကို ပိုစိတ်တိုတယ်





သိရဲ့လား"

"စိတ်ကိုလျှော့ပါ"

"မလျှော့နိုင်ဘူး၊ ဒီလိုသာ ဆက်ပြီးဖြစ်နေရင် ရှယ်တူဖြစ် ပြီး ကိုယ်က အသက်နှစ်ပြန်စာလောက်ကြီးပြီး အိုစာတော့မယ်"

"ဟယ်! . . . ပေါက်ကရ ပြောတော့မယ်"

"မှန်တာပြောတာလေ၊ တျာ့ကြောင့် ကိုယ် ဘယ်လောက် stress များရတယ်ထင်လဲ၊ မပြောလိုက်ချင်ဘူး"

"ဘယ်လိုချော့မှ စိတ်ပြေမှာလဲ . . . ပြော"

ပခုံးကို ပါးဖြင့် ကပ်၍ မေးလိုက်တာမို့ သူ့ရင်ထဲ ကလိကလိ ဖြစ်သွားရပါ၏။ ဒီကောင်မလေးကတော့ လေ့ကားထစ်တွေ တက် နေတုန်း ပြုံးသနားရှာပါရောလား။ အပေါ်ထပ်မှ ခြေသံလည်း မကြား ရတာမို့ ဘယ်သူမှဆင်းမလာပါဟု ထင်လိုက်မိပါ၏။ လှေကားထောင့် ဆစ်ချိုးအရောက်မှာ 'တျာ့' ပါးမို့မို့လေးကို သူ ဖျတ်ခနဲ ငုံ့နမ်း လိုက်မိတော့သည်။

"ဟာ!"

'တျာ့'က သူ့လက်မောင်းကို လက်သီးဆုပ်ဖြင့် ထုလိုက် သေး၏။ တကယ့်အချိန်ကောင်းကိုမှ လူမိရတယ်လို့။ အပေါ်မှဆင်း လာသည့် တက္ကသိုလ်ကျောင်းသူလေးနှစ်ဦးက သူ့ကို ပြုံးစိစိဖြင့် ကြည့်ရင်း ပြေးဆင်းသွားလေသည်။ ရှက်စရာလည်း ကောင်းသား။



www.burmeseclassic.com

www.burmeseclassic.com



မရှက်လည်း မရှက်ပါဘူး။ ကိုယ့်ချစ်သူကို ကိုယ်နမ်းမိတာပဲနော်။ အပြစ်ကျူးလွန်တာမှမဟုတ်တာ။

"ကြည့်! ... သင်းသင်းတို့ တွေ့သွားပြီ"

"ဘာဖြစ်လဲ ... အားကျလို့ဖြစ်မှာပေါ့"

"ဒါ ... အားကျစရာလား"

"ဒါပေါ့ ... ချစ်သူရှိမှ ဒါမျိုးရတာ၊ ချစ်သူမရှိဘဲ ရစရာလား"

"ရှာန်နော်"

နှစ်ယောက်သား တီးတိုးရယ်လိုက်မိကြပါ၏။ 'တျာ့' ချစ်သူက စိတ်မြန်လက်မြန် ရှိပေမယ့် ဤသို့ပြုမူတာကိုတော့ စည်းစောင့်တတ်သူပါ။ အထူးသဖြင့် အန်တီလေးရှေ့မှာ ပို၍ဆင်ခြင်တတ်ပါ၏။ လူရှေ့သူရှေ့မှာ 'တျာ' အရှက်ရစေမည့် အပြုအမူမျိုးလည်း မလုပ်တတ်ပါ။ သို့သော် 'တျာ့' ကို တစ်ချက်မျှ ကြည့်သည်က ထင်သည်နှင့် လက်ကိုမလွှတ်တမ်းကိုင်ပြီး 'ပိုင်ရှင်ရှိသည်' ဟူသည့် သဘောမျိုးတော့ ပြတတ်လေသည်။

"ဗိုက်ဆာလိုက်တာ"

"ဟင်းဟင်း"

"ဘာရယ်တာလဲ"

"သူများတွေပြောတာက ကိုယ့်ချစ်သူကို မျက်နှာလေးတွေ





ထမင်းမေ့, ဟင်းမေ့ဆို"

"ကျစ် ... အဲဒါ လူလိမ်တွေမို့ ညာပြောတာ၊ ဗိုက်ဆာတာ ဆာတာပဲ၊ ချစ်တာက ချစ်တာ၊ တခြားစီကိုများ"

"ဒါဖြင့် ငယ်ငယ်တုန်းကလို မုန့်တစ်ခုတည်းရရင် တစ်ဝက် ကျွေးတော့ဘူးပေါ့လေ"

"ဘာဆိုင်လို့လဲ၊ တျာကြိုက်တာဆို ကိုယ်အငတ်ခံပြီး ကျွေးမှာပေါ့၊ စိုးရိမ်စရာလား"

နှစ်ယောက်သား ရယ်လိုက်ကြပေမယ့် အခန်းရှေ့ရောက်မှ မျက်နှာပိုးသတ်လိုက်ရပါ၏။ အခန်းရှေ့ရောက်နေပြီမို့ 'တျာ' ထားတာကို တွန်းဖွင့်၍ ဝင်လိုက်ပါသည်။ အန်တီလေးက ခန်းမှာ ရှိမနေပါ။ မီးဖိုခန်းထဲမှာ ချက်ပြုတ်နေလေ၏။

"တျာလား"

"ဟုတ်ကဲ့ အန်တီလေး"

"စောစောက ဟိုကလေး phone ဆက်တယ်ကွဲ့"

"အခုတစ်ခါတည်း ပါလာပါပြီတဲ့ရှင်၊ အန်တီလေးတူက ဆာတယ်တဲ့"

"တျာ"

"ဟင် ... ဘာလဲ"

"ကိုယ်က တျာနယ်ကျွေးမယ့်ထမင်းပဲ စားချင်တာ၊ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



အန်တီသော့်ကို လျှောက်ပြောနေတာလဲ"

အနောက်ကနေ အကျီစကိုဆွဲပြီး ပြောတာမို့ ပြုံးရပြန်လေ၏။ တစ်ခါတစ်ရံ ထမင်းစားကြုံလျှင်လည်း အန်တီလေးချက်ထားသည့် ဟင်းတွေရှိပါလျက်နှင့် 'တျာ့လက်ရာ အသုပ်လေးလုပ်ပေးပါ' ဟု ရာကြီးပူဆာတတ်တာပါ။ 'တျာ့'ချစ်သူက နည်းနည်းတော့ ဂျီ ဂျောင်ကျတတ်လေသည်။

"သြော် ... တျာ, နယ်ကျွေးပါ့မယ်၊ စိတ်ချ ... တျာလည်း ဘာမှမစားရသေးဘူး"

"ပြီးတာပဲ"

"ဘာစားချင်လို့လဲ သား။ အန်တီလေး ငါးဆုပ်ဟင်းချက် ပေးမလို့ တောင်းနေတာ"

"ဟင့်အင်း ... မစားတော့ပါဘူး, အန်တီသော်၊ တျာနဲ့ အစာပြေစားပြီးရင် အပြင်ခဏသွားမလို့"

"ဟင်! ... တျာပါလိုက်ရမှာလား"

"ဒါပေါ့ ... တျာ့အတွက် ဝယ်မယ့်ပစ္စည်းပဲဟာ၊ လိုက်ရွေး ရမှာပေါ့"

"ရှာန့်က ပိုသိမှာမဟုတ်လား။ လျှပ်စစ်ပစ္စည်းဆို တျာ ဘာမှသိတာမဟုတ်"

"ကျစ်!"





"အင်းပါ ... လိုက်မယ်၊ လိုက်မယ်၊ သိပ်မကြာဘူး မဟုတ်လား၊ တျာ, ကလေးတွေအတွက် စာကြည့်ရဦးမှာ"

"အဲဒီကလေးတွေက အရေးကြီးလား။ ကိုယ်က အရေးကြီးသလား"

"ကလေးတွေက အရေးကြီးတာပေါ့၊ ဝိုင်းကျူရှင်ကြေး တနင့်ကြီးပေးတာရှင့်"

"တျာ"

'တျာ'က ဘေဇင်မှာ လက်ကို သေချာဆပ်ပြာဖြင့် ဆေးလိုက်ပါ၏။ သူက ဝယ်လာသည့် နို့မှုန့်ဗူးနှင့် မုန့်ဗူးတွေကို နံရံကပ်ဗီရိုထဲ စီထည့်ပေးနေပါသည်။ ထမင်းပူအိုးကိုဖွင့်၍ ဂေါ်ဖြင့် ခပ်ကာ ထမင်းဇလုံထဲ အလောတော်ထည့်လိုက်ပါ၏။ ပြီးနောက် ပဲဆီမွှေးမွှေး ဆမ်းကာ ဆားအနည်းငယ်ဖြူး၍ နယ်လိုက်ပါသည်။ နှံ့သလောက် အနေအထားရှိမှ ပန်းကန်လုံးထဲမှ ပဲပြုတ်ကို လောင်းထည့်ကာ ရောနယ်လိုက်ပါ၏။ ကြွေပန်းကန်ပြားထဲသို့ ကြည့်ကောင်းအောင် ပြင်လိုက်ပြီး ဇွန်းတပ်ပေးလိုက်ပါသည်။

အဖြူထည်ကြီး စားမဝင်မှာစိုး၍ ငရုတ်သီးငပိချက်ကို ပန်းကန်သေးသေးလေးထဲ ထည့်ပေးပါ၏။ ကြက်သွန်နီတစ်လုံးကို အခွံနွာလိုက်ပြီး လေးစိတ်,စိတ်လိုက်ပြီး ထမင်းပန်းကန်လုံးထဲမှာပင် ထည့်လိုက်ပါသည်။ စောစောက လက်ဆေးထားပေမယ့် ကြက်သွန်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားတာမို့ အန့်ပျောက်စေရန် ထပ်ဆေးလိုက်ပါ၏။

"ချာန့်, စားနှင့်နော်"

"တျာကကော"

"အန့်တီလေးနဲ့ ကူပေးမလို့"

"ရပါတယ် သမီးရယ်၊ အန့်တီလေးက ဟင်းချက်စရာ အားလုံး ပြင်ပြီးနေပါပြီ၊ ဒါတောင်းပြီး နယ်ဖက်လုံးကြော်ရုံပဲ ရှိတယ်"

"အရှက်ရော"

"သင်ထားပြီးပြီ၊ စားစား . . . အပြင်သွားမယ်ဆိုပြီး"

အန့်တီလေးပြောမှပင် ခုံမှာထိုင်နေပါသည့်သူ့နား ပြန်လှည့်လိုက်ရလေ၏။ သူက 'တျာ့' လက်ကိုဆွဲလျက် ခုံမှာထိုင်စေပါသည်။ ခုထိ ထမင်းကို တစ်ဇွန်းမှ မစားသေးပါချေ။ 'တျာ'နှင့် ထမင်းလက်ဆုံစားဖို့က အခွင့်နည်းလွန်းနေပြီ မဟုတ်လား။ အမြဲတမ်း ဟိုဒီပြေးရင်း စာသင်ချိန်မှာ မတ်တတ်ချည်းသာ ရပ်နေရတာပါ။

"စားမယ်ဆို . . . ထိုင်ပါ"

"နောက်တစ်ဇွန်း ယူရဦးမယ်"

"မယူနဲ့ . . . ဒါနဲ့ပဲစား"

အန့်တီလေးကို မျက်စပစ်ပြီး ပြလိုက်ပေမယ့် သူက အံကိုင်ပြလိုက်လေ၏။ လူကြီးရှိနေတာတောင်မှ ခွဲ့ကျွေးတာမျိုး လုပ်ဝံ့လား။ အရိပ်ပြ အကောင်မြင်တတ်သည့် ကောင်လေးက ဒီတစ်ကြိမ်





တော့ နားကောက်ပြနေတာလေ။ 'တျာ့' ကို တကယ်ပဲ ခွံ့ကျွေးနိုင်းနေပြီမို့ ဘယ်လက်ဝါးဖြန့်၍ ခံကာ ထမင်းကို ဇွန်းခပ်၍ ခွဲကျွေးလိုက်ရလေသည်။ အကြံအဖန် မောင်မောင် 'ချာန့်' ကတော့ ဉာဏ်ကြီးပါပေ့။

"အတော်ပဲ . . . အပြင်ထွက်တုန်း ဝယ်စရာရှိသေးတယ်"

"ဘာလိုပြန်ပြီလဲ"

"ဗီနစ်"

"ဗီနစ်က ကျန်ခဲ့တဲ့လကပဲ ဝယ်သေးတယ်လေ၊ ပြတ်ပြန်ပြီလား"

"ပြတ်ကာနီးမို့ ready ဝယ်ထားရမှာပေါ့"

"တျာ့ဟာက မဟုတ်သေးပါဘူး။ ခဏခဏ ဝယ်စီးရအောင် ဒီဟာသလား ထင်ရတယ်"

သူ့ပေါင်ကို ဖတ်ခနဲ ရိုက်လိုက်မိ၏။ ဘယ်သွားသွား ကားစီးနှင့် သူက ဗီနပ်ပါးတာကိုမှ မသိတာလေ။ 'တျာ့'မှာ တစ်နေ့တစ်နေ့ ဟိုကူးသည်ပြေးနှင့် နေ့တစ်ဝက်လုံးလုံး လမ်းလျှောက်ပြီးမှ အဆင်ရတာမဟုတ်လား။ အဲဒီလိုလျှောက်, အဲဒီလိုအော်ဟစ်နေရလို့ Body Weight က ပေါင် (၁၀၀) ပင် မပြည့်နိုင်တော့ပါ။ ဝမ့်ရဲ့ဟာ ဝေလာဝေးပါပဲ။

"တျာက ချာန့်လို ကားလေးနဲ့ တဝီဝီမှ မဟုတ်တာ၊ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



walking ရိုက်နေရတာရှင့်၊ ဘယ်ဖိနပ်မဆို သုံးလေးရဲ အလဲအလှယ် စီးလို့ သက်သာတယ်မှတ်၊ အခု မိုးတွင်းက ဖိနပ်ပိုဈေးကြီးတယ်"

"ဈေးကြီးတာ ဝယ်ပေးတော့လည်း ခြေထောက်ပေါက်တယ် ဆို"

"အင်းလေ ... အဲဒါကြောင့် ဖော့ဖိနပ်ပဲ ဝယ်စီးတာပေါ့"

"ဖော့ဖိနပ်က save ဖြစ်မလား တချာရဲ့၊ မတော်တဆ sli ဖြစ်ရင် အန္တရာယ်ရှိတယ်"

"ဒါဆိုလည်း ချော်မလဲတဲ့ လေးငါးထောင်တန် ဝယ်ပေးပေါ့"

"ပြီးရော ... ပြီးရော"

"ခြော် ... မေ့တော့မလို့၊ ညက အန်တီလေး မှာ ဘာလဲဟင်"

"ကြံသကာလေ သမီးရယ်"

"ဟုတ်သားပဲ"

"သွားပြီ ... သွားပြီ၊ အသက် (၄၀) ကျော် အန်တီသော် မမေ့တတ်ဘဲ တချာက (၂၀) ကျော်နဲ့ မေ့တတ်နေပြီ၊ တခြား မေ့ချင်မေ့နော်၊ ကိုယ့်ကိုတော့ မမေ့သွားစေနဲ့"

"ဒါကျ တယ်တတ်"

'တချာ' က အိပ်ရာနိုးသည်နှင့် မျက်နှာသစ်ကာ ရေချိုး ရှိပါ၏။ ဒါမှအပြင်ထွက်သည့်အခါ အချိန်သိပ်မကုန်တော့ဘဲ အ





အစားလဲရုံသာ ရှိတာပါ။ စာသင်ပေးရတဲ့ကလေးတွေက နေ့တစ် ပိုင်းတက်ရသည့် (၁၀) တန်း၊ (၄) ယောက်က နေ့လယ် (၁) နာရီမှ (၂) နာရီခွဲ၊ တစ်နေကုန်တက်ရသည့် (၁၀) တန်း (၅) ယောက်က (၃) နာရီမှ (၄) နာရီခွဲ၊ ပြီးနောက် (၈) တန်း (၆) ယောက်တစ်ပိုင်းက (၅) နာရီမှ (၆) နာရီခွဲ ဆက်တိုက်သင်ရပါ၏။

အိမ်ပြန်ရောက်သည်နှင့် ပင်ပန်းလွန်းပေမယ့် နောက်နေ့စာ အတွက် ပြင်ဆင်ထားရသလို စာပြန်ဖတ်ရ ပြန်တွက်ရတာတွေပြီးမှ အိပ်ရပါသည်။ ကျောင်းစာပြန်လေ့လာပြီးချိန်က ည (၉) နာရီကျော် သွားပေမယ့် စာမဖတ်ရမနေနိုင်သည့် 'တချာ'က ဖတ်ချင်သည့် သုတ၊ ရသ စာပေတို့ကို ဖတ်ဖြစ်ပါ၏။ စာအုပ်တစ်အုပ်လုံး မပြီးတောင်မှ အိပ်ငိုက်မချင်း စာဖတ်တာ ဝမှသာ အိပ်ဖြစ်လေ၏။

မနက်ကို စောစောထတတ်တာ အချိန်မှန်မှန်ဖြစ်ပြီး အန်တီ အားကို ဝိုင်းကူတာ၊ ဈေးဝယ်ပေးတာ၊ အဝတ်လျှော်ဖွပ်တာတို့ကို လုပ်ပေးပါ၏။ အိမ်အလုပ်ပြီးချိန် နေ့လယ် (၁၀) နာရီကျော်မှာ တစ်နေတာ အားဖြစ်စေရန်အတွက် နာရီဝက်ခန့် ခဏမှေးအိပ်ဖြစ်လေ သည်။ ညစာစားချိန်က အမြဲနောက်ကျတတ်ပြီး များသောအားဖြင့် (၈) တန်းဝိုင်းဖြစ်သည့် 'နှင်းဆီခင်' တို့အိမ်မှ တစ်ခုခုကျွေးတာကို သာ စားဖြစ်ပါ၏။

"အဝတ်လဲတော့လေ ... သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အသီပေးတာမို့ ပန်းကန်အပေတွေကိုဆေးပြီး ရေချိုးခန်း ခဏဝင်ကာ သွားတိုက်မျက်နှာသစ် ခြေလက်ဆေးလိုက်ပါ၏။ ရေထပ်ချိုးချင်ပေမယ့် သူ စိတ်မရှည်မှာစိုးသောကြောင့် မချိုးဖြစ်တော့ပါ။ အခန်းထဲမှာ အဝတ်အစားဝင်လဲပြီး ပြန်ထွက်ခဲ့၏။ သူနှင့် အရောင်ခပ်ဆင်ဆင်ဖြစ်သည့် အင်္ကျီရွေးဝတ်လာတာကြောင့် သူက ကျေနပ်စွာ ပြုံးလိုက်လေသည်။



## အခန်း (၅)

တိုက်ခန်းတံခါးဖွင့်ပြီး ထွက်လိုက်ပါ၏။ လှေကားထစ်တို့ကို ဆင်းခင် 'တျာ'၏လက်ချောင်းသွယ်သွယ်လေးကို ဆုပ်ကိုင်၍ အသာ ညှစ်လိုက်မိလေသည်။ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် 'တျာ'က စိတ်ဆိုးပုံ မပြပါလေ။ ကြည့်ပါဦး . . . သူ့ချစ်သူလေးက အဘယ်မျှ အလိုက်သိတတ်ပါသလဲ။ သူဝတ်လာသည့် sport shirt အပြာရောင်နှင့်ဆင်တူအောင် အပြာလေး ဝတ်လာတာ မဟုတ်လား။

"တျာ"

"ဟင်"

"ဆိုင်ခဏဝင်မယ်နော်၊ ဟိုကောင်တွေကို စတိုသော့မပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလို့”

“ဝင်လေ”

“ဟိုကောင်တွေနဲ့ သိပ်မရောနဲ့နော်”

“ဘာဖြစ်လို့လဲ၊ ကိုကျော်စွာနဲ့ကိုစည်သူက သဘောကောင်းပါတယ် ချာန်ရဲ့”

“ဒါဆို ကိုယ်က သဘောဆိုးတယ်ပေါ့လေ”

“အဲဒီလို မပြောပါဘူး၊ သူတို့ဖော်ရွေတာကိုပဲ ပြောတာပါ”

“ဖော်ရွေလည်း customer တွေအပေါ်ပဲ ဖော်ရွေရမှာပေါ့ ချာက ကိုယ်ပြောရင် နားထောင်လေကွာ”

“အင်းပါ ... အင်းပါ၊ မရယ်ပြရင် ပြီးရောမဟုတ်လား နှုတ်ဆက်ရင်တော့ တစ်ခွန်းနှစ်ခွန်း ပြန်ပြောမှကောင်းမှာ”

“အဲဒါတော့ ရတယ်”

‘ချာ’က မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်လေ၏။ သူ မမြင်အောင် ပြုံးလိုက်ပြီ ထင်ပါရဲ့။ ချစ်သူအပေါ်မှာတော့ အပြုံး လေးတောင်မှ ကပ်စေးနှဲပါ့။ သူစိမ်းတွေရှေ့မှာဖြင့် အမှုမဲ့ အမှတ် နှင့် ဖောဖောသီသီ ပြုံးပြနေတာလေ။ မနာလိုလိုက်တာနော်။ အ ဖြင့် လက်ကို အားထည့်လိုက်မိပါ၏။

“အ! ... နာတယ် ချာန်ရာ”

“မောင်လို့ ခေါ်ပါလား”





“ဘာရယ် ... ဟင်းဟင်းဟင်း”

“ကြည့်! ... ရယ်ပြန်ပြီ”

“ရယ်ချင်တာပေါ့၊ လက်တွေ့သမားက စိတ်ကူးတွေ ယဉ်တတ်နေပြီလား”

“စိတ်ကူးယဉ်တာနဲ့ အဲဒီလိုခေါ်တာနဲ့ ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့၊ တစ်သက်လုံး နာမည်ပဲ ခေါ်လာတာကို ပြောင်းခေါ်စရာလား၊ လျှာယားအောင် ... တကယ်ပါပဲ”

“ချာနော် ... ဒါလေးတောင်မှ ...”

“ချစ်သူဘဝမှာတော့ မခေါ်နိုင်ပါဘူး”

“ဒါဖြင့် စေ့စပ်ပြီးရင်တော့ ခေါ်မယ်ပေါ့လေ”

“စဉ်းစားပေးမယ်လို့ပြောတာ”

သူက မချင့်မရဲဖြစ်လာပြီး ‘ချာ့’ ခါးကျဉ်ကျဉ်လေးကို (သူ့ဘေးသို့ကပ်စေရန်) ဆတ်ခနဲ ဖက်၍ ဆွဲလိုက်ပါ၏။ လှေကားထစ်တွေ ဆင်းနေတုန်းမို့ ‘ချာ’ က လန့်သွားပြီး သူ့ကို တဘုန်းဘုန်း ထုလေတော့သည်။ ဤသို့ ကယုကယင် အပြုအမူမျိုးက သူနှင့် ‘ချာ’ ကြားမှာ မရှိတာ အဘယ်မျှ ကြာနေခဲ့ပြီလဲ၊ အသည်းယားလာလို့ပါနော်။

“ဘာလုပ်တာလဲ”

“ကိုယ်ဘာလုပ်မိလို့လဲ, ချာရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ပြုတ်ကျတော့မှာပဲ"

"မပြုတ်ကျပါဘူးဗျာ၊ ကိုယ် မြဲမြဲကြီးဖက်ထားပါတယ်"

"လွှတ်နော် . . . အခုလွှတ်ပေး၊ ခါးထိရင် ယားမှန်းသိရဲ့သားနဲ့"

"ရဲရဲကိုင်ရင် မယားဘူးမဟုတ်လား၊ မညာနဲ့နော် . . . ကိုယ်သိတယ်"

"ကြည့်! . . . မနက်က သင်းသင်းတို့ မြင်သွားတာတောင်မမှတ်ဘူး"

"သင်းသင်းမကလို့ နှင်းနှင်းပဲမြင်မြင် ဂရုမစိုက်ပါဘူး"

"ချာန်နော်"

"မောင်လို့ခေါ်မှ"

"မရဘူး . . . မဟုတ်တာ ဂျိမကျနဲ့၊ မလိမ္မာရင် ချာန့်စကားကို တျာ နားမထောင်ဘူးနော် . . . အဟုတ်ပြောတာ"

အမိန့်ပေးလေသလား၊ လေသံမာဖြင့် ပြောပြီးမှ ခါးဖက်ထားပါသည့် လက်ကို သူ ဖယ်ပေးလိုက်ရတော့၏။ ဗိုလ်ကျသည်ဟုပဲ မြင်ကြပါသလား။ ချစ်လွန်းလို့ အနိုင်ယူမိတာပါ။ ချစ်လွန်းလို့စိုးရိမ်မှုတွေအပြည့်ဖြင့် ဒီရင်ထဲ မှုလောင်နေရတာကို ဘယ်သူက မြင်ကြပါ့မလဲ။

ပိုချစ်မိသူက ပိုခံစားရပြီး ပိုထိခိုက်လွယ်တတ်တာကို မသိ





ကြဘူးလား။ မျက်စိရှေ့မှာ အမြဲမရှိတာမို့ ကွယ်ရာမှာ ဘယ်သူနဲ့တွေ့၊ ဘယ်သူနဲ့ပြော၊ ဘယ်သူ့အကြောင်းတွေးနေမလဲဆိုတာကို မသိနိုင်တာလေ။ ချစ်သူကို မယုံကြည်တာမျိုး မဟုတ်ရပါ။ ကံကြမ္မာကို မယုံရဲတာကြောင့်ပါပဲ။

သူ့မိဘတွေကိုပဲ ကြည့်ပါ။ အသက် (၁၃) နှစ်အရွယ်က ဘညီ့က လှုပ်ခတ်သည့် သူ့ရင်ထဲကို မမြင်နိုင်ခဲ့တာလေ။ ကလေးဘဝ သံယောဇဉ်ဆိုပြီး ပေါ့ပေါ့တွေးခဲ့ကြတာ မဟုတ်လား။ အပြင်းဖျားပြီး အိပ်ရာထဲ လဲမှသာ မျက်ဖြူစိုက်ကုန်ကြတာပါ။ ဆေးရုံခုတင်ထက်မှာ မျှော့မျှော့လေးသာ ကျန်တော့သည့် သူ့ကို လက်လွှတ်ရပြီအထင်ဖြင့် ညီ ချုံးပွဲချငိုယိုပြီး သတိပင် လစ်ခဲ့တာ မဟုတ်လား။

'ချာန်' လို့ ခေါ်သံတိုးတိုးလေးကြောင့် သတိပြန်ရခဲ့တာပါ။ ဖြူနွေးနွေးလက်ဖျားလေးရဲ့ဆုပ်ကိုင်မှုအိအိလေးကြောင့် မျက်လုံးဖွင့်ကြည့်နိုင်ခဲ့တာပါ။ ရင်ကိုအေးမြသွားစေသည့် ပါးချိုင့်လေးကြောင့် အသံပျော့ပျော့လေး ပြန်ထွက်နိုင်ခဲ့တာပါ။ အဲဒီလောက်ထိ 'ချာန်' ရှိသည့်ကောင်လေး၏ဝိညာဉ်ကို 'တျာ'က ဖမ်းစားနိုင်ခဲ့တာပါလေ။

"ယောက်ျားလေးဖြစ်ပြီး စိတ်ကောက်တတ်တာလည်း နှစ်ယောက်မရှိဘူး၊ မောင်ကောက်လို့ နာမည်တောင် ပြောင်းသင့်ပြီ"

"မပြောင်းနိုင်ပါဘူး။ ဘာလို့ပြောင်းရမှာလဲ"

လက်မောင်းကို သိုင်းဖက်၍ ပါးအပ်လိုက်လေ၏။ ရှေ့လား



www.burmeseclassic.com

www.burmeseclassic.com



. . . သူ စိတ်ခုသွားတိုင်း မည်သို့ပျော်ကျလာအောင် လုပ်ရမည်ကို ဒီကောင်မလေး ကျွမ်းကျင်တာပါလေ။ အဲဒါလေးကိုက 'တျာ့'အပေါ် အချစ်တွေ ပုံပေးချင်အောင် ဖြစ်ခဲ့ရတာပါ။ စကားများကြတိုင်း စိတ် ကောက်ချင်စိတ်ဖြစ်မိပေမယ့် 'တျာ့' ထံမှာ သူ့ကို စိတ်ပျော့စေရန် ချော့ဖို့နည်းက အဆင်သင့်ပင် မဟုတ်ပါလား။

"သူများတွေ မြင်မယ်လေ"

"တျာက ဘာလုပ်နေလို့လဲ"

"အဲဒီလိုတွယ်ကပ်နေတော့ တျာ့အပေါ် တစ်မျိုးမြင်တော့ မှာပေါ့"

"မကြိုက်ဘူးလား"

"ကြိုက်တာမဟုတ်ဘူး . . . ချစ်တာ၊ ချစ်တား ဒါပေမဲ့ လူတွေရှေ့တော့ မပြုမိစေနဲ့"

တီးတိုးရယ်လေ၏။ အောက်ဆုံးထပ်သို့ ခြေချလိုက်ပြီး သူ ကားရပ်ထားရာသို့ ဆက်လျှောက်လိုက်ပါသည်။ ကားတံခါးကို ဖွင့် ပေးစဉ် ချစ်စနိုးဖြင့် မြင့်မြင့်လေး စည်းထားပါသည့် 'တျာ့' ဆံထုံး နက်နက်လေးကို ခပ်နာနာလေး ဆွဲလိုက်မိလေ၏။ 'တျာ'က မျက် စောင်းလှည့်ထိုးလိုက်လေသည်။

"လုလို့"

"ဘာလုတာလဲ၊ သနပ်ခါးရေကျဲပဲ လူးထားတာများ





လှတယ်တဲ့လား"

"လှတာပဲလေ . . . မနာလိုလို့လုပ်တာ၊ ကိုယ့်ချစ်သူ လှတာပတလေးဖြစ်တာ ကျေနပ်မိပေမယ့် သူများတွေ ကြည့်မှာကို တော့ မကြိုက်တာ အမှန်ပဲ"

"အူပုပ် သည်းပုပ်"

"အဲဒီ ခပ်ပုပ်ပုပ်လေးကိုပဲ တျာချစ်တာ မဟုတ်လား"

ကားပေါ်တက် စက်နှိုး၍ ထွက်ခဲ့ပါ၏။ တျာ့အတွက် ဖိနပ် နှင့် Dryer ဝယ်ပေးရမှာဖြစ်ပြီး ရေချိုးဖို့အတွက် ရေပူရေအေးစက်ပါ ရှောက်ကြည့်ပြီး တစ်ခါတည်း ဝယ်ပေးရမှာပါ။ လောလောဆယ် တော့ ဆိုင်မှာ အံဆွဲကို သော့ခတ်ခဲ့တာမို့ အံဆွဲထဲရှိနေသည့် စတို နှံသော့ကို 'ကျော်စွာ' တို့ တွေ့မှာမဟုတ်တာမို့ ဆိုင်ရှိရာသို့ ဦး တည်မောင်းလာခဲ့ပါ၏။

ကျောင်းပြီး ဘွဲ့ရသည်နှင့် 'တျာ'က လုပ်လက်စ စာပြသည့် အလုပ်ကို ဆက်လုပ်ဖြစ်ခဲ့လေသည်။ သူကတော့ သူငယ်ချင်းနှစ် ယောက်နှင့်အတူ Handset နှင့် Accessories တို့ လိုအပ်သမျှ ရနိုင်စေရန် သုံးဦးစပ်တူ ရှယ်ယာဖြင့် ဆိုင်ဖွင့်ခဲ့ပါ၏။ သူ့အရင်းအနှီး ကို ဒက်ဒီထုတ်ပေးခဲ့တာဖြစ်ပေမယ့် အခုတော့ ဒက်ဒီ့ငွေကို ပြန်ဆပ် နိုင်ပြီး ငွေပင် စုနိုင်နေချေပြီ။ ရှယ်ယာအများဆုံးဖြစ်သည့်သူက သူငယ်ချင်းနှစ်ယောက်အပေါ်မှာ ဩဇာညောင်းသလို 'တျာ' နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ နည်းနည်းမှ မျက်နှာသာမပေးမိပါချေ။

"ရောက်ပြီ"

ကားကို ဆိုင်ရှေ့မှာရပ်လိုက်ပြီး 'တျာ' ဆင်းတာကို ခဏ စောင့်ကာ မှန်တံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပါ၏။ 'ကျော်စွာ' နှင့် 'စည်သူ' က သူတို့ဝင်လာတာကိုမမြင်ဘဲ ကောင်တာမှန်ပုံးတွေထဲ ဖွင့်ကာ ပစ္စည်းစီရင်း အလုပ်ရှုပ်နေလေသည်။ သူက ငွေသိမ်းကောင် တာဆီသို့ ဦးတည်လျှောက်လိုက်ပါ၏။

"ဟိုကောင် ခုထိ ... ဟော! ... အသက်ရှည်ဦးမယ်"

"တျာ လိုက်လာတာလား"

"ဟုတ်ကဲ့ ကိုကျော်စွာ"

"ဒါက Match ဖြစ်အောင် Fashion ဝတ်လာတာပေါ့လေ"

"အဲဒါ မင်းအပူပါလား"

'စည်သူ' က လှမ်းနောက်လိုက်ပေမယ့် သူ ဘုကောလိုက် တာကြောင့် နှာခေါင်းရှုံ့လိုက်လေ၏။ လက်က အံဆွဲသော့ကို ဖွင့် နေတာဖြစ်ပေမယ့် မျက်စိအကြည့်ကိုတော့ 'တျာ့'ထံသို့ ပို့ထားမိ သည်။ ထင်သည့်အတိုင်းပါပဲ။ မှန်ပုံးတွေထဲသို့ ကြည့်နေပါသည် 'တျာ့' ကို နှစ်ကောင်စလုံး သတိထားပြီး ကြည့်တာက နှစ်ကြိမ်မ ပါလေ။ သူ၏'တျာ' က ထိုသို့ပင် ချစ်စရာကောင်းနေပြီး ဆွဲဆောင် အားရှိနေတာ မဟုတ်ပါလား။





"အဟမ်း! ... Draw ထဲမှာ စတိုသော့ ထည့်ထားတယ် နော်၊ လိုတဲ့ပစ္စည်း သွားထုတ်ပြီးရင် သော့ပြန်ထားဖို့ မမေ့ကြနဲ့ဦး"

"အေးပါ"

"မင်းက အပြင်သွားဦးမလို့လား"

"ဒါပေါ့ ... တျာ့ကို ခေါ်လာမှတော့ သွားစရာရှိလို့ပဲဟာ"

"Date ကျမှာတော့ မဟုတ်ပါဘူးနော်၊ ရုပ်ရှင်တွေ, ဘာတွေ ကြည့်ဖို့"

"ဘာကိစ္စ Date ရမှာလဲ၊ တွေ့ချင်ရင် အချိန်မရွေး တွေ့ နေတာပဲလို့ ရုပ်ရှင်ကြည့်ဖို့က ထားပါ၊ နောက်က ဘာတွေဆိုတာက ဘာကိုဆိုလိုတာလဲ"

"မင်းကတော့လေ၊ အထအန ကောက်ပြန်ပါပြီ"

"ပစ္စည်းဝယ်စရာရှိလို့ ခဏပါပဲ ကိုစည်သူရယ်၊ သိပ်မကြာ တော့ပါဘူး"

"ဘာလဲ စေ့စပ်လက်စွပ် သွားရှာမလို့လား"

"အာ ... မဟုတ်ပါဘူး"

"စကားကြောက ရှည်နေပြန်ပါပြီ ... လာ, သွားမယ်"

ဒီလောက် အတန်တန်ကြိုပြောထားလျက်မှ 'စည်သူ' နှင့် အား‌ပြောနေသည့် 'တျာ့' လက်ကို သူဆွဲခေါ်၍ ဆိုင်ထဲမှ ထွက် လာပါ၏ သဘောထားသေးသည်ဟု ဆိုချင်လည်း ဆိုကြပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



သူက သူငယ်ချင်းတွေနှင့်တောင်မှ သူ့ချစ်သူကို စကားမပြောစေ
ပါ။ ‘တျာ’နှင့်ပတ်သက်လျှင် မိန်းကလေးချင်းတောင် (သူ့ထက်ပို
သံယောဇဉ်တွယ်သွားမှာကို စိုးတာမို့) ရယ်ပြုံးပြောဆိုတာကို မကြည့်
ချင်ပါလေ။

“ကြည့်တာ ပွဲပါသွားတာမှ မဟုတ်တာ”

“မကြိုက်ဘူးကွာ”

“ဟယ် . . . ဘယ်လိုကြီးမှန်းကို မသိတော့ပါဘူး”

“ဒီလိုကြီးပဲ . . . အခု သိပြီမဟုတ်လား”

“ရှာန်နဲ့တော့ ခက်ပါတယ်၊ မျက်စိရှေ့မှာ အသက်တော
ရဲရဲ မရှူဝံ့ဘူး”

“ကိုယ်က တျာ အသက်ရှူရခက်အောင် ဘာများလုပ်
လို့လဲ . . . ပြောပါဦး”

“အခုလိုလုပ်တာကိုပဲ ပြောတာလေ၊ ကိုကျော်စွာတို့က
သူငယ်ချင်းတွေပဲဟာ”

“သူငယ်ချင်းမို့လို့ကို စိတ်မချတာပေါ့၊ သူတို့စိတ်ထဲ
တွေးနေမလဲဆိုတာ သိနိုင်မလား တျာရဲ့”

“ဒါဖြင့် မိန်းကလေးဖြစ်တဲ့ မမော်ကျတော့ရော”

“မရဘူး၊ အဲဒီအစ်မကြီးနဲ့လည်း ရယ်ပြုံးပြောနေတာ
လောက်စိတ်ဆိုးစရာကောင်းလိုက်သလဲ၊ ကိုယ်နဲ့ဆို တျာ အဲဒီ





ကြာကြီး ရယ်မောပြောဖူးလို့လား ပြော”

“အဲဒါလည်း မနာလိုတာပဲလား”

“ဟုတ်တယ် . . . မနာလိုဘူး၊ ဖြစ်နိုင်ရင် တျာ စာသင်တဲ့
ကျောင်းထဲတောင်မှ ဝင်ထိုင်ချင်တာ”

“ဟင် . . . ဘာဖြစ်လို့လဲ”

“အဲဒီချာတိတ်တွေကမှ တျာနဲ့ နေ့တစ်ပိုင်းလုံးလုံး မြင်တွေ့
ခွင့်ရနေတာလေ။ ကိုယ် ဘယ်လောက်မနာလိုဖြစ်စရာလဲ တွေးကြည့်
ပါ”

“ရှာန်ကတော့လေ”

“အဲဒါ ချစ်လွန်းလို့ ဖြစ်ရတာ၊ ကိုယ့်ကို အပြစ်မတင်နဲ့”

“အဲဒီလောက်တောင်မှ ချစ်ရလား”

“ချစ်တာပေါ့၊ ကိုယ့်အသက် ပုံပေးပြီးကို တျာ့အပေါ် ချစ်
တာ မယုံမရှိနဲ့”

‘တျာ့’ ထံမှ ချစ်မျက်စောင်းလေးနှင့်အတူ သူ့လက်ခုံကို
လက်ခနဲ ရိုက်လိုက်လေ၏။ တကယ်ပဲ ချစ်ရတာပါ ‘တျာ’ ရယ်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

လပတ်စာမေးပွဲတွေ စစ်တော့မှာမို့ (၂၅) မှတ်ဖိုး ဖြေ
မယ့် 'တျာ'က အမှတ် (၅၀) ဖိုး မေးခွန်းထုတ်ပြီး စာမေးပွဲ အ
ဖြေခိုင်းပါ၏။ အချိန် (၁) နာရီခွဲမေးခွန်းဖြစ်ပေမယ့် (၁) နာရီအတွ
ပြီးအောင် (အကျင့်ရအောင်) ဖြေစေပါသည်။ စာမေးပွဲစစ်သည့်
မှာ စာမသင်ဖြစ်ပေမယ့် အချိန်ကို ဖြုန်းတီးသလို မဖြစ်စေရန် စာ
နည်းနည်းသင်ဖြစ်ပါ၏။

"တျာ သွားဦးမယ်, အန်တီလေး"

"အေးအေး သမီး"

တိုက်ခန်းမှ ထွက်ခဲ့စဉ် သူငယ်ပေးထားပါသည့် ခေါ





ရောင်လေးနှင့် မိုးစီးဖိနပ် အပြာလေးကိုကြည့်ရင်း ပြုံးမိပါ၏။
ဆို သူ့စိတ်တိုင်းကျ ဆင်ပေး, ဝယ်ပေးမှသာ ကျေနပ်တာ
တ်ပါလား။ လူကို ချစ်တာထက် သဝန်တိုပြီး နေရာတကာ အရူကို
ချုပ်တတ်တာမို့ စိတ်ကျဉ်းကျပ်ရတာ အမှန်ပါ။ စိတ်တိုစိတ်ခု
မဖြစ်တတ်ပေမယ့် သူချစ်လွန်းလို့ဆိုပြီး စိတ်ကို ဖြေသိမ့်ရ
ပါလေ။

အများတကာ ယူဆချက်မျိုးနှင့် သူကဖြင့် ကွာခြားလွန်းပါ
မတွေ့မမြင်ရတာ ကြာသည်နှင့် သွေးအေးပြီး စိမ်းသက်သွား
တာဆို သူကဖြင့် ထိုသို့မဟုတ်ပါချေ။ မမြင်ရတာကြာသည်နှင့်
လာအောင် လွမ်းရပါသတဲ့။ မတွေ့ဖြစ်သည့်ရက်တွေ အကုန်ရုံပြီး
nday တစ်ရက်လုံး အနားမှာကပ်ပြီး တပူပူ ဂျစ်တိုက်သမျှ ထိုင်ထော်
'တျာ' ပင် ခံစားရတာပါ။

တကယ်ဆို အသက်လပိုင်းမျှကြီးသည့်သူကသာ 'တျာ' ကို
လိုက် အကြိုက်ဆောင်ရမှာဖြစ်ပေမယ့် သူ့ကို 'တျာ'ကချည်း
လျှော့ပေးနေရတာက နည်းနည်းတော့ မတရားသလိုပါ။ ငယ်စဉ်
ည်းက 'တျာ' အပေါ်မှာ ငဲ့ညှာဝေမျှတတ်ခဲ့ပါသည့် 'ရှာန်'က
ယ်ရောက်လာသည်နှင့်အမျှ နည်းနည်းစီမှ များများကြီးအထိ
'ကို ဗိုလ်ကျချင်တိုင်း ကျနေတော့တာလေ။ ဒါကို သိသိကြီးဖြ
'တျာ' သူ့ကို ဘာကြောင့်များ ခေါင်းညိတ်ခဲ့မိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာတစ်ခုကဖြင့် 'ရှာန်' ဆိုတာ 'တျာ'သာ မရှိရင် ('တျာ'သာ သူ့ကို ငြင်းခဲ့မိလျှင်) သူ့ကိုယ်သူ ရန်ပြုရမည်ဆိုတာပါပဲ။ တစ်ခါက မှတ်မှတ်ရရ အဖြစ်အပျက်တစ်ခု ရှိပါ၏။ အဲဒါကတော့ 'တျာ' တို့ တက္ကသိုလ်တက်ရန် Major လျှောက်ခဲ့စဉ်က ဖြစ်လေသည်။ သူက 'တျာ' ထက် အမှတ်လျော့ခဲ့တာမို့ Major မတူဘဲ ကျောင်းတက်ဖို့ ဖြစ်ခဲ့တာပါ။

ဒါကို 'တျာ' နှင့်အတူ မဖြစ်ရကောင်းလားဆိုပြီး သူ ပေါက်ကွဲအော်ဟစ်ခဲ့တာ အရူးတစ်ပိုင်းပါပဲ။ ဤမျှအထိ စိတ်ကြီးမည်ဟု ထင်မထားခဲ့ပါ။ ပြီးတော့ သူ့ကို အဖြေပြီးကာစ လပိုင်းခန့်သာ ရှိသေးတာမို့ အံ့သြခြင်းမက အံ့သြခဲ့ရတာပင်။ နောက်ဆုံးတော့ 'အန်တီထား'၏ တောင်းတောင်းပန်ပန် အပြောတို့ကြောင့် ကရုဏာသက်ပြီး ချစ်ခြင်းတွေ ပုံပေးခဲ့မိတာပါလေ။

သံသယမဝင်မိတာ အမှန်ပါ 'ရှာန်'။ 'တျာ'က သူ့အ… မရှိမဖြစ်လိုအပ်သည်ဆိုတာက ဘယ်အချိန်မှာ အဲဒီစိတ်က လျော့သွားမှာပါလဲ။ ငယ်စိတ်နှင့် အနှစ် (၂၀) ကျော်မှာ သူ ရည်းစားအဖြစ် လက်ခံပြီး တွဲဖြစ်ခဲ့ကြတာပါ။ 'စိတ်' ဆိုတာ အချိန်မရွေး ပြောင်းလဲနိုင်သည့်အရာမို့ 'ရှာန်' ၏ စိတ်အပြောင်းအလဲကို စောင့်ကြည့်ပါ… အန်တီလေးက ပြောခဲ့ပါ၏။

ဒါကြောင့်လည်း သူ့စိတ်, သူ့ဆန္ဒ, သူ့သဘောကို စော…





ကြည့်နေခဲ့တာပါ။ ဘဝမှာ ဒီတစ်ယောက်ကိုပဲ လက်ခံပြီး ချစ်မိခဲ့တာ… သူကလွဲပြီး တခြား ဘယ်သူစိမ်းယောက်ျားလေးကိုမှ ယောင်၍ …ဆက်မှု မကြည့်မိခဲ့ပါ။ သူ့ထက်ပိုပြီး သံယောဇဉ်ဖြစ်မည်ဆိုတာက …လာဝေးပါပဲ။ အကယ်၍ 'တျာ့'အပေါ် အချစ်တွေလျော့ပြီး ဆက် …ချစ်နိုင်တော့လျှင်တော့ ကံတရားပေါ့လေ။

'အချစ်' က ပြောင်းလဲတာမျိုး မဟုတ်ပါဘဲ 'စိတ်' ကသာ ပြောင်းလဲတတ်တာပါ။ 'တျာ'ကတော့ 'ရှာန်' တစ်ယောက်တည်းကို …သာ ချစ်ပြီး တစ်သက်တာအတွက် လက်တွဲဖို့ ရိုးမြေကျ ပေါင်းသင် …ဖို့ နောက်ဆက်တွဲ ထွက်သက်အထိ ချစ်သွားဖို့ကိုသာ စဉ်းစား …ဖြတ်ခဲ့တာ အမှန်ပါ။

'နှင်းဆီခင်' တို့အိမ်မှာ စာမေးပွဲစစ်ပြီးနောက် Letter နှင့် Essay ရေးရန် အကြောင်းအရာ ပြောပြရှင်းပြခဲ့ပါ၏။ ဒီနေ့ စာသင် …စေပြီးမှာမို့ 'သူရ' တို့ဝိုင်းကို စောစောရောက်ဖြစ်မှာပါ။ စာမေး …ဖြေရမှာမို့ စိတ်စောပြီး ရောက်တန်ကောင်းပါရဲ့။

"အဲဒါ လာမယ့်တစ်ပတ် English သင်မယ့်နေ့ စာအုပ် …ယူလာနော်၊ တခြားစာအုပ်ထဲက ကူးရေးလာမယ်မကြံနဲ့၊ ကိုယ် …ရေးတဲ့စာကို ကိုယ်တိုင် ဘာသာပြန်တတ်ရမယ်"

"တီချယ်"

"ပြောလေ, Rose"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းတို့အတန်းက ကောင်မလေးနှစ်ယောက်က တီချယ့်ဝိုင်းမှာ သင်ချင်လို့တဲ့၊ အဲဒါ ရမလား မေးလို့ပါ"

"သမီးတို့က ကျောင်းမဖွင့်ခင် နှစ်လကြိုပြီး စာသင်ခဲ့တာလေ၊ အခုမှ သူတို့ဝင်လာတော့ စာလိုက်နိုင်ပါ့မလား"

"ဘယ်နှစ်ယောက်လဲ"

"ကေသီနဲ့မေရီမော်"

"ဟာ . . . သူတို့က ဝိုင်းကြီးမှာတက်နေတာ မဟုတ်လား ဟိုခုန် ဒီကူးလုပ်ရင် ပြဿနာတက်သွားမှာပေါ့"

"အဲဒီဝိုင်းက လူများလို့ စိတ်ရှုပ်တယ်တဲ့"

'ဝေယံ' နှင့် အပြန်အလှန်ပြောနေသည့် 'နှင်းဆီခင်' က 'တျူ' ဘက် ပြန်လှည့်လိုက်လေ၏။ ဝိုင်းပြောင်းတာက ပြဿနာ မဟုတ်ပါ။ ဒီဝိုင်းကို စုထားပေးတာက Rose ၏မာမီ 'မမသဇင်' နှ သူ ခွင့်ပြုမှ ဝင်လို့ရမှာ ဖြစ်ပါ၏။ ကျောင်းသားပိုတိုးတာက 'တျူ' အတွက် Lesson စာရွက်စာတမ်း ပိုလာတာသာ ရှိမှာပါ။

"အဲဒါ သမီးမာမီကို မေးလေ၊ လူများတာက တီချယ်သင်ရတာ ကိစ္စမရှိဘူး၊ သမီးတို့ စိတ်ရှုပ်မှာကိုပဲ စိုးရိမ်တာ၊ သမီးမာမ် လက်ခံရင် Ok ပေါ့"

"မာမီက တီချယ့်ကို မေးဆိုလို့ပါ"

"ကောင်းပြီလေ . . . ဒါဖြင့် နောက်တစ်ပတ် အခန်းသ





သင်တဲ့အချိန် လာစတက်ပါစေ၊ Exam ရှိတဲ့အခါမျိုးမှာ ဒီလိုပဲ ချယ် revesion ပြန်ပေးတာ ကြိုပြောထားဦး"

"ဟုတ်ကဲ့ တီချယ်"

စာသင်ခန်းမှ ထွက်စဉ် 'မသဇင်' က စောင့်နေသဖြင့် ားရုပ်ပြောတာ ခဏမျှကြာသွားရပါသည်။ တစ်ယောက်ကို ည်ရွေ့မည်မျှဆိုတာထက် ငါးယောက်တစ်ဝိုင်းကြေးယူတာမို့ 'နှင်းဆီ ' တို့ ပေးရသည့် ကျူရှင်ခက ပိုများနေပါ၏။ သို့သော် တစ် ယောက်ပိုသွားပေမယ့် တစ်ဦးချင်းစီ စာအတိုင်းပေးမည်ဟု ပြောသ ဖြင့် အားနာမိသွားရလေသည်။

"အဲဒီကလေးတွေဘက်က ပြောလို့လား, မမရဲ့"

"ဟုတ်တယ် . . . Rose တို့အုပ်စု ကျောင်းစတက်က ည်းက (၉) တန်းတုန်းကထက် ပိုတော်ပြီး အဆင့်တက်လာလို့ ပြီး သိကုန်လို့ပါ"

"ဒီထက်တော့ ပိုလို့မဖြစ်ဘူးနော်၊ လူများပြီး ဆူညံရင်, ာလည်း နိုင်မှာမဟုတ်လို့ပါ၊ February လောက် Camp ဖွဲ့ပြီး က်ဝိုင်းလုပ်ရင် အကုန်စုပြီးလုပ်မှ အဆင်ပြေလိမ့်မယ်၊ (၁၀) ာက်ဆို တျူတိုက်ခန်းလည်း ပြည့်နေပြီ"

"ကျွန်မတို့အိမ်မှာပဲ ဝိုင်းရင်ကော မရဘူးလား"

"အဲဒါဆို သူရတို့အိမ်က ပြောဦးမယ် မမရဲ့၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဘက်မှ မလိုက်ဘဲ တျာ့တိုက်ခန်းမှာပဲ လုပ်ပေးမယ်၊ အဲဒါကို မလိုက်နာရင်တော့ ဂုဏ်ထူးရဖို့ တျာ အာမမခံနိုင်ဘူး"

"ဟုတ်ပါပြီ ... ကျွန်မ သဘောပေါက်ပါတယ် ဆရာမရယ်"

"အဲဒါ ညှိပြီးရင် တျာ့ကိုပြောလေ၊ အခုတော့ နောက်ပိုင်းတွေ ဆက်ရမှာမို့ တျာ့ကို ခွင့်ပြုပါ"

'မသဖင်' ကို နှုတ်ဆက်ပြီး နောက်တစ်လမ်းကို ဆက်လျှောက်ခဲ့ပါ၏။ ဖူးဖူးတို့က တျာတို့တိုက်ခန်းနှင့် အနီးဆုံးမို့ နောက်ဆုံးပိုင်းအဖြစ် သင်ပေးခဲ့တာပါ။ (၉) တန်းမို့ စာလည်းနည်းပြီး (၁၀) တန်းအတွက် အခြေခံကောင်းအောင် ဖြည်းဖြည်းချင်း သင်ပေးခဲ့တာဖြစ်လေ၏။ 'သူရ' တို့အိမ်သို့ နေ့လယ် (၃) နာရီမထိုးခင် စော၍ရောက်သွားပြန်လေသည်။

"ဟာ! ... တီချယ်လာပြီ၊ ဝဏ္ဏတို့ မရောက်သေးဘူး"

"စောင့်ရမှာပေါ့"

"အခန်းထဲ ဝင်ရတော့မှာလား"

"နေပါစေ ... စောပါသေးတယ်"

"အဲဒါ Rose တို့ အဖြေလွှာတွေလား"

"ဟုတ်တယ်"

"စာအပြည့်ပဲနော်"

"မြင်တယ် မဟုတ်လား။ ကျောင်းမတူပေမယ့် အပြိုင်အဆိုင်





အောင်ကြမှာ၊ တစ်မှတ်ဆိုတဲ့အရာက အသက်လောက် တန်ဖိုးရှိတယ်"

"အား! ... တီချယ်တော့ ကဗျာဆန်နေပြီ"

"နောက်တီးနောက်တောက် ပြောပြန်ပြီ ... သားမာမီရော"

"အန်ကယ်လေး ဂျပန်က ပြန်လာမယ်ဆိုလို့ သွားကြိုလေ ရဲ့"

"သြော်"

ကလေးတွေက စာသင်ခန်းထဲ မဝင်ချင်သေးပေမယ့် 'တျာ' က အရင်ဝင်နှင့်ပါ၏။ အိမ်ထဲမှာ အိမ်အကူ ကောင်မလေးတွေ ရှိနေတာမို့ 'တျာ့' အတွက် ရေသန့်ဗူးနှင့် ဖန်ခွက်ကို ဗန်းလေးထဲ ထည့်ကာ လာပို့ပေးလေသည်။ တစ်အောင့်အကြာမှာ 'စန္ဒီ' နှင့် 'နန္ဒီ' ရောက်လာပြီး (၃) နာရီကျော်မှ 'ဝဏ္ဏ' နှင့် 'နန္ဒ' က အပြေးအလွှား ရောက်လာလေတော့၏။

"တီချယ် ... စစ်နေပြီလား"

"စစ်တော့မှာ"

ခုံမှာ အပြေးအလွှား ဝင်ထိုင်လိုက်ကြပါသည်။ 'တျာ' က အတော်ဆုံးဖြစ်သည့် 'သူရ' ကို တစ်ယောက်တည်း ထိုင်နိုင်ပြီး 'စန္ဒီ' နှင့် 'နန္ဒီ' ကို တစ်ခုံထိုင်စေပါ၏။ စကားများသည့်နှစ်ယောက်ကတော့ စာမေးပွဲဖြေလည်း တစ်ယောက်နှင့်တစ်ယောက် စာပြောပြခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပါလေ။ 'တျာ' က အဖြေစာရွက်နှင့် မေးခွန်းစာရွက်တို့ကို တစ်ခါတည်း ဝေပေးလိုက်ပါ၏။ စာစစ်ချိန်တစ်နာရီအတွင်း အခန်းက တိတ်ဆိတ်နေလေတော့သည်။

ကလေးတွေ စာဖြေနေစဉ် အချိန်ကို အလဟဿမဖြစ်စေဘဲ စောစောက ယူလာသည့် အဖြေလွှာ (၄) စောင်ကို စစ်ကြည့်လိုက်ပါ၏။ ဒီလိုစာရွက်စာတမ်းတွေကို 'တျာ' ကိုယ်တိုင် ဝယ်ထားတာ ဖြစ်ပေမယ့် အဖြေလွှာတွေကိုတော့ မိဘတွေထံ အမြဲအပ်လေ့ရှိလေသည်။

“တော်လိုက်တာ”

“ကိုယ့်စာကိုယ်ဖြေ”

အမှန်ချည်း ဆက်တိုက်ရနေပါသည့် 'နှင်းဆီခင်'၏အဖြေလွှာကို လှမ်းကြည့်ရင်း 'သူရ' ရေရွတ်လိုက်လေ၏။ စကားနည်းကြသည့် ကလေးတွေက စာကို ပိုကြိုးစားနေတာ အမှန်ပါပဲ။ ဒီဝိုင်းကတော့ စကားများပြီး စနောက်ဖို့ကိုသာ ပိုအားသန်ကြတာလေ။

“ပြိုင်ဘက်တွေ တိုးလာပြီနော်”

“ဟင်! . . . ဘယ်သူတွေလဲ တီချယ်”

“ဟိုဘက်ဝိုင်းမှာ ဒိတ်ဒိတ်ကျဲဝိုင်းကနေထွက်ပြီး နှစ်ယောက်တိုးလာတယ်၊ အဲဒါ သတိသာထားကြပေတော့၊ စာသင်ချိန်နည်းနည်းတဲ့ကလေးတွေက မင်းတို့ထက် ပိုတော်နေရင် ရှက်စရာကြီး။ နှစ်လုံး





ရှုပြီးတွေ့မှ မျက်နှာချင်းဆိုင်တွေ့ကြမှာ”

“တီချယ်က သားတို့ကို ပိုချစ်ရမှာပေါ့၊ သားတို့ဝိုင်းက အရင်စတာလေ”

“အရင်ပဲစစ၊ နောက်မှစစ စာတော်မှ ချစ်မှာပေါ့၊ စာညံ့တဲ့ ကလေးကို ဘယ်ဆရာမကများ ချစ်မှာလဲ”

“အဲဒီဝိုင်းက တီချယ့်ကို လာဘ်ထိုးပေးလို့လား”

“ကြဲကြဲဖန်ဖန် . . . ကျုပ်ကို လာဘ်ထိုးလို့ ရင်တို့ အမှတ်တိုးရမှာမှမဟုတ်တာ၊ မြန်မြန်ဖြေ (၁၅) မိနစ်ပဲ ကျန်တော့တယ်”

“တီချယ်မေးထားတာ choice လည်း မပါဘဲ အများကြီး”

“အဲဒါမှ ကျင့်သားရမှာပေါ့ . . . အမြဲတမ်း မ choice ချင်နဲ့ ကျန်ခဲ့တဲ့ First Test မှာ ကိုယ့်အခြေအနေ ကိုယ်သိတယ်နော်၊ ပြာမရရင် နင်တို့ဆော့နေတဲ့ phone တွေ၊ ကွန်ပျူတာတွေ အားလုံး သိမ်းခိုင်းလိုက်မယ်”

ငါးယောက်သား အသံတိတ်သွားကြတော့၏။ အမှတ်ခြစ်စစ်ဆေးတာလည်း ပြီးပြီမို့ စာရွက်တွေထပ်ကာ သိမ်းလိုက်ပါသည်။ မိဘတွေကလည်း တတ်နိုင်သည့်သူတွေမို့ ကလေးတွေကို အလိုလိုက်လွန်းပါ၏။ ဒါကြောင့် 'တျာ' က ကလေးတွေ ကျူရှင်လာတိုင်း phone ကို အပြင်မှာထားခဲ့ခိုင်းပါ၏။ နို့မို့ message ဝင်တာ phone မြည်တာက အနှောင့်အယှက်ဖြစ်စေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



'တျာ' ကိုယ်တိုင်လည်း phone ကို file ထဲ မထည့်ခင် silence လုပ်ပြီး vibrate သာ လုပ်ထားပါ၏။ စာသင်ချိန်အားလုံ ကုန်မှ phone သံကို ပြန်ချဲ့လိုက်တာပါ။ ဒါကြောင့်လည်း 'ရျာန် က 'တျာ့' စာသင်ချိန်ကို နှောင့်ယှက်တာပါလေ။

"ကဲ! ... အချိန်စေ့ပြီ ... စာရွက်တွေ အပ်မယ်"

"ဒီတစ်ကြောင်း ... ဒီတစ်ကြောင်း"

"တစ်ကြောင်းလည်း မရဘူး၊ တစ်လုံးလည်း မရဘူ အကုန်ပေးကြ၊ ပြီးရင် letter နဲ့ essay ရေးဖို့ notes အကြ လိုက်ကူး"

"ဟာ! ... သွားပါပြီ"

"ညစ်ကျယ်ကျယ်လုပ်မနေနဲ့ Text ပဲ ကျွမ်းကျင်ရင် (၆ မှတ်ပဲရမှာ၊ နောက် (၂၅) မှတ်က ဒါရေးတတ်မှဖြစ်မယ်၊ ဟို ဒီမှား နဲ့ ရပါလိမ့်မယ်၊ နင်တို့လိုချင်တဲ့ D"

ပိတ်ရက်မှာ အပြတ်နားမည့်,ကဲမည်ဟု စဉ်းစားထား ရပါ၏။ 'တျာ' ကလည်း ဒီလိုစိတ်ကူးကို ကြိုသိနေတာပါ။ အ စာပေးမှသာ စာအုပ်ကိုင်ကြသည့် ကျောင်းသားတွေရဲ့အကျင့်ကို သ ကျူရှင်ဆရာမ လုပ်နေတာ မဟုတ်ပါလား။

❂ ❂ ❂



## အခန်း (၇)

ဒီနေ့ 'ကျော်စွာ' off ရက် ယူထားတာမို့ ဆိုင်ကို စော ထွက်ခဲ့ပါ၏။ မိုးကုန်ခါနီးတောင်မှ မိုးက မကျဲသွားသေးပါဘဲ မှိုင်းစိမ့်ဖြင့် ရွာနေသဖြင့် အပေါ်မှ ဆွယ်တာလက်ရှည် ထပ်ဝတ်ခဲ့ သည်။ ကားကို ဆိုင်ရှေ့ရပ်လိုက်ပြီး ဆိုင်သော့ဖြင့် သွပ်တံခါးကို လိုက်ပြီး မြှင့်တင်လိုက်ပါ၏။ အတွင်းမှ မှန်တံခါးကိုဖွင့်၍ အတွင်း ဝင်လိုက်သည်။

'စည်သူ' မရောက်သေးပေမယ့် အရင်ရောက်သည့်လူက သန့်ရှင်းရေးကို ဦးသလို လုပ်ရပါ၏။ ဆိုင်အတွင်း ကော်ဇော ပေမယ့် အမှိုက်သရိုက်စက္ကူစလို သေးသေးလေးတွေ ရှိတတ်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကော်ဖောပေါ်လှည်းရသည့် တံမြက်စည်းကိုယူ၍ ဝေါ်ပြားဖြ လှည်း ကျင်းသန့်ရှင်းလိုက်ပါသည်။ ပြီးနောက် ကောင်တာမှန်ပုံးနှ မှန်နံရံတို့ကို မှန်ကြည်ဆေးဖြန်းလျက် အဝတ်ဖြင့် ဖုံတွေ ပြောင်ေ အောင် တိုက်လိုက်၏။

Clearning အားလုံးပြီးမှ လက်ကို သေချာ ဆပ်ပြာဆီဖြ ဆေးလိုက်ပြီး ရေခြောက်အောင် သုတ်လိုက်ပါသည်။ Aircon အနေတော်ခန့် အေးစေရန် ခလုတ်ဖွင့်ထားလိုက်ပြီးနော မှန်ပုံးတွေထဲမှ ပစ္စည်းတွေ ရှဲ့စောင်းမညီညာဖြစ်နေနတာ ကြည့်ကောင်းအောင် ကြည့်ရင်း တစ်ပုံးစီ ဖြည်းဖြည်းချင်း စီလိုက် မနက် (၈) နာရီသာ ရှိသေးတာ မို့ ဝယ်သူတွေ မလာလောက်သေး

အသစ်ဝင်လာသည့် ပစ္စည်းတွေ ရောက်နေပြီမို့ စတိုခန်း မှ စက္ကူပုံးကို ယူထုတ်လာကာ သူ့ အမြဲထိုင်လေ့ရှိသည့် ထွေ ကောင်တာမှန်ပုံးထဲမှာ (ရှင်းထားပြီးသားမို့) စီထည့်လိုက်ပါ Customer တိုင်းက အဟောင်းပြင်တာထက် အသစ်ထွက်သမျှကို ပိုလိုချင် ဝယ်ချင်ကြတာမို့ လိုအပ်သည့်ပစ္စည်းတိုင်း အမြန်ရောက် ရန် ဆက်သွယ်မှာယူရလေသည်။

အားလုံးစိတ်တိုင်းကျ ပြင်ပြီးလေမှ ကော်ဖီကို ခွက်ကြီး ဖြင့် ဖျော်လိုက်ပါ၏။ သူက Ready made ထုပ်တွေကို မသုံး Coffee မှုန့်ပုလင်းဝယ်ထားကာ သကြားနည်းနည်း၊ နို့မှုန့်နည်း





နည်းနည်းဖြင့် သိပ်ကြီးမချိုအောင် စိမ့်စိမ့်လေး ဖျော်သောက် ပါသည်။ ယောက်ျားလေး သုံးယောက်မို့ နို့စိမ်းဗူးက တစ်ရက် တော့ အလွယ်လေး ကုန်လေ၏။ ကော်ဖီခွက်ကို ယူလိုက်ပြီး ရတာပြားလေးခံလျက် တင်လိုက်ကာ ခုံမှာထိုင်လိုက်ပါသည်။

ဒီအချိန်လောက် 'တျာ' ထံ phone ပြောလျှင် ရပေမယ့် မအားမှာစိုးသဖြင့် message ပို့ရန်သာ ဆုံးဖြတ်လိုက်ပါ၏။ လေးနှင့် အတူတူနေရဖို့ကာလက ဝေးနေသေးတာ မှန်ပေမယ့် ချင်းကဖြင့် အမြဲနီးနေတာပါ။ ကျောင်းတက်တုန်းကမှ နေ့စဉ် ရခဲ့ပြီး အခုလို လုပ်ငန်းခွင်ဝင်လေမှ မတွေ့ရတော့တာ ခံရ နိုးလေသည်။

"Morning! Breakfast ဘာစားလဲ?"

တအောင့်အကြာမှာ message ပြန်ပို့လေ၏။ မဆိုးဘူး။ နေရင်း phone ဘေးမှာ ရှိနေတာ ထင်ပါရဲ့။ အတွေးဖြင့် ကို ငုံ့ကြည့်လိုက်ပါသည်။ ဒီလိုမနက်ပိုင်းအချိန်လေးမှာသာ 'ဏ္ဍာ' အားလပ်ချိန်လေး ရှိကြတာ မဟုတ်လား။

"မုန့်ဟင်းခါး"

"စားချင်တယ်"

"စားချင် ဝယ်စားပေါ့"

"ဒီလိုကြေးလား"



www.burmeseclassic.com

www.burmeseclassic.com



"Line ဖွင့်ထားရင် ပုံပို့ပေးမယ် . . . ကြည့်ပြီးစား"

တကယ်ပင် Viber မှ ပုံရောက်လာလေ၏။ လူပုံ မလာပါဘဲ အဆင်သင့်ပြင်ထားပါသည့် မုန့်ပွဲက စားချင်စ မုန့်ဖတ်ဖြူဖြူထက် ငရုတ်သီးမှုန့် နည်းနည်း၊ ဘူးသီးကြော်၊ တစ်ခြမ်းနှင့် နံနံပင် ဖြူးထားတာလေ။ ဟင်းရည်ကို ဘေးရှိ လုံးထဲမှာ ပြင်ထားတာကို မြင်ရလေ၏။

"ငရုတ်သီးမှုန့်တွေ စားပြန်ပြီလား"

"နည်းနည်းပါ၊ ရှာန်ရော ဘာစားပြီးပြီလဲ"

"Drinking Coffee, now"

"Good!"

"လွမ်းတယ်ကွာ"

"အတူတူပဲ"

သူပြုံးရင်းမှ ရယ်သံထွက်သွားရပါ၏။ Message ရတာတောင် ဤမျှ ကြည်နူးနေရလျှင် လူချင်းတွေ့လိုက်ပါက မျှ ပျော်ရွှင်ရပါမည်နည်း။ နားရက်ရလျှင် အတူတူစိတ်ကြိုက် လည်ချင်ပါရဲ့ 'တျာ' ရယ်။ ပူဆာသလိုပြောလျှင် မျက်မှော ကြုတ်ပြဦးမှာ မဟုတ်လား။

"ချစ်လား"

"အင်း"





"ဘယ်လောက်ချစ်တာလဲ"

"မိုးလောက်ကြီး"

"ကိုယ်က စကြဝဠာလောက်ကြီးကို ချစ်တာ"

"ပိုပြီ"

Phone ထဲ အာရုံစိုက်နေရာမှ ခပ်သင်းသင်းရေမွှေးနံ့ကြောင့် သတိဝင်သွားရပါသည်။ ခုံမှာထိုင်နေလျက်မှ ဖျတ်ခနဲ မော့ ကြည့်မိစဉ် သူ အံ့သြသွားရလေ၏။ အလိုလေး! . . . သူ့ကို ခပ်ပြုံး အမူအရာဖြင့် စိုက်ကြည့်နေပါသည့် မျက်ဝန်းတစ်စုံ။ ရှင်းရှင်း ရလျှင် ညို့အားပြင်းသည့် အကြည့်တို့ဖြင့် ခေတ်ဆန်လွန်းပါ ည့် မိန်းကလေးတစ်ယောက် ဖြစ်နေလေသည်။

"ဪ"

"Customer ရောက်လာတာတောင် welcome မလုပ်ဘဲ one ထဲ စိတ်ရောက်နေတာပါလား၊ You တော့ အလုပ်ပြုတ် မှာပဲ"

"ဘာများ အလိုရှိပါသလဲ"

"ဟင်းဟင်း . . . တို့လိုချင်တာ You ပေးနိုင်လို့လား"

ကြည့်စမ်း! . . . အကြည့်တင်မက အပြောပါ ရဲတင်းလွန်း ည့် မိန်းကလေးပါပဲလား။ 'တျာ' ဆိုလျှင် ဤသို့ယောကျ်ားလေး နှင့် အကြည့်ချင်းဆုံလျှင် ပြုံးမကြည့်ရဲပါဘဲ မျက်လွှာချသွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တာပါ။ ဒီလောက် မိုးအေးနေတာတောင်မှ နွေးထွေးလုံခြုံအောင် မဝတ်ထားပါဘဲ ခပ်ပါးပါးအပျော့သား အနက်ရောင်ဂါဝန်တိုတိုနှ... ခန္ဓာကိုယ်ကိုကပ်ပြီး တစ်ကိုယ်လုံးပေါ်လွင်အောင် ဝတ်ထားရတယ်လို့...

"ကျွန်တော်တို့ဆိုင်က phone နဲ့ပတ်သက်တဲ့ Accessa... တွေ အတော်လေးစုံအောင် တင်ထားပြီး ရောင်းတဲ့ဆိုင်ပါ၊ အဲဒါ... လွဲပြီး တခြားဘာကိုမှ မရောင်းပါဘူး"

"စိတ်ဆတ်တာလည်း လွယ်လိုက်တာကွယ်၊ တို့က ဘာ... မဝယ်ဘဲ အပျော်လျှောက်ကြည့်တဲ့ပုံစံမျိုးပေါက်နေလို့လား"

တောက်! ... စိတ်ရှိတိုင်း အော်လိုက်ရမကောင်းလို့... စောစောစီးစီး ရောက်လာပါသည့် Customer ကို ဆိုင်ရှင်က အေ... ငေါက်လွှတ်လိုက်ဆိုပြီး သတင်းသာ ပျံ့နှံ့သွားလျှင်ဖြင့် သူ့... Infinity ဆိုင်လည်း အပိတ်ခံရရုံသာ ရှိတော့တာပါ။ သူက 'ထ... တစ်ဦးတည်းကလွဲလို့ တခြားသူစိမ်းတွေနှင့် လူမှုဆက်ဆံရေးမှာ... ဖျင်းသူပါ။ စိတ်တိုစိတ်ဆတ်မြန်သူမို့ တော်ရုံနှင့် သိပ်မရောင်း... အပြောချိုပါသည့် 'ကျော်စွာ' ကသာ အများဆုံး ရောင်းရလေ... အခုလည်း လူကို ကလိဟန်ဖြင့် ပြောနေပါသည့် ကောင်မလေး... မြင်ပြင်းကတ်လာလေတော့သည်။

"ဘာဝယ်ချင်သလဲဆိုတာကိုသာ ပြောပါ"

"အပြောင်းအလဲက မြန်လိုက်တာနော်၊ စောစောက...





...သောကျပြီး ပြုံးနေလိုက်တာ၊ မှုကြိုကလေးလေးလားထင်ရတယ်၊ ...ခုတော့ဖြင့် မျက်နှာက ချက်ချင်းမှုန်မှိုင်းနေပြီ"

"ဝယ်ချင်တဲ့ပစ္စည်းကို လိုက်ကြည့်ပြီး တွေ့ရင်ပြောပါ"

ကောင်မလေးက မဲ့၍ ပြုံးလိုက်လေ၏။ အတော်လှသည့် ...ကလေးမို့ မဲ့တာတောင်မှ ကြည့်ကောင်းနေတာပါ။ စည်သူတို့ ...ယ်မျှ ငေးလိုက်ကြမလဲ။ သူက ဒီကမ္ဘာပေါ်မှာ Miss ဘွဲ့၊ ...een ဘွဲ့ ရထားသည့် ဒိတ်ဒိတ်ကျဲမယ်တွေကိုတောင်မှ မျက်စိထဲ ...နေပါလေ။ သူ၏ချစ်သော၊ ပို၍ချစ်သော၊ အချစ်ဆုံးနှင့် အချစ်တွေ ...ပုံပေးထားပါသည့် 'တျာ' ကိုသာ မျက်စိထဲ စွဲနေအောင် လှနေ ...တာပါပဲ။

"အဲဒီလိုကြီးလား၊ Service လုပ်ငန်းတွေမှာ အမြဲတမ်း ...ရတဲ့ Three (s) ဆိုတာကို You မသိဘူးလား"

အတော်အရစ်ရှည်သည့် ဂျပန်မလေးပါပဲလား။ ဝန်ဆောင်မှု ...ငန်းတွေဖြစ်သည့် Hotel, Bank, Sale Centre တွေမှာ ...န်းအားလုံးက sweet (ချိုသာသော), smile (အပြုံးကို ...ဆောင်သော), smart (ကြည့်ပျော် ရှုပျော်ဖြစ်စေသော) စသည့် Triple ...ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျင့်သုံးကြရတာပါ။

သို့သော် ... သူကဖြင့် ရိုးသားပွင့်လင်းအပြုံးဖြင့် သဘော ...ပြီး လှပသည့် 'တျာ' ကိုသာ အကြည့်တွေမှတစ်ဆင့် ရင်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ထိတိုင် နေရာပေးထားပြီးပြီ မဟုတ်ပါလား။ ဒါကိုမသိသည့် သူမက သူ့ကို 'ကြာ' အကြည့်ဖြင့် ကြည့်ရင်း ဆွဲဆောင်နေသည့်နှယ်ပါ။ သူ့နေရာမှာ ချောလဲရောထိုင်ပြီး ယောရောရှိ လုပ်တတ်သည့်စားနေ ကျ ကြောင်ဖားလို ယောက်ျားမျိုးသာဖြစ်နေရင် ဒီကောင်မလေးတော့ ကြောင်စာမိတော့မှာ အမှန်ပါလေ။

"ဒီမှာ အမိ . . . ဝယ်သူရောက်လာလို့ ဝမ်းသာမိတာ မှန် ပေမယ့် ဘာမှမဝယ်ဘဲ လျှောက်ကြည့်လည်း ရပါတယ်၊ ဒါပေမဲ့ . . . အလာပသလ္လာပ ပြောပြီး အချိန်ဖြုန်းဖို့ဆိုရင်တော့ မဖြစ်ပါဘူး ကျွန်တော်တို့ဆိုင်က လက်ဖက်ရည်ဆိုင် မဟုတ်လို့ပါ"

"ဒါက ရင့်ပြတာပေါ့လေ၊ အမိလို့သုံးရအောင် တို့အသက် ကို ဘယ်လောက်များ ထင်နေလို့လဲ"

"ဒီမှာ"

"ဒီမှာတွေ၊ ဟိုမှာတွေ လုပ်မနေပါနဲ့၊ နာမည်ပြောပြီး မိတ်ဆက်မှ Ok မယ်ဆိုရင်လည်း Ok ပါတယ်၊ တို့နာမည် 'ယ ပါ၊ ယူ့နာမည်ကရော"

"ဈာန်တော့ စောစောစီးစီး ဈေးဦးပေါက်နေပါလား"

ရုတ်တရက်ရောက်ချလာသည့် 'စည်သူ' က ထုံးစံအတိုင်း ဟောင်ဖွာဟောင်ဖွာ ပြောတော့တာပါ။ နာမည်မပြောဖြစ်ခင်မှာပင် သူ့နာမည်ကို သူမ သိသွားသဖြင့် မကျေမနပ်ဖြစ်သွားရပါ၏။ 'ယ





လောကမှာ ရှားပါးသည့်အမည်ဟူ၍ 'တျာ' တစ်ဦးတည်း ရှိမည် ားပါလျက် နောက်တစ်ယောက်က ပေါ်လာပါရောလား။

"ဈာန်တဲ့လား၊ နာမည်က အမိုက်စားပဲ"

ကြည့်! . . . မထိတထိအပြုံးမျိုးဖြင့် လူကို ရှိသဲ့သဲ့ပြောနေ ပြီး လက်ထဲမှာ ကော်ဖီခွက်ကိုင်ရင်း သူ ထရပ်လိုက်မိ၏။ တ သူ့လက်ထဲမှခွက်ကို ကြည့်လိုက်ပြီး မျက်ဝန်းတို့ လက်ခနဲ သွားလေသည်။ 'တျာ့' ကိုသာ မျက်ဝန်းလှသည်ဟု ထင်ထားပါ ၍သို့ မျက်လုံးလှသည့် မိန်းကလေးမျိုး ထပ်ရှိပြန်ပါရောလား။ သော် . . . ကြည့်သည့်အကြည့်တို့၏သဘောကဖြင့် အမိပွာယ်မတူ ။

"ကော်ဖီကြိုက်တယ်ပေါ့၊ တို့နဲ့ အကြိုက်တူသားပဲ"

"စည်သူ"

"ဟေ"

"ညီ့သည်လိုချင်တာ ရှာပေးလိုက်ပါကွာ၊ ငါ Toilet သွား ပြီ"

"အေးအေး"

သူ အနောက်ဘက်ရှိ အခန်းတွင်းသို့ ဝင်၍ ရှောင်ထွက်ခဲ့ ည်။ မိန်းမဆိုသည့် ကူတ္တိယတွေထဲမှာ ဤသို့ ကလက်လွန်းပါ ည် မိန်းကလေးမျိုးကို သူ့မျက်စိထဲ ဘယ်လိုမှကြည့်မရပါ။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ပေါ်ပင်ဖြစ်နေပါသည့် အတို, အပြတ်, အခွဲ, အဟိုင်း ဆိုတာမျိုးကို 'တျာ' ကဖြင့် ရုပ်ပေါ်လော်လီတစ်ကြိမ်မှမဝတ်ခဲ့ လေ။ အရှက်လုံ၍ ချစ်စဖွယ်ကောင်းလွန်းပါသည့် blouse လှ လေးတွေနှင့် လုံချည်ကိုသာ အမြဲဝတ်လေ့ရှိပါ၏။ လုပ်သည့်အလုပ် ကလည်း ဆရာမမို့ လိုက်ဖက်မှု ပိုရှိစေတာပါ။

အကြိုက်တူသတဲ့။ ဒါကိုတော့ သူ ဝန်ခံပါသည်။ သူ ကော်ဖီကိုသာ အမြဲသောက်လေ့ရှိပြီး 'တျာ'ကဖြင့် မိန်းကလေးတန် လက်ဖက်ရည်ကို စွဲစွဲမြဲမြဲသောက်တတ်သူပါ။ အချိုမကြိုက်တာ အစိမ့်ကြိုက်တာတို့က 'တျာ' ကို မိန်းကလေးဟု မည်သို့မျှ ထင်စ မရှိပါချေ။ ချိုသည့် cake ထက် ခပ်စိမ့်စိမ့် ပေါင်မုန့်ကိုသာ 'တျာ' ကို သူ အမြဲဝယ်ပေးရလေသည်။

'တျာ'က အဖြူကို နှစ်သက်သည်။ သူက အနက်ရောင် နှစ်ခြိုက်လေ၏။ ပစ္စည်းရွေးတိုင်း မကြာခဏ စကားများကြရပေ သူရွေးပေးသည့် မီးခိုးရောင်အိတ်မျိုး, အနွေးထည်မျိုးကို 'တျာ' လက်သင့်ခံသလို 'တျာ' ရွေးပေးသည့် ဆင်စွယ်ရောင်ဘောင်းဘီ လည်း သူ ဝတ်ဖြစ်လေ၏။ လောကမှာ အကြိုက်တူမှ စုံတွဲဖြစ် တာမှမဟုတ်တာ။ အသွင်မတူပါဘဲ 'တျာ' နှင့်သူ အခုထိ ဆက်လ တွဲနေတာ အားလုံးက အသိပင် မဟုတ်ပါလား။

အထဲမှ ပြန်ထွက်လာစဉ် စောစောက မိန်းကလေး





တွေ့ရတော့ပါလေ။ 'စည်သူ' က အံ့ဩဲ့ထဲ့သို့ ငွေထည့်ရင်း သူ့ကို ပြုံးပြောလေ၏။

"သုံးပုံးကျော်ဖိုး ဝယ်သွားတယ်၊ Sumsung Brand တွေချည်း ရွေးသွားတာ၊ ထောလည်း ထောတယ်၊ တော်တော်လည်း ချောတယ်ကွ၊ မင်းကိုလည်း နည်းနည်းတင်းသွားလေရဲ့"

"တော်စမ်းပါကွာ ... အထာတွေ ငါ မလိုဘူး"

"ဘာလဲ ... တျာမှတျာပဲလား"

"မင်းသိရင် ပြီးတာပဲ"

စာရင်းစာအုပ်ကိုဖွင့်ကာ Date ရေးလိုက်ပြီး ('စည်သူ' ရောင်းလိုက်သည့် ပစ္စည်း voucher ကိုကြည့်ပြီး) စာရင်း ရေးလိုက်ပါ၏။ ကျိတ်ကျိတ်တိုးရောင်းကောင်းတာမျိုး မဟုတ်ပေ သည့် နေ့စဉ်တော့ (၁၀) သိန်းဝန်းကျင် ရောင်းအားရှိပါသည်။ ဘယ်သူ ပင်တင်း ဘယ်သူပဲလျော့လျော့ သူ့အာရုံကဖြင့် 'တျာ' ထံမှာ ရှိနေတာပါလေ။

⊛ ⊛ ⊛



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒီနေ့ စာသင်တန်းသားကျောင်းသူအသစ်ရောက်မှာမို့ အိမ်မှ စောစောထွက်ဖြစ်ခဲ့ပါ၏။ စာအခန်းသစ် စသင်ပေးရမှာမို့ မမော်ထံမှာ အပ်ထားပါသည့် စာရွက်ထုပ်ကို ဝင်ယူလိုက်ပါသည်။ စာရွက်တွေ စုံ,မစုံ သေချာထုတ်၍ စစ်ပြီး စတိုးဆိုင်အတွင်းမှ ထွက်လိုက်စဉ် လမ်းဘေးရှိ ခဲကို ခလုတ်တိုက်မိသွားပါ၏။

"အမေ့! . . . အားလားလား နာလိုက်တာ"

ခြေမ နာကျင်သွားရပြီး ညိုသွားလေ၏။ ဒဏ်ရာမရှိအောင် သတိထားနေပေမယ့် ကြံဖန်ဖြစ်ရတယ်လို့။ 'ရှာနီ' သိလျှင် နာကျင်ရတာထက် ဂရုမထားကောင်းလားဆိုပြီး ဆူပူနေမှာလေ။ ခြေထောက်ကို





ကြည့်ကာ စုပ်သပ်လိုက်မိလေ၏။ ဒီလောက်လေးကို အသည်းအသန့်ဖြစ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ကလေးတွေ စာသင်ပေးဖို့ကိုသာ အာရုံစိုက်ထားရပါသည်။

နေ့ခင်း (၁) နာရီ အချိန်ပိုင်းကို စရောက်ပါ၏။ ယောကျ်ားလေးနှစ်ယောက် မိန်းကလေးနှစ်ယောက်ရှိသည့်ပိုင်းက နောက်ထပ် မိန်းကလေးနှစ်ယောက် ထပ်ရောက်နေပြီမို့ (၆) ယောက်ပိုင်းဖြစ်သွားသည်။ စာသင်ခန်းထဲ ဝင်လိုက်စဉ် ကလေးတွေက ထ၍ နှုတ်ဆက်လိုက်ကြလေ၏။

"မင်္ဂလာပါ တီချယ်"

"မင်္ဂလာပါကွယ်"

"ဟယ် . . . တီချယ်က ငယ်ငယ်လေး"

"ကေသီနဲ့ မေရီမော်တို့ စတက်ပြီ, တီချယ်"

"ဩော် . . . အေးအေး ဝေယံရေ, Notes တွေ ဝေလိုက်ပါဦး"

"ဟုတ်ကဲ့ တီချယ်"

"ဟိုဘက်ပိုင်း ဒီဘက်ပိုင်း စာသင်တာ သင်နည်းနဲ့ဆရာ အဆောက်တော့ ကွဲပြားလိမ့်မယ်နော်၊ ဘာပဲဖြစ်ဖြစ် သမီးတို့ ထူးထူးချွန်ချွန်အောင်ဖို့က အဓိကပဲ၊ တီချယ်က Monday နဲ့ Tuesday ကို English နဲ့ Physics သင်တယ်၊ Physics ကို Modern physics



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနဲ့ chapter တစ်ခန်းချင်းစီ သင်ပေးသွားတာပါ။ တစ်ခန်းပြီးတိုင်း Exam တစ်ခါစစ်တယ်။ လပတ်ဖြေကာနီး တစ်ခါစစ်တယ်။ First Test, Second Test တွေလည်း အဲဒီလို စစ်ပေးမယ်။ Wednesday နဲ့ Thursday မှာ Bio နဲ့ Chemistry သင်တယ်။ Cheristry ကို ထုတ်ဖော်ပုံ တစ်ခုစီနည်းနည်းချင်း ကျက်ခိုင်းပြီး Physics လိုပဲ အခန်းဆက်တိုက် သင်ပေးတယ်။ Friday နဲ့ Saturday မှာ မြန်မာနဲ့ Maths သင်တယ်၊ တစ်ခန်းပြီးတိုင်း မေးခွန်းဟောင်းတွေ တစ်ခါတည်း လေ့လာပြီး တွက်ရကျက်ရမှာ ပျင်းလို့မရဘူးနော်"

"ဟုတ်ကဲ့ တီချယ်"

"ကဲ! ... English က unit အသစ် စတက်မှာမို့ Text တွေ ဖွင့်ပါ"

စာရှင်းရသည့်နေ့မို့ အာပေါက် အာခြောက်ရလေသည်။ ကျောင်းသူအသစ်နှစ်ယောက်ကို တစ်ချက်တစ်ချက် သတိထားမိ မယ့် မျက်နှာလေးတွေ ကြည့်တာမို့ နားလည်ကြမှန်း သိလိုက်ပါ ထက်ထက်မြက်မြက်လေးတွေမို့ စာသင်ပေးရတာ အားရှိစေပါသည် Physics Defintition တွေရှင်းပြီး ပုစ္ဆာတွက်တော့လည်း စိတ်ဝင်တ ရှိတာမို့ စာသင်ချိန်က သတ်မှတ်ထားတာထက် ပိုစော၍ ပြီးလေ

"နားမလည်တာရှိရင် မေးနော်၊ အကယ်၍ ကျောင်းက ပေးလိုက်လို့ မတွက်တတ်တာမျိုးရှိရင်လည်း စာသင်ချိန်အပြီး





မေးလို့ရတယ်"

"တီချယ်က သဘောကောင်းလိုက်တာ"

"ပြောသားပဲ"

"မနက်ဖြန် ဒီနေ့သင်လိုက်တဲ့ Definition တွေ ဆိုရမယ်၊ English က Text ကို သေချာကျေညက်အောင် ဖတ်ပါ၊ တီချယ် တိုင်ပေးလိုက်တဲ့ အသံထွက်စာလုံးတွေကို ရေးကျက်ပါ၊ မနက်ဖြန် Dictation ခေါ်ပါ့မယ်၊ ဒီပုစ္ဆာအဖြေရရင် ပြန်လို့ရပါပြီ"

"ဟုတ်ကဲ့ပါ တီချယ်"

ပထမအချိန်ပြီးပြီမို့ 'မသဇင်' ကို နှုတ်ဆက်ပြီး ထွက်ခဲ့ပါ၏။ ည္ဟောက်က မြက်ခနဲဖြစ်သွားရလေသည်။ တစ်ချိန်လုံး မတ်တတ် ခ်နေရတာမို့ သွေးကျပြီး ပိုနာလာပါ၏။ အိမ်ရောက်လျှင်တော့ ေးလူးပတ်တီးစည်းရပေမည်။ 'သူရ' တို့ လမ်းထဲဝင်လိုက်စဉ် ရှေ့မှာ ရွှေ့ တို့အုပ်စု သွားနေတာကို မြင်ပေမယ့် လှမ်းမခေါ်ဖြစ်ပါ။ ခြေ ထောက်နာနေတာမို့ ဖြည်းဖြည်းချင်း လျှောက်လိုက်ရပါသည်။

"ဟာ! ... တီချယ် နောက်မှာပါလာပြီ"

'ဝတ္တာ' နှင့် 'နန္ဒ' က တွန်းထိုးဆော့ရင်း လှည့်အကြည့်နှင့် တွေ့သွားလေ၏။ ခြံထဲဝင်ကာနီးမှ 'တျာ' ကို ရပ်စောင့်နေသလို ရွှေ့ က လက်ထဲမှ စာအုပ်ထုပ်ကို ကူသယ်ပေးပါသည်။ ရင်ကြို လေးတွေနှယ် အပြုံအမူကြောင့် ပြုံးလိုက်မိ၏။ ငယ်ငယ်က



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို 'တျာ' တို့သို့ကြိုတိုင်း 'ရှာန်' က မနာလိုဖြစ်ပြီး သူ့ကျေ
ပိုးအိတ်နှင့် ထမင်းဗူးခြင်းတောင်းကို အတင်းသယ်ခိုင်းတာပါလေ
'တျာ့' ကောင်လေးက အဲဒီလို စိတ်ပုပ်ပုပ်လေးပါပဲ။

"တီချယ်"

"ရှင်"

"သူရက အိမ်မှာ ဒီနေ့ ကြာဆံချက် ချက်စားလို့ အဲဒါ
ပြီးမှ စာသင်ပါတဲ့"

"စားကြလေ ... အချိန်ရသားပဲ"

"ကျွန်တော်တို့ကိုပဲ ပြောတာမဟုတ်ဘူး တီချယ်ရဲ့ တီချ
ကို တစ်ပိုင်းတည်း ဖိတ်ကျွေးချင်လို့ ပြောထားတာပါ"

"ဩော် ... အားနာစရာကြီး ... တီချယ် မဆာလို့ပါ"

တကယ်လည်း မဆာသောကြောင့်ပါပဲ၊ ဒီအချိန်က ဗိုက်ဆ
ချိန်မဟုတ်ပါဘဲ ညနေ (၅) နာရီမှ ဗိုက်ဆာတတ်တာပါ။ ဒါကို
လို့လည်း 'နှင်းဆီခင်'တို့အိမ်က 'တျာ့'ကို တစ်ခုမဟုတ်တစ်ခု အ
ပြင်ကျွေးတတ်ပါ၏။ ဗိုက်အဆာခံနိုင်ရန် ကတ်ကြေးကိုက်, ကြက်သ
ပလာတာ, စသည်ဖြင့် တစ်နေ့တစ်မျိုးပြောင်းပြီး ကျွေးလေသည်
ဗိုက်သိပ်မဆာ၍ ငြင်းလျှင်လည်း ကွေကာအုပ်လို အပူနှင့် ဖာလူ
အအေးမျိုးကို ရာသီဥတုကိုကြည့်၍ ပြောင်းလဲဧည့်ခံပေးပါ၏။ နော
နှစ် (၁၀) တန်း ပိုင်းကို (၃) လပိုင်းကတည်းကစဖို့ ကြိုပြောထား





'တျာ'တော့ နွေ (၄) လ နားရမည့်ကိန်းမရှိတော့ပါချေ။ အနည်းဆုံး April တစ်လတော့ အမြဲနားရက်ရခဲ့တာမို့ ရှာန့်သာသိလျှင် ပြောတော့မလေမည်။

"ဟော! ... ရောက်လာကြပြီလား။ အတော်ပဲ ... ထမင်းစားခန်းထဲ အရင်ဝင်လိုက်ကြပါနော်"

"ဩော် ... အစ်မရေ, တျာ မဆာလို့ မစားဘူးနော်၊ တစ်မျိုးမထင်ပါနဲ့"

"မဟုတ်တာ ဆရာမရယ် ... ဆရာမ,မစားရင် စန္ဒီတို့ညီအစ်မလည်း စားရဲတော့မှာ မဟုတ်ဘူး။ လာပါရှင်"

'မဖာခြည်' ဆွဲခေါ်နေပြီမို့ အိမ်ထဲထိ ပါလာလေတော့၏။ တကယ်ပင် ထမင်းစားခန်းမှာ အဆင်သင့် ပြင်ထားပေးတာပါလား။ ယောက်ျားလေးတွေဖြစ်သည့် 'ဝဏ္ဏ' နှင့် 'နန္ဒ' ကဖြင့် အရင်ဝင်ထိုင်နှင့်ကြပြီး 'စန္ဒီ' တို့ညီအစ်မက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေလေသည်။ 'တျာ' သာ ဝင်မထိုင်ဖြစ်လျှင် 'စန္ဒီ'တို့ညီအစ်မနှစ်ယောက်က ဒီစားပိုင်းထဲ ဝင်ထိုင်တော့မှာ မဟုတ်ပါချေ။

"ကျွန်မမောင်လေး ပြန်ရောက်တာနဲ့ မွေးနေ့ရက်တိုက်တာမို့ မနေ့က ဘုန်းကြီးဆွမ်းကပ်ပြီး အလှူလုပ်ဖြစ်တယ်၊ ဆရာမနဲ့ ကလေးတွေက တစ်ရက်ပဲ နားကြတာမို့ ဒီနေ့ကို တမင်သက်သာ ချက်ကျွေးတာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါဆိုလည်း နည်းနည်းတော့ စားပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာမရယ် ... ဒီမှာထိုင်ပါရှင်၊ သမီးတို့လည်း ထိုင်ကြလေ၊ အားမနာနဲ့နော် ... ဝအောင် စားရမယ်၊ ဆရာမလည်း သုံးဆောင်ပါရှင်"

ရော်! ... ဧည့်ခံသည့်အိမ်ရှင်ကပဲ ကျေးဇူးတင်ရတယ်လို့၊ 'စန္ဒီ' တို့ ညီအစ်မနှင့် ဘေးချင်းယှဉ်ထိုင်လိုက်ရပါ၏။ 'မဇာခြည်' က အိမ်မှုကောင်မလေးတွေ ထည့်ပေးတာကိုပင် မစောင့်နိုင်ဘဲ ကိုယ်တိုင်ပင် ပြင်ကျွေးနေတာမို့ အားနာမျက်နှာပူမိတာ အမှန်ပါ၊ မွေးနေ့ဆိုသည့်အတွက် မွေးနေ့လက်ဆောင်လည်း မပေးဘဲ ဝင်စားနေလို့ ဘယ်ကောင်းပါ့မလဲ။

"ဟာ! ... တီချယ်လို့ စားနေကြပြီ၊ မာမီ, တီချယ့်ကို အသားများများ, ငုံးဥများများနော်"

"အေးပါ သားရယ်"

"ဖားတာ ... ဖားတာ"

"အေးလေ ... ဖားလို့ အမှတ်တိုးပေးတာကျနေတာပဲ"

"သုံးဆောင်ပါ ဆရာမ"

"တော်ပါပြီ အစ်မ၊ ထပ်မထည့်ပေးပါနဲ့။ တျာက အသား သိပ်မကြိုက်လို့ပါ"

"ဒါဖြင့် ငုံးဥတော့ စားပါရှင်"





လက်ကာပြီးတားနေတာတောင်မှ 'တျာ့' ပန်းကန်လုံးထဲသို့ [illegible]ဥလေးငါးလုံးခန့် ရောက်လာလေ၏။ 'သူရ' က ရေချိုးပြီး အပြေး [illegible]လွှား ရောက်လာပုံပါ။ သူငယ်ချင်းတွေ အနေမခက်စေရန် အတူ [illegible]ထိုင်၍ စားပေးပါသည်။ ပြဿနာပါပဲ အချိန်စောစောလာမိသည့် [illegible]မှ 'တျာ' နှင့် မသိ မရင်းနှီးသည့် 'သူရ'၏ဦးလေးမွေးနေ့ကိုမှ [illegible]စားသလို ဖြစ်နေလေပြီ။

"ဟယ် ... တော်ပြီလား ဆရာမ ... ဝရဲ့လား"

"ဟုတ်ကဲ့ ... တျာ, နေ့လယ် (၁၁) နာရီလောက်ကမှ [illegible]စားထားလို့ပါ၊ ကျေးဇူးတင်ပါတယ်နော်"

"ဒါဖြင့် ရွှေကြည်နန္ဒင်းမကာင်းလေး အချိုတည်းပါဦး"

"တော်ပါပြီ အစ်မရယ် ... တျာ,က အချိုလည်း သိပ် [illegible]ကြိုက်လို့ပါ"

"ဩော် ... ဆရာမ မကြိုက်တာကလည်း များလိုက်တာ"

"တီချယ်ကြိုက်တာ သားသိတယ်"

"ဘာတုန်း"

"Royal Teamix မာမီ ... ဟိုလက တီချယ့် File ထဲမှာ [illegible]mix အထုပ်လေး တွေ့လိုက်တယ်"

"ဟုတ်လား၊ ဒါဖြင့်လည်း လက်ဖက်ရည်လေးတစ်ခွက်ပဲ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးရှုပြုပြီး မဖျော်ပါနဲ့ အစ်မရယ် ... တကယ်ဗိုက်[...]
တင်းနေပြီမို့ပါ"

"ဆရာမကလည်းလေ ... နည်းနည်းလေး စားတာကို[...]"

"ကလေးတွေ စားပြီးမှပဲ လိုက်ခဲ့နော် ... တီချယ် သွား[...]
မယ်"

"ဟုတ်ကဲ့"

ခုံမှ မြန်မြန်ထရပ်ကာ ထွက်ခဲ့ရတော့လေ၏။ နို့မို့ တစ်[...] တစ်ခု ထပ်ကျွေးနေတော့မှာလေ။ ခြေလှမ်းကို ဖြည်းခန်းဘေးရှိ သီး[...] စာသင်ခန်းဆီ အမြန်လှမ်းလိုက်ပါသည်။ စေ့ပိတ်ထားပါသည့် တံ[...] ကို ကိုင်လှည့်လိုက်စဉ်အတွင်းဘက်မှ အားဖြင့် ဆွဲလိုက်သည်မို့ မျ[...] မထင်မှတ်ပါဘဲ အခန်းတွင်းသို့ ယိုင်ပြီး လဲသွားရလေ၏။

"အမေ့!"

"ဟောဗျာ!"

လူက သတိအမြဲရှိသူဖြစ်ပေမယ့် ခြေထောက်နာနေသည်[...] တစ်ကြောင်းမို့ ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ရှေ့ကို ထိုးလဲသွား[...] လက်က အလိုလို ခပ်မာမာနေရာကို ဖိလျက် ထောက်မိ[...] ဖြစ်သွားပါသည်။ အလိုလေး ... အမျိုးသားတစ်ယောက်၏ရင်[...] ကိုမှ ထိမိပါရောလား။ နင်တော့သေပြီ 'တချ' ... မထင်မှတ်[...] ဖြစ်ရပ်မို့ မျက်နှာရဲသွားရလေတော့၏။



"အို!"

"Sorry ... Sorry ... ဘယ်သူမှမရှိသေးလို့ ဝင်ကြည့်နေ[...]တာ"

"အဲဒီမှာ စတွေ့တာပဲ ... ဟီဟိ!"

"ဟော့ကောင်!"

"သားတို့တီချယ်လေ အန်ကယ်လေးရဲ့ ... မိတယ်[...]ဟုတ်လား"

"ဘာကိုမိတာလဲ ... မင်းစကားက ဘာကြီးလဲကွ"

"စောစောကပဲ မိသွားတာလေ ... မြင်လိုက်ပါတယ်"

"သူရနော် ... ငါ့ကို နောက်စရာ ထင်နေလား"

"ကန်တော့ပါ တီချယ် ... ကန်တော့ ... ဟီးဟီး"

နောက်မှ တစ်ပြုံကြီး လိုက်ဝင်လာတာမို့ တော်ပါသေး၏။ [...]နှာကို တမင်တည်ပြီး ကလေးတွေမျက်နှာကို မကြည့်ဘဲ En-[...] Text ကိုသာ မျက်နှာကွယ်၍ စာဖိသင်နေမိပါသည်။ 'သူရ' [...]နှာကဖြင့် ပြုံးစိစိဖြင့် အပိုးမကျိုးနိုင်ပါလေ။ ဘယ်လိုဖြစ်ပြီး အဲဒီ[...]သားက ဒီအခန်းထဲရောက်နေရတာပါလိမ့်။ မဆီမဆိုင် ဘာ[...]ပ်သည်မသိပါ။

"သုံးခေါက်တိုင်ပေးတဲ့စာလုံးတွေကို မနက်ဖြန် Dicta-[...]ခေါ်မှာနော်၊ Physics Notes တွေထုတ်"



www.burmeseclassic.com

www.burmeseclassic.com



"တီချယ်မှ မပေးရသေးတာ"

"ဟုတ်သားပဲ"

"အဟမ်း! ... အဟမ်း"

"သူရနော်"

"သား ဘာမှမပြောဘူး၊ တီချယ်"

မမေ့စဖူး မေ့နေတာမို့ File ထဲမှ စာရွက်တွေကို ရှေ့
မှာ ထိုင်နေသည့် 'သူရ' လက်ထဲသို့ ထည့်ပေးလိုက်ပါ၏။
အတိုင်း လှည့်ဝေးပေးပြီး Definition ရှင်းပြနေစဉ်မှာပင် တစ်
မှ phone ခေါ်သံ ထွက်လာလေတော့သည်။ စာရှင်းနေချိန်မို့
ဆိတ်ချိန်မှာ အသံက ခပ်ကျယ်ကျယ်မြည်လာတာပါလေ။

"တူ! တူ! တူ! ကိုကို ... phone လာနေတယ်! တူ!
တူ! ကိုကို ... phone လာနေတယ်!"

"ကြည့်စမ်း! ... အခန်းထဲကို မယူလာရဘူးလို့ ဘယ်
ပြောရမလဲ၊ ဘယ်သူ့ phone လဲ"

"သား phone မဟုတ်ဘူး"

"Sorry! ... ကိုယ့် phone ကျန်ခဲ့တာ"

တံခါးကို ချပ်ခနဲ တွန်းဖွင့်လျက် နောက်ဆုံးခုံတန်းမှ
လိုက်ပါသည့်လူကို စိတ်တိုတိုဖြင့် မျက်စောင်းလှမ်းခဲလိုက်မိတော့

❂ ❂ ❂



မင်းကို သိပ်ချစ်တယ် "တျာ"...ကမ္ဘာပတ်ပြီး မိန်းမလှလေး
အလှတရားကို မြင်ခဲ့ဖူးတဲ့ ကိုယ်လိုလူက သမင်မျက်လုံးလေး
ကြည်လဲ့လဲ့ မင်းမျက်ဝန်းလေးကို စမြင်လိုက်ကတည်းက
ချင်း ချစ်မိသွားတာပါ။

(၄)

www.burmeseclassic.com

www.burmeseclassic.com

အချစ်မှာ ပြိုင်ဘက်ဆိုတာ ရှိတတ်ပြီး . . .
အချစ်အတွက် ရင်ဆိုင်ရတိုင်း အရောရာမှုတမှု
ရှိပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မြို့ထဲရှိ ဒန်းပေါ်ထိုင်လျက် ခြေထောက်တွန်းရင်း လွှဲလိုက်ပါ ချက်နှာထက်မှ အပြုံးက ယခုတိုင် မပျက်သေးပါလေ။ ရင်ဘတ် ဆီသို့ ထိကိုင်ရင်း ခပ်တိုးတိုးရယ်လိုက်မိပြန်သည်။ ရင်ခုန်ခြင်းက ရှုထူးခြားလွန်းနေသည်ကို။ 'ဖွဲ' ဘဝမှာ ခပ်မိမိ ခပ်လှလှ မိန်း ပေါင်းများစွာ ပိုင်းပိုင်းလည်ခဲ့ရတာပါ။ သို့သော် ... ဤမိန်း လို အပြစ်ကင်းစင်လွန်းပါသည့် မျက်ဝန်းတို့နှင့်က ယခုတစ် သာ ဆုံခဲ့ရတာပါလေ။

'မိလား' တဲ့၊ တူတော်မောင်အပြောက သူ့စိတ်ကို ပီတိဖြစ်စေ အမှန်ပါ။ မိတာထက် ထိသွားတာပဲ 'သူရ' ရေ၊ အန်ကယ်လေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



Heart ကို တိုက်ရိုက်ကြီး လာထိသွားတာလေ။ အပျိုစင်လေးရဲ့ ရှက်သွေးဖြာသွားသည့်မျက်နှာ။ သင်းသင်းလေး ရှူရှိုက်လိုက်ရပါသည့် ခန္ဓာကိုယ်ကျစ်ကျစ်လေး။ နွေးခနဲ လာထိပါသည့် လက်ဝါးပြင်အိအိလေးက အဘယ်မျှ ရင်ခုန်စရာကောင်းလိုက်ပါသလဲ။

အထိအတွေ့ဆိုတာ 'ဖွဲ့' ဘဝမှာ မရှိခဲ့ဖူးတာမှ မဟုတ်တာ... ရည်းစားမကျ ဘာမကျ တွေလည်း ထည့်လဲတွဲခဲ့ဖူးတာပါပဲ။ သို့သော် ... ဤတစ်ကြိမ်လိုမျိုး စိတ်လှုပ်ရှားရင်ခုန်မှုမျိုးကဖြင့် တစ်ခါမှ မဖြစ်ဖူးခဲ့ပါလေ။ ဒီအရွယ် အသက် (၂၈) နှစ်မှ အမြီးမပေါက်ဖူးချင် သူ့ကို ဘာမျောက်ဟု အမည်တပ်ပေးကြပါမည်နည်း။

"ဖွဲ့ရေ"

"ကျွန်တော် ဒီမှာ, မမ"

"ခဏလာဦး"

စိတ်ကူးထဲ ကြည်နူးခြင်းက မမအော်ခေါ်သံကြောင့် တိမ်း... ရပ်သွားရပါ၏။ ဘာကိစ္စများ ရှိလို့ပါလိမ့်။ စာကြည့်ခန်းအထဲပြ... ဝင်ကြည့်ရာမှ Whiteboard နှင့် ခုံတွေစီထားတာမို့ စာသင်ခန်းမှန်း... သိခဲ့ရပါ။ ပြန်ထွက်မည်ပြင်ကာမှ သေသပ်လှပစွာတစ်ဆင့်ချင်း... တွက်ထားပါသည့် သင်္ချာပုစ္ဆာတို့ကို ငေးမိသွားရလေ၏။ စာလုံးတွေ... ရှင်းရှင်းလင်းလင်း ပီပီသသရေးထားတာမို့ အင်္ဂလိပ်စာလုံး၊ မြန်... စာလုံးတွေ ရေးပါက အဘယ်မျှ လှပမှာပါလိမ့်။





လက်ရေးကိုကြည့်ရုံဖြင့် အဘယ်မျှ စိတ်ရှည်မည်ဆိုတာကို ခန့်မှန်းနိုင်လေ၏။ မိန်းကလေးလက်ရေးမို့ ကြည့်ကောင်းမည့် ရုပ်ရည်မျိုး ဖြစ်နိုင်ပါသည်။ အသက်ကြီးလား၊ ငယ်လားဆိုသည်ကိုဖြင့် လူချင်းမြင်မှသာ သိမည်ဟု တွေးရင်း တံခါးကို ဆွဲဖွင့်ချိန်မှာမှ ရုတ်တရက်ပြိုလဲကျလာသည့်ဖြစ်ရပ်နှင့် ကြုံကြိုက်ရတော့တာပါ။

သူနှင့်မှ တိုက်တိုက်ဆိုင်ဆိုင် လာတိုးရတယ်လို့။ ဘယ်ဘဝက ရေစက်ရှိခဲ့မှန်းပင် မသိနိုင်ပါဘဲ နှလုံးသားက ရထားခုတ်မောင်းသလို အခုန်မြန်သွားရတာပါ။ ဖျတ်ခနဲ ပူခြင်း၊ အေးခြင်းက အပြောင်းအလဲမြန်စွာ လူကို တုန်လှုပ်သွားစေတာပင်။ 'ဖွဲ့' ဆိုသည့် ဒီလူကို ချစ်ခြင်းတွေဖြစ်တည်လာစေဖို့ အချစ်နတ်သမီးက ပြုစားဖန်တီးချေ သပြီ။

"ဘာများလဲ မမ"

ဧည့်ခန်းမှာ ရပ်နေပါသည့် မမထံ သူ ရောက်သွားရပါ၏။ မမက လက်ထဲမှာ စာအိတ်ရှည်တစ်လုံးကို ကိုင်၍ စောင့်နေလေသည်။ ...ချိန်မှာပင် စာသင်ခန်းတံခါးပွင့်သွားပြီး အထဲမှ ကလေးတွေ ထွက်လာလေ၏။ နောက်ဆုံးမှ ထွက်လာပါသည့် သူမက မျက်နှာလေး ရှုံ့ကာ ခြေတစ်ဖက် ထော့နင်းထော့နင်းဖြစ်နေပါသည်။

"မာမီ ... တီချယ့်ခြေထောက် ရောင်နေပြီ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်လုံးပြူးသွားရပါ၏။ စောစောက ချော့လဲတာမှန်ပေမယ့် သူမ ခြေထောက်နှင့် မနင်းမိပါလေ။ ဘယ်လိုဖြစ်ပြီးရောင်သွားရပါသလဲ၊ အခန်းထဲမှ ထွက်လာသည့် သူမ၏ခြေထောက်ကို ငုံ့ကြည့်လိုက်မိစဉ် တကယ်ပဲ ခြေမက ညိုနေပြီး ခြေခုံပါ ရောင်ပြီး နီနေတာပါလေ။

"ဟောဗျာ . . . ဒါက ဘယ်လိုဖြစ်ရတာလဲ၊ စောစောက မတိုက်မိပါဘူး"

"ကြည့်စမ်း! . . . ဒါ နင့်လက်ချက်ပေါ့လေ၊ ဘယ်လိုလုပ်လိုက်တာလဲ ဖွဲ့ရဲ့၊ အဲဒါ နင့်တူရဲ့ဆရာမဟဲ့"

မမက ဘာမပြော ညာမပြောဖြင့် သူ့လက်မောင်းကို တဖတ်ဖတ်ရိုက်လေတော့၏။ သူက မမလက်ကို ကာနေရတာမို့ ဘာမှ ပြန်မပြောနိုင်သေးပါလေ။ ဟော! . . . သောက်ရှူးကြယ် ညီနောင်တို့ လက်ခနဲတောက်ပလာချေပြီ၊ အလိုလေး . . . လှလိုက်တဲ့ မျက်ဝန်းလေးတွေပါပဲလားနော်။

"မမဇာခြည် . . . သူလုပ်တာ မဟုတ်ပါဘူး၊ ကျွန်မတို့ဆိုင်က ထွက်လာကတည်းက ခလုတ်တိုက်ခဲ့တာပါ၊ ဒီလောက်ဖြစ်လာမယ် ထင်မထားမိလိုက်ဘူး"

"အဲဒါ ဒီတိုင်းထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဆေးလူးပြီး ပတ်တီးဖြစ်ဖြစ် စည်းရမှာပေါ့၊ တော်တော် ရောင်လာပြီ"





"ရပါတယ် . . . အိမ်ရောက်မှပဲ"

"ဟာ . . . ဘယ်ဖြစ်မှာလဲ တီချယ်ရဲ့၊ နောက် section ကို တိုက်ပေါ်တက်ရဦးမှာ၊ ဒီခြေထောက်နဲ့ ခံနိုင်မယ်မထင်ဘူး။ သား၊ ဆေးသေတ္တာ သွားယူပေးမယ်"

"ခုံမှာ ထိုင်လိုက်ပါလား"

"ဟဲ့!"

သူ့အစ်မက ဘာမှမပြောရပါပဲ တူအရီးနှစ်ဦးသား တစ်ခွန်းစီ ပြောလိုက်သလို သူက သူမ၏လက်မောင်းကို ကိုင်လိုက်ပြီး ဆက်တီမှာ ထိုင်စေလိုက်ပါသည်။ မမက သူ့ကို မျက်လုံးပြူးလျက် သတိပေးနေပေမယ့် ဂရုမစိုက်မိတော့ပါလေ၊ ချာတိတ်အုပ်စု၏မျက်နှာ သို့ကာဖြင့် ပြုံးစိစိဖြစ်နေလေပြီ။

"နေပါစေ . . . ကျွန်မဘာသာ"

"ဒီမှာ ဆေးသေတ္တာရပြီ အန်ကယ်လေး"

"ပေး ပေး"

"အို . . . မဟုတ်တာ၊ အိမ်ရောက်မှပဲ လိမ်းမှာပါ"

"အခုလိမ်းပြီး စည်းမှ အရောင်သက်သာမှာပေါ့"

"အစ်မ . . . အစ်မမောင်ကို ကြည့်ပြောပေးပါဦး၊ ကျွန်မတော့ ခံရတွေကြီးတော့မှာပဲ"

"ငရဲကြီးကို ငရဲလေးက နိုင်ပါတယ်၊ ဘာမှမဖြစ်ဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်နေ၊ ခြေမအသားကြေသွားတာပဲ၊ လောလောဆယ် သက်သာအောင် ဆေးလူးပေးလိုက်မယ်နော်၊ ဆေးခန်းတော့ သွားပြမှဖြစ်မယ်"

"ဒုက္ခပါပဲ"

ပြုံတော့မည့်မိုးနယ် အုံ့မှိုင်းလာသည့် မျက်နှာလေးကို သနား၍ မဆုံးခဲ့။ စေတနာပါပါဖြင့် ခြေထောက်ကို ဆေးနာနာလူးကာ ပတ်တီးကို ကျကျနန စည်းနှောင်ပေးလိုက်ပါသည်။ အထက်တန်း တက်စဉ်က ကြက်ခြေနီသင်တန်းတက်ဖြစ်ခဲ့တာမို့ မမထက် သူက ပိုပြီး ပတ်တီးစည်းကျွမ်းကျင်တာ အမှန်ပါ။ မျက်ရည်လေးဝဲလျက် နာတာကို အောင့်ခံနေသည့် ဆရာမငယ်ငယ်လေးကို ကရုဏာသက်မဆုံးဖြစ်မိသည်က သူရယ်ပါ။

'ဖွဲ့'တို့ကတော့ မလုပ်ဖူးတာကို မရည်ရွယ်ပါဘဲ ခပ်ရဲရဲလုပ်မိနေလေပြီ။

"ကဲ! ...ပြီးပြီ"

"ကန်တော့ ... ကန်တော့ပါရှင်"

"ရပါတယ်"

"အားနာလိုက်တာ ဆရာမရယ်"

"တျာက အားနာရမှာပါ အစ်မရယ်"

"တီချယ် လှေကားမတက်နိုင်ရင် Rose တို့ဝိုင်းကို ဖျက်လိုက်ပါလား၊ ဒီတိုင်းဆက်ပြီး မတ်တတ်ရပ်နေရရင် ပိုပြီးဆိုးလာမှာ"





"ဟုတ်ပါတယ် ဆရာမရယ်၊ အိမ်ပြန်ပြီး နားလိုက်ပါ၊ ဒီမှာ ဒီလအတွက် ကလေးတွေရဲ့ကျူရှင်ခပါ"

"ခြော် ... ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အစ်မ၊ ကျေးဇူးအများကြီးတင်ပါတယ်ရှင်၊ အားနာလိုက်တာနော်"

မမကိုပြောလိုက်ရင်း သူ့ကိုပါ တစ်ဆက်တည်း ပြောလိုက်သည့် သူမကို ကြည့်လိုက်မိ၏။ တကယ်ပင် အားနာမျက်နှာပူနေပုံပါ။ မျက်နှာလေးရဲပြီး ရှက်အမ်းနေတာ မဟုတ်ပါလား။ အခွင့်အရေးဆိုတာမျိုးက တစ်ကြိမ်တစ်ခါဆို ဆိုသလောက် အသုံးချနိုင်မှသာ အောင်မြင်မှု ရှိမှာပါလေ။

"မဖြစ်ပါဘူး ... ကိုယ်ပဲ လိုက်ပို့ပေးပါမယ်၊ ဘယ်မှာနေတာလဲ"

"ကျိတ်လိုက်ကွ!"

"သားနော်"

"စေတနာနဲ့ ပို့ပေးမှာပါဗျာ"

"ဟုတ်ပါတယ် ဆရာမရယ်၊ မောင်လေးရဲ့ကားနဲ့ပဲ ပြန်လိုက်ပါ၊ ကလေးတွေ လမ်းထိပ်အထိ သားတို့ အန်ကယ်လေးနဲ့ လိုက်သွားကြလေ"

"ရပါတယ် အန်တီ၊ ကျွန်တော်တို့အိမ်က အဝေးကြီးမှ မဟုတ်တာ၊ တီချယ့်ကိုသာ လိုက်ပို့ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တယ်အလိုက်သိကြသည့် ကလေးတွေပါပဲလား။ အားနာတာ၊ မျက်နှာပူတာ၊ ကျေးဇူးတင်တာတွေ အကုန်လုံး ရောပြွမ်းပြီး သူ့ကားပေါ်သို့ သူမ ရောက်လာလေတော့၏။ ကားရှေ့ခန်းတံခါး ဖွင့်ပေးပြီး တက်နိုင်းစဉ် 'သူရ' က သူ့ကို လက်မထောင်ပြလိုက်လေသည်။ တူတော်မောင်ကဖြင့် သူ့ကို အရောက်ပို့နေတော့တာလေ။

ကားကို ခပ်မှန်မှန်လေး မောင်းထွက်လိုက်ပါသည်။ စာရွက်စာတမ်းတွေ ထည့်ထားပါသည့် File ကို ပေါင်ပေါ်တင်ထားရင်း သူမ အတော်လေး စိတ်အိုက်နေပုံရပါ၏။ ဖက်ဖူးရောင် blouse နှင့် အောက်မှာ လိမ္မော်ခံပေါ် အရွက်စိမ်းစိမ်းလေးတွေ ကျဲထားပါသည့် လုံချည်ပျော့ပျော့လေးကြောင့် သူမ အသားအရေက ပို၍လန်းဆန်း ဖြူဝင်းနေလေသည်။

ဒီနေ့ခေတ်မှာ မြင်နေရပါသည့် စကပ်တွေ၊ ဘောင်းဘီရှ[illegible] ဝတ်တာမျိုးမရှိပါဘဲ ယဉ်သကိုပုံစံလေးကြောင့် ရင်ထဲထိတိုင် အေး[illegible] စေသည့် အလှလေးပါပဲ။ 'သူရ' ခပ်တိုတို ပြော၍ ညွှန်ပြလိုက်သည့် အတိုင်း ကားကို ဂရုစိုက်လျက် မောင်းခဲ့ရလေ၏။

"နာမည်က ဈာတစ်လုံးတည်းပဲလားဟင်"

"ဟုတ်ပါတယ်"

"ကိုယ့်နာမည် ဖွဲ့ပါ"



"ဟုတ်ကဲ့"

"ကိုယ့်ထက်တော့ ငယ်မယ်ထင်တယ်၊ ကိုယ်က (၂၈) နှစ် [illegible]ပြီ"

"ဟုတ်ကဲ့ ... ဈာ့ထက် (၅) နှစ်ကြီးပါတယ်"

"ဩော် ... ဈာလို့ပဲ ခေါ်လို့ရပါတယ်နော်၊ ငယ်တာပဲ [illegible]"

"ဟုတ်ကဲ့"

"ဟင်းဟင်း ... ကိုယ်တို့ စဆုံမှုကတော့ တကယ့်အခန်းပဲ၊ [illegible] မိဘတွေနဲ့ အတူနေမှာပေါ့"

"အန်တီလေးနဲ့ အတူနေတာပါ၊ မိဘတွေ ဆုံးတာကြာပါ[illegible]"

"ဖြစ်ရလေ ... Sorry ပါ ဈာ"

"ရပါတယ် အစ်ကို"

'အစ်ကို' တဲ့ ... နည်းနည်းတော့ ရင်နိုးလာသလိုပါ။ [illegible]ကို' တဲ့လား 'ဈာ'။ ရင်တွင်းတိုင် နွေးပြီး ဆင်းသွားစေသည့် [illegible]လေးပါပဲ။ ကျေးဇူးပါ။ မရည်ရွယ်ပါဘဲ ရဲတင်းသည့်လုပ်ရပ် [illegible] သူလုပ်ခဲ့မိတာပါလေ။ မည်သည့်မိန်းကလေးကိုမှ ခြေထောက် [illegible]ကိုင်ခဲ့ဖူးပါဘဲ သူမ၏ခြေထောက်ဖြူဖြူသန့်သန့်လေးကိုမှ ပထမ [illegible] ထိကိုင်ခဲ့မိသည့်အဖြစ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က စတိုးဆိုင်ရှေ့မှာပါ၊ လမ်းဘက်ကွေ့လိုက်
ရောက်ပါပြီ"

"Ok"

သူက ကားကို လမ်းမကြီးမှ ဘေးသို့ အရှိန်လျှော့၍ 
လိုက်ပါ၏။ 'မော်မော်စတိုး' ရှေ့မှာ ကားကိုရပ်ပါသည်။ ကား
အမြန်ဆင်းလိုက်ပြီး ရှေ့ခန်းတံခါးကို သူမ ဆင်းစေရန် ဖွင့်ပေးလို
၏။

"ဖြည်းဖြည်းနော် . . . ကိုယ့်လက်ကို ကိုင်ပြီးဆင်း။ ခုန်
မိစေနဲ့"

လက်ကို ပေးကိုင်၍ ဆင်းစေလိုက်ပါသည်။ ပလက်
ပေါ် ခြေချပြီးလေမှ ကားတံခါးကို ပိတ်လိုက်ပါ၏။ ပြီးနောက် နာ
သည့် ခြေထောက်ဘေးဘက်မှရပ်ကာ သူမ လက်မောင်းကို 
ကိုင်ပေးလိုက်ပါသည်။

"အပေါ်ထိ လိုက်ပို့ပေးမယ်နော်"

"အို! . . . မဟုတ်တာ"

"ပို့ပေးပါရစေ, တျာ၊ တော်ကြာ အပေါ်တက်ရင်း တ
ဖြစ်နေမှာစိုးလို့ပါ"

သုံးလွှာအထိ သူ့လက်ကို အားယူလျက် သူမ ကြိုးစာ
ခဲ့ရလေ၏။ ဖြစ်နိုင်လျှင် ခွေ့ခနဲသာ ပွေ့ချီလိုက်ချင်တာပါ။ မ





တ်တိုပြီး ပါးရိုက်လိုက်မှဖြင့် အခက်ပါပဲ။ သုံးလွှာရောက်စဉ် သူမ
ထက် ချွေးလေးတွေ စို့နေတာကို သုတ်ပေးချင်စိတ်ဖြစ်လာတာ
ကိုလည်း မနည်းကြီး မျိုသိပ်ထားရလေသည်။ တံခါး Bell နှိပ်ပြီး
သာအကြာမှာ တိုက်ခန်းတံခါးပွင့်သွားပါ၏။

"သမီး . . . ဟောတော်! ဘာဖြစ်လာလို့လဲ"

"ခြေထောက်နာသွားလို့ သူရအိမ်က လိုက်ပို့ပေးတာပါ"

"ဖွဲပါ အန်တီ"

"ဩော် . . . အေးအေး . . . ကျေးဇူးပါ သားရယ်"

သန့်ရှင်းသပ်ရပ်နေပါသည့် တိုက်ခန်းလေးက သိပ်မကျယ်
တဲ့ နွေးနွေးထွေးထွေး ရှိနေပါသည်။ ကျေးဇူးပါ, တျာ။ အခုလို
ည်းခွင့်ပြုပေးခဲ့တဲ့အတွက်ပါ။

⊛ ⊛ ⊛



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

အာခေါင်တွေ ခြောက်နေပြီး မျက်လုံးဖွင့်လို့မရအောင် ဖြ...
ပါ၏။ တစ်ကိုယ်လုံး ကိုက်ခဲနေပြီမို့ ကိုယ့်ကိုယ်ကိုယ် ဖျားနေပြီ...
သိနေပါသည်။ ဘာသံမှ မကြားရတာမို့ အန်တီလေး ဘုရားပန်း...
ရန် ဈေးသွားပြီ ထင်ပါရဲ့။ မျက်ရည်ပူတွေ လိမ့်စီးကျလာရင်း အ...
ငယ်မိသွားပါသည်။ ဘေးမှာ ဖေးမပေးမည့်သူတစ်ဦးတစ်ယောက်...
ရှိမနေပါလား။

"ကျွတ် . . . ကျွတ် . . . ကျွတ်"

အားယူထရန် ပြင်လိုက်စဉ် ဘယ်ဘက်ခြေထောက်...
နာကျင်လွန်းပြီး ထောက်မရအောင် ဖြစ်နေတော့၏။ ဆောင်း...





...င်ကာစမှာမှ အနာရင်းသည့်ရောဂါ ဖြစ်ရတယ်လို့။ မဖြစ်သေးပါဘူး။
နောက်ဖက် ဆေးခန်းသွားပြဖို့ စဉ်းစားထားတာမို့ အပျင်းထူနေ၍
...ဖြစ်ပါလေ။ ခြေထောက်နင်းလျက် ယိုင်တိယိုင်တိုင်ဖြင့် ခုတင်ထက်မှ
...ဆင်းလိုက်ပါ၏။

အခန်းတံခါးဆီ အားယူလျှောက်ရင်း တံခါးဖွင့်ထွက်ကာ
ရေချိုးခန်းဆီ ကြိုးစားလျှောက်လိုက်မိလေသည်။ ဖြစ်နိုင်လျှင် ရေချိုး
...လိုက်ချင်တာပါ။ ဘယ်သူမျှ မရှိတုန်း တစ်စုံတစ်ခုဖြစ်မှာကိုစိုး၍
...ကိုနာသစ်သွားတိုက်ပါးလုတ်ကျင်းလျက် ကိုယ်လက်သန့်စင်လိုက်
...ပါ၏။ အိပ်ခန်းဆီ ပြန်လာစဉ် ခြေထောက်က မခံမရပ်နိုင်အောင်
နာကျင်နေတာမို့ မျက်ရည်က ပေါက်ခနဲ ကျသွားရလေသည်။

အားငယ်လိုက်တာနော်။ ခြေထောက်နာသည့် သတင်းကို
ကြားသည်နှင့် သူ အပြေးရောက်လာမည်မှန်း သိပါ၏။ ရောက်လာမှာ
...ကိစ္စမရှိ။ ခြေထောက်အနာဖြစ်အောင် ဘယ်သူ့ကိုကြည့်ပြီး
လျှောက်သလဲဆိုပြီး ရန်ရှာဆူပူတော့မှာလေ။ ပူပန်ပြီး ကရုဏာဒေါ
...သာဖြင့် ပြောရင်း 'တျာ့' ကိုယ်စားမျက်ရည်ဝဲလာဦးမှာပါ။ သူက
...သူ့ကိုကြည့်လျှင် မာသလိုထင်ရပြီး အမှန်တကယ်တော့ဖြင့် မိန်းက
...လေးဖြစ်သည့် 'တျာ့' ထက်ပင် စိတ်ပျော့သေးတာလေ။

မနက် (၈) နာရီဖွင့်မည့် ဆေးခန်းတော့ မဖြစ်မနေသွားပြ
...ရမည်။ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ကာ မျက်နှာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလိမ်းတော့ပါ။ ဆံပင်တွေကို ရှင်းဖြီးလိုက်ပြီး ခေါင်းစည်းကြိ
နှင့်ပင် ခပ်လျော့လျော့စည်းလိုက်ပါ၏။ Phone ကို ညကတည်း
power ပိတ်ထားတာမို့ အနှောင့်အယှက်မဖြစ်ရန် မဖွင့်တော့ပါ။

ပိုက်ဆံအိတ်ကို အထဲမှ ငွေရှိ၊မရှိ အရင်စစ်ကြည့်လိုက်ပြီး Zip ပြန်ပိတ်လိုက်ကာ ယူခဲ့လိုက်ပါ၏။ ညေ့ခန်းဆီ လျှောက်ခဲ့
အပြင်မှ တံခါးဖွင့်သံကို ကြားလိုက်ရလေ၏။ အလို မပြောမဆိုနဲ့
ရောက်လာပြီလား။ ဩ! . . . ခနဲ ပွင့်သွားပါသည့် တံခါးမှဝင်လာသ
လူက 'ရှာန်' မဟုတ်ပါဘဲ 'သူရ' ၏အန်ကယ်လေး 'ကိုဇွဲ' ဖြစ်
လေ၏။

"ဟင်!"

"သမီး နိုးနေပြီလား။ ဈေးကအပြန်မှာ သားနဲ့ ကားကြ
ခဲ့ရတယ်၊ သမီး သက်သာရဲ့လား"

"ဆေးခန်းသွားမလားလို့"

"ဖျားနေပြီလား။ ကိုယ်ပြောသားပဲ၊ ညက ဆေးမသောက်
တောပေအိပ်သွားတယ်ထင်တယ်၊ မှန်း! . . . ကိုယ်ပူနေလား"

လက်က နဖူးထက် ဖျတ်ခနဲရောက်လာတာမို့ ရှောင်
မရလိုက်ပါ။ အို! . . . လုပ်ပြန်ပြီ။ လူကို ဟိုအရင်ကတည်းက
သလို တရင်းတနှီးပုံစံမျိုးနဲ့။ ဒီလူနဲ့တော့ ခက်ပါရဲ့။ အန်တီလေ
ဝယ်လာသည့် ဈေးခြင်းတောင်းကို နောက်ဖေးအထိ သွားထားနေ





ရှ့အပြုအမူကို မမြင်လိုက်ပါချေ။

"သေချာတာပေါ့ . . . ကိုယ်ပူနေပြီ"

"အန်တီလေးလိုက်ပို့ရမလား သမီး"

"နေပါစေ . . . တစ်ယောက်တည်း သွားနိုင်ပါတယ်၊ ဟိုဘက်
သမ်းထိပ်လေးပဲဟာ"

"ကျွန်တော် လိုက်ပို့ပေးပါ့မယ် အန်တီ . . . စိတ်မပူပါနဲ့"

"ကျေးဇူးပဲ သားရယ်၊ အရေးကြုံတိုင်း သားနဲ့ချည်း ကြုံ
နေရတယ်"

အမယ်လေးနော် . . . စေတနာဗလပွနှင့်ကို ပြောနေပါရော
သား။ တူမဖြစ်သူကို သူစိမ်းလက်ထဲ ယုံယုံကြည်ကြည်ကို အပ်လိုက်
တာပါပဲ။ အင်းပေါ့လေ . . . မနေ့ကလည်း ဒီအထိ လိုက်ပို့ပေးသလို
ာပည့်ရဲ့ဦးလေးတော်သူမို့ အန္တရာယ်မရှိဘူး ထင်နေတာ မဟုတ်လား။
ာကယ်လည်း အကူအညီလိုအပ်နေတာမို့ ငြင်း၍ မကောင်းတော့
ပါလေ။

"အားနာလိုက်တာ အစ်ကိုရယ်၊ ဒုက္ခပေးနေသလိုဖြစ်နေ
ပြီ"

"အားနာစရာလား, တျာရယ်၊ လိုအပ်လို့ ကူညီရတာပဲလေ၊
ကျွန်တော် ခေါ်သွားမယ်နော်, အန်တီ"

"အေးအေး, သား"



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းထဲမှ ထွက်လိုက်ပါ၏။ မြေညီထပ်သို့ရောက်အောင် ဒီပုံစံနှင့် မည်သို့လျှောက်ရပါမည်နည်း။ ကြိုးစားလျှောက်ရမှာပါလေ။ သူကတော့ အလိုက်တသိဖြင့် တွဲခေါ်ရှာပါ၏။ 'တျာ' ကသာ အာနာ ရင်း ဝေဒနာကို ကျိတ်မြိုနေရလေသည်။ လူက လှေကားထစ် စဆင်းမှာပင် မျက်နှာလေး ရှုံ့တွသွားရလေတော့၏။

"ကိုယ်ချီသွားရမလား, တျာ"

"ဟင်! ... မလုပ်ပါနဲ့"

"ဒီတိုင်းဆင်းလို့ကတော့ ရောက်တော့မှာမဟုတ်ဘူး။ ခြေ တစ်ဖက်ပဲ ထောက်ရင်ကော"

"ရမယ်ထင်တယ်"

"ဒါဖြင့် ကိုင်လိုက်မယ်နော်"

အဲဒါမှ ပိုဆိုးလေတော့၏။ သူက လက်မောင်းကို မဟုတ် တော့ပါဘဲ 'တျာ'၏ခါးကျဉ်ကျဉ်လေးဆီ ဖျတ်ခနဲ ရဲရဲဖက်လိုက်သဖြင့် လူက တွန့်ခနဲ ဖြစ်သွားရလေသည်။ ပြောသားပဲ ... 'တျာ'က ခန္ဓာ ကိုယ်ကို လာထိလျှင် ယားတတ်ပါတယ်လို့။

"ဒီလိုထိန်းပြီးတော့ ..."

"မဖြစ်ဘူး ... မဖြစ်ဘူး"

"ဘာဖြစ်ပြန်ပြီလဲ"

"တျာက ခါးကိုထိရင် ယားတတ်လို့ပါ, အစ်ကို"





"ဟောဗျာ"

သူက တဟားဟားဖြစ်ရယ်လေတော့၏။ 'ဂျာနီ' က 'တျာ' ရဲ့ငယ်သူငယ်ချင်းဖြစ်သလို ချစ်သူအဖြစ်ရောက်ခဲ့တာမို့ ပွင့်ပွင့်လင်း လင်း ပြောဖြစ်သလို ရှက်ဖို့ကောင်းမှ စိတ်မရှိခဲ့ပါ။ (၅၂၈) တွေရော (၁၅၀၀) ပါ ပေါင်းပြီး (၂၀၂၈) ဖြင့် အချစ်တွေ ပုံပေးခဲ့ကြတာ မဟုတ်ပါလား။ အခုဖြင့် သူစိမ်းယောက်ျားနှင့် တရင်းတနှီးဖြင့် နီး ကပ်စွာရှိနေရတယ်လို့။ ဘုရား! ... ဒီပုံစံမျိုးကို 'ဂျာနီ' မမြင်စေပါနှင့် ဟု တိတ်တဆိတ် ဆုတောင်းလိုက်မိလေ၏။

"ကဲ! ... ဒါဖြင့် စောစောကပြောတဲ့အတိုင်း Let's go! – နှစ်ပေါင်ပဲ ရှိတယ်မဟုတ်လား"

"ပေါင် (၁၀၀) ပါ"

"မညာပါနဲ့ ... လူတိုင်းမှာ နှစ်ပေါင်ပဲရှိတာပါ တျာရဲ့"

သူက 'တျာ' အရှက်ပြေစေရန် ရယ်စရာပြောလိုက်ပြီး ခွေ့ခနဲ ပွေ့ချီလိုက်လေ၏။ အမယ်လေး! ... ရင်တွေတုန်လိုက်တာနော်။ 'ဂျာနီ' ကဖြင့် 'တျာ' ကို ဒီလိုမျိုး တစ်ခါမှ မပွေ့ချီခဲ့ဘူးပါ။ ဒီရင် ခွင်ကို ထိဖူးခဲ့သလို ဒီရင်ဘတ်ထဲကိုပဲ ရောက်နေရပါရောလား 'တျာ'။ တစ်ချက်ကလေးမှ မနားပါဘဲ အောက်ဆုံးလှေကားထစ်ဆီ အေးအေးဆေးဆေးဖြင့် ရောက်ခဲ့လေ၏။

'ဂျာနီ' ထက် ပိုလည်း အရပ်မြင့်သလို Body လည်း ပို



www.burmeseclassic.com

www.burmeseclassic.com



တောင်သည့်လူမို့ 'တျာ' ခန္ဓာကိုယ်လေးကို ပေါ့ပေါ့ပါးပါးလေးအဖြ
သယ်နိုင်တာ မဟုတ်လား။ ကားတံခါးဖွင့်ပေးကာ ခုံထက်တင်ပေးသည်
အထိ 'တျာ့' ကို သူလုပ်ပေးလေသည်။ ဒီရက်ပိုင်းတော့ စာသင်ပျက်
တော့မည်။ စိတ်များလည်း ညစ်ရပါရဲ့။

"ကလေးတွေကို နှစ်ရက်လောက် ကျူရှင်ပိတ်ရမှာ မဟုတ်
လား။ ကိုယ်ပြောလိုက်ပါ့မယ်, တျာ"

"အားနာလိုက်တာ"

"တျာ့ကိုတော့ တားရတော့မယ်"

"ရှင်"

"နောက်ကို အားနာတယ်ဆိုတဲ့စကား မပြောဖို့လေ၊ ဒီဆေး
ခန်းလား"

"ဟုတ်ကဲ့"

'တျာ' တို့လမ်းပြီး နောက်တစ်လမ်းမှာ ဖွင့်ထားသည်
ဆေးခန်းရှေ့မှာ သူ ကားကို ရပ်လိုက်လေ၏။ ကားတံခါးကို ဖွင့်ပေ
ကာ ဆေးခန်းတွင်းသို့ ပွေ့ချီခေါ်လာပြန်သဖြင့် ဆေးခန်းတွင်းရှိနေ
သည့် လူတွေ၏ပြုံးစိစိအကြည့်တို့ကို ခံရလေသည်။ သူကတော
ခပ်တည်တည်ပါပဲ။ တန်းစီစောင့်ရမှာဖြစ်ပေမယ့် သူက 'တျာ့'
ခုံမှာထိုင်စေကာ ဆေးကုသခန်းလိုက်ကာကို ဆွဲ၍ ကြည့်လိုက်လေ

"ဒီမှာ ကြည့်လို့မပြီး ... ဟောတော်! ဖွဲ့ပါလား။





ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ရက်ပိုင်းပဲ ရှိသေးတယ်"

"အခု ဘာကိစ္စ"

"Emergency Patient ခေါ်လာလို့"

"ဟယ်! ... ဒါဖြင့် ဆေးရုံခေါ်သွားမှပေါ့"

"ခြေထောက်အနာဖြစ်ပြီး အဖျားကြီးနေလို့ နီးတဲ့ဆေးခန်း
ခေါ်လာတာ၊ နင် ဖြစ်နေမယ်လို့ မထင်ဘူး အသက်ရဲ့၊ ငါ့ညီမကို
အရင်ဆုံး ကြည့်ပေးကွာ"

"ကြည့်! ... ဗိုလ်က ကျပြန်ပြီ၊ နင့်မှာ ဘယ်တုန်းက
ညီမ ရှိခဲ့လို့လဲ"

"ညီမဆို ညီမလို့ မှတ်ပေါ့"

"အေးပါ ... အရေးကြီးတယ်ဆိုလို့ ဦးစားပေးလိုက်ပါ့မယ်၊
ခေါ်လာခဲ့"

စကားပြောပြီးနောက် 'တျာ့' ကို သူ လာပွေ့ချီပြန်လေ၏။
လူနာခုတင်ထက် တင်ပေးစဉ် 'ဒေါက်တာ သက်သက်ဝေ' က ခပ်
ပြုံးပြုံးဖြင့် ကြည့်ပေးလေသည်။

ဘယ်လိုဖြစ်ပြီး ဒီဆရာဝန်မလေးနှင့် သူက သူငယ်ချင်း
ဖြစ်နေရပြန်တာပါလိမ့်။ အားနာစရာတွေက တစ်ခုပြီးတစ်ခု ဖြစ်
လာတာမှ ဆက်တိုက်ကြီးပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"လူနာကလည်း ချစ်စရာလေးဟယ်၊ ဘယ်ကနေ ရှာတွေ့လာတာလဲ"

"နောက်မနေနဲ့ ... အဖျားက (၁၀၃) လောက် ရှိလိမ့်မယ် ကြည့်ရတာ ခြေထောက်နာက ခွဲရမယ်ထင်တာပဲ"

"အဲဒီလောက်သိနေရင် ကိုယ့်ဘာသာ ကုပါတော့လား ဘာလို့ခေါ်လာသေးလဲ"

"ငါက ဆရာဝန်မှမဟုတ်တာ"

"နင် ဆေးကျောင်းတက်လို့ရရဲ့သားနဲ့ ငြင်းခဲ့တာကိုး အဟုတ်ကို (၁၀၃) ပဲ၊ ခြေထောက်က ဘယ်လိုဖြစ်ရတာလဲ"

"ခလုတ်တိုက်ပြီး အသားကြေသွားတာတဲ့"

"ငါ့, လူနာကို မေးသမျှ နင်ချည်း ဖြေနေ၊ သိလား"

"ဟိုမှာ နာနေတာ ... သနားပါဦး ဒေါက်တာအသက်ရဲ့"

"ကျွတ်! ... ကျွတ်! ... ဟုတ်တယ် ခွဲမှရမယ်"

"ဟင်! ... မခွဲလို့ မရဘူးလား"

"မခွဲရင် ပုပ်သွားမှာပေါ့ ... တျာ၊ ခြေမ အဖြတ်ခံချင်လို့လား"

"ဟင့်အင်း"

"ဒါဖြင့် ခဏတော့ အောင့်ခံလိုက် သိလား၊ ကိုယ်တစ်ယောက်လုံးရှိတယ် ... အားမငယ်နဲ့"





"အမယ်လေး ... အားကိုးလိုက်ချင်တာနော် ... ဒီလိုအစ်ကိုမျိုး"

အပြောက ကောင်းပါရဲ့။ လူနာကဖြင့် မချိမဆံ့ အနာခံရတာပါလေ။ အသားကြေသွားတာမို့ အနာကရင်းပြီး သွေးစုသွားမို့ 'ဒေါက်တာသက်သက်ဝေ' က ရေနွေးငွေ့ဖြင့် ဖန်ရေအရင်ဆေးကာ ခွဲစိတ်ဓားဖြင့် ခွဲပေးလေတော့၏။ အသည်းမာပါသည့်ဆိုသည့် တျာက မျက်စိစုံမှိတ်အံကြိတ်ထားကာ အသက်အောင့်ထားရလေသည်။

သူက ဘေးမှရပ်ကာ 'တျာ့'ပန်းကို အသာကိုင်လျက် လက်ကိုပါ ဆုပ်ထားပေးလေ၏။ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပါဘဲ မျက်ရည်တပေါက်ပေါက်ကျကာ ငိုချလိုက်မိတော့သည်။ အနာကြောင့် ရှက်နိုင်တော့ပါလေ။

ခွဲသည့်ဒဏ်ရာကို ပြန်ချုပ်ပေးတာက သုံးချက် ဆိုပေမယ့် အသည်းခိုက်အောင် နာပါ၏။

"ဥုဖွ! ... ဥုဖွ! တိတ်တိတ် ... မကြာခင် ပျောက်သွားမှာပါ တျာရယ်"

"ဆေးထိုးရမယ် ... သောက်ဆေးနှစ်ရက်စာ ယူသွားပါ၊ အညှော်လုံးဝမမိပါစေနဲ့၊ နာမည်နဲ့အသက်ပြောပါ"

"တျာပါ ... (၂၃) နှစ်"

"ဟော! ... တျာဆိုတော့ Rose ရဲ့ကျူရှင်ဆရာမများလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဟောတော်! … ဖြစ်ရမယ်၊ သက်က Rose ရဲ့အဒေါ်ပါ ဒါဆို သူရရဲ့တီချယ်ပဲပေါ့နော်၊ လက်စသတ်တော့ ဒီလိုဒီလိုကိုး"

"အရေးထဲ အမျိုးစပ်ပြနေသေးတယ်"

"နင်ပဲ ညီမဆို … အလိမ်အညာရဲ့၊ ငါ မပြောလိုက်ချင် ဘူး"

'ဒေါက်တာသက်သက်ဝေ' ကို နှုတ်ဆက်၍ ထွက်လာ… အပြင်မှ စာရေးမလေးထံမှာ ဆေးယူပြီးမှ ကားပေါ်တက်ရလေ… သူစိမ်းရှေ့မှာ အချိုလည်း ခံရပြီးပြီ၊ ငိုလည်း ငိုရပြီးပြီ။ အရှက်တော့ ပြန်မပြန်းကွဲပါလေရော။ တိုက်ခန်းဆီ ပြန်အတက်မှာလည်း ထိုသို့… ပြန်ပွေ့ချီကာ တက်ခဲ့ရပါ၏။ သုံးလွှာတိုက်ခန်းရှေ့မှာမှ လမ်းလျှော… စေရန် ချပေးလေသည်။

"ဟော! … ပြန်လာပြီ၊ သက်သာရဲ့လား သမီး"

"ခွဲရတယ်"

"ဟောတော် … ဖြစ်ရမယ်၊ အဖျားရှိသေးရင် ထမင်း… နဲ့လေ၊ အန်တီလေး ခေါက်ဆွဲချောင်း ပြုတ်ထားပေးတယ်၊ သား… တစ်ခါတည်း စားသွားပါလားကွယ်"

"အန်တီလေးကလည်း ကောင်းကောင်းကန်းကန်း … ကျွေးရလား"





"ကောင်းပါတယ် သမီးရဲ့၊ ငါးဆုပ်လုံးလေးနဲ့ အရသာရှိရှိ ပြုတ်ထားတာပါ"

ပြောကို မပြောချင်တော့ပါ။ သူစိမ်းတစ်ဦးအိမ်ကို ဝင်ထွက်စားသောက်နေတာကို 'ဈာန်'သာ သိလျှင်ဖြင့် ပြဿနာရှာတော့မှာ လေး ခက်ပါရဲ့ 'တျာ'။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ပစ္စည်းတွေ ပါလာတာမို့ ကားပေါ်မှ သယ်ချလာပါ

မှန်တံခါးကို ကျောဖြင့် တွန်း၍ ဝင်လိုက်စဉ် စက္ကူပုံးထက်တင်လာ

သည့် ပစ္စည်းတွေက ကတ္တီပါကော်ဇောထက် လျှောကျသွားလေ

တော့သည်။ ဒီရက်ပိုင်း အလုပ်လုပ်တာ အဆင်ကို မပြေပါဘူး။

"တောက်! ကျစ်!"

"မနိုင်လည်း ငါတို့ ကူသယ်ပေးမှာပေါ့, ရှာန်ရာ"

"ကြည့်မကောင်းရင် ကူမှပေါ့။ ကားပေါ်မှာ ကျန်သေးတယ်"

'စည်သူ' ရော 'ကျော်စွာ' ပါ သူပြောလိုက်သဖြင့် ဆိုင်

သို့ ထွက်လေတော့၏။ ပုံးကို ကောင်တာထက် ခဏတင်





ာစောက ကျကျန်ခဲ့သည့် ပစ္စည်းတွေကို အမြန်ကောက်ရပါသည်။

ှစ်ကောင်က ပစ္စည်းသယ်ရင်း မပြင်မကန်းနှင့် နင်းတော့မှာကိုး။

ယ်တော့မှ အလိုက်တသိကို မရှိပါဘူး။ နှစ်ခါပြန်လုပ်တာလောက်

စ်တိုတာမရှိတော့ပါ။ အဆင်မပြေတာများ ဒီရက်ပိုင်း အရောင်း

ဝယ်ပင် ပါးနေတာမို့ ပိုစိတ်ရှုပ်ရတာပါလေ။

"ထားလိုက် . . . ထားလိုက်၊ ငါတို့ပဲ သယ်ပေးမယ်"

"ချောင်ထဲ သိပ်မရောက်စေနဲ့နော်၊ သိပ်မကြာခင် တင်ရ

ာမှာ"

"အေးပါ"

Voucher စာရွက်ကို File ထဲမှာ Clip ဖြင့် တွဲလိုက်ပြီး

ည်းအဝယ်စာရင်း မှတ်စဉ်မှာ ဘောပင်က မင်ကုန်သွားသဖြင့်

ပါက်လိုက်မိ၏။ 'ကျော်စွာ' က သူပစ်လိုက်သည့် ဘောပင်ကို

က်ယူလျက် အမှိုက်ပုံးထဲသို့ ထည့်ပေးလေသည်။ အံဆွဲကို ဖွင့်

ည့်စဉ် ဘောပင်ရှာမရ၍ ဆောင့်အောင့်ပိတ်မိရာ လက်က ညပ်

တော့၏။ အဆင်မပြေဘူး 'တျာ' ရယ်။

"ဟာကွာ . . . တောက်!"

"စိတ်လျှော့ . . . စိတ်လျှော့ ရှာန်ရေ၊ နှစ်ရက်သုံးရက်လုံး

က်နှာ ဒီလောက်ရှုံ့မဲ့နေလို့ ဆိုင်လည်း လာဘ်တိတ်နေပြီ"

"မဆိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်,မဆိုင်တော့မသိဘူး ... လက်တွေ့ဖြစ်နေတာ မျက်မြင်ပဲ၊ Pen တွေက အသစ်မဖောက်ရသေးလို့ အထုပ်ထဲမှာ ရှိသေးတယ်"

နံရံကပ်ဗီရိုကို ဖွင့်လျက် အောက်ဆုံးထပ်မှ အထုပ်ကို ဖောက်လိုက်ရာ အလိုက်သင့် မပွင့်သွားပါဘဲ Plastic bag က ဖြန်း ကွဲလေ၏။ ဘောပင်ခြောက်ချောင်းစလုံး ကော်ဖောထက် အကုန် ကုန်တော့သည်။ ငါနော်! ... အကုန်လုံး ထုနှက်ချေပစ်လိုက် တော့တာပါပဲ။

"ကျစ်!"

"ဩော် ... အချစ် ... အချစ် ... လူကို နေမ ထိုင်မသာ, စားမဝင်အိပ်မပျော်, အလုပ်ပျက်စေတာက အချစ်တဲ့လား

"ဟိုကောင်"

"မင်းကိုကြည့်ရတာ ပူလောင်ပဲ့ ရှာနိရာ၊ မျောက်ငပိ မိသလို ပျာယာခတ်နေတာပဲ၊ ဘယ်လိုဖြစ်နေတာလဲ"

"မသိဘူးကွာ ... မသိဘူး"

"တို့ဘူ့ကို phone ဆက်လို့မရတာ နှစ်ရက်ရှိနေပြီတဲ့"

"သူ့အဒေါ်ဆီ ဆက်ပေါ့ကွာ"

"ဆက်တယ် ... ဆက်သမျှ နေ့ရောညပါ ဆက် ပေါ့ပေါ့လေးပြောလို့ စိတ်တိုတာနဲ့ သေတော့မယ်"





"ဘာတဲ့လဲ"

"နည်းနည်းဖျားလို့တဲ့"

"အေးလေ ... ဖြစ်နိုင်တာပဲဟာ"

"ဘာဖြစ်နိုင်ရမှာလဲ ... ခေါင်းမူးဗိုက်အောင့်ကအစ ငါ့ကို ပြောတဲ့ သူက အခု phone ပိတ်ထားတာကြောင့်လည်း ... တ်နေမကောင်းဖြစ်လို့နေမှာပေါ့"

"ဒါဆိုလည်း သွားတွေ့ပေါ့ကွာ ... ခက်တာမှတ်လို့"

"မရွှေချောက မလာနဲ့တဲ့လေ၊ ကဲ ... စိတ်မတိုဘဲ ရှိမ

သူ့စကားကြောင့် သူငယ်ချင်းတွေ ရယ်ကုန်လေပြီ။ စိတ်တို တိုတယ်ပြောတာ ဘာဖြစ်လဲ။ မှန်တာ ပြောတာပဲလေ။ မိုးပဲ နေပြီ။ ဘယ်လိုဖြစ်ပြီး ထဖျားရပါသလဲ။ စိတ်မပူနဲ့ဆိုပြီး phone အဆက်အသွယ်ဖြတ်ထားမှတော့ ဒီမှာ ငါးရံ့ပြာလူးဖြစ်နေတာ ပါတော့မလား စိတ်တိုတယ်နော် ... စိတ်တိုတယ်။

"အခုတလော ဘာမှကို အဆင်မပြေဘူး"

"ရှာန်"

"ဘာလဲ"

"တို့ဘူ့ကို မင်းချစ်တာ သေချာလို့လား"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . . ငါတို့ကြည့်တာတော့ မင်းက ကို ကိုယ်ကိုယ် ချစ်တာက ပိုများနေတယ်၊ တျာ့အပေါ်ကောင်းတာ တစ်မတ်ဖိုးပဲ ထားပါတော့၊ အနိုင်ယူဗိုလ်ကျတာက သုံးမတ်ဖိုးလော ရှိနေတာ"

"အဲဒါ ဘာဖြစ်လဲ"

"ချစ်လို့ဆိုးတယ်ဆိုတာမျိုးက မိန်းကလေးတွေပဲ ဖြစ် ပါတယ်ကွာ။ တျာ့, သနားပါတယ်"

"ဟော့ကောင်! စည်သူ . . . စောစောစီးစီး ငါ့ကို ရန်ရှာ လား၊ တျာ့ကို မင်း ဘာမှသနားစရာမလိုဘူး"

"တဆိတ်ရှိ ၂ ချည်း ဝင်မနေနဲ့ကွ၊ ငါတို့က မင်းနဲ့သူ ချင်း အရင်းခေါက်ခေါက်ကြီးတွေပါ၊ တျာ့အပေါ် မရိုးမသား ဘာ မှမရှိဘူး . . . စိတ်ချ"

"အေး! . . . သူငယ်ချင်း အရင်းကြီးတွေမို့ကို စိတ်မချ တျာလာတိုင်း မင်းတို့မျက်လုံးတွေကဖြစ်နေတာ ငါ မမြင် ထင်နေလား"

"ဒါက လှလို့ကြည့်မိတာပါ . . . ရိုးရိုးသားသား"

"အရိုးတွေ, အသားတွေ ဘာမှလာမပြောနဲ့၊ ဒီမှာ တင် ရတဲ့ကြားထဲ"

"ရှာန်"





"ဘာလဲ"

"တျာ့ကို ချစ်တယ်ဆိုရင်လည်း ချစ်တဲ့စိတ်အပြည့်နဲ့ သူ့ကို ည့်ဆည်းပေးရမှာပေ့ါ . . . အခုမင်းဟာက"

"တျာလိုအပ်သမျှ ငါ အကုန်ဖြည့်ဆည်းပေးနေတာပဲကွ၊ င်းများခြေဆုံး ဘာတစ်ခုမှ မလစ်ဟာသေးဘူး၊ Shampoo, Hair-t, Shower Gel, Towel, Slipper, Slimbag, ထီး၊ ွှေထည်၊ အားလုံးအားလုံး ငါဝယ်ပေးသမျှချည်း သူသုံးနေတာပါ"

'ကျော်စွာ' က သူ့ကိုကြည့်ပြီး ခေါင်းခါပြလေ၏။ ဒါဖြင့် ာများလိုပါသေးသလဲ။ အရိပ်တကြည့်ကြည့် ရှိခဲ့ပါသည့် ချစ်သူကို စားအသောက်ကအစ လိုအပ်တာ မရှိရလေအောင် သူ အမြဲဝယ် း ဖြည့်ပေးခဲ့တာပါ။ ဒါကို 'ကျော်စွာ' က ဘာများမပြည့်ဘူးဟု င်ရပါသနည်း။ ထူးဆန်းလေစွ။

"ငါပြောနေတာ အဲဒီလို ငွေပေးပြီး ဝယ်လို့ရတဲ့ သက်မဲ့ ည်းတွေကို ဆိုလိုတာမဟုတ်ဘူး ရှာန်၊ သူ့အပေါ် ကြင်ကြင်နာနာ ွေးနွေးထွေးထွေး ပြောဆိုဆက်ဆံပေးဖို့ ပြောနေတာ"

"ငါက . . ."

"ဒါတော့ ဟုတ်တယ်၊ တျာ့အပေါ်ဆို မင်း သိပ်နိုင်စားလွန်း ယ်၊ အမြဲတစေ ဟောက်လား၊ ဝေါက်လားနဲ့"

"မင်းဝင်မပါနဲ့၊ ငါက ပတ်ချွဲနှပ်ချွဲမှ မပြောတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်! ... ငါပြောတာ အဲဒီလို ချွဲချွဲပျစ်ပျစ်မျိုး ပြောနိုင် တာ မဟုတ်ဘူးလေ၊ တျာ့စိတ်ချမ်းသာအောင် ပျော်ရွှင်အောင် မ ပြောတတ်,ထားတတ်ဖို့ ပြောနေတာ"

"ဘာ ... တျာ့က အခု စိတ်ဆင်းရဲနေရလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ကြားသုံးကြား မဝင်ကောင်းဘူးဆိုပြီး ငါ့ကိုစွဲကို မ ချင်ပါနဲ့, ကျော်စွာ"

"ဝေဖန်တာမဟုတ်ဘူး, ရှာနိ၊ စေတနာနဲ့ အကြံပေး တာပါ။ တျာ့အပေါ်မှာ မင်းအသက်လို ပုံချစ်တာမဟုတ်လား"

"ဟုတ်တယ် ... အသက်ထက် ပိုတောင်ပိုနေပါသေး တယ်"

"အေး ... အဲဒါဆို မင်းချစ်ပုံချစ်နည်း မမှန်တာကို ကြည့်ပါ, ရှာနိ၊ တျာ့ကို စိတ်ဆင်းရဲနေတယ်လို့ ငါ မဆိုလို ဒါပေမဲ့ ... စိတ်ရှုပ်ပြီး စိုးရိမ်ပူပန်နေတာကိုတော့ ငါတို့ မြင် တယ်"

"ဘယ်လို"

"မင်းက အချိန်ပြည့် သဝန်တိုပြနေမှတော့ သူ့စိတ် လွတ်လပ်ပါတော့မလဲ၊ ဥပမာ ငါတို့နဲ့ စကားပြောရင်တောင်မှ မ လေး ဖြစ်နေတာ၊ ချစ်တယ်ဆိုတိုင်း အနိုင်ရတာ မဟုတ်ဘူး"





"တျာ့ကို ငါ အရမ်းချစ်တယ်ကွ"

"သိတယ်လေ ... သိလို့ပဲ ပြောနေတာ၊ မင်းချစ်တဲ့ပုံစံက ချစ်ပုံမရတဲ့ ကြောက်စရာဖြစ်နေပြီ၊ မင်းတို့နှစ်ယောက်ကို တစ်ယောက် အပေါ်တစ်ယောက် ချစ်ခင်တွယ်တာပြီး လက်ထပ်တာမျိုးပဲ ဖြစ်စေ ချင်တယ်, ရှာနိ၊ မင်းကို ကြောက်ပြီး သူ ခေါင်းညိတ်လိုက်တာမျိုး ဖြစ်စေချင်ဘူး"

ဘုရားရေ! ... ဘာကြီးပါလဲ။ 'တျာ'နဲ့ကိုယ်က ခင်ခဲ့သည့် ကာလ (၁၈) နှစ်ကျော်၊ ချစ်သူဖြစ်ခဲ့တာ (၃) နှစ်ကျော် ရှိခဲ့တာတောင် မှ 'တျာ' က တကယ်မပျော်ရွှင်ဘူးတဲ့လား။ သဝန်တိုတာ, ထိန်းချုပ် တာ, အမိန့်ပေးတာတွေမှန်သမျှ အားလုံးဟာ 'တျာ့' ကို ချစ်လွန်းလို့ ဖြစ်လာတာမှန်း 'တျာ' လည်း သိမှာပါလေ။

"တျာလည်း ငါ့ကိုပဲ ချစ်တာပါ။ တျာ့မှာ ငါတစ်ယောက် တည်းပဲ ရှိတယ်, ကျော်စွာ"

"ရာသီဥတုတောင်မှ အမြဲမမှန်သေးတာ၊ စိတ်ကိုလည်း တသမတ်တည်း ထားလို့မရဘူး, ရှာနိ၊ အခုတောင်မှ မင်း စိတ်တို နေတယ် မဟုတ်လား"

"ဒါက တျာ့ကို လွမ်းလို့ဖြစ်နေတာ"

"အေးလေ ... မတည်ငြိမ်တဲ့သဘောကိုပဲ ငါပြောနေတာ၊ မင်းစိတ်ကို အတတ်နိုင်ဆုံး လျှော့သင့်ပြီ ရှာနိ၊ ဒီလိုသဝန်တိုတာဆိတ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တျာ့ကို သွားပြီး ရန်ရှာအော်ငေါက်တာမျိုး မလုပ်မိအောင်ပေါ့”

“မှန်တယ် ... မင်းအချိုးကို မပြင်နိုင်ရင် တော်ကြ
ရွံ့ကြောက်ကြီးဖြစ်သွားလိမ့်မယ်၊ ဒါထက် ပိုဆိုးတာက သူ့ထ
အသက်ကြီးတဲ့လူ၊ သူ့အနှံ့တာခံတဲ့လူနောက်ကို ချွဲနွဲ့ပြီး ကိုကို
ခေါ်ပြီး ပါသွားလို့ကတော့ မင်း ရင်ကွဲပက်လက်ဖြစ်ကျန်ရစ်မှာ”

“အောင်မာ ... ပါစရာလား ပါရဲပါကြည့် ... နှစ်ယော
စလုံးကို တစ်ခါတည်း သတ်ပစ်မယ်”

“အေး ... အဲဒါပဲ၊ မင်းက လူနဲ့စိတ်ကို မလိုက်ဖက်တ

“ကျွစ်! ... ငါ့ကို လိုက်မရစ်ကြစမ်းနဲ့ကွာ၊ ဒီမှာ စိတ်ည
နေရတဲ့ကြားထဲ”

“လူဆိုတာ သူ့ဘက်ကိုယ့်ဘက် ကြည့်တတ်ရတယ် ဖိုးရ
မင်းနေမကောင်းဖြစ်တုန်းက တျာ ဘယ်လောက်ပင်ပန်းခဲ့သ
အမေပြုစုတာကို လက်မခံဘဲ တျာပဲ ဆေးတိုက်မှ၊ တျာပဲ ဆန်ပြ
ခွံ့ကျွေးမှ၊ တျာပဲ ရေပတ်တိုက်၊ အကျႌလဲပေးမှဆိုပြီး ဘယ်လော
ဂျီကျလိုက်သလဲ။ အခု တျာဖျားနေတော့ မင်း တစ်ချက်သွားကြ
ရဲ့လား”

“သွားချင်တာပေါ့ကွ”

“သွားပါ၊ မသွားပါနဲ့လို့ မတားပါဘူး၊ နည်းနည်းလေ
လေပြည်လေးနဲ့ ကြင်ကြင်နာနာလေး ပြောဆိုပါ၊ ဘာလို့ဖျားတ





ကိုယ့်ကျန်းမာရေးတောင် ကိုယ်ဂရုမစိုက်ဘူး၊ လူကို စိတ်ပူအောင်
လုပ်ပြီဆိုပြီး ကန့်လန့်ချည်း မပြောမိစေနဲ့”

“ပူမနေနဲ့ ဖိုးကျော်ရေ ... ဒီကောင် အဲဒီလိုပြောကိုပြောမှာ
သေချာတယ်၊ စိတ်သာချ”

“ခမျာ ဘယ်လောက် အားငယ်နေရှာမလဲ ... တွေးကြည့်”

ဟုတ်ပါတယ်။ သူကတော့ အတော့်ကို ဆိုးတဲ့ လူဆိုးပါ။
ကိုယ့်ကိုယ်ကိုယ် ဆိုးလို့ဆိုးမှန်းပင် မသိဘဲ ဘေးလူပြောမှသာ သိရ
တာပါလေ။ နားလည်ပေးနိုင်ရဲ့လား, ‘တျာ’။ နားလည်မှာပါနော်။
ကိုယ်က ‘တျာ့’ ကို သိပ်ချစ်မှန်း ‘တျာ’ သိတာမို့ပါ။ ချစ်လွန်းလို့
ဆိုးမိတာပါ ‘တျာ’ ရယ်။

“တျာ့ကို ငါ ဂရုစိုက်ပါတယ်”

“ဘာဂရုစိုက်တာလဲ၊ ဒီလိုမနေနဲ့၊ ဒီလိုမပြုံးနဲ့၊ ဒီလိုမကြည့်
နဲ့ ဒီလိုဝတ်၊ ဒီဟာယူ၊ ဒါမစားနဲ့ ... ဆိုပြီး ဂရုစိုက်တာလား”

“အေးလေ”

“မင်းတို့ကလည်းကွာ ... ရေနစ်သူ ဝါးကူထိုးနေပြန်ပါပြီ”

“နစ်မှာစိုးလို့ သတိပေးနေတာပါ ဗျာနော်၊ မင်း အတော်
ပြောရခက်တဲ့ကောင်ပဲ၊ ချစ်တယ်ဆိုတာ ပြောရုံနဲ့ မပြီးဘူး၊ သူသိ
အောင်လည်း ပြနိုင်ရတယ်ကွ”

“ငါက ဒီထက်ပိုပြီး ဘာကို ဘယ်လိုပြရမှာလဲ၊ ချိုင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ခွဲပြရုံပဲ ကျန်တော့တယ်”

“တွေ့လား . . . ပြောရင် ရွံ့ပြီ၊ မင်းကို တျှာမို့ သည်းခံ နိုင်တာ၊ ငါသာ တျှာဆို တာ့တာပဲ ဟော့ကောင်၊ ဘယ့်နှယ်! . . . အသက်ရှူလို့မရအောင်ကို ချစ်တတ်လွန်းတယ်”

“တျှာက တျှာ . . . မင်းက မင်းပါ စည်သူရာ”

“ဘာပဲဖြစ်ဖြစ် စိတ်ကို နည်းနည်းလေး လျှော့ပြီး ချိုချိုသာ သာလေးပြော၊ စွတ်မှုတ်နေရင် အဝေးကို လွင့်သွားဦးမယ်။ နည်း နည်းလေးပဲ လျှော့ကြည့်လိုက်”

ပြောတော့ဖြင့် လွယ်လိုက်ကြတာ။ ဘယ်သူကရော စိ ကြီးချင်ပါ့မလဲ။ သွေးဆူလွယ်လွန်းလို့ လူက မီးထတောက်တော့မ နှယ် အမြဲပူနေရတာပါ။ ဒေါသထွက်တတ်လွန်းလို့ ရုပ်လည်း နဂိုထ ဆိုးနေလောက်ပြီ၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ကိုယ်တောင်မှ မညှိနိုင လေ။

နည်းနည်းလျှော့တဲ့ ‘တျှာ’ . . . မလျှော့နိုင်ပါဘူး။ အချစ် လျှော့ဖို့မဟုတ်ဘဲ တိုးဖို့သာ ရှိတာမဟုတ်လား။ ဒီလိုအချစ် တိုးပွားလာမှသာ နှစ်ကိုယ်တူနီးဖို့ အရေးက ပိုနီးကပ်လာမှာ နောက်ထပ်နှစ်နှစ်ကို တစ်နှစ်ဆိုပြီး မာမီ့ကို မရမက ပူဆာရတော့ လေ။ မာမီတို့ သား, ‘တျှာ့’ ကို မခွဲနိုင်တော့လို့ပါ။





အချစ်ဟာ အချစ်ပါပဲ။
ချစ်တာကို အပြစ်ဆိုမိရင်
ကိုယ်တို့ဝေးဖို့အတွက်
ကံကြမ္မာက ဝင်စွက်လိမ့်မယ် ‘တျှာ’။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကားကို 'တျာ' တို့ တိုက်ခန်းဖက်လမ်းကို ကွေ့လိုက်ပါ၏။ မုန့်တိုက်မှာဝင်ပြီး 'တျာ' သိပ်ကြိုက်သည့် ဂဏန်းပေါင်မုန့်သုံးကောင် ဝယ်ခဲ့သလို သစ်သီးဆိုင်မှာလည်း ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီးတို့ကို အလုံးလှလှလေးတွေ စိမ်ပြေနပြေ ရွေးပြီး ဝယ်လာခဲ့သည်။

သစ်သီးဆိုင်က အဒေါ်ကြီးပင် 'ကောင်မလေးဆိုလည်း အဲဒီလို သေချာရွေးပါ'' တဲ့လေ။ အမှန်ဆို သူ့မှာက ကောင်မလေးရှိနေပြီးသား မဟုတ်လား။

"တီ! တီ!"





ဟွန်းသံပေး၍ ကျော်တက်ချင်သည့် ကားကို ဦးစားပေးလိုက်ပါ၏။ နောက်ဆုံးပေါ်ကားသစ် (ခပ်မြင့်မြင့်) က သူ့လမ်းကြောင်းအတိုင်း ဆက်သွားနေတာပါ။ ဘာကိုများ အလျှင်လိုပြီး လောနေရတာပါလိမ့်။ အားရှိစေမည့် Ovaltine တို့၊ Milo တို့ကို ဝယ်လာပေးပေမယ့် 'တျာ' မသောက်ဖြစ်ဘဲ 'အန်တီသော်' သာ သောက်မှာပါ။

ကွေကာအုပ်ပုလင်းကိုတော့ မမေ့မလျော့ ဝယ်ဖြစ်ခဲ့ပါ၏။ နေမကောင်းဖြစ်ချိန် ရင်တုန်တတ်တာမို့ လက်ဖက်ရည်တော့ မသောက်ခိုင်းရမှာပါ။

အလို! . . . အေးအေးသာသာ ပြောရပါမည်ဆိုမှ အမိန့်ဆန်ဆန်အတွေးက ဘယ်လိုထွက်လာရပါသနည်း။ အကျင့်ဖြစ်နေလို့ပါ၊ 'တျာ'။ ငယ်ငယ်ကတည်းက စွဲနေခဲ့တဲ့ အကျင့်ကို ဒီအရွယ်ရောက်မှ ဘယ်လိုလုပ်ပြီး ဖျောက်ဖျက်လို့ရပါ့မလဲ။ 'တျာ' ထိန်းမတ်ပေးမှ တော်မတ်ရပ်နိုင်မယ့် ရုပ်သေးရုပ်လေးမို့ပါ၊ 'တျာ'။

"ဟင်!"

ဒီဘက်ကို ကွေ့ဝင်လိုက်စဉ် စောစောက ကားက 'တျာ' တို့ တိုက်ခန်းလှေကားရှေ့မှာ ရပ်ထားလေ၏။ လမ်းမှာ မီးပွိုင့်တိုးပြီး သူ့ကား ကျန်ရစ်ခဲ့တာမို့ ဒီကားကို မမီတော့ပါ။ ဘယ်ကိုလာသည့်ကားပါလိမ့်။ ရင်ထဲထိတ်သွားပေမယ့် မဖြစ်လောက်ပါဘူးဟု တွေးကာ သက်ပြင်းမှုတ်ထုတ်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတော့ 'တျာ' နှင့်ပတ်သက်လျှင် အမြဲတစေ စိုးရိမ်စိတ်တို့ ပြည့်နှက်နေတာ မဟုတ်ပါလား။

'တျာ' က (နေမကောင်းလျှင်) ရှုဆေးရှုတာ နှစ်သက်တာ ရှုဆေးဗူးဝယ်ဖို့ မေ့နေတာကို သတိရပြီး 'မမော်' ဆိုင်ထဲမှာ အမြန် ပြေးဝယ်ရလေ၏။ ပြီးမှ ကားထဲရှိ ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်သယ်လျက် လှေကားထစ်တို့ကို ခပ်သွက်သွက်တက်ခဲ့ပါသည်။ သုံးလွှာ အရောက်မှာ အမောဆို့သွားတာကို ခဏမျှ အမောဖြေပြီးမှ တံခါး bell ကို နှိပ်လိုက်ပါ၏။

"တင်းတောင်!"

ချက်ချင်း လာမဖွင့်တာမို့ အိပ်ခန်းထဲ ဒါမှမဟုတ် မီးဖိုချောင်ထဲ ရောက်နေသည် ထင်ပါရဲ့။ စိတ်ကိုရှည်ရှည်ထားပြီး တံခါး bell ကို ထပ်နှိပ်လိုက်ပါ၏။ ခြေသံတရှပ်ရှပ် ကြားနေရပြီမို့ လက်ထဲမှ အထုပ်တွေကို စုကိုင်ထားရာမှ ခွဲ၍ သယ်လိုက်ပါသည်။ 'အန်ဒီ သော်' က လူကြီးမို့ သယ်ခိုင်းလို့မရတာကိုး။

"ဂျလောက်!"

"ဪ ... ညော့သည်ထင်တယ်"

"ဟင်!"

ရင်ဘတ်အတွင်းမှ ဒိန်းခနဲဆောင့်မြည်သံနှင့်အတူ မျက်လုံးထဲ ပြာဝေသွားရလေ၏။ သွေးခုန်နှုန်းတို့ ကပြောင်းကပြန် ဖြစ်ကာ





သည့်နှယ် လူက ထိန်းမရတော့ပါ။ 'တျာ' တို့တိုက်ခန်းမှာ ဒီလို ချစ်မ်းယောက်ျားက ဘာလို့ရှိနေရပါသလဲ။ အတွေးကို ဆက်မတွေး သာတဲ့ ထိုလူကို တွန်းတိုက်လျက် တိုက်ခန်းထဲ အမြန်ဝင်လိုက်မိပါ၏။

"တျာ!"

"ရှင်!"

နောက်ဖေးဘက်မှ ထွက်လာသည့် 'တျာ' က အဝါနုရောင် blouse လေးနှင့် ကျောက်စိမ်းရောင်အခံပေါ် ရွက်ဝါခက်လေး ကျဲ ထားပါသည့် လုံချည်ပျော့လေးနှင့် အတော့်ကိုလှပသည့် ပုံစံလေး ဖြစ်နေသလို လန်းဆန်းသည့် အပြုံးမျိုးဖြင့် မြင်တွေ့ရပါရောလား။ ဒါဟာ နေမကောင်းဘူးဆိုသည့် 'တျာ' တဲ့လေ။

"တျာ!"

"ရှာန်"

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ"

"ခဏလေး, ရှာန် ... တျာပြောမယ်"

"ဘာမှမပြောနဲ့! ... မကြားချင်ဘူး နေမကောင်းဘူးဆိုပြီး phone ကို ပိတ်ထားတာက သုံးရက်၊ ဘာအဆက်မသွယ်မှမရဘဲ ကိုယ်ကောင် ဘယ်လိုနေမလဲ တွေးကြည့်မိရဲ့လား"

"ရှာန်"

"လာမယ်ဆိုတော့လည်း စိတ်မပူနဲ့ဆိုပြီး မလာခိုင်းဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသဘောလဲ, တျာ''

''အဲဒါ ဈာန့်အတွက် ပြောတာပါ''

''ဘာ! ... ဘာအတွက်လဲ၊ လျှာအရိုးမရှိတိုင်း လျှောက်မပြောစမ်းပါနဲ့၊ မင်း ဘာအချိုး ချိုးနေလဲဆိုတာ ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်နေလို့ ပြောနေတာကွ!''

''ဈာန်''

''နေပါဦး ... ဘယ်လိုဖြစ်တာလဲ၊ ဖြည်းဖြည်းသာသာ ပြောမှပေါ့''

''မင်း ဘာမှဝင်ပြောစရာ အကြောင်းမရှိဘူး, ဟော့ကောင်!''

စောစောကလူက သူတို့အနီးသို့ ရောက်လာလေ၏။ ဆရာဝင်လုပ်ချင်သည့်ကောင်ကို ခပ်မာမာပင် ပိတ်ပြောလိုက်မိပါသည်။ 'တျာ' ရယ် ... ကိုယ် ဒီလောက်ချစ်ခဲ့တာတောင်မှ ဒီလိုသူစိမ်း... အိမ်ထဲခေါ်ရတယ်လို့။ ဘယ်လောက်ရင်းနှီးနေလို့များလဲ။ ကိုယ့်... တော့ မခေါ်ဘဲ ဒီကောင်ကိုတော့ လာခိုင်းတယ်ပေါ့လေ။ ရင်ဘတ်... ထဲမှာ စူးနင့်ပြီး နာကျင်ခံစားရသည့် ဝေဒနာက ပို၍ဆိုးလာသလို... လား။

''ဈာန့် ... အစ်ကိုက နှင့်ထက် အသက်ကြီးတဲ့သူပါ။ ... မသေ မပြောပါနဲ့''

''ဘာ! ... ဒီလိုကောင်မျိုးကို ငါက ဘာကိစ္စနဲ့ တရိုတသေ...





...ပြောပြနေရမှာလဲ၊ အရေးမပါတာတွေ''

ကြည့်စမ်း! ... 'အစ်ကို' တဲ့။ ဘာကို သဘောကျပြီး ...အားကိုးတကြီးနဲ့ ခေါ်ရပါသလဲ။ သူ့ကို 'မောင်' ဟုခေါ်ဖို့ ပြောတုန်း ...ဖြင့် စေ့စပ်ပြီးမှဆိုပြီး အချိန်ဆွဲနေခဲ့တာပါလေ။ သူနဲ့ တွဲနေတာ...တောင်မှ ဒီလိုကောင်မျိုးနဲ့ တိတ်တိတ်ပုန်းတွဲဖြစ်နေတာများလား။ ...သံသယဆိုသည့် အရာက သူ့ဦးနှောက်ထဲသို့ မုန်တိုင်းဝင်မွှေသည့် ...ယ် ရောက်လာလေပြီ။

မနေ့ကပဲ သူငယ်ချင်းတွေ သတိပေးခဲ့တာ ဘာများကြာသေး...လဲ။ သူက 'တျာ'ရဲ့ဘက်မှာနေပြီး စည်သူတို့ကိုတောင်မှ ရန်စောင်...ခဲ့တာပါ။ အခုတော့ သူငယ်ချင်းတွေစိုးရိမ်သည့်အတိုင်း ဖြစ်လာ...ယ်လို့၊ မျက်နှာများတယ်ဆိုတာ ယောကျ်ားလေးတွေသာ ဖြစ်ရမှာ... 'တျာ'။

အခုတော့ လှေနံနှစ်ဖက်နင်းသလို အရုပ်ဆိုးအကျည်းတန်...ည့်လုပ်ရပ်မျိုး လုပ်နေရတယ်လို့၊ အိမ်မှာ အတူရှိနေပါသည့် ...ဇ်တီသော်' ကရော ဒီအတိုင်းမပြောဘဲ ကြည့်နေခဲ့ပါသလား။

ကိုယ့်ကို ရင်ကွဲအောင် ကြံစည်နေပြီလား 'တျာ'။

''ဒီမှာ ညီ ... ကိုယ်က ...''

''ခင်ဗျား ပါးစပ်ပိတ်ထား!''

''ဟယ်! ... ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ၊ ဈာန့်,



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကရောက်လဲ သား"

"ကြည့်ပြောပေးပါဦး၊ အန်တီ၊ ဒီက ညီလေးက တျာ့

ရန်ရှာနေလို့"

"ဘာကွ! ... မင်း"

သူက အဲဒီလူရဲ့ရင်ဘတ်ကို တွန်းကာ ရုပ်အင်္ကျီကော်လံ

ကို ဆုပ်ကိုင်ထားလိုက်မိပါ၏။ 'အန်တီသော်' က အံ့ဩသွားသော်

ဝင်မခွဲရဲပါ။ သို့သော် ထင်မထားပါသည့် 'တျာ'က သူ့လက်

ဆုပ်ကိုင်၍ ဆွဲပြီး တားလေတော့သည်။ ကြည့်ပါဦး ... ဒီလူ

ထိလို့ ချစ်သူဖြစ်သည့် သူ့ကို တားချင်ရတယ်လို့။

"ဖယ်နော်, ရှာန်၊ အဲဒီလိုမျိုး မလုပ်နဲ့၊ တျာရှင်းပြတာ

နားထောင်ပါဦး"

"မကြားချင်ဘူး! .. ဒီကောင့်ကိုထိလို့ မင်း နာတတ်

လား, တျာ၊ သူက မင်းအတွက် ဘာမို့လို့လဲ၊ ငါ့ထက် ပိုအရေး

တဲ့လူမို့ မင်းဒီလောက်အသည်းအသန်ဖြစ်နေလား ... ဖယ်!"

"အမေ့!"

"တာ! ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

လက်ကို လာဆုပ်ကိုင်ထားသည့် 'တျာ့' ကို ရုန်းဖယ်

သဖြင့် အိပ်ခန်းရှေ့မှာ 'တျာ'က ပုံခနဲ လဲကျသွားလေ၏။ '

ကို ထူဖို့ထက် ဒီလူကိုသာ ဆွဲထိုးချင်စိတ်က များနေတာပါ။ ဒီလော





ထားနေသည့်ကြားမှပင် ထိုလူက 'တျာ့' ကိုထူရန် လက်မောင်းကို

ကိုင်လိုက်လေသည်။ ကြည့်စမ်း! ... အတော်ရဲတင်းလှချည်လား။

ချစ်သူ့ကို သူ့ရှေ့မှာ ပိုင်စိုးပိုင်နင်းဖြင့် အသားထိချင်ရတယ်လို့။

"မင်း!"

"ဟဲ့! ... ဟဲ့! ... ဘာဖြစ်ကုန်ပြီလဲ"

ပြောသားပဲ ... သူက စိတ်မြန်လက်မြန်တဲ့လူပါလို့။ 'တျာ့'

ကို လက်မောင်းကိုင်တဲ့ကောင်ရဲ့မျက်နှာကို လက်သီးစာ ခပ်ပြင်းပြင်း

တစ်ချက်ထိုးလိုက်မိလေ၏။ လူကောင်ထွားပါသည့် ဟိုလူက သိပ်နာ

သွားပုံမရပါ။ သူ့လက်ကတော့ အတော်လေး နာသွားရလေသည်။

"ရှာန်! ... နင် မိုက်ရိုင်းလှချည်လား"

"ဘာပြောတယ်"

"နင့်ထက် အသက်ကြီးပါတယ်လို့ ဒီလောက် အသိပေးနေ

တာတောင်မှ လုပ်ဖြစ်အောင်ကို လုပ်လိုက်တယ်"

"လုပ်တော့ ဘာဖြစ်လဲ၊ မင်းအသားကိုထိလို့ လုပ်လိုက်တာ

လေ၊ မကျေနပ်ဘူးလား။ ဒီကောင်က ဘာကောင်မို့လို့လဲကွ"

"တော်ပါတော့ သားရယ် ... အန်တီသော် တောင်းပန်ပါ

တယ်"

"အန်တီသော် ကြားထဲက တောင်းပန်စရာမလိုပါဘူး၊ ဒါ

ကျွန်တော်နဲ့သူ့ကြားက ကိစ္စပါ၊ အလုပ်မအားလွန်းလို့ မတွေ့ဖြစ်ရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ဒီအထိတောင် ဖြစ်ကုန်တာတဲ့လား။ ဘယ်လိုမှ မ
နိုင်စရာ''

''ပြဿနာကို အေးအေးဆေးဆေးဖြေရှင်းဖို့ အန်တီသော်
ပြောချင်တာပါကွယ်၊ သားစိတ်ကို အန်တီသော် သိပါတယ်''

''အန်တီသော်က သိပြီး တျာက ဘာလို့မသိရတာ
ကျွန်တော့်ဘဝမှာ တျာက အရေးအကြီးဆုံးပါ၊ အသက်ထက်ပို
တန်ဖိုးထားခဲ့သမျှ ပုံချစ်ခဲ့သမျှ ဒီလိုနည်းနဲ့ သစ္စာဖောက်ရက်မယ်
ထင်ကိုမထင်မိဘူး။ မင်း သိပ်ရက်စက်တယ်, တျာ''

''မဟုတ်ဘူး''

''မင်းကို ကိုယ်, ပိုင်တယ် 'တျာ'၊ မင်းရဲ့နှလုံးသားကို
စိတ်ကိုပါ ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရခဲ့တာပါ၊ ဒီတော့ ကိုယ်ကလွဲပြီး တ
ဘယ်သူစိမ်းယောကျ်ားမျိုးကိုမှ မကြည့်နဲ့၊ မမြင်နဲ့၊ လုံးဝမချစ်မိ
နဲ့! ... သိရဲ့လား''

''တော်ပါတော့''

''မတော်နိုင်ဘူး''

ပခုံးကို လှုပ်ကိုင်ယမ်းလိုက်မိပါ၏။ ခပ်ပါးပါးခန္ဓာကိုယ်
က သူ့လက်ထဲမှာ ပျော့ခွေနေတော့တာပါ။ ချစ်သူသစ်ရှာခဲ့
နှစ်ဦးစလုံးကို အသေသတ်ပစ်မည်ဟု ကြုံးဝါးထားခဲ့သမျှ လက်
မှာ အမှန်တကယ် ဖြစ်လာလေပြီ ... ဒီလိုပြုမူဖို့ ရည်ရွယ်





ရင်လည်း 'ရျာန်' ဆိုတဲ့ကောင်ကို ရင်ခွဲပြီး နှလုံးသားကို ပက်တက်
အသေသတ်ခဲ့ပြီးမှ ဆုံးဖြတ်ပါလား 'တျာ' ရယ်။

''ကိုယ်က ... တျာနဲ့ ဘာမှမပတ်သက်ပါဘူး, ညီ''

''ဘာ!''

''တျာ့တပည့်ရဲ့ဦးလေးပါ''

သူ အူကြောင်ကြောင် ဖြစ်သွားရပါ၏။ ဘုရားရေ! ...
တွေ ဘယ်လိုဖြစ်ကုန်ပြန်ပြီလဲ။ သူတစ်ပြန်ကိုယ်တစ်ပြန် အထိုး
ကိုက်ရသည့်လူက စိတ်မဆိုးပါဘဲ လေပြည်လေးနှင့် ရှင်းပြနေတာ
'တျာ့' တပည့်ရဲ့ဦးလေးတဲ့လား။ ဒါဖြင့် ဒီလူက ဘာကြောင့်
ကို ဒီနေရာကို ဝင်ထွက်ပတ်သက်နေရပါသလဲ။

''အကယ်၍ အပြစ်ရှိခဲ့ရင်တောင် တျာတို့အိမ်ကို ဝင်ထွက်
တဲ့ ကိုယ့်မှာပဲ အပြစ်ရှိနေမှာပါ''

''ဘာရယ်''

''တျာ နေမကောင်းဖြစ်တာ အမှန်ပဲ, ညီ၊ ခြေမအသား
ကြသွားပြီး အနာဖြစ်လို့ ခွဲစိတ်ခဲ့ရပါတယ်''

''ဟင်!''

''အဲဒါနဲ့ တျာအကူအညီလိုလို့ ကိုယ်က စေတနာသန့်သန့်နဲ့
ညီပေးမိရုံပါ၊ ဒီထက်မပိုပါဘူး, ညီ''

မျက်ရည်စက်လက်နှင့် 'တျာ' က ဘာမှမပြောနိုင်ပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းက ဝင်ရှင်းပေးတာကြောင့် စိတ်ကသိကအောင့်ဖြစ်ရပါ
လွန်ပြန်ပြီလား။ ဒီလောက် 'ကျော်စွာ'တို့ သတိအတန်တန်ပေးခဲ့
လျက်နဲ့ မဆင်မခြင် မရူးမစမ်းဖြင့် တဖွတ်ထိုးလုပ်မိပြန်ချေပြီ။ မင်
တော့ သေပြီ 'ရှာန်'။

"ဒီနေ့ ဆေးခန်းပြတာ နောက်ဆုံးရက်ပါ၊ မယုံရင် အ
ဆေးခန်းက ကိုယ့်သူငယ်ချင်း ဒေါက်တာသက်သက်ဝေကို သွားမေ
လို့ ရပါတယ်၊ ကိုယ် ပြန်ဦးမယ်, တျာ၊ ခွင့်ပြုပါဦး, . . . အန်တီ

သူစိမ်းက သူတို့ရှေ့မှာပင် ပြန်ထွက်သွားလေပြီ။ ဆူ
ပွက်လောရိုက်ခဲ့ပါသည့် အခန်းက ခုတော့ဖြင့် တိတ်ဆိတ်သွားလေ
၏။ မှားပြန်ပြီပေါ့ . . . ဆိုးမိပြန်လေပြီ။ ညဉ့်ဆိုသည်ကလည်း ပြ
ဖို့ ခက်သားလား။ 'တျာ့'ကို ဆွဲထူရန် ပြင်လိုက်စဉ် လက်ကို ဖယ်
ထုတ်ခြင်း ခံလိုက်ရလေ၏။

"အစ်ကို့ကို တောင်းပန်ပြီးမှ ဒီကိစ္စ ပြေလည်ဖို့ စဉ်းစားမယ်
အဲဒီလိုမလုပ်နိုင်ရင် ငါ့ကို လုံးဝမဆက်သွယ်နဲ့ . . . ဒါပဲ"

ဖျတ်ခနဲ ထရပ်ကာ အခန်းထဲ ဝင်လိုက်ပြီး တံခါးပိတ်သွ
သည်က သူ၏'တျာ' ပါလေ။

⊛ ⊛ ⊛



## အခန်း (၁၃)

ကားကို လမ်းထဲဝင်လိုက်ပေမယ့် ခြံထဲမဝင်နိုင်ဘဲ လမ်းဘေး
မှာ ရပ်လိုက်ပါ၏။ ရင်ထဲမှာ ဆို့နင့်နေတာမို့ပါပဲ။ မေးစေ့က နာနေ
တာမို့ နောက်ခန်းမြင်ရသည့် နောက်ကြည့်မှန်ကို ငိုက်ခါ မော့ကြည့်
လိုက်ပါသည်။ နည်းနည်းတော့ ညိုနေပါရောလား။ အိမ်ပြန်လျှင်ဖြင့်
မေက သူ့ကို မြင်ပြီး ရင်ဘတ်ဖိတော့မှာပါလေ။

'တျာ' ရယ် . . . ကိုယ်က 'တျာ့' ကို စမြင်ကတည်းက
စိတ်ဝင်စားမိခဲ့တာပါ၊ ချစ်သူရှိ မရှိဆိုတာ မစုံစမ်းသေးခင် တူဖြစ်သည့်
သူရ'က ဆရာမဖြစ်သူနှင့် စနောက်နေတာမို့ ရင်ခုန်သံက မြန်ခဲ့ရ
တာ မဟုတ်ပါလား။ 'တျာ့'ရဲ့ချစ်သူက ခပ်ငယ်ငယ်ဖြစ်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုစိတ်ကဖြင့် အကြီးကြီးပါပဲ။

အဘယ်မျှ နိုင်စားလိုက်ပါသလဲ။ ပြောဆိုပုံ၊ ပြုမူပုံတွေ ကြည့်ကတည်းက သိသာလွန်းတာပါလေ။ အော်ပေါက်ရိုင်းစိုင်းမှု 'တျာ့' အပေါ် အလုပ်သမားနှယ် မဟုတ်ပါလား။ လူကြီးဖြစ်သည့် အန်တီပင် ဝင်တား၍မရအောင် ဝရုန်းသုန်းကားဖြစ်ခဲ့ရတာ သူစိမ်းဖြစ်သည့် သူ့ရှေ့မှာ 'တျာ' အဘယ်မျှ ရှက်ရှာမည်နည်း ခြေထောက်ခွဲစိတ်ရစဉ်က မျက်ရည်ကျခဲ့တာကို သနားမဆုံးဖြစ်ခဲ့ မှ ခံစားချက်က မပျောက်သေးခင်မှာ ဒီလိုအဖြစ်အပျက်မျိုးနဲ့ ကြုံ ရတာလေ။

'တျာ' ရယ်။ ဒီလိုနှိပ်စက်ပြီး နိုင်စားတတ်တဲ့ ချာတိတ်ကို ဘာကြောင့်များ 'တျာ့' ချစ်ခြင်းတွေ ပေးခဲ့ရတာပါလဲ။ တကယ် တည်ငြိမ်လွန်းပါသည့် ယဉ်သကိုအလှလေး 'တျာ့' အနီးမှာ စိတ် စားသူတွေ ဝိုင်းဝိုင်းလည်နေမှာပါလေ။ အဲဒီထဲကမှ စိတ်ကြိုက်မ ပါဘဲ ဒီချာတိတ်ကိုမှ မျက်စိစုံမှိတ် ရွေးချယ်ခဲ့တာတဲ့လား။

မင်းကို သိပ်ချစ်တယ် 'တျာ'။ ကမ္ဘာပတ်ပြီး မိန်းမလှ တွေရဲ့အလှတရားကို မြင်ခဲ့ဖူးတဲ့ ကိုယ်လိုလူက သမင်မျက်လုံး တွေလိုမျိုး ကြည်လဲ့လဲ့ မျက်ဝန်းလေးကို စမြင်လိုက်ကတည်း မြင်မြင်ချင်း ချစ်မိသွားရတာပါ။ ဘာမှမကြာသေးတဲ့ အချိန်အတော အတွင်းလေးမှာ 'ချစ်တယ်'ဆိုတဲ့ စကားတစ်ခွန်းကို 'တျာ' သိအော





ဘယ်လိုပြောရပါ့မလဲ။ ပေါ့ပေါ့တွေး ပေါ့ပေါ့ပြောသည်ဟု 'တျာ' ထင်စေချင်ပါ။

မိန်းကလေးအပေါင်းအသင်းတွေနှင့် ရုပ်ရှင်ကြည့်တာမျိုး, Restaurant ထိုင်တာမျိုးတွေ ရှိခဲ့ပါလျက် ဤသို့ ရင်တွင်းမှ ခံစား ချက်က တစ်ကြိမ်တစ်ခါမှ မဖြစ်တည်ခဲ့ဖူးပါချေ။ 'အချစ်' ဟူသည့် အရာက ရင်ကို ရှုဘတခံစားချက်မျိုး ဖြစ်စေပြီး တနင့်တပိုးဖြစ်စေ အောင် မည်သို့များ ပြုစားထားရပါသနည်း။

ကံတရား၏ပြက်ရယ်ပြုခြင်းက 'ဖွဲ' ထံမှာမှ ရှိလာရတယ်လို့ မိန်းကလေးတစ်ယောက်ကို စွဲလမ်းမိနေကာမှ 'ပြိုင်ဘက်' က ရုတ် တရက် ပေါ်လာတာလေ။ ထင်ကိုမထင်ထားတာ အမှန်ပါ။ တစ်ခါမှ လည်း phone ဆက်ရင်းဖြစ်ဖြစ် ချစ်သူကိုဆက်သွယ်တာမျိုး မြင်မိခဲ့ပါလေ။ အခုတော့ ဘယ်ချောင် ဘယ်နေရာကနေ ရုတ်တရက် ပေါ်လာရပါသလဲ။

'မင်းကို ကိုယ်, ပိုင်တယ်' တဲ့။ အဘယ်မျှ တင်းစီးလိုက် သည့် အပြောပါလဲ။ အထူးသဖြင့် 'နှလုံးသားကိုရော စိတ်ကိုပါ ကိုယ်ပဲ ပိုင်ဆိုင်ခွင့်ရခဲ့တာ' တဲ့။ စကားက သူ့ရင်ကို အောင့်သက် သွားစေတာပါ။ နှလုံးသား အပြန်အလှန်ပေးပြီး ချစ်ကြတာကိုတော့ နားလည်ပေးနိုင်ပါ၏။ သို့သော်, ကိုယ့်စိတ်နှင့်ကိုယ့်ကို ရပ်တည် နေရသည့် ခန္ဓာကိုယ်ကိုပါ ထိန်းချုပ်တာကဖြင့် လွန်လွန်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မြင်လေ၏။

'ကိုယ်ကလွဲပြီး တခြားဘယ်သူစိမ်းယောက်ျားမျိုးကို မကြည့်နဲ့ မမြင်နဲ့ မချစ်မိစေနဲ့' ဟူသည့် အမိန့်ဆန်ဆန် စကားလုံး တို့က ခါးသီးလွန်းလှတာပါ။ 'တျာ့'အပေါ် အဘယ်မျှ control လုပ်ပြီး ချုပ်ချယ်လွန်းလှပါသလဲ။ ချစ်သူသမီးရည်းစားဘဝမှာတောင် ဤမျှ ထိန်းချုပ်လွန်းနေပါလျှင် အိမ်ထောင်သည်ဘဝမှာ အိမ်ပြင်တောင် ထွက်ခွင့်ရပါတော့မလား။ တွေးကြည့်လျှင် ရင်ထဲမွန်းကျပ်ပြီး ရင်မော စရာပါ။

မဖြစ်ဘူး 'တျာ'။ ဒီကောင်လေးနဲ့ ရှေ့ဆက်ချစ်သွားဖို့ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး။ ဒီလိုသာ ဤချာတိတ်ကို ကြောက်နေလျှင် နောက်ဆို ပိုဆိုးနေပေမည်။ တစ်သက်လုံး စိတ်ဆင်းရဲပြီး နေရရင် ပျော်နိုင်ပါ့မလား 'တျာ'။ ချစ်ခြင်းတစ်ခုတည်းနဲ့ 'တျာ့' ကို တစ်သက် တာ မပြုံးစေနိုင်တာ ဘယ့်နှယ်လုပ်မလဲ။

'အချစ်' တစ်ပွဲ ဆင်နွှဲခြင်းက 'စစ်ပွဲ' တစ်ရာထက် ပိုခက် ခဲ၏တဲ့။ သို့သော် သူကဖြင့် ဒီပွဲကို ဝင်နွှဲဖို့ ဆုံးဖြတ်ပြီးလေပြီ။ ဘယ် ပြိုင်ပွဲမှာမဆို ပြိုင်ဘက်တော့ အနည်းနဲ့အများ ရှိနေမှာပါ 'တျာ'။ သို့သော် 'အချစ်' အတွက် ရင်ဆိုင်ရတိုင်း အရာရာ မျှတမှုရှိပါတယ် နော်။ အထူးသဖြင့် 'တျာ' သာ ကိုယ့်ဘေးမှာ ရပ်ဖြစ်ခဲ့လျှင် ကိုယ် အတွက် ဘာမဆို ပြည့်စုံပါပြီ 'တျာ'။





"ဒေါက်! ... ဒေါက်!"

ကားမှန်ကို အသာခေါက်လိုက်သည့် အသံကြောင့် အတွေး ဆွေ လွင့်နေရာမှ သတိဝင်သွားရပါ၏။ အလို! ... 'သူရ' ပါလား။ တ်ဘီးနှင့်မို့ လမ်းထိပ်က ပြန်လာတာ ထင်ပါရဲ့။ ခြံထဲ မဝင်ပါဘဲ ဘားချရပ်ထားပါသည့် သူ့ကားကို မြင်သွားပုံပါ။ စိတ်ကူးယဉ်အိပ် တ်က ချက်ချင်းကို ရပ်တန့်သွားရလေပြီ။

"အန်ကယ်လေး ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး"

"ဒါဆိုလည်း ဝင်ကြမယ်လေ၊ မာမီ lunch စားဖို့ စောင့်နေ တယ်"

"အေးပါ ... ဘာသွားဝယ်တာလဲ"

"ကျူရှင်စာအုပ်ကုန်လို့ သွားဝယ်တာ"

'သူရ' က စက်ဘီးဖြင့် အရင်ဆုံး ခြံထဲသို့ ဝင်သွားပါ၏။ သူ ကားစက်ကို ပြန်နိုးကာ နောက်မှ လိုက်ဝင်ခဲ့ရပါသည်။ တူတော် မောင်က ခုန်ပေါက်လျက် တိုက်ထဲဝင်သွားတာကို တွေ့လိုက်ရပါ၏။ ကျောင်းစာတစ်ခုတည်း ခေါင်းထဲရှိနေပါသည့် ကလေးဘဝက ရင်ထဲ ပေါ့ပါးစေတာလေ။ သူတို့မှာဖြင့် စီးပွားရေးပါမက အချစ်ရေးတွေနှင့် ရှုလောင်နေရတာ မဟုတ်လား။

"အတော်ပဲ ... ထမင်း တစ်ခါတည်း ဝင်စားလိုက်, ဖွဲရေ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဖွဲ့ကြိုက်တဲ့ ကြက်အသည်းအမြစ် ချက်ထားပေးတယ်''

'မစားချင်သေးဘူး' ဟု ငြင်းလိုက်ချင်သော်ငြား မပြောဖြစ်ပါ။ စေတနာအပြည့်ဖြင့် ချက်ကျွေးသည့် မမကို အားနာမိတာ ထမင်းစားခန်းဆီသို့ ဝင်ခဲ့ရပါ၏။ ဝိတ်ရက်မို့ မမ၏အမျိုးသား 'ဦးတင်ထွဋ်' ပါ ရှိနေလေသည်။ မမက အစ်မရင်းမို့ သိပ်မကြောက်ရ မယ့် ယောက်ဖဖြစ်သူကိုတော့ အနည်းငယ် ရှိရပါ၏။

''လာလာ, ဖွဲ့၊ မိသားစုလက်ဆုံစားရခွင့်က နည်းပါ့''

''ဟုတ်ကဲ့ ကိုကြီး''

ဘေဇင်မှာ လက်သေချာဆေးလိုက်ပါ၏။ ဖွန်းခက်ရင်း စားဖြစ်ပေမယ့် လက်က ဟိုဒီနေရာစုံထိကိုင်ပြီး ရောဂါပိုးရှိနိုင်တာ လက်ဆေးပြီးမှ စားကျင့်က ငယ်စဉ်ကပင် ရှိခဲ့တာပါ။ ဒါလည်း 'တချာ' နှင့် တူနေတာ မဟုတ်ပါလား။ 'တချာ' သည်လည်း အဆေး သောက်သောက် ဘာမှမစားမသောက်ခင် လက်အရင်ဆေးလေ့ တာပါလေ။

'သူရ' ဘေးရှိခုံမှာ ဝင်ထိုင်လိုက်သဖြင့် ကိုကြီးနှင့် မျက် ချင်းဆိုင်ဖြစ်သွားရပါသည်။ မမက ထမင်းခူးခပ်ထည့်ပေးနေသည် သူ့ကို သေချာမကြည့်ဖြစ်ပါ။ ရှေ့တည့်တည့်မှာဖြစ်နေသည့် ကိုကြီး သတိထားမိသွားလေ၏။ စိုးရိမ်တကြီးဖြင့် မေးလေပြီ။

''ရန်ဖြစ်လာသလား, ဖွဲ့''





''မဖြစ်ပါဘူး ကိုကြီးရဲ့''

''မေးစေ့မှာ ညိုနေသလားလို့''

''ဟယ်! . . . ဘယ်သူနဲ့ ဘယ်မှာ ဘာဖြစ်လာတာလဲ, ဖွဲ့၊ ကလေးမဟုတ် ဘာမဟုတ်နဲ့ ရန်ဖြစ်ရလား''

''ဒီလောက်က ဘာမှမဖြစ်လောက်ပါဘူး မမရာ၊ မစိုးရိမ်ပါ နဲ့''

''ဟဲ့! . . . မစိုးရိမ်လို့ ဖြစ်မလား။ ပြန်ထွက်ဖို့ ရက်က ဘာများ ကျန်တော့လို့လဲ၊ ဘာဘာညာညာ ပြဿနာတွေ မဖြစ်အောင်နေမှပေါ့''

''ချာတိတ်တစ်ယောက်နဲ့ ငြိသွားတာပါဗျာ၊ ပြဿနာမရှိပါ ဘူး''

''ဘယ်က ချာတိတ်လဲ၊ လမ်းဘေးက ကလေကချေ လမ်း သရဲတော့ မဟုတ်ပါဘူးနော်''

သူ ပြုံးလိုက်မိ၏။ ဒီစကားသာ ကြားမိရင် 'ရှာန်' ဆိုတဲ့ ကောင် အဘယ်မျှ ဆတ်ဆတ်ခါ နာလေမည်မသိပါ။ ထမင်းစားကာ သူ့ပြဿနာကို သိသွားတာမို့ သိပ်တော့မကောင်းလှပါ။ မမက ကြိုက်သည့် အသည်းအမြစ်ဟင်းကို သူ့ပန်းကန်ထဲသို့ ခပ်များများ ထည့်ပေးလေ၏။

ငါးကြွင်းခေါင်းနှင့်ချဉ်ပေါင်ဟင်းချို၊ အစိမ်းကြော် ဆွာရွက်သုပ်၊ အမဲနှပ်ဟင်းတို့က စုံလင်လှပါသည်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အသုပ်တစ်မျိုးမျိုးပါတာကို 'တျာ' တို့အိမ်မှာ စားခဲ့ရတာမို့ သူ…
မမကို ဟင်းရံအဖြစ် တစ်ခွက်ထည့်စေတာပါ။

အသီးအရွက်ကြိုက်သည့် 'တျာ'က ထမင်းပွဲမှာ ပဲပြားသုပ်… ခရမ်းချဉ်းသီးသုပ်၊ မြင်းခွာရွက်သုပ်၊ ကန်စွန်းရွက်ပြုတ်သုပ်၊ မှ… သုပ် စသည်ဖြင့် အမြဲ တစ်ခုခုသုပ်ပြီး စားကျင့်ရှိလေသည်။ 'တျာ… လက်ရာကို စားမိပြီး သူ လျှာအရသာတွေ့ကာ မမကို ပူဆာမိခဲ့တာ… ပင်။ မြင်းခွာရွက်သုပ်က 'တျာ့' ကို သတိရမိစေပြန်ချေပြီ။

"အန်ကယ်လေး"

"အင်း"

"ကေနွ့ မပြောကောင်းမဆိုကောင်း တီချယ့်ဘဲဘဲနဲ့ ငြိ… တာများလား"

"အဟွတ်! အဟွတ်!"

"ဟဲ့! … ရေ … ရေ"

ထမင်းသီးသွားတာမို့ မမ အသံထွက်လာသလို ရေ… ရေကို ဖန်ခွက်ထဲ ငှဲ့လျက် သူ့ထံ ကမ်းပေးလိုက်လေ၏။ ဘယ်… များ သိပြီး ရိပ်မိသွားရတာပါလိမ့်။ ကလေးတွေရဲ့ဦးနှောက်က တ… တစ်ခါ လူကြီးတွေထက် ရှေ့ပြေးနေတာ အမှန်ပါပဲလား။ အမှန်… ဖြစ်နေတာမို့ ဖုံးထားလို့မရတော့ပါလေ။

"ဟုတ်လား၊ ဖွဲ့ သားပြောတာ မှန်နေပြီလား"





"ဟုတ်!"

"ဟောတော်! … ဘယ်မှာတွေ့ပြီး ဘာတွေဖြစ်လာရတာ …သဲ"

"သူ့မှာ အဆက်ရှိရင်လည်း ကြိုပြောထားမှပေါ့၊ သူ့ရရာ"

"သားမှမသိတာ အန်ကယ်လေးရဲ့၊ တီချယ်က ဘယ် …လောက်အနေတည်လဲ သိသားနဲ့"

"အဲဒီတော့ နင့်ကို ပြဿနာရှာလိုက်ရောလား"

"အန်ကယ်လေးရော ဘယ်နှချက် ကျွေးခဲ့သလဲ"

"ခြော် … တို့မီးရှို့မီးကတစ်မျိုး၊ လူကြီးတွေပြောနေတာ …ဝင်မပါနဲ့စမ်း"

မမက 'သူရ' ကို ငေါက်လိုက်လေ၏။ ကလေးရှေ့မှာ …လေးဖြစ်သူ ခံလာရတဲ့အကြောင်း ပြောရတာ သိပ်တော့မမိုက်ပါ …လေ။

သို့သော် … သိမှဖြစ်မည့်ကိစ္စမို့ ပြောတော့ ပြောရမည်သာ။ …လှန်နှစ်ဖက်နင်းသည်' ဟု မပြောရုံတမယ် စွပ်စွပ်စွဲစွဲဖြင့် 'တျာ့' …ကို အော်ဟစ်ခဲ့ပါသည့် ချာတိတ်၏ပုံစံက ဖျတ်ခနဲ ပေါ်လာလေ၏။ …ရာန်' တဲ့။ အမည်နှင့်လိုက်ဖက်အောင်ပင် ဂျစ်ကန်ကန်လေးပါပဲ။

"အထင်လွဲသွားတာပါ၊ ဘာမှကြီးကြီးကျယ်ကျယ် မဟုတ် …ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အထင်လွဲရုံနဲ့ ထိုးကျိတ်ရောလား"

"ဖွဲက မရှင်းပြဘူးလား"

"ရှင်းပြချိန်ကို မရလိုက်တာ"

"လက်စက ခြေမြန်လက်မြန်နဲ့ 'ဇ' က မသေးဘူးပေါ့လေ"

"ဟော့ကောင်!"

"ဘာဖြစ်လဲ အန်ကယ်လေးရဲ့ သူလည်း One blow ဆို ကိုယ်လည်း One blow ပေါ့၊ ယောက်ျားပဲဟာ"

"ဖြစ်မလားကွ . . . ကြားထဲမှာ တျာက ယှဲ့ယှဲ့ပဲ ကျန်တော့တာ"

"မင်းဆရာမက မရှင်းမရှင်းနဲ့ပါလား"

"တျာက ရိုးတာပါ ကိုကြီးရဲ့၊ ကျွန်တော်ကသာ သွားပတ်သက်မိတာ"

"ဖွင့်ပြောထားသေးလား"

"ဟင့်အင်း"

"တော်သေးတာပေါ့၊ နို့မို့ ကိစ္စက ပိုကြီးတော့မှာ"

"နောက်ကျသွားပြီ, ဇာခြည်"

"ရှင်! . . . ဘာကိုလဲ"

"မင်းမောင်ရဲ့မျက်နှာကိုလည်း ကြည့်ဦး။ ဒီလောက် အကြီး အကျယ်ပျက်နေမှဖြင့်"





"ဖွဲ"

"ဗျာ"

"နင် ဆရာမကိုများ"

သူ ဘာမှပြန်မပြောဖြစ်ပါချေ။ ထမင်းစားတာကို အာရုံစိုက်၍ မျိုချနေရပါ၏။ ဒီလိုမြန်မြန်ကြီး သိသွားလိမ့်မည်ဟု ထင်မထားမိပါ။

ကာယကံရှင်ထက် ဘေးကလူက ပိုသိပိုမြင်တယ်ဆိုတာ အမှန် ဖြစ်နေပါလား။ မင်းတော့ သေပြီ 'ဖွဲ' ရေ။

"ဟဲ့! . . . မေးရင်ဖြေလေ"

"သွားပြီ . . . သွားပြီ၊ သားက အပျော်သဘောနဲ့ တွဲလိုက်တာ၊ အန်ကယ်လေး Heart ကို Direct ထိသွားမယ်မှန်း မသိလိုက်ဘူး"

"အဲဒါ နင် တရားခံ"

"အဲဒါ မင်း တရားခံ"

မမရော ကိုကြီးပါ 'သူရ' ကို ပြိုင်တူအပြစ်တင်လိုက်ကြလေ၏။ တရားခံက 'သူရ' မဟုတ်ရပါလေ။ ကိုယ့်ကိုယ်တိုင်ပဲ အပြစ်ရှိတာပါ 'တျာ'။

ပိုင်ရှင်ရှိပါသည်ဆိုတဲ့ ပန်းတစ်ပွင့်ကိုမှ လှမ်းကြည့် ပြီး ချစ်မိတာကို။ သို့သော် စိတ်ဆိုသည်က ခက်သားလား။ 'နှင်းရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် မြက်ခင်းကိုမှ နင်းချင်တာ။ 'မခူးရ' ဆိုသည့် ပန်းခြံထဲ မန်းကိုမှ ခူးချင်တာလေ။ ကိုယ်တော့ 'မထိရ' ဆိုသည့် (1500 volt) Danger ကိုမှ ထိမိသွားရတာပါ၊ 'တျာ'။ ဩော် . . . 'တျာ' ရယ်။

⊛ ⊛ ⊛



## အခန်း (၁၄)

တစ်ညလုံး လူးလိမ့်ပြီး တစ်မှေးမှ အိပ်မရခဲ့တာမို့ ခေါင်း ခုလုံး အုံခဲနေပြီး ကိုက်နေပါ၏။ ဒီနေ့က 'စည်သူ'ရဲ့ off ရက်ဖြစ် နယ်ခထာပြန်ရန် ခွင့် (၂) ရက်ပါ ဆက်ယူထားတာမို့ ဆိုင်ကို သူ ားမဖြစ် သွားကိုသွားရမှာပါ။ 'ကျော်စွာ' နှင့် သူက စကားပြော ည်ပြီး တစ်ခါမှ စကားများဖူးတာ မရှိခဲ့ပါ။ 'စည်သူ'ကသာ ပါးစပ် အမြဲစကားများရတာ ဖြစ်လေသည်။

အခုလည်း 'တျာ' ကိစ္စနှင့်ပတ်သက်ပြီး သူ စိတ်ခုသလို နေတာမို့ သူငယ်ချင်းသုံးယောက် စကားဟက်ဟက်ပက်ပက်ပြ ဖြစ်ပါချေ။ ဒီရက်ပိုင်းမှာ ရောင်းအားတက်လာတာ မှန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်နှင့်လူ မကပ်သလိုဖြစ်နေ၍ မည်သို့မျှ အဆင်မပြေပါသော
'ဘယ်သူမပြု မိမိမှု' ဆိုသကဲ့သို့ပင် သူကပင် တရားခံဖြစ်ခဲ့တာ
မဟုတ်လား။

ခုတော့ ရန်သူကြီးနှယ် ပစ်ပယ်ထားပါရောလား 'တျာ'။

"သားရေ ဆိုင်သွားရမယ်ဆို ... မထသေးဘူးလား"

မာမီက တံခါးကို အသာခေါက်၍ အသံပြုလိုက်လေ
ခေါင်းမထူနိုင်သော်ငြား ခုတင်ထက်မှ သူ ဆင်းလိုက်ရပါသည်။ လူ
အားမရှိသလို ယိုင်တိယိုင်တိုင်ဖြစ်သွားရလေ၏။ ခွန်အားတွေ
ယုတ်ကုန်လေသလား။ ဘယ်တော့မဆို ချစ်သူ၏မျက်နှာလေး
မြင်ယောင်ပြီး မနက်ခင်းတိုင်းကို အဓိပ္ပာယ်ရှိရှိ နိုးထခဲ့တာလေ

"သား ... ရှာန်"

"နိုးပြီ"

အခန်းထဲဝင်လာမည်စိုးသဖြင့် အသံပြန်ပေးလိုက်ရ
ရေချိုးခန်းထဲဝင်လျက် ရေပန်းခလုတ်ကို ဖွင့်ချလိုက်ပါသည်။
ထက်မှ ရေတို့ စီးကျသွားပြီး တစ်ကိုယ်လုံး ရေတို့ စိုရွှဲသွားလေ
သို့သော်, ရင်တွင်းမှ အပူမီးကိုဖြင့် မငြိမ်းသတ်နိုင်ပါလေ။ ဘယ်
သူ့ရင်ထဲက မီးကို ငြိမ်းသတ်ပေးနိုင်မှာပါလဲ။

တစ်ဦးတည်းသာ ရှိတာပါ, 'တျာ'။ မင်းကလွဲပြီး တ
ဘယ်မိန်းကလေးတွေကို ယောင်လို့တောင်မှ မကြည့်မိခဲ့တာ အမှ





ချ်မိဖို့ မပြောပါနှင့်။ စိတ်အပန်းဖြေရုံသက်သက်နှင့် မျက်စိအဆာ
ပြေအောင်သော်မျှ အပျော်သဘောမျိုးနှင့်သော်မျှ အာရုံမထားခဲ့ပါ။
င်းမှမင်းဆိုပြီး တစ်သမတ်တည်း ဂရုတစိုက် ချစ်မိခဲ့တဲ့ ကိုယ့်ချစ်
ခြင်းတွေကိုမှ အခုလို လုပ်ရက်ရပါသလား။

"တျာ"

နှုတ်ဖျားမှ ခပ်တိုးတိုးရေရွတ်မိစဉ် မျက်ဝန်းမှ မျက်ရည်တို့
ာ ရေစက်တွေနှင့်အတူ ရောလျက် စီးကျသွားလေ၏။ ပြောတော့
ား ယောက်ျားဆိုတာ မငိုရဘူးဆို။ ငိုတော့ ဘာဖြစ်လဲ။ ဝမ်းနည်းမိ
့ ငိုတာပါ။ ရင်ထဲနာကျင်ရခြင်းကြောင့် ကြေကွဲခံစားမှုနဲ့ မျက်ရည်
ရတာပါ။ ဘယ်သူက တရားစွဲချင်ပါသလဲ။

"ရက်စက်တယ်ကွာ"

ရေရွတ်မိရင်း ပင့်သက်ရှိုက်လိုက်မိပါ၏။ သူများသမီးရည်း
းတွေလည်း ဒီလိုပဲ ကတောက်ကဆဖြစ်တတ်ပါသလား။ စကား
ပြော၊ phone မဆက်ဘဲ အဆက်အသွယ်ဖြတ်တောက်တတ်ကြပါ
လား။ သူ့လို မစားနိုင်၊ မအိပ်နိုင်ဘဲ မျက်စိကြောင်တောင်နဲ့ မိုးလင်း
အထိ အိပ်ရာထက် တလူးလူးတလှိမ့်လှိမ့် ဖြစ်ခဲ့ပါသလား။ ရင်ထဲမှာ
နင့်နေပြီး ဘယ်ဘက်ရင်အုံအောက်နေရာမှာ ရှုးအောင့်နာကျင်
ပါသလား။ သူ့လို ဝမ်းနည်းပက်လက်ဖြင့် တစ်ယောက်တည်း
ထိုင်ငိုရပါသလား။



www.burmeseclassic.com

www.burmeseclassic.com



ရှူးတော့မယ် 'တျာ'။

နာရီ Alum မြည်သံက အခုမှ အသံကျယ်ကျယ် ထ... လေ၏။ အကုန် ကမောက်ကမချည်း ဖြစ်နေရပါလား။ ရေချိုးတာ... ရပ်လိုက်ပြီး Bathroom ထဲမှ ထွက်လိုက်ပါသည်။ ရေသုတ်နေရင်း မှန်ရှေ့မှာ ရပ်လိုက်၏။ မျက်လုံးတွေစပ်ပြီး နီရဲနေတာကို မြင်ရ... လေသည်။ မှိုကုပ်ကုပ်ဖြင့် ပြန်ကြည့်နေပါသည့် ပုံရိပ်ကို ကြည့်ရ... မျက်နှာလွှဲလိုက်မိ၏။

အပြင်သွားဝတ်စုံတစ်စုံကို ဗီရိုထဲမှ ဆွဲထုတ်ယူကာ ဝ... လိုက်ပါသည်။ ဖြစ်ချင်တော့ ဤသို့တွဲပေးထားသည်က သူ့မွေးနေ့... 'တျာ' လက်ဆောင်ဝယ်ပေးထားသည့် sport shirt နှင့် Jeans ... နေလေ၏။ အလွမ်းတို့က ထပ်ဆင့်ဒဏ်ရာဖြစ်ရပြန်ပါရော... ခေါင်းကို သေချာမဖြီးတော့ဘဲ ဒီတိုင်း လက်ဖြင့်သပ်ကာ စားပွဲ... တင်ထားပါသည့် ပစ္စည်းတို့ကို သိမ်းကျုံးယူလိုက်ပါသည်။

"အကြိုင်!"

"ရှင်! ... အစ်ကိုလေး"

"ငါ့ဖိနပ် တိုက်ပေးထားလား"

"ဘယ်ဖိနပ်လဲ အစ်ကိုလေး"

"Shoe အနက်"

"မတိုက်ရသေးဘူး အစ်ကိုလေး။ ကတ္တီပါပဲ စီးမယ်ထင်...





"တော်တော့ ... ဘာမှကို အသုံးမကျဘူး။ အလိုက်တသိနဲ့ ...ပ်ပေးတာ ဘာရှိလဲ၊ အခန်းထဲမှာ ငါ အဝတ်တွေ ပုံထားတယ်၊ အဲဒါ လျှော်ထားပေး။ စက်နဲ့မလျှော်နဲ့နော်"

"ဟုတ်ကဲ့ အစ်ကိုလေး"

"အိမ်ကို ဘယ်သူ ဆက်သေးလဲ"

"ရှင်!"

လှေကားမှဆင်းလာရင်း အသံကျယ်ကျယ်ဖြင့် နိုင်ရာလူ ...ဟောက်မိပြန်၏။ သူမေးတာကို ဘာမှနားမလည်ပုံဖြင့် ဇဝေဇဝါ ...ပြန်ကြည့်နေပါသည့် ကောင်မလေးကို စိတ်တိုရပါသည်။ ကိုယ့်စိတ်နဲ့ကိုယ်တောင် မတည့်တာ သူများကို စိတ်တိုင်းမကျတာ ဆန်းမှ ဆန်းတာလေ။

"တျာ ဆက်သေးလားလို့ မေးတာလေ၊ ဒါလေးတောင် ...သဘောမပေါက်ဘူးလား"

"ဟင့်အင်း ... မဆက်ဘူး အစ်ကိုလေး"

"ပြီးရော"

"ဘယ်လိုဖြစ်ပြီး အကြိုင့်ကို ပြဿနာရှာနေရပြန်လဲ သား ...၊ တျာနဲ့စကားများကြပြန်ပြီလား"

"စကားများတာထက်ပိုပြီးဖြစ်ခဲ့တာ မာမီရ"

"ဖြစ်ရမယ် ... Breakfast စားသွားဦးလေ၊ ထမင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမစားတာ ဘယ်လောက်ကြာနေပြီလဲ"

"မစားတော့ဘူး မာမီ၊ စည်သူက နယ်ပြန်တာနဲ့ ကျွန်တော် နဲ့ကျော်စွာပဲ ရှိမှာမို့ စောစောသွားမှဖြစ်မှာ"

"ဆိုင်က ထွက်မပြေးပါဘူး သားရယ်၊ ဖြည်းဖြည်းမှ ဖွင့်လည်း ရတဲ့ဟာကို"

"သွားတော့မယ် မာမီ"

မာမီ လှမ်းပြောနေတာကို လှည့်ပြောပြီး တမင်ပင် ခပ်စော စော ထွက်ခဲ့ပါ၏။ ကားကို ခပ်ဖြည်းဖြည်းမောင်းပြီး ခြံထဲမှ ထွ လိုက်ပါသည်။ တစ်ဖက်ခြံမြေကွက်ကို လှည့်ကြည့်မိပြန်ပါ၏။ အိ အသေးစားလေးကို ဖျက်ပြီး ခြံရှင်းထားတာမို့ ရှင်းလင်းနေပါသည်။ ဒီအိမ်ကို ဖျက်ပြီး တိုက်ပုလေးဆောက်ဖို့ ပြင်ဆင်မှုပဲ သူနှင့် 'တျာ' က ဒီလိုပြဿနာမျိုးဖြစ်တာများလား။

ဆိုင်သို့ရောက်စဉ် 'ကျော်စွာ' က သူ့ထက်အရင် ဆိုင် ရောက်နေလေ၏။ ဒီလောက် အစောဆုံးစထွက်ခဲ့တာတောင်မှ နော ကျရသတဲ့လား။ ဆိုင်ထဲဝင်လိုက်စဉ် 'ကျော်စွာ' က ကောင်တာ တွေထဲရှိ ပစ္စည်းစီနေရင်း လှမ်းကြည့်လိုက်လေသည်။ Air-co ခလုတ်တွေကို သူ နှိပ်လိုက်မိ၏။

"ဟာ ... ဒီလောက်အေးနေတာတောင်မှ ဖွင့်ရလား"

"အေးမှမအေးတာ"





"ဘာတွေဖြစ်လာလို့လဲ"

"ဒီလိုပဲ"

"ရှာန်"

"ဘာလဲကွာ"

"မင်း ငိုထားလား"

"ဘယ်မှာငိုလို့လဲ၊ မငိုပါဘူး ... ကြံကြီးစည်ရာ"

"အေးပါ ... လောကမှာ ကိုယ့်ကိုယ်ကိုယ် ညာတဲ့လူကမှ ရှာကွာ၊ ဒီလောက် မျက်နှာကြီး နီရဲမို့မောက်နေတာ အသိသာကြီး"

"ကျစ်! ... ဂျပန်မှုလီ မလုပ်စမ်းနဲ့ကွာ"

လျှပ်စစ်ရေနွေးကရားဖြင့် ရေနွေးတည်ရန် ပြင်လိုက်စဉ် သန့်ပုံးထဲ၌ ရေသန့်က တစ်စက်မှ ရှိမနေပါချေ။ စိတ်တိုပါသည် မှ ဘာတစ်ခုမှ အဆင်မချောပါလား။ ကော်ဖောထက် ချထားပါ ည် ရေသန့်ဘူးကို 'မ'၍ ခုံထက်တင်လိုက်စဉ် Plastic ဗိတ် ားပါသည့် ပုံးခေါင်းက လည်၍ ပြည်သွားကာ ရေတွေ ဝေါခနဲကျ လေတော့၏။

"ဟာ! ... ကျစ်!"

"စိတ်နဲ့လူ ကပ်ထားပါ, ရှာန်"

"မင်းက စောရောက်တာ ဘာမှ ready မှ လုပ်မထားလဲ"

"ဟ! ဆိုင်ဖွင့်ဖို့က အဓိကလေကွာ၊ အရေးမကြီးတာကို



www.burmeseclassic.com

www.burmeseclassic.com



စလုပ်စရာမှမလိုတာ၊ ဘာလဲ . . . မင်းအိမ်နဲ့ ငြိလာပြန်ပြီလား၊ ဒါနဲ့ များ တိုက်စပြီဆောက်တော့မှာဆို"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"မဟုတ်မှလွဲရော . . . တျာနဲ့ ကိုင်တက်ပြန်ပြီလား"

"အား . . . ပူတယ် . . . ဟာကွာ . . . ကျစ်!"

မိနစ်ပိုင်းမျှ ဆူပွက်လာသည့် ရေနွေးပူပူကို ခွက်ထဲ ထည့်စဉ် ရေနွေးက လျှံကျလာပြန်၏။ ဘာတစ်ခုမှ အဆင်မပြေဘူး 'တျာ'။ ကိုယ်တော့ ရူးချင်ချင် ဖြစ်နေပြီ သိပါရဲ့လား။ လက်ကို အပူလောင်သွားသဖြင့် သန့်စင်ခန်းရှိ ဘေစင်ရှိရာဆီ သွားကာ ရေအေး အေးဖြင့် ပိုက်ဖွင့်လျက် ခဏစိမ်ထားလိုက်ရပါ၏။

သူ ပြန်ထွက်လာတော့ 'ကျော်စွာ' က ကော်ဖီနှစ်ခွက်ကို အဆင်သင့်ဖျော်ပြီးနေလေပြီ။ သူထိုင်မည့်ကောင်တာနားမှာပင် နံရံ ခုစလုံး နီးအောင်ဆွဲထားတာမို့ သူ မပြောပြောအောင် မေးတော့မည် မှန်း သိလိုက်ပါသည်။ ရင်မောရပုံ့ 'တျာ' ရယ်။

"ကဲ . . . ဆိုစမ်းပါဦး . . . တျာနဲ့ ဘာပြဿနာဖြစ်ကြသလဲ"

သူက ခုံလည်ခုံထက် ထိုင်ချလိုက်ပြီး မျက်နှာကို ပွတ်သပ် လိုက်ပါသည်။ ရင်ထဲဆို့နင့်ပြည့်သိပ်မွန်းကြပ်နေတာမို့ တစ်ယောက် ယောက်ကို ရင်ဖွင့်လိုက်မှ ပေါ့ပါးနေသာမည်မှန်း သူသိနေပါသည်။ သို့သော်, ဘယ်သူ့ကိုမှ ရင်မဖွင့်ချင်တာက ပိုခက်ခဲလွန်းနေလေသည်။





"ရှာနံ"

"တျာက . . . တျာက အိမ်ကို သူစိမ်းယောက်ျားဝင်ထွက်ခွင့် ပြုထားတယ်"

"အဲဒီတော့ . . ."

"ငါလည်း . . . ငါလည်း . . . ရုတ်တရက်ဆိုတော့ ဘာမှ မစဉ်းစားမိဘဲ လုပ်လိုက်မိတယ်"

"ဘယ်သူ့ကိုလဲ . . . အဲဒီလူကိုလား၊ တျာ့ကိုလား"

"နှစ်ယောက်စလုံးကို"

'ကျော်စွာ' ပါ သက်ပြင်းရှိုက်လိုက်လေပြီ။ ရင်မောခြင်းက ဤသို့ကူးစက်လွယ်တတ်ပါသလား။ အတန်တန် သတိပေးခဲ့ပါလျက် သူက မဖြစ်ဖြစ်အောင် လုပ်ခဲ့မိလေပြီ၊ ချစ်လွန်းလို့ပါ, တျာ။ ချစ်လွန်း တဲ့စိတ်နဲ့ မှန်ထုပြီး လွန်သွားတာကို နားလည်မပေးနိုင်ဘူးလား။ ဒီရင်ထဲ အပြည့်အသိပ်နေရာလပ်မကျန်အောင် မင်းကို ချစ်တဲ့အချစ် တွေနဲ့ ပြည့်သိပ်နေတာကို မမြင်ဘူးတဲ့လား။

"မစဉ်းစားမဆင်မခြင် မလုပ်မိပါစေနဲ့လို့ ငါ ဒီလောက် သတိပေးထားရဲ့သားနဲ့ ရှာနံရာ၊ အနိတိသော်တစ်ယောက်လုံး ရှိနေ တာ မဟုတ်လား။ မရိုးမသားချည့်သည်မျိုးကို အိမ်ထဲ ဘယ်ဝင်ခွင့် ပြုပါ့မလဲ"

"ဒါပေမဲ့ . . . ဒါပေမဲ့ . . . အဲဒီကောင်မျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာနဲ့ ငါ သိတယ်"

"ဘာကိုသိတာလဲ"

"ဒီကောင် တချာ့အပေါ် ရိုးရိုးသားသားခင်တာ မဟုတ်ဘူး ကွ"

"ကျစ်! … အဲဒါ သူ့ဘက်ကလေကွာ၊ တချာမပါရင် ပြီးရော မဟုတ်လား။ မင်းကို တချာ ဘယ်လောက်ချစ်လဲဆိုတာ ငါတို့သိတာ ပဲ"

"တချာက … တချာက … အဲဒီကောင်ကို … အစ်ကိုတဲ့"

"အေးလေ … အစ်ကိုလို ရိုးရိုးသားသား ခင်လို့ အဲဒီလို ခေါ်တာပေါ့ကွ"

"ခေါ်စရာလား"

"ဒါကြောင့် … မင်းကို ခက်တယ်လို့ ပြောတာပဲ၊ ရှာန် ထစ်ခနဲရှိ ဒေါသနဲ့ လက်ပါ ကျင့်ကို ဖျောက်ပါလို့"

"ဘာပဲဖြစ်ဖြစ် ငါ မမှားဘူးကွာ"

"ဟ! … မင်းက လက်ပါခဲ့တာဆို … အဲဒါ မင်းမမှားလို့ ဘယ်သူမှားတာလဲ … ပြောပါဦး"

"သူ ဘာလို့ အဲဒီကောင်ကို အိမ်ထဲခေါ်ရလဲ၊ ဆေးခန်းပြ ဆိုလည်း ငါတစ်ယောက်လုံး ရှိနေတာ၊ ငါ့ကို ခေါ်ပေါ့၊ အခုတော့ အဲဒီဘဲနဲ့ တရင်းတနှီး အဆင့်တက်ပြီး … ဟာကွာ! ပြောရင်





တင်းလာပြီ"

နံဘေးရှိ ဗီရိုကို လက်သီးဖြင့် ဗိတ်ထိုးလိုက်မိ၏။ ဒါတောင်မှ ဒေါသစိတ်က မပြေသေးပါလေ။ မင်းကမှ လူကို အမျိုးမျိုးပြုစာတတ် တာပါလား 'တချာ'။ ပွစေအေးစေ အမျိုးမျိုးပြောင်းပြီး ခံစားရအောင် မင်းမို့ လုပ်ရက်ရတယ်လို့ 'တချာ' ရယ်။

"တချာက ဘာတဲ့လဲ … မင်းကို မုန်းလိုက်ပြီတဲ့လား"

"ကျစ်! … ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းပါနဲ့၊ အဲဒီကောင်ကို တောင်းပန်မှ သူနဲ့ စကားပြောခွင့်ပြန်ရမယ်တဲ့လေ၊ ဘယ်လောက် စိတ်တိုစရာလဲ"

"ကောင်းတယ် … အဲဒါမှ မင်းမှတ်မှာ"

ကလုံ !ခနဲ message ဝင်လာသံကြောင့် ဝမ်းသာအားရဖြင့် phone ကို ယူကြည့်လိုက်မိ၏။ 'ဇွဲ' ဟူသည့်အမည်ဖြင့် (၀၉×××××××) ဆိုပြီး phone နံပါတ် (၁၀) လုံးကို ရေးပို့လိုက်တာပါလေ။ ကြည့်စမ်း! … ဒီကောင့် phone နံပါတ်ကို ဘာလို့သိနေရပြန်တာလဲ။ ကိုယ့်ကို ဒီလောက် စိတ်ဒုက္ခပေးရမှ ကျေနပ်မှာလား, 'တချာ'။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စာသင်ရန်အတွက် မိတ္တူကူးထားပါသည့် စာရွက်စာတမ်းတွေကို သေချာစီစစ်ပြီး Plastic File ထဲ သေချာထည့်လိုက်ပါ၏။ ကလေးတွေ စာမေးပွဲကြီးနီးလာပြီမို့ 'တျာ' ပင်ပန်းတော့မှာပါ။ Camp လုပ်ပေးခါနီးမှာ သွေးပေါင်ကျတတ်တာမို့ အားဆေးထိုးတာ Drip သွင်းရတာက ထုံးစံပါပဲ။

မှန်ထဲတစ်ချက်ကြည့်ပြီး ခေါင်းမဖြီးရသေးတာမို့ ခေါက်တင်ထားသည့် ဆံပင်ကို ဖြည်ချလိုက်ပါသည်။ ဘီးဖြင့် ခပ်နာနာလေးဖိ၍ ဖြီးမိစဉ် ဆံပင်အတော်ရှည်နေပြီမှန်း သိလိုက်၏။ အမြဲစည်းနှောင်ထားတာမို့ ဤမျှရှည်လာတာကို သတိပင်မထားခဲ့မိပါ။ 'ဘာ sham-





poo နဲ့ လျှော်ပြန်ပြီလဲ' ဆိုပြီး ညာတာပါတေး အကြောင်းရှာပြီး 'တျာ' ဆံနွယ်လေးတွေကို နမ်းရော့ရှိုသည့် ကောင်လေးနှင့်က ခုတော့ဖြင့် အဆက်အသွယ်ပြတ်နေချေပြီ။

ဆိုးမှန်းသိလျှင် ကိုယ့်ဘာသာ အဲဒီအကျင့်ဆိုးကို ဖျောက်ရမှာပေ့ါ။ နေရာတကာ ကလေးစိတ်ဖြင့် တဇွတ်ထိုးလုပ်တတ်သည့်ညဉ်က ကောင်းတာမှမဟုတ်တာလေ။ ဦးဦးနှင့်အန်တီတို့က သူ့ကို အလိုလိုက်ခဲ့တာမို့ အခုလို သူ ဆိုးချင်တိုင်းဆိုး၊ လုပ်ချင်တိုင်းလုပ်နေတာပါ။ အဲဒီလိုဆိုးမှန်းသိလို့ တစ်ကြိမ်တစ်ခါ အဝေးကို ထွက်ခဲ့ပြီးပါပြီ။

"သမီးသာမရှိရင် သားလေး အသက်ရှင်တော့မှာ မဟုတ်ဘူး' တဲ့။ အဘယ်မျှ ရင်ကိုထိခိုက်စေသည့် စကားပါလဲ။ 'တျာ' က လူတွေရဲ့အသက်ကို ကယ်တင်ကုသပေးသည့် ဆရာဝန်လည်းမဟုတ်၊ လူနာတွေကို မြန်မြန်ရောဂါပျောက်ကင်းအောင် ပြုစုပေးနိုင်သည့် သူနာပြုလည်း မဟုတ်ပါဘဲ 'တျာ' ရှိမှသာ 'ရျာန်' က အသက်ရှင်မှာတဲ့လေ။

တကယ်လည်း သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေပါသည့် သူ့ကို ဆေးရုံရုတင်ထက် မြူးဖျော့စွာ တွေ့ခဲ့ရတာပါ။ ငယ်ငယ်ကတည်းက အတူကြီးပြင်းခဲ့ရတဲ့ သူငယ်ချင်းမို့ သံယောဇဉ်ရှိပါ၏။ အိမ်ထောင်ရေးအခြေအနေကြောင့် အန်တီလေးနှင့်တိုင်ပင်ပြီး သူ့တို့



www.burmeseclassic.com

www.burmeseclassic.com



အနီး ထွက်လာခဲ့ရတာပါ။

သို့သော် . . . 'တျာ' မရှိသည်နှင့် 'တျာ့' ကို မမြင်ရတော့
တာနှင့် သူ ဤမျှအထိ ဖြစ်လိမ့်မည်ဟု ထင်မထားခဲ့ပါလေ။ မေ့ထွ
တွေအပြည့်အဝပေးပြီး ချစ်ခဲ့ရပါတယ်။ သူပျော်ရွှင်စေဖို့ သူစိတ်ချမ်း
သာစေဖို့ပါ။ ဒါပေမဲ့ . . . ချစ်တာထက်ပိုပြီး အခွင့်အရေးယူလာတာ
တာ၊ လွှမ်းမိုးချုပ်ကိုင်ချင်လာတာ၊ အမိန့်ပေးချုပ်ချယ်လာတာတို့
ချစ်ခြင်းထက် အတ္တသက်သက်သာ ဖြစ်သည်ဟု 'တျာ' ယူဆမိပါ

သူ့စိတ်သူ့သဘောအတိုင်း အတတ်နိုင်ဆုံးနေပေးခဲ့ပါလျ
ရောင့်တက်လာတာကတော့ လွန်လွန်းပါသည်။ လူ့လောကမှာ အသ
အပိုင်း၊ အပေါင်းအသင်းမိတ်ဆွေဆိုတာတောင်မှ ထားရှိခွင့်မရလ
ကမ္ဘာ့အပြင်ဘက်မှာ ထွက်နေရုံသာ ရှိပါတော့၏။ ချစ်လို့ ဝန်တို
ကို နားလည်ပေးနိုင်သော်ငြား ဤသို့ အသက်ရှူပေါက်ပိတ်လာ
ကိုဖြင့် လက်သင့်မခံနိုင်ပါလေ။

ဒါ ပြစ်ဒဏ်ပဲ 'ရျာနီ'။ နင့်ကိုယ်နင် စဉ်းစားသုံးသပ်ပြီး
ပြင်နိုင်မှသာ နင့်ကို ပြန်လက်ခံပါ့မယ်။ ဒီလိုမှ မလုပ်ရင် ဒီ
သည်ထက် ပိုဆိုးရုံသာ ရှိတော့တာပါလေ။ လိမ္မာပါ 'ရျာနီ'
လိမ္မာတဲ့ ကောင်လေးဆို 'တျာ' က ပိုပြီး ပုံချစ်ပြမှာ အမှန်ပဲ

"ဟော! . . . သမီး သွားတော့မလား"

"ဟုတ်ကဲ့ အန်တီလေး"





"ပူတင်းစားချင်တယ်ဆိုလို့ အန်တီလေး လုပ်ထားပေး
ထားတယ်လေ"

"ပြန်လာမှပဲ စားမယ် အန်တီလေး"

"အေးအေး . . . ရေခဲသေတ္တာထဲ ထည့်သိမ်းပေးထားမယ်၊
ကောင်းဆိုလို့ ဟိုကောင်လေးလည်း သိပ်ကြိုက်တာ၊ ခုထိ တစ်ခါမှ
ရတာသေးပါလား"

"ကောက်နေတုန်းကိုး အန်တီလေးရဲ့"

"ပြန်ခေါ်လိုက်ပါ သမီးရယ်"

"မှတ်လောက်သားလောက်ရှိအောင် ပစ်ထားလိုက်ပါ
အန်တီလေးရယ်၊ ပိုင်းအလိုလိုက်လွန်းလို့ သူ ဒီလောက်ဆိုးနေတာ"

"ဒါလည်း ဟုတ်တာပဲ"

"တျာ, သွားပြီ"

တိုက်ခန်းထဲမှ ထွက်ခဲ့ပါ၏။ လှေကားထစ်တို့ကို နင်းလျှက်
ဆင်းခဲ့စဉ် မျက်ရည်တို့က ဝဲလာလေသည်။ အန်တီလေးတောင် သတိ
ရနေလျှင် 'တျာ'က မလွမ်းဘဲနေပါ့မလား။ ဘယ်လောက် ဂျီ
ကျင်ကျကျ ဆိုးနွဲ့ပိုလ်ကျစေကာမူ 'တျာ'ဆိုပြီး အမိန့်သံခပ်ခပ်
ထွက်လာမည့်နေ့ကို မရဲတရဲ မျှော်နေခဲ့မိတာလေ။

အချစ်မှာ မာနဆိုတာတွေ ရှိပါသလား။ တစ်ဆင့်လောက်
လျှော့ပေးလိုက်ရုံနဲ့ ဘာများထိခိုက်စရာရှိမှာမို့လို့လဲ။ အတ္တကို



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်နေလို့ကော ချစ်ခြင်းက ပီပြင်မှာတဲ့လား။ အတူတူနေ
ပြီဆို . . . လူကြီးတွေကို အားကိုးမှီခိုတဲ့ သားသမီးတွေလိုမျိုး မဖြစ်
လေအောင် ကိုယ်စီ ကြိုးစားနေကြတဲ့ရလဒ်က ဒီလိုတော့ မဖြစ်
တာ အမှန်ပါ 'ရျာန်'။

နှစ်ယောက်တစ်အိပ်မက် မက်ခွင့်ရဖို့ နှစ်ယောက်နှစ်ကို
တစ်စိတ်နဲ့ ဘဝတစ်ခု ထူထောင်နိုင်ဖို့ 'ရျာန်' သာ ဦးဆောင်ပေး
ပါ။ 'တျာ' အားကိုးမှီတွယ်ရမည့်လူက လူကြီးမဆန်ဘဲ ကလေး
နေလို့ ဘယ်ဖြစ်ပါ့မလဲ။ အလုပ်ဝင်နေပြီမို့ ရင့်ကျက်သင့်သလော
တည်ငြိမ်သင့်သလောက် ဖြစ်နေပြီထင်သမျှ အားလုံး အလကား
ပါပဲလား။ ချစ်လို့ဆိုးတာက အပြစ်ဖြစ်တတ်တာကို 'ရျာန်' မသိ
လားကွယ်။

လှေကားအောက်ဆုံးထစ်ကို ရောက်ပြီမို့ ထီးလှလှလေး
ဖွင့်၍ ဆောင်းလိုက်ရပါ၏။ နေ့လယ်အချိန်က နေအရမ်းပူချိန်မို့
ယူဖို့ မမေ့အောင် အမြဲသတိထားရပါသည်။ လမ်းကြားမှကွေ
လမ်းမကြီးထက် ရောက်လေ၏။ ကားလမ်းကို ဟိုဒီလည်ပြန်
ပြီး ကားရှင်းသလောက်ရှိမှ လမ်းကို မျဉ်းကြားမှလျှောက်၍ တစ်
ခြမ်းသို့ ကူးခဲ့ပါသည်။

"တီ! တီ!"

ကားဟွန်းသံကြောင့် 'နှင်းဆီခင်' တို့ လမ်းကြားထဲ ဝ





မ်းဘေးကိုကပ်ပြီး ဆက်လျှောက်လိုက်ပါ၏။ အနီးမှ ဖြတ်မောင်း
သွားပါသည့် ကားနီလေးက ရှေ့ခပ်လှမ်းလှမ်းမှာ ရပ်သွားပြီး နောက်
ကို back ပြန်ဆုတ်လိုက်လေသည်။ အနားမှာ ရုတ်တရက် တုံ့ခနဲ
ရပ်သွားသံဖြင့် ငဲ့ကြည့်လိုက်မိ၏။ ဘယ်သူများပါလိမ့်။

"Hi! ... တျာ . . . Rose တို့အိမ်ကို သွားမှာမဟုတ်လား"

"ဩော် . . . ဒေါက်တာပါလား။ ဟုတ်ပါတယ်"

"ဒါဖြင့် တက်လေ၊ သက်လည်း အဲဒီအိမ်ကို သွားမှာ"

"နေပါစေ ဒေါက်တာ၊ ရောက်ပဲရောက်တော့မယ့်ဟာ"

"နေပူက ပူနဲ့ တျာရယ်၊ မသိတဲ့သူတွေမှ မဟုတ်တာ၊
အနူကြီးတာတော့ မဟုတ်လောက်ပါဘူးနော"

"အို! . . . မဟုတ်ရပါဘူး။ တျာက အားနာလို့ပါ ဒေါက်တာ
ရယ်"

"အားနာရမယ့်သူ မဟုတ်ဘူးလေ၊ လာပါ"

ကားတံခါးဖွင့်ပေးလိုက်ပြီမို့ မျက်နှာပူစွာဖြင့် တက်လိုက်ရ
တော့၏။ ခေါက်ထီးလေးကို ခေါက်ပြီး လိပ်ကာ ခလုတ်ပိတ်နေတာ
နဲ့ 'ဒေါက်တာသက်သက်ဝေ' က 'တျာ့' ကိုကြည့်ပြီး ပြုံးလိုက်လေ
သည်။

"ထီးလေးက လှလိုက်တာ"

"ဟုတ်ကဲ့ . . . လက်ဆောင်ရထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲ့ပေးတာများလား"

"ဟင်! . . . မဟုတ်ပါဘူး"

"ဖွဲ့နဲ့တျာ အတော်လေးရင်းနှီးနေတာ မဟုတ်ဘူးလား"

"ရင်းတော့ ရင်းနှီးပါတယ်"

"ဟင်းဟင်း . . . သူရရဲ့ဆရာမမို့ ဒီထက်ပိုပြီး မရင်းနှီးချင် လို့လား, တျာ"

အလို! . . . ဘာသဘောပါလိမ့်။ ကျောင်းတက်ဖော်သူငယ် ချင်း ဖြစ်ခဲ့သည့် ဒေါက်တာက အစ်ကိုကိုများ စိတ်ဝင်စားနေတာ များလား။ စနောက်သလိုနှင့် 'တျာ့'ထံမှ စကားအစ်နေသလို စိတ် မှ ထင်နေပါ၏။ လတ်တလောမှာ အစ်ကိုနှင့် စကားမပြောဖြစ်ပါ 'ရှာန့်' ကြောင့် ခပ်ရှိန်ရှိန်ဖြစ်နေတာ အမှန်ပါ။ ချစ်သူနှင့် စိတ်ခုစ် ကောက်တာမျိုးက ခဏတာလေး မဟုတ်လား။ ဒါကိုမသိပါ အစ်ကိုနှင့်'တျာ့' ကို ဘာတာညာညာ ထင်မှာကိုဖြင့် မလိုလားပါ

"တျာ့မှာ ရည်ရွယ်ထားပြီးသားလူ ရှိပါတယ်, ဒေါက်တာ"

"ဘယ်လို . . . အဲဒါကို သူသိရဲ့လား"

"ဟုတ်ကဲ့ . . . သိပါတယ်၊ မြင်လည်း မြင်ဖူးပါတယ်"

'ဒေါက်တာသက်သက်ဝေ' အသံတိတ်သွားလေတော့ 'နှင်းဆီခင်' တို့ဝိုင်းကို စာသင်ပေးပြီးနောက် အချိန်ပြည့်သည် တစ်လမ်းကျော်ကို 'တျာ' ထွက်လာခဲ့ပါသည်။ ထီးကလေးလှတ





ခဲ့လား။ အဝါဖျော့ဖျော့ထီးလေးဖွင့်ပြီး ဆောင်းလာတာကို တစ်ချက် ကြည့်ရင်း မျက်ရည်ဝဲသွားရပါသည်။ လူဆိုးကို ချစ်သူထားမိမှ တော့ 'ဒေါ်မြဝင်း' လို လွမ်းပေ့ါ, 'တျာ'။

"တီချယ်"

"အမယ်လေး"

ဘယ်အချိန်က အနောက်မှ လိုက်ပါလာမှန်းမသိသည့် တို့လေးယောက်ကြောင့် အထိတ်တလန့်ဖြစ်သွားရပါသည်။ တီးကိုယ်စီ စီးလာကြပေမယ့် 'တျာ့' ကိုမြင်၍ တွန်းလာကြလေ ကလေးတွေ၏လန်းလန်းဆန်းဆန်းမျက်နှာလေးတွေကြောင့် ထဲ အနည်းငယ်မျှ အေးငြိမ်းသွားရပါသည်။

"ဟုတ်လား တီချယ်"

"ဘာကိုမေးတာလဲ၊ အစမရှိ, အဆုံးမရှိ ပြောပြန်ပြီ"

"တီချယ့်ဘဲဘဲနဲ့ ဒဂ်ီးပြားဖြစ်နေတယ်ဆိုတာလေ"

"ဟင်! . . . ဘာဒဂ်ီးပြားလဲ"

"စိတ်ကောက်ပြီး ကျောပေးထားတာကို တင်စားပြီး ပြော တာလေ"

"ကြဲကြဲဖန်ဖန် ပြောတတ်ပါ့ . . . ကလေးက ကလေးလို တတ်စမ်းပါ၊ လူကြီးတွေကိစ္စ စိတ်မဝင်စားပါနဲ့"

"ကျွန်တော်တို့က, ကလေးမဟုတ်တဟုတ် လူကြီး မကြီး



www.burmeseclassic.com

www.burmeseclassic.com



တကြီးပါ တီချယ်ရာ''

''ငါ ခေါက်မိတော့မယ်''

''သူရအနံ့ကယ်လေးက ချောပါတယ် တီချယ်ရဲ့''

အေးပါသည်ဆိုသည့် 'စန္ဒီ' ပါ ဝင်ပြောနေပြီမို့ စိတ်... မသက်မသာဖြစ်နေပေမယ့် ပြုံးလိုက်မိပါသည်။ ချောတာနဲ့ ချစ်... က အကွာကြီးဆိုတာကို သမီးတို့ မသိကြသေးပါဘူးကွယ်။ အ... ဆိုတာ ချောမှု ကြည့်ကောင်းမှု ပြည့်စုံမှုဆိုပြီး အကောင်းချ... ကွက်မြင်ပြီး ရွေးချယ်တာမျိုးမှ မဟုတ်တာ။ အားနည်းချက်... ခပ်ဆိုးဆိုးကောင်လေးကိုမှ မျက်စိမပါတဲ့ တီချယ့်နှလုံးသားက ... ချယ်ခဲ့ပြီးသား ဖြစ်နေလို့ပါလေ။

''ချောတာ ပြုတ်စားလို့မှမရတာ''

''အာ . . . တီချယ်ကလည်း''

''တခြားဟာတွေ ဘေးဖယ်ပြီး စာပဲ စိတ်ဝင်စားစ... Revision နောက်တစ်ခေါက် ပြန်ချိန်ကို အာရုံစိုက်၊ သင်ခန်းစာ... နဲ့ မေးခွန်းတွေကို ထုံးလိုချေ၊ ရေလိုနှောက် ကြေညက်မှ ရှ... ဒီတောင်ကို ကျော်လွှားနိုင်မှာ''

''Exam အကြောင်း ပြောရင် ဖျားချင်သလိုလိုဖြစ်လာ...

ကလေးတွေနှင့်အတူ ရယ်မောလိုက်ပြီး 'သူရ' တို့ခြံထဲ... ဝင်ခဲ့ကြပါ၏။ ခြံထဲမှာ phone ထွက်ပြောနေသည့် သူ့ကိုမြင်လိုက်...





...ဖြင့် ကလေးတွေကို အသံဝိုးစေရန် လက်ဖြင့် အမူအရာပြကာ ...ရှိရာဆီ ဆက်လျှောက်ခဲ့ကြပါသည်။ မျက်မှောင်ကြုတ်ကာ အာရုံ ...နေတာမို့ အလေးထားရမည့်လူနှင့် ပြောနေတာထင်ပါရဲ့။

''သူရရေ''

''လာပြီဟေ့''

'သူရ' က နောက်ဖေးခန်းဘက်မှ ပြေးထွက်လာပြီးနောက် ...လှည့်ဝင်သွားပြန်လေ၏။ ဘယ်လိုဖြစ်ပြီး ပျာယာခတ်နေရပါသလဲ။ ...ထွက်လာစဉ် ပန်းကန်ပြားကြီးဖြင့် ဖရဲသီးနီနီရဲရဲ စိတ်အပြည့်ပါလာ ...သတော့သည်။ ရာသီဥတု ပူတာမို့ အမောပြေရေဆာပြေစေဖို့ ...စ်သီးပါပဲ။

''စာသင်ခန်းထဲ ယူလို့ရပါတယ်နော်, တီချယ်''

''ရတယ်၊ ကြက်ဥဘဲဥ စားလာတဲ့သူတွေ မစားရဘူးနော်၊ ...သည့်တာ သိတယ်မဟုတ်လား''

''ဟုတ်!''

''တီချယ် အရင်စားပါနော်''

''သားတို့ သမီးတို့ပဲ စားကြပါ၊ တီချယ်က ဖရဲသီးမကြိုက် ...ဘူး''

''ဒါဖြင့် ဘာသီးကြိုက်လဲဟင်''

''လုံချိုသီး''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ... တီချယ်နော်"

"အဟုတ်ပြောတာလေ၊ ကြိုက်လို့ ကြိုက်တယ်ပြော
ရှက်စရာမှ မဟုတ်တာ"

စာသင်ခန်းထဲ ရယ်သံတို့ ခပ်ကျယ်ကျယ် ထွက်သွား
၏။ 'တျာ' အတော်ပျော်နေမည်ဟု 'ရှာန်' ထင်နေပါသလား။ စိ
မပျော်တာကို ကလေးတွေရှေ့ မပြရဲပါလေ။ အင်အားအပြည့်
စာအပြင်းအထန် ကြိုးစားနေရတဲ့အချိန် ဖြစ်နေလို့ပါ။ လူဆို
စိတ်ကသာ ဦးဆောင်ပြီး မတ်မတ်ရပ်နိုင်သည့် ခန္ဓာကိုယ်နှင့် အ
အခဲတစ်ခု မဟုတ်လား။

တကယ့်ကို ယဲ့ယဲ့လေးသာ ရှိတော့တာပါ 'ရှာန်'။ စိ
အခန့်အသင့်ဖြစ်ပြီးတိုင်း တစ်ရက်နှစ်ရက်ကြာသည်နှင့် ဘာမှမ
ခဲ့သလို မသိယောင်ဆောင်ပြီး ခပ်တည်တည်မျက်နှာလေးဖြင့် ရော
လာတတ်သည့် ကောင်လေးက ခုတော့ဖြင့် အရိပ်သော်မျှ မမြင်ရ
ဘယ်သူက လွန်ခဲ့ပါသလဲ။ 'ရှာန်' သိပါလျက်နဲ့ 'တျာ' အ
ဤသို့ တင်းမာထားနိုင်တယ်ပေါ့လေ။

❂ ❂ ❂

## အခန်း (၁၆)

ကားကိုမောင်းထွက်ပြီး မြို့ထဲမှ ထွက်ခဲ့ရပါ၏။ Phone
ပြီး Date တောင်တာမှ လေသံက မလျှော့ပါလေ။ ဘယ်လို
ပြီး ဒီလိုချာတိတ်ကိုမှ 'တျာ' ခေါင်းညိတ်လက်ခံခဲ့ရပါသလဲ။
ဖြစ်ရာပါ။ ပြောစရာရှိရင် phnoe ထဲကပဲ ပြောဆိုပေမယ့် အပြင်မှာ
ပြီးပြောမှဖြစ်မှာတဲ့လေ။

ကောင်းပြီ 'ရှာန်'။ တွေ့ဆိုလည်း တွေ့ကြရုံပေါ့။ ဘာများ
တာမှတ်လို့။ ပြောလိုက်သည့်အတိုင်း လမ်းနှင့်ဆိုင်နေရာကို
ချာရှာလိုက်ရပါသည်။ လမ်းမတန်းမှာပဲမို့ သိပ်မရှာလိုက်ရပါ
form ဘေးမှာ ကပ်ကာ ကားကို ရပ်လိုက်ပါ၏။ ကားပေါ်မှ





www.burmeseclassic.com

www.burmeseclassic.com



ဆင်းလိုက်ပြီး ကော်ဖီဆိုင်ဝင်းထဲလိုက်စဉ် ဆိုင်အပြင်ဘက်ဝိုင်း
ရှိနေပါသည့် 'ချာန်' က သူ့ကို လက်ထောင်ပြလိုက်လေသည်။

ရင်ထဲမှ ထိတ်ခနဲဖြစ်သွားစေတာက ကောင်လေးဝတ်ထား
သည့် Sport shirt လေးကြောင့်ပါပဲ။ ဘယ်လိုဖြစ် 'တျာ' ဒီနေ့ဝတ်
လာသည့် အဝါဖျော့ဖျော့ အရောင်အတိုင်း ကျန်ချာတိတ် ဝတ်လာ
ရပါသလဲ။ ချစ်သူဆိုတာ နှစ်ကိုယ့်တစ်စိတ်ဆိုသည့်အတိုင်း မှန်နေပြီ
ထင်ပါရဲ့။

"ထိုင်ပါ"

Phone ဆက်ချိန်းသည့်နေရာကို အချိန်ကိုက်ရောက်လာ
ပါသည့်အတွက် အံ့ဩမိတာ အမှန်ပါ။ သူကဖြင့် 'တျာ' နှင့် ချိန်း
တိုင်း အမြဲအချိန်နောက်ကျပြီးမှ ရောက်လေ့ရှိတာပါလေ။ အမှတ်ရှေ
လျှော့ကုန်ပြီလား။ မလုပ်သင့်မလုပ်ထိုက်တာတွေချည်း သူက ကျ
လွန်မိခဲ့တာပါလေ။ သူ့လိုပင် Sport shirt နှင့် pants ဝတ်လာပါသည်
လူက Body ပိုကြည့်ကောင်းပြီး ယောကျ်ားပီသလွန်းနေတာပါ။

နှစ်ယောက် မျက်နှာချင်းဆိုင် ယှဉ်ထိုင်မိမှ ပိုပြီး ကွာခြား
မှန်း သိသာလွန်းလေ၏။ သူက အနည်းငယ်မျှ ညိုရာ၏။ ဟိုလူက
အသားဖြူဝင်းရွှေလေသည်။ သူက မျက်နှာတည်လွန်းပြီး ဟိုလူက မ
ပါဘဲ ပြုံးယောင်ယောင်မျက်နှာလေး ရှိပါ၏။ သူက အရပ်မဆိုစလော
လေး နိမ့်သလိုရှိပြီး ဟိုလူက သူ့ထက် အရပ်အတော်မြင့်လေသည်။





သူက body သိပ်မရှိပါဘဲ ခပ်ပါးပါး အနေတော်ခန္ဓာသာရှိပြီး ဟိုလူက
အားကစားလုပ်ထားဟန်အပြည့်ဖြင့် ဗလခပ်တောင့်တောင့်ဖြင့် ကျစ်
ကျစ်လျစ်လျစ်အနေအထား ဖြစ်လေ၏။

အားကိုးချင်စရာကြီးပါလား။ ဘုရားရေ! ... အမြင်ဖြင့်
နှိုင်းယှဉ်မိပါက သူ၏'တျာ' အလွယ်လေး ပါသွားနိုင်တာလေ။ လုပ်
ငန်းလုပ်နေပါသည့် သူ့ထက်လည်း ပိုပြီး ဝင်ငွေကောင်းသလို ဘွဲ့ရ
ခဲ့သည့် Major ကအစ မယှဉ်သာအောင် ကွာခြားလွန်းတာပါ။
သည်မိလေ သူက ပိုပိုပြီး သိမ်ငယ်မှုန်ဝါးသွားသည့်နှယ်ပါလေ။

"ကော်ဖီဖြစ်ဖြစ်"

"နေပါစေ ... ကိုယ်က Tea ပဲ ကြိုက်လို့ပါ"

ကွက်!ခနဲ မျက်နှာပျက်လေ၏။ Tea တဲ့လား။ ဘာဖြစ်လို့
များ 'တျာ'နှင့် အကြိုက်တူနေရပါသလဲ။ Waiter ရောက်လာစဉ်
မှာလိုက်ပြီး လာပို့ပေးသည့် စားစရာကအစ 'တျာ့' အကြိုက် ခပ်စိမ့်
စိမ့် ပေါင်မုန့်ဖြစ်နေရတယ်လို့။ ရင်ဘတ်ထဲမှာ သိသိသာသာကြီး
အောင့်လာရလေသည်။ ကိုယ်, သူ့ကို တောင်းပန်ဖို့ တွေ့နေပါပြီ,
'တျာ'။

"ဘာများပြောဖို့ ရှိလို့လဲ"

"ပြောမှာပါ"

'ဖွံ့' က ဘောင်းဘီအိတ်အတွင်းမှ Tissue ထုပ်ကို ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်လိုက်ပြီး လက်ဖက်ရည်ခွက်ဘေးမှာ ဖိတ်လာပါသည့် အ... နေရာကို Tissue ဖြင့် သေသပ်စွာ သုတ်လိုက်ပါသည့် ပေါင်မုန့်... လျှင် လက်ဖြင့် ကိုင်ရတော့မှာမို့ လက်ပေတော့မှာ အသေအချာ... ယောက်ျားလေးမို့ လက်ကိုင်ပဝါ မဆောင်တတ်ပေမယ့် Tiss... ထုပ်တော့ ဆောင်ဖြစ်လေ၏။

"တျာက ... ခင်ဗျားကို တောင်းပန်မှ သူ ခွင့်လွှတ်ပေး... ပြောလို့ပါ"

ပြုံးလိုက်မိပါ၏။ ဒီချာတိတ်က တကယ်ပေါ့သေး... မဟုတ်ဘူးပဲ။ တောင်းပန်မှာတောင်မှ 'တျာ့'ကြောင့်ဆိုပြီး အကြော... ပြနေသေးတာလေ။ မာနခပ်ကြီးကြီး ထောင့်မကျိုးသည့် ဤသို့... ချာတိတ်ကိုမှ 'တျာ' မည်သို့ မြင်ခဲ့မိပါလိမ့်။

"မင်းမှားနေပြီ, ညီ၊ တောင်းပန်တယ်ဆိုတာမျိုးက ကို... စိတ်ထဲ ဖြစ်လာတဲ့ တကယ့်စိတ်ရင်းနဲ့ တောင်းပန်ရတာမျိုးပါ၊ ဘ... သူ့ဘယ်ဝါကြောင့်ဆိုပြီး ပြောတာက သိပ်မဟုတ်ဘူး"

စိတ်ထဲ တင်းခနဲဖြစ်သွားရပါ၏။ ထင်သည့်အတိုင်းပါ... အမြင့်မှလူက အနိမ့်မှလူကို အထင်တသေးဖြင့် ဖိနှိမ်ပြောနေသလို... လေ။ လက်ရောက်မှု ကျူးလွန်ခဲ့မိလို့ တာဝန်ရှိခဲ့ပြီး အခုလို တော... ပန်ဖို့ တွေ့ရတာပါ။ ဒီလိုအထင်တသေးအကြည့်နှင့် ခနဲ့တဲ့တဲ့အပြေ... တွေက သူ့နှာထဲမှာရော၊ ရင်ထဲမှာ ခါးသီးလွန်းတာပါလေ။





"ကိုယ်ထိလက်ရောက်ဖြစ်ခဲ့တဲ့ကိစ္စအတွက် sorry ပါ"

တွေ့လား။ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပြန်တာလေ။ အဘယ်မျှ ...သည်းယားစရာပါလဲ။ 'တျာ့'ကိုလည်း ဒီလိုအကြည့်မျိုး အပြုံးမျိုး ...ပြောယောင်းဘူး ပြောနိုင်မလား။ သူနှင့်က တစ်ပတ်မှာ နှစ်ကြိမ် ...ကာသာ လူချင်းတွေဖြစ်တာဖြစ်ပြီး ဤလူနှင့်က Sunday မှလွဲ၍ ...နေ့စဉ်နီးပါး မြင်တွေ့နေရမှာလေ။ အလို! ... သူ၏'တျာ'တော့ ဤလူ၏ယောက်ျားမာယာကြားမှာ မျောပါသွားလေပြီလား။

'ဒါပဲမဟုတ်လား ... တာဝန်ကျေသွားပဲ"

"ဘာဗျ"

"ဟုတ်တယ်လေ ... တျာပြောတဲ့အတိုင်း တာဝန်အရ ...ပြောတာ မဟုတ်လား။ ရင်ထဲမပါတဲ့စကားမျိုးကို ကိုယ်က ...ပြောလေ့မရှိတော့ သိနေလို့ပါ"

"ခင်ဗျား"

"တျာ့ကို ကိုယ်ပြောလိုက်မယ်လေ၊ ဟုတ်ပြီလား"

"ဘာဗျာ ... ကျုပ်ချစ်သူနဲ့ ခင်ဗျား ဘာအကြောင်းနဲ့မှ ...ဖို့ မလိုပါဘူး။ ခင်ဗျားနဲ့ ဘာဆိုင်လို့ တျာနဲ့ တွေ့ချင်ရတာလဲ"

"ဒါက ကိုယ့် personal ပါ"

သူ အံကိုတင်းတင်းကြိတ်ပြီး လက်ကိုတင်းတင်းကျုပ်ကျုပ် ...ထားလိုက်မိပါ၏။ ဒေါသဆူလွယ်သည့်လူထက် သွေးအေးသည့်



www.burmeseclassic.com

www.burmeseclassic.com



လူက အမြဲတစ်ပန်းသာနေတတ်တာပါလေ။ အခုလည်း သူ့ကို ဒေါ
မဖြစ်ဖြစ်အောင် ဤလူ တမင်ဆွပေးနေတာ မဟုတ်ပါလား။

“ခင်ဗျား … တျာနဲ့ လုံးဝမပတ်သက်ပါနဲ့”

“အဲဒါ ညီမှာ ပြောပိုင်ခွင့် ရှိလို့လား”

“ဘာ!”

“လူမှန်ရင် လူ့အသိုင်းအဝိုင်းနဲ့ လူမှုရေးဆိုတာ ရှိတယ်
တျာနဲ့ မပတ်သက်နဲ့၊ မခေါ်နဲ့၊ မပြောနဲ့၊ မတွေ့နဲ့ဆိုပြီး ပညတ်ချက်
တွေနဲ့ ဘောင်ခတ်ထားလို့ မရဘူး၊ ဗျာန်၊ တျာက သက်ရှိလူသား
ပါ၊ နှလုံးသားနဲ့ ရှင်သန်ရပ်တည်နေတဲ့ မိန်းကလေးပါ။ သူ့စိတ်
သူ့ခန္ဓာ တည်နေတဲ့ သက်ရှိလူသားကို စက်ရုပ်တစ်ရုပ်လို Con
လုပ်နေတာ မှားနေမှန်း မင်းကိုယ်မင်း မသိဘူးလား။ ဒါမှမဟုတ်
တမင်တကာ မေ့ထားတာများလား”

“ခင်ဗျား ဆရာမလုပ်စမ်းပါနဲ့၊ တျာ့ကို ကျုပ်ပိုင်တယ်”

“အဲဒါကိုက မှားနေတာ”

“ဘာ!”

“ကိုယ်ပြောပြီးပြီလေ၊ သူ့အသက်နဲ့၊ သူ့စိတ်နဲ့ သူ့
တည်နေတဲ့လူကို ပိုင်တယ်လို့ ပြောနေတဲ့ မင်းရဲ့တစ်ပွသန်စိတ်
လျှော့လိုက်ဦး”

“တောက် … ခင်ဗျား … ခင်ဗျား”





ခပ်နွေးနွေးသာရှိတော့သည့် လက်ဖက်ရည်ကို မော့သောက်
လိုက်ပါ၏။ ရှေ့မှာ ဒေါသတကြီး ပေါက်ကွဲနေပါသည့် ချာတိတ်ရှေ့
မှာ မရယ်ဖြစ်အောင် သူ ထိန်းထားရတာပါ။ သည်းခံစိတ် အတော်
နည်းပါးသည့် လူငယ်လေးပါပဲလား။ ဒီလို ချာတိတ်ကိုမှ ‘တျာ’ က
စိတ်ရှည်ပေးခဲ့တာလေ။

“တျာ့ကို ပိုင်တယ်လို့ ပြောရအောင် ငွေပေးပြီး ဝယ်ထား
တဲ့ အရုပ်လို့ ထင်နေလား”

“ဘာပြောတယ်၊ တျာ့နှလုံးသားကို ကျုပ် ပိုင်ခဲ့တာဗျ”

“မှန်တယ်လေ၊ ငယ်သေးတဲ့စိတ်နဲ့ အနီးဆုံးမှာ ရှိနေတဲ့
သူကို လက်သင့်ခံခဲ့တာမျိုးလည်း ဖြစ်နိုင်တာပဲ၊ တျာ့ကို စမြင်ကတည်း
က သူစိမ်းယောကျ်ားတွေနဲ့ ပတ်သက်ခင်မင်ရင်းနှီးတဲ့ မိန်းကလေးမျိုး
မဟုတ်မှန်း သိခဲ့တာပဲလေ”

မျက်လုံးပြူးသွားရပါ၏။ ကြည့်စမ်း! … သူ၏‘တျာ’ကို
အဖန်သုံးသပ်ပြနေတာလေ။ အရိုးခံမိန်းကလေး၏နှလုံးသားကို
အဘယ်သို့သော နည်းလမ်းမျိုးဖြင့် မြင်ခဲ့ပါသလဲ။ ‘တျာ’ဆိုတာ သူနဲ့
မျက်လုံးချင်းဆုံတာကလွဲပြီး တခြားသူစိမ်းယောကျ်ားတွေကို မျက်စိ
ပစားတတ်တာမှမဟုတ်ဘဲ။ ငယ်သေးတဲ့စိတ်နဲ့ အနီးဆုံးမှာရှိတဲ့ လူကို
လက်ခံခေါင်းညိတ်ခဲ့တာတဲ့လား။ မဟုတ်ပါဘူးနော် … မဟုတ်ဘူး
သူ့ကို တကယ်ပင် နှစ်နှစ်ကာကာ ချစ်ခဲ့လို့ ‘တျာ’ လက်ခံခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ... ခင်ဗျား ... အပြောနဲ့အလုပ်မညီတဲ့ လူပါလား"

"ဘာပြောတယ်"

"ကျုပ်ကို ခင်ဗျား တစ်ဖက်သတ်ကြိုက်နေတာ မဟုတ်လား ဝန်ခံလိုက်စမ်းပါ"

"အဲဒီတော့"

"ဘာ!"

"လွတ်လပ်တဲ့မိန်းကလေးကို ဘယ်သူမဆို စိတ်ဝင်စားခွင့် ရှိသလို ချစ်ခွင့်လည်း ရှိပါတယ်"

"ကျုပ်က"

"ကျုပ်က ကာမပိုင်ယောက်ျားရှိတဲ့သူမှ မဟုတ်တာ"

"လူယုတ်မာ!"

ဖျတ်ခနဲ ထရပ်လိုက်သလို သူ့ထံ လှစ်ခနဲရောက်လာပါသည် ချာတိတ်ကြောင့် အမြန်ထရပ်လိုက်သလိုရောက်လာသည့် လက်သီး ကိုပါ ဖမ်းဆုပ်တားဆီးလိုက်ပါ၏။ အလစ်အငိုက်ဆိုတာ တစ်ကြိမ် တစ်ခါပဲ တော်သင့်ပါပြီ 'ချာနီ'၊ နည်းနည်းပဲဖြစ်ဖြစ် များများပဲဖြစ်ဖြစ် နာတာက နာရတာပါပဲ။

"တစ်ခါပဲ တော်သင့်ပြီ၊ ချာနီ"

"ခင်ဗျား ... ခင်ဗျား ... ကျုပ်ချစ်သူကို လုယူဖို့ ကြံစည်





နေတာပေါ့လေ၊ အတော်ယုတ်မာတဲ့ လူပဲ"

"မလုပ်ပါဘူး၊ ချာနီ၊ ကာယကံရှင်က လိုလိုလားလားနဲ့ ပေးဘဲ ယူတတ်တဲ့ လူတွေထဲမှာ ငါမပါဘူး။ အေး! .. ဒါပေမဲ့ .. တစ်ယောက်တည်း ပစ်ထားခံရရင်တော့ တစ်မျိုးပေါ့လေ၊ ပွဲသကူ စွန့်ဆိုတာ ဘယ်သူမဆို ကောက်ယူခွင့်ရှိတာ မင်းသိမှာပါ"

ကြည့်စမ်း! ... သူ့ချစ်သူကိုများ တန်ဖိုးမဲ့ပစ္စည်းနှယ် နှိုင်းနှိုင်းပြလိုက်တာလေ။ ဒီလိုဖြစ်စရာအကြောင်းမှမရှိတာ။ 'ကျုပ်' အပေါ်မှာ သူက အသက်ထက်ပိုပြီး ပုံချစ်ခဲ့တာ။ အမြတ်တနိုးနဲ့ တန်ဖိုးထားခဲ့မိတာကို သူကိုယ်တိုင် သိနေပါ၏။ စွန့်ပစ်ဖို့ဆိုတာက အိပ်မက်ထဲတောင် ယောင်ပြီး မမက်ခဲ့သည့်အဖြစ်ပါလေ။

"အရှုံးထပြီး မျှော်လင့်မနေနဲ့၊ ကျုပ်ကို ကျုပ် ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး"

"စောင့်ကြည့်ရသေးတာပေါ့"

"ဘယ်အချိန် ငါးရိုးပစ်မလဲဆိုပြီး စောင့်နေမယ်ပေါ့လေ၊ ခင်ဗျားက ကြောင်ဖားပါပဲလား"

"အဲဒါတွေကြောင့် မင်းကို ကျုပ် စိတ်ပျက်တာပဲ၊ ချာနီ၊ မင်းက မင်းကိုယ်မင်းပဲ ပိုချစ်တဲ့လူပါ"

"ဘာ"

"ပြောတော့ ကျုပ်အပေါ် မင်းအသက်ထက် ပိုပြီးချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တျာ့အတွက် ဘယ်တုန်းကများ စဉ်းစားခဲ့ဖူးလို့လဲ၊ မင်း စိတ် တိုင်းကျ ဘာမဆို ဆုံးဖြတ်အမိန့်ပေးခဲ့တာချည်းပဲ ရှိခဲ့တာပါ, ရှာန် တျာ, ဘာဖြစ်ချင်သလဲ၊ 'တျာ့'စိတ်ထဲ ဘာကိုစဉ်းစားဆုံးဖြတ်ထာ သလဲဆိုတာတွေကို နည်းနည်းလေးတောင်မှ ငဲ့ကြည့်ဖြစ်ခဲ့ရဲ့လာ ဘေးကကြည့်နေတဲ့ လူတောင်မှ တျာ ဘယ်လောက်စိတ်ကျဉ်းကြ နေရသလဲဆိုတာ ခံစားပေးလို့ရတယ်၊ ချစ်တယ်ဆိုတာမျိုးက အချ လေးနဲ့ပဲ ပြီးရတာမျိုး မဟုတ်ဘူး''

''တျာ့ကို ကျုပ် သိပ်ချစ်တာဗျ''

''ချစ်ပါ၊ မချစ်နဲ့လို့ မတားပါဘူး၊ ဒါပေမဲ့ . . . နည်းလ တကျတော့ ဖြစ်စေချင်ပါတယ်, ရှာန်၊ ချစ်လွန်းလို့ဆိုပြီး အသက်ရှူရခက်အောင် ဘောင်ခတ်ပြီး စည်းတားကာ စီးထားမှာ အမုန်းခံရတာကမှ ပူလောင်တာမျိုးမဟုတ်ဘူး, ရှာန်၊ အချစ်ခံရ လည်း လူကို ပူလောင်တတ်စေပါတယ်''

''ဘာ''

''ချစ်တတ်အောင် လေ့လာထားပါဦး၊ မင်းစွန့်ပစ်မယ့်အ ကို စောင့်နေတာ မဟုတ်ဘူး ရှာန်၊ ဒါပေမဲ့ . . . မင်းအပေါ် ပျက်ပြီး ငါ့ဘက်ကို ယိုင်လာရင်တော့ ငါလည်း မတတ်နိုင်''

''ကဲ!''

''ခွပ်!''





*စကားမဆုံးခင်မှာပင် သူ့မျက်နှာပေါ်သို့ လက်သီးက* ရောက်သွားပြန်လေ၏။ ကိုယ်ထိန်းထားပါတယ် 'တျာ' . . . ဒါပေမဲ့ ိန်းချုပ်နိုင်မယ့်ခွန်အားက လျော့ပါးကုန်လို့ပါ။ ဒီလိုအခြေအနေမျိုး ရောက်ရောက်အောင် မဖြစ်ဖြစ်အောင် ဤလူက တမင်ဖန်တီးနေလို့ လေ။

စောင့်နေတာ 'တျာ' . . . ကြက်သားအုပ်မကြီးလို ကာကွယ် ာင့်ရှောက်ပေးနေပါလျက် အန္တရာယ်ကို မမြင်ပါဘဲ အပြင်ထွက်သွား သည့် ကြက်သားပေါက်ကို အလွယ်တကူ ချိုဖမ်းစားမည့် စွန်ရဲငှက် းနှယ် ဖွဲကြီးတဲ့လူပါလေ။ ဆုံးရှုံးရတော့မယ့်အချိန်ကို မရောက်ချင် း 'တျာ'။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

မင်းမရှိရင် ကိုယ် အသက်ဆက်မရှင်ချင်တော့တာ မသိဘူး [illegible]။ ရက်ရက်စက်စက်နဲ့ ထားခဲ့တဲ့နေရာမှာ "ရှာန်" ဆိုတဲ့ကောင် [illegible]ပြီး ကျန်ရစ်ခဲ့တာကို သိပါလေစ။ ရင်ခုန်သံနဲ့ ရှင်သန်ခြင်းတို့က [illegible]ကြောင့်သာ ဖြစ်ခဲ့ရတာပါ "တျာ"။ ကျေးဇူးပြုပြီး ကိုယ့်ကို မမုန်း[illegible]ပါနဲ့၊ မမေ့လိုက်ပါနဲ့၊ မချန်ရစ်ခဲ့ပါနဲ့။

(ရှာန်)

www.burmeseclassic.com

www.burmeseclassic.com

အချစ်က လူကို ရှင်သန်စေနိုင်သလို . . .
အသက်ကိုလည်း ဆုံးရှုံးစေနိုင်ပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"တင်းတောင်!"

တံခါး Bell သံကြောင့် အန်တီလေးနှင့် ပိုင်းကူနေရာမှ
လိုက်ရပါ၏။ ကလေးတွေရောက်ပြီထင်ပါရဲ့။ ကျောင်းတွေပိတ်
ပြီးမှ 'တျူ' တိုက်ခန်းမှပင် (၁၀) တန်းတွေ အကုန် (၁၁)
သက်စလုံးကို ခေါ်ကာ စာစုကျက်ခိုင်းတော့မှာပါ။ မနက် (၉)
ချိန်မှ ညနေ (၆) နာရီအထိ ရှိစေပြီး အိမ်ပြန်လျှင် နားနားနေနေဖြင့်
အနည်းငယ်သာ ကြည့်ခိုင်းပြီး အိပ်ရေးဝဝ အိပ်စေပါ၏။

"ရောက်လာကြပြီလား ... လာကြ"

"သူရ ကျန်သေးတယ်, တီချယ်"



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးစဉ် ဝတ္တာတို့အုပ်စု အရင်ရောက်လာပြီး သေ
တို့ပါ နောက်မှလိုက်လာသဖြင့် တံခါးရှေ့မှာ ခဏရပ်စောင့်လိုက်ပါ
ဒီမှာက အခန်းဆင်တူတွေမို့ မှားနိုင်လေသည်။ 'ကေသီ' နှင့် 'ေ
မော်' ပါ မရောက်သေးတာမို့ 'သူရ' နှင့် သုံးဦး ကျန်ပါသေးသည်
ညှိခန်းအကျယ်မှာ သံခေါက်စားပွဲလေးလုံးကို တစ်ဆက်တည်
ဆက်စီထားပြီး White board ကို နံရံဘက်မှာ ကပ်ထားသဖြ
နေရာ အတော်ကျယ်ဝန်းပါ၏။ တိုက်ခန်းတွေက အသံလုံအော
ဆောက်ထားတာမို့ 'တျာ' ၏တပည့်စာကျက်ဝိုင်းအသံတွေကို ကြား
မရှိပါချေ။

"ကလေးတို့ ဘာစားခဲ့သလဲ"

"မနက်စာ စားခဲ့ပါတယ်, ကြီးကြီး၊ နေ့လယ်စာအတွေ
အိမ်ကနေ ထမင်းချိုင့်လာပို့မှာပါ"

"သြော် ... ကြီးကြီးတို့ ချက်ကျွေးမှာပေါ့၊ ဘာလို့ထမင်းချို
ပို့နိုင်းတာလဲ"

"မာမီတို့က အားနာလို့ပေါ့ ကြီးကြီးရဲ့။ သမီးတို့အုပ်စု
(၁၃) ယောက်တောင်မှလေ၊ တီချယ်က ဘယ်ကျွေးနိုင်မှာလဲ"

"အမယ်လေးနော် ... ကြီးကြီးတို့က ဒီလောက်တော
ကျွေးနိုင်ပါတယ်၊ အနည်းအမျှ အများအဝပေါ့ကွယ်"

တံခါးပိတ်ဖို့ ပြင်လိုက်စဉ် 'သူရ' နှင့် 'ကေသီ' တို့သုံးယော





သာနေကြပြီမို့ စောင့်ရပြန်ပါ၏။ ကျောင်းပိတ်ရက် တစ်လကျော်မှာ camp ဖွဲ့စာကျက်ဝိုင်းအတွက် 'တျာ'က အမြဲတမ်း ကြိုပြီး ပြင်ဆင်ထားပါသည်။ စာမေးပွဲနီးလာသည်နှင့်အမျှ ဘာကျက်လို့ ကျက်ရမှတ်အညီမှန်း မသိဘဲ ဗျာများတတ်ကြသဖြင့် ဤသို့စီစဉ်ပေးရတာပါ။

"တီချယ်, သားကို စောင့်နေတာမှ ဟုတ်ရဲ့လား"

"စောစောစီးစီး ခေါင်းမှာ ဘုထွက်ချင်ပြီ ထင်တယ်၊ ဒီကောင်လေးကတော့"

'သူရ' က ပြုံးစိစိဖြင့် တိုက်ခန်းထဲသို့ ဝင်လာပါ၏။ လူစုံပြီမို့ ဝင်ထွက်မည့်လူက မရှိတော့ပါချေ။ စိတ်ချလက်ချ စာကျက်ဝိုင်းစလို့ရလေပြီ။ ကလေးတွေ နေရာယူထိုင်လိုက်ကြပြီမို့ Whit board ရှေ့မှာ ရပ်လျက် စကားပြောရပါသည်။

"ဘာစာကို ဘယ်ကာစ,ကျက်ရမယ်မှန်း မသိဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"အခု တီချယ်ပြောတဲ့အတိုင်း လိုက်လုပ်ကြပါ၊ စာမေးပွဲအတွက် ဘာမှပူပန်မနေနဲ့၊ မင်းတို့ကို တီချယ် အကုန်သင်ထားပြီးသားတွေချည်းပဲ၊ မေးခွန်းဟောင်းမှန်သမျှလည်း လေ့လာပြီးနေပြီ၊ ခုချိန်မှာ ခေါင်းအေးအေးနဲ့ စိတ်ကို အေးအေးထားပြီး စာပြန်နွှေးရုံပဲ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကျက်လည်း ကျက်မယ်၊ တွက်လည်း တွက်မယ်၊ အခု စာကျက်ဝိုင်းမှာ ရွှေဖြစ်စေတဲ့ တစ်မှတ်တန်တွေ အားလုံးစုပေးမှာ ယူမှာမဟုတ်လား"

"ဟုတ်!"

"ကောင်းပြီ ... တွက်စာအားလုံးကို တီချယ်နဲ့အတူ အခန်း တိုအတွင်း ပြီးစေရမယ်၊ အခု မြန်မာစာက စကြတာပေါ့၊ ခက်ဆစ် အလင်္ကာ၊ သဒ္ဒါတွေ စနွှေးပါ၊ ပြီးရင် တညီတညာဆိုရမယ်၊ ဟုတ် ပြီလား၊ လူများတယ်ဆိုပြီး လေပေါ်ကြဖို့ စိတ်မကူးလေးနဲ့၊ ကျွန် CCTV ကနေ ကြည့်နေမှာ၊ စနိုင်ပါပြီ"

ကလေးတွေက စာအုပ်တွေထုတ်ပြီး စားပွဲထက်တင်လျက် 'တျာ' ပြောသည်ကို အဟုတ်ထင်လျက်၊ ဟိုဟိုဒီဒီ မော့ကြည့်ကြ လေ၏။ နာရီဝက်ကျော် တစ်ကြိမ်လာပြန်စစ်မှာမို့ အန်တီလေးနှင့် ကူလုပ်ပေးရန် အတွင်းခန်းသို့ ဝင်ခဲ့ပါသည်။ ကလေးတွေ စာမေး ဖြေရတော့မှာမို့ မိဘတွေပါ စိတ်ပင်ပန်းခံရမှာကို ကိုယ်ချင်းစာမိသဖြင့် ဒီတာဝန်ကို ခွဲယူပေးရတာပါ။

"အန်တီလေး"

"ဟော ... ဘာလဲ သမီး"

"တျာ, ဝိုင်းကူပေးမယ်လေ"





"နေပါစေ သမီးရယ်၊ အန်တီလေး လုပ်နိုင်ပါတယ်"

"အများအတွက်ဆိုတော့ ပင်ပန်းမှာမို့ပါ၊ ဒီနေ့က ခေါက်ဆွဲ ကြော်မို့ သိပ်အလုပ်မရှုပ်သေးဘူး၊ နောက်နေ့ ကြာဆန်ချက်ကမှ ရှုပ်မှာ"

တစ်ယောက်စီ ကျက်သူကျက်၊ အုပ်စုဖွဲ့ကျက်သူကျက်ဖြင့် စာထဲ စိတ်ဝင်စားနေစဉ် တံခါး Bell သံမြည်လာလေ၏။ ဧည့်သည် ရောက်လာပြီမို့ ထဖွင့်ရမလား၊ မဖွင့်ရဘူးလားဟု တွေးလျက် ဇဝေ ဇဝါဖြစ်သွားရပါသည်။ 'သူရ' က တီချယ်နှင့် ပိုပြီးရင်းနှီးမှုရှိတာမို့ သရုပ်ကာ တံခါးကို ဖွင့်လိုက်ပါ၏။

"ဟင်"

ပွင့်သွားသည့်တံခါးဝမှာ ရပ်နေပါသည့် ခပ်ငယ်ငယ်ချာတိတ် ကြောင့် အံ့သြသွားရပါသည်။ ကြည့်စမ်း ... သူ့စိမ်းတွေကို အိမ်ထဲ သယ်တွက်ခွင့်ပြုထားပြန်ပါပြီ၊ 'တျာ'ကတော့ သူ့ကို ကောင်းကောင်းကြီး အရွဲ့တိုက်နေလေပြီ။ T-shirt ပွပွလေးကို Quater pants နှင့် တွဲဝတ်ထားတာမို့ ငယ်နုဟန်က အပြည့်ပါပဲ။ အထူးသဖြင့် သူ့ကို ကြည့်သလို ဂျစ်ကန်ကန်ဟန်နှင့် ပုံစံက အတော်လေး စိတ်ခုစရာ ပါလေ။

"ဘယ်သူလဲ"

"အဲဒါ ကျွန်တော်က မေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်! ... တျာ့ဆီလာတာကို သတင်းပို့နေရဦးမှာလား တျာ မရှိဘူးလား"

"တီချယ် ရှိတယ်၊ နောက်ဖေးဘက်မှာ ..."

တံခါးကို တွန်းဖွင့်လျက် ဝင်လိုက်စဉ် တစ်ပြုံတစ်မကြီး ဖြစ်နေပါသည့် ချာတိတ်တွေ၏အကြည့်က သူ့ထံ စုပြုံသွားလေ၏ ဟုတ်သားပဲ၊ ဒီလဆို ဒီမှာ စာကျက်ဝိုင်းလုပ်လေ့ရှိတာ သိသိကြီး ဖြစ်ပါလျက် အတွေးက ချော်သွားရတာလေ။ သူက 'တျာ့' ကို သူ့စိမ်းယောကျ်ားတွေနှင့် မပတ်သက်စေချင်တာမို့ ခက်သားလား

"ဪ ... စာကျက်ဝိုင်း စနေပြီကိုး"

"ချောလိုက်တာဟယ်"

ကောင်မလေးတွေထံမှ တီးတိုးထွက်လာသည့် စကားကို ကြားပေမယ့် မသိယောင်ဆောင်လျက် အတွင်းဘက်သို့ ဆက်ဝင်ခဲ့ ပါသည်။ မီးဖိုခန်းအဝမှာ ရပ်လိုက်စဉ် သူ့ချစ်သူလေးက သူ့ကို မမြင်ပါဘဲ ကျောပေးလျက် အလုပ်ရှုပ်နေလေ၏။

"ကြက်သားပြုတ်ထားတာ ... အမယ်လေး!"

"တျာ့"

"လန့်လိုက်တာ ... အသံလေး, ဘာလေး ပေးပြီး မလာ ဘူး"

"ကိုယ် Bell တီးပြီးမှ ဝင်လာတာပါ"





"ကလေးတွေ ဒီလောက်ဆူနေတာ ဘယ်ကြားပါ့မလဲ"

"ကိုယ် ဘာဝိုင်းကူပေးရမလဲဟင်"

"မလိုပါဘူးနော်၊ လုပ်တတ်တာလည်း မရှိဘဲနဲ့များ"

"တီချယ် ... သား, Toilet သုံးချင်လို့"

နောက်နားသို့ရောက်လာပါသည့် ချာတိတ်ကြောင့် 'တျာ' နှင့်သူ စကားပြောတာ ရပ်သွားရပါသည်။ ဒီချာတိတ်တော့ မဟုတ် သေးပါဘူး။ သူ့ကို ဘုကြည့်ကြည့်ရုံမျှမက စူးစမ်းချင်နေသလိုပါလေ။ ပြောတော့ဖြင့် 'သား' ဆိုပြီး ကိုယ်ထည်က သူ့နီးပါးခန့် ရှိနေပြီး သွားတဲ့ ချာတိတ်လေးပါပဲ။

"သွားလေ သူရရဲ့၊ အဲဒီထောင့်ခုံးခန်းမှာ တံခါးဖွင့်လိုက်"

"ဒီချာတိတ်က ဘာလဲ"

"ဘာကိုမေးတာလဲ"

"ကြည့်တဲ့ပုံကိုက ထောင့်မကျိုးဘူး"

"ဘယ်ထောင့်ကျိုးပါ့မလဲ၊ ရှင်ပဲ သူ့ဦးလေးကို ပြဿနာရှာ ခဲ့တာလေ၊ ဒီလောက်တော့ ရှိမှာပေါ့"

"ဘယ်လို ... အင်း ... ဘာပဲဖြစ်ဖြစ် ရင်းရင်းနှီးနှီးမပြော နဲ့"

"ကြည့်! ... လုပ်လာပြန်ပြီ၊ မဟုတ်တာ လိုက်ရှစ်မနေနဲ့ ဘာမှမကူနိုင်ရင် စောစောပြန်တော့၊ ကိုယ့်အလုပ် ကိုယ်လုပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုမနှင်ပါနဲ့"

"ဩော် . . . နှင်နေတာ မဟုတ်ပါဘူး၊ ကလေးတွေ စာကျ... တာ အာရုံနှောက်မှာစိုးလို့ ပြန်ခိုင်းတဲ့ဟာကို"

"အဲဒီကလေးတွေက အရေးကြီးလား၊ ကိုယ်က အ... ကြီးတာလား"

မျက်စောင်းက ရောက်လာလေ၏။ ဘာမှထပ်မပြောပါ... ရေခဲသေတ္တာဖွင့်ကာ ရေသန့်ဗူးလေးငါးဗူးကို လင်ဗန်းထဲထည့်လို... ပြီး ဖန်ခွက် (၁၁) ခွက်ကို စီတင်လျက် သူ့လက်ထဲသို့ ကမ်း... လိုက်လေသည်။ မေးခွန်းကို မဖြေဘဲ အလုပ်ခိုင်းတာက သက်သေ... လေ။ ရင်ထဲမှာ အောင့်သက်သွားရပေမယ့် ခိုင်းတာကိုတော့ အ... လုပ်ပေးရပါ၏။

"ရေဆာရင် သောက်ဖို့"

ကောင်မလေးတွေက သူ့ကို ပြုံးစိစိဖြင့် မော့ကြည့်ကြ... ၏။ ဒီကို ဝင်လာမှ သူ မည်သူဆိုတာကို သိသွားပုံပါ။ လူကြီး... ချောသလေး, ဘာလေးနဲ့ မနိုင်ပါဘူး။ လင်ဗန်းတင်ပေးပြီး ပြန်... ခဲ့စဉ် အခန်းရှေ့လမ်းမှာ 'သူရ'နှင့် မျက်နှာချင်းဆိုင်တိုးပြန်လေသည်... ချာတိတ်က 'တျာ'နှင့် စကားပြောလျှင်ဖြင့် ပြုံးနေပြီး သူ့ကို... ခပ်တည်တည်သာ ကြည့်တတ်တာပါလော။

"ဗိုက်ဆာတယ်"





"ဟောတော်! . . . အိမ်က ဘာမှစားမလာဘူးလား"

"ဒီလာတိုင်း ဘာများစားခဲ့ဖူးလို့လဲ"

"(၉) နာရီကျော်နေပြီ ထမင်းစားမလား"

"ကျက်ပြီမို့လို့လား"

"ကျက်နေပြီပေါ့၊ တျာ, မနက်အစောကြီးထပြီး ချက်ထား... ...တာ၊ ကလေးတွေကို ကျွေးဖို့ ကြိုစီစဉ်ပြီးသား"

"လာပြန်ပြီလား ဒီကလေး"

"လုပ်ပေးရမှာပေါ့၊ ဒီကလေးတွေဆီကနေ တျာက လခ... ...ားတာလေ"

"ပိုက်ဆံစကား ပြောပြန်ပြီ"

တကယ်ပဲ သူက 'တျာ့'အတွက် အနှောင့်အယှက်ဖြစ်နေပြီ... ...အလုပ်ရှုပ်နေမှန်း မြင်နေရပါလျက် ထမင်းစားပွဲရှိ ခုံမှာ ဝင်... ...နေပြီမို့ 'တျာ'က သူ့အတွက် ပြင်ဆင်ပေးလေ၏။ အသားဟင်း... ...က ချက်ပြီးသားမို့ ခရမ်းချဉ်သီးသုပ်ကို မြန်မြန်လေး လုပ်ပေး... ...ည်။ ကြက်သားဆီပြန်၊ ငါးကြော်နှပ်၊ ငါးဆုပ်ဟင်းနှင့် ကြက်ရိုး... ...င်းဟင်းချိုတို့က ထမင်းစားမြိန်စေလေ၏။ ကလေးတွေအတွက်... ...ယ်ပြီး ချက်ကျွေးတာတဲ့လား။ မနာလိုချင်စရာပါပဲ။

"စားလို့ကောင်းရဲ့လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရက်ပိုင်းမလာဘဲ နေပေးပါလား။ Final Exam ပြီး
တျာလည်း နားရမှာမို့ပါ"

"မတွေ့ရရင်မှ မနေနိုင်တာ"

"ကြည့်! ... ညကျ phone ဆက်ပေါ့"

"Phone နဲ့ လူက တူမှမတူတာ"

"ကျစ်! ... ဒါဆိုလည်း ညဘက် ခဏဝင်လာပေါ့"

"ရလို့လား ... တျာ, နားချိန်ကို"

"ရတယ် ... ခဏပဲဟာ"

"Ok!"

သူ ကျေနပ်သွားရပါ၏။ အလိုက်တသိဖြင့် မြန်မြန်ပြန်မှ
ထမင်းစားပြီးသည်နှင့် သူ ပြန်ရန် ထွက်လာစဉ် 'တျာ'က တံခါးဖ
လိုက်ပို့ပေးလေသည်။ ချာတိတ်တွေရှေ့မှာ သူ နေရခက်တာ
ပြန်တာပဲ သင့်လျော်ပါ၏။ တံခါးကို ပြန်ပိတ်ပြီး လှည့်လိုက်
ကလေးတွေမျက်နှာက ပြုံးစိစိဖြစ်နေကြလေသည်။ သူကလ
အချိန်ကောင်းကိုမှ ရွေးပြီး လာမိတာကိုး။

"တီချယ်"

"ဘာလဲ"

"ချောတယ်"

"ချောတာ ပြုတ်စားလို့မှမရတာ"





"ဟဲ့!"

'သူရ'က သူဦးလေးကို ပြောဖူးသည့်အတိုင်း 'တျာ' ကို
ခေါ်ချေပေလေ၏။ အစ်ကိုနှင့် ပြဿနာဖြေရှင်းပြီးမပြီး 'တျာ' မသိ
သေးပါလေ။ အပြစ်ကင်းသည့်မျက်နှာလေးဖြင့် ရောက်လာခဲ့တာ
တော့တ်ပါလား။ လက်ဆောင်ဝယ်လာပေးသည့် အထုပ်ထဲမှာ 'တျာ'
သုံးနေကျ Shampoo နှင့် Shower Gel ဗူးတွေ ပါလာတာမို့
အိမ်မှာကုန်နေတာ မည်သို့များ သိနေပါလိမ့်ဟု တွေးမိလေသည်။

"ကဲကဲ! သဒ္ဒါက စဆိုကြရအောင်၊ ပြီးရင် ခက်ဆစ်နဲ့
ဒလက်ာ တစ်ခန်းချင်း စကြမယ်၊ မေးခွန်းတိုတွေ တီချယ် မှတ်မှနောက်
ပြီး မေးမှာနော်၊ အားလုံး ready... စာအုပ်တွေ ပိတ်ပါ ... စမယ်
... အုတ်ခွက်စာ"

ဖြည်းဖြည်းနှင့်မှန်မှန် စာစဆိုနေကြပါသည့် ကလေးတွေ
ရှေ့မှာ ခုံပုလေးဆွဲယူ၍ ထိုင်ချလိုက်ပါ၏။ ဆရာဆိုတာ တပည့်တွေ
ဘက် ဝိုင်းပန်းပြီး စိတ်မောရတာကို ကလေးတွေ နားလည်နိုင်မည်
မဟုတ်ဆင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကားရေဆေးပြီးနောက် ရေပိုက်ကို ပိတ်ကာ ပြန်ခွေလိုက် စဉ် အိမ်ထဲမှ ကျောပိုးအိတ်ဖြင့် ထွက်လာသည့် တူဖြစ်သူကို ရှေ့ လိုက်ရပါ၏။ စက်ဘီးလေလျှော့နေတာကို စမ်းကာ အိမ်ထဲမှ လေထိုး တံကို သွားယူလျက် လေတရှူးရှူးထိုးထည့်နေလေသည်။ သူ အဝတ် အစားလဲရန် အိမ်ထဲပြန်ဝင်ရန် ပြင်စဉ် 'သူရ' ထံမှ ညည်းညူ ထွက်လာလေတော့၏။

"သွားပါပြီကွာ"

"ဘာဖြစ်ပြန်ပြီလဲ"

"သားဘီးတော့ ကြွသွားပြီ"





"ပေါက်သွားတာလား"

"ဟုတ်တယ်"

"ငါလိုက်ပို့ပေးပါ့မယ်၊ အကျီလဲရဦးမှာမို့ ခဏစောင့်"

"တကယ်လား"

"လူကြီးက မညာတတ်ဘူး"

"အချင်းချင်းတော့ ဖုံးကွယ်ထားတာတွေ ရှိတယ်မဟုတ် လား"

သူ ဘာမှမပြောတော့ဘဲ အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ ရေချိုး ပြီးမှ ကားမဆေးထားတာကို သတိရပြီး ပြန်ဆေးရတာပါ။ အဝတ် အစားလဲပြီး ဆင်းလာခဲ့ပါ၏။ 'သူရ' က အိမ်ထဲမှ အထုပ်တစ်ထုပ် ဆွဲကာ ပြန်ထွက်လာပြန်လေသည်။ မျက်စိနောက်အောင်ကို အလုပ် ရှုပ်နေတာပါလား။

"ဘာတွေလဲ"

"ဟိုမှာစားဖို့ မုန့်"

"မုန့်စားဖို့ သွားတာလား ... စာကျက်ဖို့ သွားတာလား"

"သားတို့ကို တီချယ်က လိုလေသေးမရှိ ချက်ကျွေးပါတယ် နော်၊ ခေါက်ဆွဲကြော်၊ ကြာဆန်ကြော်၊ ကြာဆန်ချက်၊ ကြာဆန်ဟင်း ခါး ခေါက်ဆွဲသုပ်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ပဲပြားသုပ်၊ မုန့်ဖတ် သုပ် ... တစ်ရက်မှ မထပ်အောင် လုပ်ကျွေးတာ၊ ဒီနေ့က ရေသီဥတု



www.burmeseclassic.com

www.burmeseclassic.com



ပူလို့ ရွှေရင်အေး လုပ်ပြီး တိုက်မယ်တဲ့''

"တျာတော့ ရှာထားသမျှ ကုန်တော့မှာပဲ''

"အဲဒါဆို အန်ကယ်လေး ထုတ်ပေးပေါ့''

"ငါသွားပေးတော့ ကောင်းမလား''

"မကောင်းတာ ဘာရှိမှာလဲ၊ တီချယ်အရမ်းပင်ပန်းနေ မနေ့ကတောင်မှ ခေါင်းမူးတယ် ပြောနေတာ''

"ဟင်! ... ဟုတ်လား''

စိုးရိမ်မှုက ဖြစ်လာပြန်ပါ၏။ ကားပေါ်တက်ပြီး စက်နှိုး မောင်းထွက်ခဲ့ပါသည်။ ပင်ပန်းနေပြီတဲ့လား။ ကျန်းမာရေးကို ဂရု ရမှာပေါ့ 'တျာ' ရယ်။ ကလေးတွေ စာမေးပွဲ မပြီးသေးခင် 'တျာ က ပင်ပန်းပြီး လဲသွားရင် ဘယ်လိုလုပ်ရပါ့မလဲ။ မဖြစ်သေးပါ 'အသက်' ကို ညဘက် ဆေးခန်းပိတ်ပြီးရင် 'တျာ့'ဆီ ခေါ် အားဆေးသွင်းပေးရတော့မှာပါလေ။

"အန်ကယ်လေး''

"ပြော''

"သား, ဟိုလူနဲ့ တွေ့တယ်''

"ဘယ်ကလူလဲ''

"တီချယ့်လူကို ပြောတာ''

"ဩော်''





"လူက ဖလ်လေးပါဗျာ၊ အန်တာကယ်လေး လက်သီးတစ် ချက်စာလောက်ပဲ ရှိပါတယ်၊ Do (or) die Challenge ခေါ်ရဲရမှာ ဘယ့်နှယ် ... ကိုယ်ချည်းပဲ ခံလာရတာလဲ''

"သူ့လူကို ထိမိရင် တျာ မုန်းသွားမှာပေါ့ကွ''

"အဲဒီလိုစဉ်းစားနေရင် အီကြာကွေးဘဝကို ရောက်ဖို့ အခွင့် ဘယ်ရတော့မှာလဲဗျ''

"ဘာလဲကွ ... အီကြာကွေး''

"နှစ်ယောက်ပေါင်းမှ တစ်ချောင်းဖြစ်မယ့် အီကြာကွေးလေ''

"နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်မယ့် စွယ်တော်ရွက်လို ကဗျာ ဆန်ဆန် တင်စားစမ်းပါကွာ''

"ကဗျာဆန်နေလို့ တီချယ်က ခေါင်းညိတ်ပါ့မလား၊ ဟိုလူ ကြီး ကြည့်ရတာ မမိုက်ပါဘူးဗျာ၊ တီချယ့်ကို နိုင်စားမယ့်လူကြီး''

"ငါသိပါတယ်''

"မြန်မြန်ငြိမိအောင် ကြိုးစားပါ အန်ကယ်လေးရာ၊ အချိန် သိပ်မရှိတော့ဘူးဗျ။ အန်ကယ်လေးနဲ့ တီချယ် ကြိုက်တော့မှ တီချယ့် ကို ဖူးဖူးမှုတ်ပြီး အလိုလိုက်ပေးပါ၊ တီချယ့်ကို စိတ်ချမ်းသာစေချင် လွန်းလို့''

တူဖြစ်သူ၏အပြောကြောင့် သူတီးတိုး ရယ်လိုက်မိပါ၏။ မှုတ်ပြီး အလိုလိုက်ပေးပါတဲ့လား။ အလိုလိုက်ပေးချင်တာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ရင်ခွင်ထဲ ပွေ့ပိုက်ထားပြီး 'တျာ' စိတ်ချမ်းသာအော မျက်နှာတစ်ချက် မညှိုးအောင်ကို ထားပေးချင်တာ အမှန်ပါ။ 'တျာ' သာ ကိုယ့်ကို အပြုံးတွေနဲ့ ကြိုခဲ့လျှင်၊ 'တျာ' သာ ကိုယ့်ကို ချစ်ခြ လက်ကမ်းခဲ့လျှင်၊ 'တျာ'သာ ကိုယ့်ရင်ခွင်ထဲကို ယုံကြည်အားကိုး အပြည့်ဖြင့် ဝင်လာခဲ့လျှင် ဒီကမ္ဘာမှာ ကိုယ့်လောက် ပျော်မည့် မရှိတော့ဘူး ထင်ပါရဲ့ 'တျာ'။

"ခဏလေး စောင့်နော်၊ သူရ"

"ဘာဝယ်ဦးမလို့လဲ . . . နောက်ကျလို့မရဘူးနော်၊ အန်ကယ် လေး"

"အေးပါ . . . မုန့်လေး၊ ဘာလေး ဝယ်မလို့"

"ဒီမှာ အများကြီး ပါတယ်လေ"

"အဲဒါ မင်းတို့ဖို့လေကွာ၊ အခုက တျာ့အတွက် ဝယ် ပေးမလို့"

"Fighting! . . . အန်ကယ်လေး ဒါမှ သူရရဲ့အန်ကယ် ကွ!"

"နောက်ပြန်ပြီလား"

မုန့်ဆိုင်ဖွင့်နေပြီမို့ သူ နှစ်သက်သည့် ပေါင်မုန့်အစိမ့် ဝယ်သလို အန်တီ့အတွက် Cake တစ်ဗူးပါ ဝယ်လိုက်ပါ၏။ ဆိုင်ခေါ်ရှိ ဆေးဆိုင်ထဲမှ လူငယ်အားဆေးမှုန့်ရွေးကာ အန်တီ့အ



လူကြီးအားဆေးပါ ဝယ်ဖြစ်လေသည်။ မုန့်နှင့် တွဲစားရန် ကော်ဖီတို့ Tea တို့က 'တျာ' တို့အိမ်မှာ ရှိတတ်တာမို့ မဝယ်တော့ပါလေ။

"ဝယ်တော့ ဝယ်တာပဲ . . . ပေးရော ပေးရဲ့လား"

"ဒါပေါ့ . . . ရိုးရိုးသားသားပေးတာပဲ ဘာလို့မပေးရဲရမှာ လဲ"

"မရိုးမသား မဟုတ်ဘူးပေါ့လေ"

"ဟော့ကောင်"

"ဟားဟားဟားဟား . . . ကြိုက်မရှက်၊ ငိုက်မရှက်ဆိုတာ အကယ်ပဲကိုး"

"အံမာ . . . မင်းရှေ့မှာ ငါပြောမိလို့လား"

"လူကိုကြည့်ရင် အသိသာကြီးပဲကိုး။ အန်ကယ်လေးမျက် လုံးထဲမှာ အထင်းသား ပေါ်နေတယ်"

"ဘာကိုလဲ"

"I Love you. I miss you. I worry you. I always remember you. All about Tra ဆိုပြီးတော့လေ"

ဒီတစ်ခါတော့ 'သူရ' နှင့်အတူ ပေါ့ပါးစွာ ရယ်လိုက်မိတော့ ၏။ ရင်ဖွင့်ဖော်လိုပါပဲလား။ အရွယ်မတူညီသည့် အသက်အရွယ်မို့ အထက်တန်းကျောင်းသားဘဝက စိတ်လွတ်လပ်ပေါ့ပါးလွန်းလှပါ လေ။ ဘာအပူအပင်မှ မရှိဘဲကိုး။ သူနှင့်ရွယ်တူ ဘော်ဒါတွေက

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျပြီးသူတွေ, နိုင်ငံခြားထွက်သွားသူတွေသာ ရှိပြီး မိန်းကလေးသူငယ်ချင်းဆို၍ 'အသက်' တစ်ဦးသာ ရှိနေတာပါ။ ရင်ဘတ်ထဲက ကိစ္စကို ဘယ်သူ့ကို ဖွင့်ပြောလို့ရပါ့မလဲ။

"အဲဒါကို, မင်းတီချယ် သိရင်ကောင်းမှာ"

"သိမှာပါဗျ ... တီချယ်က ဒီလောက်မညံ့ပါဘူး"

"ဒါဆို ဘေးမှာကပ်နေတဲ့ တောက်တဲ့ကြောင် ခွာလို့ရ ... ဖြစ်နေတဲ့ သဘောပေါ့လေ"

"အမှန်ပဲ ... ကွာကျသွားအောင် နည်းနည်းလောက် နှိုး ... ကြိုးပစ်ချလိုက်ပါလား"

"ငါတိုင်ပင်နေတာ တူလား ... လူဆိုးလား"

"No. Adviser"

"ကောင်းပါလေ့"

အကြံပေးကောင်းသူက အနီးမှာ ရှိနေတာကိုး။ 'တျာ' ... တိုက်တန်းအနီးရောက်လာပြီမို့ ကားကို အနည်းငယ် အရှိန်လျှော့ ... လမ်းထဲကွေ့ဝင်လိုက်ပါ၏။ ကားကို ရပ်လိုက်ပြီး မုန့်ထုပ်တွေ ... ထုပ်တွေကို ယူ၍ ဆင်းလိုက်ပါသည်။ 'သူရ'က ကလေးပီပီ သူ ... ပင် မစောင့်တော့ဘဲ ရှေ့မှ ပြေးတက်သွားလေ၏။

မတွေ့တာ အတော်ကြာပါရောလား 'တျာ'။

"တင်းတောင်!"





တံခါး Bell ကို နှိပ်လိုက်သံကြောင့် ရှေ့တံခါးကို ဖွင့်ပေးလိုက်ပါ၏။ မိန်းကလေးတွေက အရင်ဆုံးရောက်သလို အမြဲနောက်ကျသည့် သူက 'သူရ' ပါပဲ။ (၉) နာရီထိုးပြီး (၅) မိနစ်စွန်းမှ ရောက်လာသည့် ကောင်လေးကို နားရွက်ဆွဲလိမ်၍ ဒဏ်ပေးလိုက်မိလေသည်။

"အ! ... နာတယ် အန်တီလေးရဲ့"

"ဘာပြောတယ်"

"အဲ! ... တီချယ်လို့ပြောတာ မှားသွားလို့"

"စာမေးပွဲခန်းကို ဒီလိုနောက်ကျပြီး ရောက်လို့မဖြစ်တာ သိရဲ့လား"

"သိပါပြီ ... သိပါပြီ၊ အန်ကယ်လေး ကယ်ပါ"

"ကြည့်စမ်း! ... ခလုတ်ထိမှ အမိတတာပဲ ကြားဖူးတယ်၊ သူ့အလှည့်မှ ဦးလေးကို တရတယ်လို့ပဲ"

"တီချယ် အမောပြေအောင်လို့ပါ"

"ဘာ"

"တင်းတောင်!"

"ဟော! ... ကြားလား၊ ရွှေမင်းသား ကြွလာပြီ"

"နင်နော် ... ငါ့ကို နောက်တီးနောက်တောက်နဲ့၊ ဘာများ ... တ် ... ဟောတော်!"



www.burmeseclassic.com

www.burmeseclassic.com



တံခါးပြန့်ဖွင့်လိုက်စဉ် 'တျာ' အံ့သြသွားရလေ၏။ တကယ်
ပင် အစ်ကို ရောက်လာတာပါလား။ အတူလာပြီး ဘာလို့ ကလေး
အရင်ဆုံး ရောက်ရတာပါလိမ့်။ ကွယ်ရာမှာ စနောက်တတ်တာမို့ တ
မရှိပေမယ့် မျက်စိရှေ့ရောက်လာပါသည့် လူကို ဘွားခနဲ မြင်လိုက်
သဖြင့် မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါသည်။

"မုန့်ဝင်ဝယ်နေလို့ သူရ နောက်ကျသွားရတာပါ၊ တျာ"

"အဒံက အလင်းထက် နောက်ကျတယ် အန်ကယ်ေ
ရေ၊ စောစောကပဲ အလင်းရဲ့အလျင်နဲ့ တီချယ် သားနားရွက်
ဆွဲလိမ်းပြီးနေပြီ"

"ဟောဗျာ"

"အံမာ ... နင်နောက်ကျလို့ ဒဏ်ခတ်တာကိုများ လူ
ကို တိုင်နေပြန်ပါပြီ"

"တီချယ်က မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ဘာကိစ္စ ကြောက်ရမှာလဲ"

"မကြောက်ဘူးတဲ့ အန်ကယ်လေးရေ၊ တီချယ့်ကို ရွေး
ပွေ့ချီပြလိုက်ပါလား"

"ဟော့ကောင်!"

"ဟဲ့!"

နှစ်ယောက်စလုံး မျက်နှာပူပြီး အတူတူအော်လိုက်မိ





ချီလိုက်ပါတဲ့လေ။ 'တျာ'က ခြေထောက်နာတုန်းက အစ်ကိုချီခဲ့
တာမို့ အခုချိန်အထိ မျက်နှာပူခဲ့ရတာကိုမှ သတိရအောင် 'သူရ'
နောက်ရတယ်လို့။ လက်ထဲထည့်ပေးလိုက်ပါသည့် အထုပ်တွေကို
တျာ' ယောင်၍ ယူလိုက်မိလေ၏။

"ဟင်! ... ဘာတွေလဲ"

"ဒါက ကလေးတွေဖို့ ... ဒါက တျာနဲ့ အန်တီဖို့"

"ဟာ! ... ဒါတော့ အန်ကယ်လေး မျက်နှာလိုက်တာပဲ။
များတဲ့ ကျွန်တော်တို့ဖို့ကျ တစ်ထုပ်၊ တီချယ့်ဖို့က နှစ်ထုပ်တောင်

"အဲဒါက"

"စေတနာတွေ၊ စေတနာတွေ"

"တျာ့ဖို့က မုန့်မဟုတ်ပါဘူးကွာ၊ အားဆေးဝယ်လာပေး
တယ်"

"ဟော! ... ထပ်ထူးပြန်ပြီ၊ စိတ်ပူတာ ... စိတ်ပူတာ"

"လျှာရှည်မနေနဲ့၊ Bio Chapter One စကျက်တော့၊
ဆိုလို့ကတော့ တစ်ခါဆို တစ်ခေါက်ပဲ၊ သိတယ်မဟုတ်လား"

"ခေါင်းခေါက်ရင် ဦးနှောက်ခြောက်မှာပေါ့ တီချယ်ရဲ့"

"ရတယ်လေ ... နားရွက်လား၊ ဖိုက်ခေါက်လား၊ ပေါင်
ကြောလား ကြိုက်တာပြော ... အသားနာမှာကြောက်လည်း ဖိုးထိ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်းရုံပေါ့"

"ဒါဆို တီချယ့်လို ဇရုံကိုယ်လုံးလေး ဖြစ်သွားမှာလား"

'သူ့ရ' ကို မျက်လုံးပြူးပြရင်း တားရပါ၏။ အရိပ်ပြလည်း မရ၊ အကောင်ပြလည်း မမြင်နဲ့ ဒီကောင်လေးက ပြောချင်လွ စွတ်ရွတ်ပြောကျင့် ရှိတာမို့ပါလေ။ အန်တီလေးရှိရာဆီ ဝင်ခဲ့စဉ် သူ လိုက်လာပြီမို့ ကလေးတွေထံမှ ကျိတ်ရယ်သံ ထွက်လာလေတော့၏ အိမ်လာတဲ့လူကို မလာနဲ့လို့ ဘယ်လိုတားလို့ဖြစ်ပါ့မလဲ။

"မတွေ့တာကြာပြီ, အန်တီ"

"ဩော် . . . သားကိုး"

"အလုပ်ရှုပ်နေပြီလား"

"သမီးပဲ ပင်ပန်းတာပါကွယ်၊ နေ့လယ် (၂) နာရီကျော် ကျွေးဖို့ အုန်းနို့ညှစ်ဖို့ ရှိသေးတယ်"

"ကျွန်တော် လုပ်ပေးမယ်လေ"

"အန်တီလေးကလည်း"

"အားမနာပါနဲ့ အန်တီ၊ ခိုင်းချင်တာသာ ခိုင်းပါ၊ လုပ် ချင်လွန်းလို့"

"ကျေးဇူးပါတော် . . . ကျေးဇူးပါ"

ရေကျက်အေးတည်ထားပါသည့် အိုးကို သူ့အနီး ထား ကာ သက်မကိုသာ ကျိတ်ရှိုက်လိုက်မိတော့၏။ ကျူညီစေချင်





သူက ရောက်မလာပါဘဲ မကူညီစေချင်သည့် လူကမှ အချိန်ကိုက် ရောက်လာရတယ်လို့။ ကလေးတွေ ဗိုက်နာမှာစိုး၍ အုန်းသီးခြစ်ပြီး ညှစ်တာကို ရေကျက်အေးဖြင့် သုံးစေတာပါ။ သူက အုန်းခြစ်ဖြင့် ထိုင်ပါလက်ပါ အလုပ်လုပ်နေလေတော့၏။

☸ ☸ ☸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

လက်ဖွဲ့နေရာကို အပ်ထိုးလိုက်တာမို့ နာသွားရသဖြင့် မျက်နှာ... မဲ့သွားရလေ၏။ ဒီလောက် အားရှိအောင် စားနေပေမယ့် ပင်ပန်းပြီး... သွေးပေါင်က ထိုးကျချေပြီ။ မနက်ဖြန် သဘက်ခါဆို ကလေးရေ... စာမေးပွဲစဖြေရပြီ မဟုတ်ပါလား။ 'ဒေါက်တာသက်သက်ဝေ' နှင့်အတူ... လိုက်ပါလာသည့် တပည့်ဖြစ်သူ 'နှင်းဆီခင်' ၏မျက်နှာလေးက ... ရွှက်သာသာယောက်သာ ရှိလေတော့သည်။

"စာမကျက်လည်း အိမ်မှာ နားပါလား။ ဘာလို့လိုက်လာ... သလဲ"

"တီတီပြောတာကြားလို့ . . . စိုးရိမ်တာနဲ့ လိုက်လာတာ...





...ချယ်ရဲ့"

"အကြောဆေးသွင်းနေတာ စကားမပြောရဘူးလေ"

"ပြောလို့ရပါတယ်ဟယ် . . . ငါထက် ပိုတတ်နေရင်လည်း ...ပဲ ဝင်ကုပေးပါလား"

"ဖြစ်နိုင်ရင် ကုပေးချင်တာပေါ့ အသက်ရဲ့ . . . နင်ပြောမှ ...လား"

"လူနာထက် ပိုကိုပိုတယ်၊ ဖွဲကတော့"

"ဒီကောင်တွေ စာမေးပွဲ မြန်မြန်ပြီးမှပါပဲ"

"သြော် . . . ဖြေရမယ့်ကလေးတွေ စိတ်ပူနေတာကို သူက၊ ...သာပေးနေပြန်ပါပြီ"

"အဲဒါ . . . တျာက သူရတို့စာကျက်ဝိုင်းဖွဲ့ပြီး လုပ်ပေးလို့ ...ပန်းရတာ"

"နှစ်တိုင်း လုပ်ပေးနေကျပါ အစ်ကိုရယ်၊ ဒီနှစ်က ကျောင်း ...းများသွားတာပဲ ရှိတာပါ"

"အဲဒါကြောင့် ဖြစ်တာပေါ့၊ အစောကြီးကတည်းက ဆေး ...ှင်ထားတာလည်း မဟုတ်ဘူး၊ အခု အန်တီလည်း ပင်ပန်းပြီး ...းနေပြီ မဟုတ်လား"

"ဟယ်! . . . အိမ်ရှင်မကြီး ကျနေတာပဲ . . . ဗျစ်တောက် ...်တောက်နဲ့၊ အဲဒီလောက် စိတ်မချဖြစ်နေရင်လည်း အိမ်ကိုအပြီး



www.burmeseclassic.com

www.burmeseclassic.com



*ခေါ်သွားပါလား"*

"ဒါ ခေါ်တော့ တျာက လိုက်မှာမို့လို့လား အသက်ရဲ့ စကားကို ကြည့်ပြော"

သူငယ်ချင်းနှစ်ယောက်သား စကားများနေပြီမို့ အားမရှိသည် ကြားမှ ယှဲ့ယှဲ့လေးသာ ပြုံးနိုင်လေ၏။ ပင်ပန်းတာကတော့ အမှန်ပါ ကိုယ့်စိတ်တိုင်းကျ ကလေးတွေကို စာတွေပြန်ရွေးခိုင်း၊ ပုစ္ဆာတွေ ပြန်တွက်ပြ၊ Definition တွေ ချရေးခိုင်း၊ Teorem တွေ အလွတ် ပြန်ရေးကျင့်ခိုင်းနှင့် အားသွန်ခွန်စိုက်လုပ်ခဲ့ရ၍ အသံပင် ဝင်သွားသည် အထိပါ။

စာကျက်ဝိုင်းကို စာမေးပွဲဖြေကာနီး (၅) ရက်အလိုမှသာ ပိတ်ဖြစ်လေ၏။ ကျောင်းသွားလျှင် ကျောင်းသားကတ်နှင့် စာမေး ဝင်ခွင့်ကတ် နှစ်ခုစလုံး ယူသွားရန် အခါခါ သတိပေးပြီးမှ ကလေး တွေကို အိမ်ပြန်ခွင့်ပြုလိုက်တာပါ။ စာကို လောဘသိပ်မကြီးဘဲ ပုံမှန်လေး ပြန်ကြည့်စေပြီး အိပ်ရေးဝဝအိပ်၊ အစားမှန်မှန်စား မှာလိုက်သည့် ဆရာမက မတ်မတ်မရပ်နိုင်တော့ဘဲ လဲကျခဲ့ရတာ လို့။

"မာမီတောင်မှ ဈေးမှာ အန်တီသဇင်နဲ့ တွေ့သေးတယ် ဖူးဖူးတို့ဝိုင်းကို စစေချင်နေလို့ မာမီက နှင်းတို့ စာမေးပွဲပြီးမှ စ မယ် ထင်တယ်လို့ ပြောလိုက်သေးတယ်"





"နှင်းတို့ တီချယ်ကို အသေသတ်နေကြတာလား၊ နားရက် သားရတုန်း ပြည့်ပြည့်ဝဝလေး နားပါစေ"

"ဟုတ်တယ် ... ဒီည ဘာကိုမှ မစဉ်းစားဘဲ နှစ်နှစ်ခြိုက် ခြိုက် အိပ်လိုက်ပါ၊ တျာ၊ Rose တို့အတွက် သူတို့မိဘတွေပဲ ပါစေနော်"

"အားနာလိုက်တာ ဒေါက်တာရယ်"

"တျာက အားနာပေမယ့် အားမနာတဲ့လူက လက်ကို တင်းဆွဲခေါ်လို့ ပါလာရတာပဲကြည့်"

"အသက်ကလည်းဟာ ... ဒီမှာ ညရေးညတာ တစ်ခုခု ဖြစ်နေမှာစိုးရိမ်နေရတဲ့ကြားထဲ အန်တီရော၊ တျာရော နေမကောင်း ဖြစ်နေကြတာကို"

"ရပါတယ် အစ်ကိုရယ်၊ တျာက ညတိုင်း တစ်ရေးတော့ အိပ်နိုးလေ့ရှိပါတယ်၊ အန်တီလေးလည်း ဆေးသောက်ထားတော့ သက်သာသွားမှာပါ"

"ဘာပဲပြောပြော စိတ်မချတာက စိတ်မချတာပဲ တျာရဲ့"

စိတ်ရင်းနှင့် ပြောမှန်း သိနေပါ၏။ 'တျာ' အရေးကြုံတိုင်း ရောက်လာတတ်သည်က အမြဲတမ်း သူသာဖြစ်နေတာပါလေ။ 'ရှာန်' ဘသူ့ကို လက်သီးနှင့် ထိုးခဲ့ဖူးတာမို့ အခုအချိန်အထိ အစ်ကို့အပေါ် အားနာစိတ်က မပြေယ်သေးပါချေ။ အခုလည်း ညရေးညတာအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေပြန်လေပြီ။ တကယ်ပူပန်ပေးရမည့် 'ရှာန်'ကဖြင့် အိမ် ကလေးစာကျက်ဝိုင်း သိမ်းလိုက်ပြီဆိုသည့် message ပို့လိုက် ကတည်းက စိတ်ချလက်ချဖြင့် ရောက်မလာတော့ပါလေ။

အသိပေးလိုက်ရမှာလား ဒါဆိုလည်း နောက်ကျပြီ ပြောရလားဆိုပြီး အပြစ်က တင်နေဦးမှာ အမှန်ပါ။ ကလေး အတွက် စိတ်ရောလူပါ ပင်ပန်းနေတာမို့ လာလျှင်လည်း ခဏ သာ တွေ့ပြီး ပြန်သွားတာပါ။ အရင်လို တယုတယ စကားတွေလည်း မပြောဖြစ်။ အနားကပ်ပြီး ဂျီကျကျောင်လည်း သိပ်မလုပ်တော့တာ အတော်လေး လိမ္မာနေပြီဟုသာ ထင်ထားပါသည်။

အနေဝေးရင် သွေးအေးတယ်ပြောကြပေမယ့် 'တျာ' နှ 'ရှာန်' ကဖြင့် ထိုသို့မဟုတ်ပါလေ။ နောက်ထပ်နှစ်နှစ်ကို မစောင့် ဘဲ တစ်နှစ်သာ စောင့်မည်ဟု အိမ်မှ ဆန္ဒပြသတဲ့။ အန်တီတာ က အိမ်ပြီးမှ လက်ထပ်ခွင့်ပြုမည်ဟု ပြောမှသာ သူကျေနပ်သွား ပါ။ အခုလည်း ဆောက်လက်စအိမ်နှင့် သူ့ဆိုင်ကို ဟိုဒီပြေးနေရ မို့ မအားမှန်း 'တျာ' သိနေပါ၏။ သို့သော် နေမကောင်းဖြစ်ချိန် မှာ ဝမ်းနည်းပြီး အားငယ်တတ်တာမို့ သတိအရဆုံးသူက 'ရှာ ပါပဲ။

လက်ဖျားလေးကို ဆုပ်ကိုင်တာပဲဖြစ်ဖြစ်၊ နဖူးကို ခပ်ဖွ လေးပဲ စမ်းစမ်း၊ လေပြည်ကလေးဖြင့် 'တျာ' မြန်မြန်နေကောင်းပါ





ဟုပဲ ပြောပြောကျေနပ်မိမည်သာ။ သို့ပါသော်လည်း မျှော်သာ မျှော်သည့် မယုံကြည်သလို မြင်ချင်သည့် ဂျစ်ကန်ကန် မျက်နှာလေး ကတော့ဖြင့် အနီးအပါးမှာ ရှိမနေပါလေ။ ဩော်၊ 'ရှာန်' ရယ်။

"ဘာဖြစ်လို့လဲ၊ တျာ၊ လက်က သိမ်နာနေလို့လား"

"ဟင့်အင်း"

"ဒါဖြင့် ရင်ဘတ်ထဲက အောင့်နေလို့လား . . . ခေါင်းရော ကိုက်နေပြီလား"

"မဟုတ်ပါဘူး"

မျက်ရည်ဝဲလာတာကို ဆရာဝန်က မမြင်ပါဘဲ သူက စိုးရိမ် တကြီး မေးပြန်ပါ၏။ ဂရုတစိုက်ဖြင့် စိုးရိမ်ပူပန်စွာ အနီးမှာ ရှိနေတာ လေ။ တပည့်ဖြစ်သူ စနောက်နေသလို သူလည်း 'တျာ' အပေါ်မှာ ယောဇဉ်ပိုနေမှန်း မသိစိတ်မှ အလိုလိုသိနေပါ၏။ ဖွင့်မပြောဖြစ် ပေမယ့် 'တျာ' ကိုကြည့်သည့် မျက်ဝန်းတွေက သိသာလွန်းတာပါ လေ။

အချစ်ဆိုသည်က ခက်သားပါပဲ။ တချို့မိန်းကလေးတွေများ တစ်ယောက်နဲ့ မဖြတ်ခင်မှာ နောက်တစ်ယောက်ကို မျက်နှာပြောင် လိုက်ပြီး တွဲပြတတ်ကြတာမျိုး ရှိပါ၏။ 'တျာ'ကဖြင့် ကိုယ်စိတ်နှလုံး ပါးစလုံးကို 'ရှာန်' တစ်ဦးတည်းကိုသာ ပုံအပ်ထားတာမို့ တစ်ပြဲ သူ့အပေါ် ကိုယ်နှင့်မပြောပါ စိတ်ဖြင့်တောင် ယောင်၍သော်မှ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှားမိပါချေ။

"တျာ"

"မျက်ရည်ပူကျသွားတာပါ . . . ဘာမှမဖြစ်ပါဘူး"

"တျာရယ် . . . ကိုယ်သာ ဖြစ်လို့ရရင် လူလဲပြီး ဖြစ်လို ချင်တော့တာပါပဲ၊ တျာ့ကို မြင်နေရတာ အားမရလိုက်တာ"

"ဟဲ့ . . . သွေးပါဖောက်ထုတ်ပေးလို့ရရင် ခုချက်ချင်း ဖောက်ထုတ်ပေးတော့မလို့ပါပဲလား၊ လူနာနားမှာ ပူပြနေပြန်ပြီ ဖွဲရယ်၊ တကယ်ပါပဲ"

Drip ကုန်လောက်မည့်အချိန်ကိုမှန်းပြီး 'အသက်' ရောက်လာတာမို့ ခုံမှာ ထိုင်နေရာမှ သူ ထပေးလိုက်ရပါ၏။ စိတ် တယ်ဆိုသော်ငြား နှုတ်ကပဲ ပြောပေးနိုင်တာလေ။ ဖေးမပေးချင် နေသာအောင် ပွေ့ထားချင်ပေမယ့် အခွင့်မှ မရှိတာကို။ တစ်ည စောင့်ပေးချင်ပေမယ့် မသင့်လျော်သည့် သူစိမ်းအဖြစ် 'ဖွဲ' ဆို လှုံသားဖြစ်နေရတယ်လို့ 'တျာ'ရယ်။

"နှင်က အပ်ကို တဆုံးထိုးထည့်တာကိုး"

"အလိုတော် . . . အပြစ်က ပုံချပြန်ပါပြီ၊ ရှင့်မ အကြောကဖြင့် ရှာမရအောင် သေးသေးမှုန်မှုန်လေးဖြစ်နေတာ ဘူးလား၊ အပ်အကြီးနဲ့ သွင်းရင် ဘာမှမကြာဘူး၊ အခု အကြော ပေါက်မှာစိုးတာနဲ့ လိပ်ပြာအပ်နဲ့သွင်းရလို့ ကြာနေတာ၊ ခြေကြွ





ခါသချည်းထွက်အောင် လုပ်နေပြီ"

"ဘာခြေကြွခ လိုချင်ရတာလဲ . . . ငါ့ကားနဲ့ ခေါ်လာတာကို များ"

"ဒါကြောင့် သည်းခံတာပေါ့ . . . အပြန်လည်း ငါတို့တူဝရီး ကို ဝင်ပို့ပေးဦး"

"အင်းပါ"

တကယ့်ကို အားနာမိတာပါ။ သူငယ်ချင်းဆိုပြီး 'အသက်' ကို သူချည်းနိုင်ယူနေသည် မဟုတ်ပါလား။ ငယ်သူငယ်ချင်းဖြစ်နေလို့ လည်း 'အသက်' က သူ့ကို နားလည်ပေးတာပါ။ အထူးသဖြင့် 'တျာ' ဆိုပြီး ပျာပျာသလဲဖြစ်နေသည့် သူ့ကို အမြင်ကပ်ပေမယ့် ခပ်မြန်မြန်လေး လိုက်လာပြီး ဆေးကုပေးတာပင်။ 'ဒေါက်တာသက် သက်ဝေ' ဆိုတာ ဆေးခန်းထိုင်တာကလွဲပြီး Home လိုက်ကြည့် ပေးသည့် ဆရာဝန်မှ မဟုတ်တာပဲ။

"ရပြီ . . . ဖြည်းဖြည်းဖြုတ်နော်"

"ဟုတ်ကဲ့ပါ ဆရာရှင့် . . . ပြောကိုမပြောလိုက်ချင်ဘူး"

"သွေးထွက်မှာစိုးလို့ပါ အသက်ရာ"

"သိပါ့ရှင် . . . သိပ့်၊ တကယ်ပါပဲ . . . တျာ နှစ်နှစ်မြိုက် မြိုက် အိပ်လိုက်ပါနော်၊ မနက်ကျရင် လန်းလန်းဆန်းဆန်း အားရှိပြီး နိုးလာလိမ့်မယ် . . . စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျေးဇူးအများကြီး တင်ပါတယ် ဒေါက်တာ"

"ရပါတယ်ရှင် ... ကဲ! ပြန်ကြစို့၊ မိုးအတော်ချုပ်နေပြီ"

"ကိုယ် စိတ်ချမယ်နော်, တျာ၊ phone ဖွင့်ထားမယ်နော် တစ်ခုခုအရေးကြီးရင် ဘယ်အချိန်ပဲဖြစ်ဖြစ် လှမ်းခေါ်လိုက်သိလား ကိုယ် အပြေးလာခဲ့မယ်"

"ဟုတ်ကဲ့"

"အပြင်က Lock ချပြီး ထားခဲ့လို့ ဖြစ်တယ်မဟုတ်လား အိပ်ရာထဲက မထနဲ့တော့နော်၊ နောက်က မလိုက်ချင်နဲ့၊ ညှော်ခန်း မီးလည်း ပိတ်ခဲ့ပေးမယ် သိလား"

"ဆေးဖိုးငွေ"

"မလိုပါဘူး, တျာရယ်၊ ကိုယ်တို့ ပြန်တော့မယ်နော်"

ခေါင်းကိုသာ အသာလေးညိတ်ပြရှာလေ၏။ သနားလိုက် တာနော်။ ဘယ်လိုဖြစ်ပြီး သူနှင့် 'တျာ' တွေ့မှ 'တျာ့'ရဲ့ကျန်းမာရေး ဆက်တိုက်နီးပါး ချူချာလာရပါသလဲ။ လိုအပ်သည့်အချိန်မှ ချစ် တယ်ဆိုသည့် 'ရျာန်' က 'တျာ့' အနီးကိုမရောက်ပါဘဲ သူသာ ရောက်လာတာလေ။

'တျာ့'အခန်းတံခါးကို စေ့ပြီး ညှော်ခန်းမီးကို ပိတ်၍ တိုက် ခန်းအပြင်ဘက်ကို ထွက်လိုက်ကြပါသည့် 'အသက်' နှင့် 'Rose' က အပြင်မှာကြိုပြီး စောင့်နေသဖြင့် တိုက်ခန်း Doorlock ကို အထဲ





ချက်ကျအောင် အပြင်မှ ခလုတ်ဖိ၍ ပိတ်လိုက်ပါသည်။ Auto lock တွေမို့ save ဖြစ်၍ တော်ပါသေး၏။ နည်းနည်းမှ စိတ်မချပါလား 'တျာ' ရယ်။ အန်တီက စပြီး ဖျားခဲ့တာမို့ သက်သာသွားတာ တော်ပါ သေးရဲ့။

"ဗွဲ"

"အင်း"

"ဘယ်လိုလဲ ... ခုထိ ဖွင့်မပြောသေးဘူးလား"

"အန်တီလေးကလည်း"

"ဘာလဲ"

"တီချယ့်မှာ"

"ဘာလဲ ... ဆိုင်သူရှိတယ် ပြောမလို့လား"

"ဟုတ်တယ်"

"အမယ်လေးဟယ် ... ချစ်သူရှိတာများ ဘာဆန်းလို့လဲ၊ ဟိုဘက်က ခံစားချက်ကို ဖွင့်ပြောမှ မိန်းကလေးဘက်က စဉ်းစား လို့ရမှာပေါ့၊ နင် ဒီလိုရေငုံနှုတ်ပိတ်နေနေလို့ကတော့ကျန်ရစ်ပဲ ကျန်ရစ်သွားမယ်၊ နာမည်နဲ့ လူနဲ့ မလိုက်ဖက်လိုက်တာ"

"အေး ... ဆက်သာတွန်းကြသိလား"

"နင့်ကို ဘယ်သူမြှောက်ပေးသေးလို့လဲ"

"တူတော်မောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အားကိုးရပါလားနော်"

လှေကားအောက်ဆုံးထစ်ရောက်သည်နှင့် သက်ပြင်း
ရှိုက်လိုက်မိတော့၏။ 'နှင်းဆီခင်' က ကားနောက်ခန်းမှာ အရင်
ထိုင်လိုက်ပြီမို့ 'အသက်' က သူနှင့်အတူ ရှေ့ခန်းမှာပင် ထိုင်လို
လေသည်။ ကားကို လမ်းကြားထဲမှထွက်ကာ လမ်းမကြီးထ
နေရာယူပြီး ဆက်မောင်းလိုက်ပါ၏။ 'အသက်' က သူပင်ပန်းမှာစိုး
'နှင်းဆီခင်' ကို အိမ်နီးသဖြင့် အရင်ပို့နိုင်းပြီးမှ Taxi ဖြင့် ပြန်မှာ

ဒီလောက် ကူညီကူသပေးတာမို့ အလိုက်တော့ သိရ
လေ။ 'နှင်းဆီခင်' ကို မြို့ဝရှေ့မှာပင် ထားခဲ့ပြီး 'အသက်' ကို အ
ရောက်သည်အထိ ပြန်ပို့ခဲ့ပါ၏။ မြို့ထဲဘက်မို့ ညဦးပိုင်းမှာပင်
အတော်များနေလေသည်။ မီးပွိုင့်မှာ ကားတန်းရှည်ကြီးကြောင့်
အတော်မောသွားရပါ၏။

ဖွင့်ပြောတဲ့လေ။ ပြောလိုက်မှ စိတ်ခုသွားလျှင် မည်သို့
ရပါ့မလဲ။ သူ့ကို ဟိုချာတိတ်ထဲပြီး ထိုးခဲ့တာကိုတောင်မှ '
မသိအောင် ဖုံးထားခဲ့တာပါ။ ဘာကြောင့် ထပ်ဖြစ်တယ်ဆိုတာ
'တျာ' သာသိလျှင် သူ့ကို မုန်းသွားနိုင်တာ မဟုတ်ပါလား။ မချစ်
တောင် အဝေးကကြည့်ပြီ ချစ်စိတ်ကို ဖြေသိမ့်နိုင်ပါသေးသည်။
လိုက်မှ အရိပ်လေးသော်မျှ မမြင်ရပါဘဲ ရင်နာစရာဖြစ်သွားရ

'သူရ' ပြောသလို တောက်တဲ့ ကွာကျသွားစေအောင်





ပစ်ချလိုက်ရမှာလား။ ခက်တာက သူက ရုပ်ရှင်တွေထဲလို ဇီလိနိုမင်း
သားမှ မဟုတ်တာလေ။ ကိုယ်ကချည်း တစ်ဖက်သတ်ချစ်နေတာ
ထက် သူကလည်း ချစ်, သူ့ကိုလည်း ပြန်ချစ်သည့် အပြန်အလှန်
ချစ်ခြင်းတွေကသာ စိတ်ချမ်းသာစေမှာ အမှန်ပါပဲ။

"ဟင်!"

Show Room က တွင်းမှာ ရပ်နေသည့် လှူငယ်လေးနှင့်
ကောင်မလေးကို သူ လှမ်းကြည့်မိသွားရပါ၏။ အမှတ်မထင်ဖြစ်ပေ
မယ့် ဤလူငယ်ကို 'ဈာန်' မှန်း ဖြင်ရုံဖြင့် မှတ်မိနေတာပါ။ ကောင်
တာမှာ ငုံ၍ တစ်စုံတစ်ခုကိုကြည့်ပြီး ပြင်နေသည့်ပုံစံပါပဲ။ သို့သော်
ရှေ့မှာ ကန့်ကလျလေး ရပ်နေပါသည့် ကောင်မလေးက လက်ထောက်
မေးတင်လျက် ငေးကြည့်နေသည်က ကဗျာပင်ဆန်နေသေးတာပါလေ။
ရယ်ရယ်မောမောဖြင့် ပြောနေပြုံးနေပုံကိုက တရင်းတနှီးကြီးပါပဲလေ။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စူးခနဲ ရှူလိုက်ရသည့် ရေမွှေးရနံ့ကြောင့် ခေါင်းပင်မူးသွားရပါ၏။ ဆိုင်စောစောဖွင့်ပါမည်ဆိုမှ ဒီမိန်းကလေးက သူ့ကိုလာပြီး ပြဿနာရှာရတယ်လို့။ နောက်နေ့မှ လာပါဆိုလည်း ခေါင်းခါပြီး မရမကကို ဂျီကျနေတာပါ။ သူတော့ ဝဋ်ကောင်းကောင်းကြီးလည်ပြီ ထင်ပါရဲ့။

"ယူက ဒါလည်း ကျွမ်းတာပဲပေါ့လေ"

"Bettery အပိုတွေ မရောက်လာသေးဘူးလို့ ပြောပြီးပြီလေ ရတဲ့အခါ phone ဆက်လိုက်ပါ့မယ်"

"ဒါက ပန့် phone နံပါတ်သိချင်လို့ပေါ့လေ"





"မဟုတ်ပါဘူး၊ ကျွန်တော် မဆက်လည်း တစ်ယောက်ယောက်ဆက်မှာပေါ့"

"ပန်က ရှာန့်ကိုပဲ ဆက်စေချင်တယ်ဆိုရင်ရော"

You တွေ I တွေကနေ နာမည်ပါ ထည့်ပြောလာသည့် အဆင့်က တက်လာပါ၏။ ကိုယ့်ဆိုင်ကို မကြာခဏ ဝယ်အားပေးသည့် Customer မို့ မကောင်းတတ်၍ ရေလိုက်ငါးလိုက်လေး ပြောမိတာ မှားပြီထင်ပါရဲ့။ 'ကျော်စွာ' က ဒီနေ့ နားရက်မို့ တစ်နေ့လုံးမရှိပါ။ 'စည်သူ' က မနေ့က အစားမှားပြီး ဗိုက်နာနေသဖြင့် Toilet ထဲ ခဏခဏဝင်ထွက်နေတာမို့ Show Room ထဲမှာ သူသာ ရှိနေတာလေ။

စိတ်ကျဉ်းကျပ်လိုက်တာနော်။ ဆိုင်က ဝယ်သွားသည့် phone ကို ဘယ်လောက်များ ကလိလိုက်သလဲမသိပါ။ ခုချက်ချင်း ဆက်လို့ရအောင် ကြည့်ပေးပါဆိုပြီး မရမက ပြောနေသဖြင့် သူ ဖွင့်ကြည့်ပေးနေရတာလေ။ Phone အကြောင်း ပိုနားလည်သည့် လူက သူမို့ သူက အလုပ်အများဆုံးနှင့် တာဝန်အကြီးဆုံးပါပဲ။

"ရှာန်"

"ဟင်"

"စကားပြောဦးလေ ... ဒီမှာ တစ်ယောက်တည်း အူကြောင်ကြောင်ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထားခဲ့ပြီး မနက်မှပဲ ..."

"မရဘူးလေ ... ပန်,ဆက်စရာ phone မရှိဘူး"

"တခြား phone ရှိတယ် မဟုတ်လား"

"ဒီ phnoe ထဲမှာပဲ နံပါတ်တွေရှိလို့ပေါ့၊ အရေးကြီးတဲ့ လူတွေက ဒီ phone ကိုပဲ ဆက်ကြတာ"

"ကျစ်! ... ဒါဖြင့်လည်း application တွေပျက်အောင် မကာလိုက်နဲ့ပေါ့"

"ရော် ... ပြောပြီးပြီလေ၊ အောက်ပြုတ်ကျသွားလို့ပါဆို လျှောက်ကလိပြီး ဆော့ရအောင် ပန်က ကလေးမှမဟုတ်တာ၊ ဘာလဲ ... ကလေးလို့ မြင်နေလို့လား"

ခွဲပျစ်ပျစ်ဖြင့် ညှုတုတုပြောကာ ခါးကော့လိုက်ပုံကြောင့် အကြည့်ကို ဖျတ်ခနဲ လွှဲလိုက်ရပါ၏။ ဟိုကောင်တော့ အိမ်သာထဲ အိပ်ပျော်နေပြီလား မသိတော့ပါဘူး။ ဆေးသောက်ဖို့လည်း သေအောင် ကြောက်ပြီး တေပေနေတာမို့ ကိုက်နေသည့်ဝမ်းက ဘယ်သက်သာ မလဲ၊ စိတ်ရှုပ်လိုက်တာနော်။

"ဆိုင်ပိတ်ချိန်ရောက်နေပြီမို့ပါ"

"ပန့်ကို စိတ်ပူလို့လား။ ပန်က ဒီဆိုင်နဲ့ အိမ်အနီးလေးပါ လမ်းလျှောက်သွားလို့တောင် ရပါတယ်"

အလိုလေး! ... မပဲတွေ, ကုလားပဲတွေ၊ ပဲကြီးတွေ





ဝဲခဉ်းငုံတွေ ရှိသမျှအကုန်ပုံပေးချင်နေတာပါလား။ ကြောင်ရှေ့မှာ ငါးကြော်နဲ့ပေးသည့်နှယ် မူရာမာယာများပြနေတာလေ။ ငါနော် ... စိတ်ရှိလက်ရှိ နားရင်းသာ' ထအုပ်လိုက်ချင်ပါရဲ့။ ကိုယ့်ညီမ မဟုတ်လို့ပါလေ။

"ပြင်ဖို့အချိန် မရှိလို့ပြောတာပါ"

"အဲဒါ ရှာနက စိတ်မှမဝင်စားတာကိုးလို့ ... လူနဲ့စိတ် ကပ်တဲ ဘယ်လွင့်ချင်နေလဲ, ပြော"

'ငါ့ချစ်သူဆီကိုပေါ့' ... ဟုသာ ပြောချလိုက်ချင်ပါရဲ့။ Customer ရှေ့မှာ တွေ မပြောချင်တာမို့ ဘာသိဘာသာနေတာက ကြီးမြွေလို လူကို ညှို့နေတော့ ခက်သားလား။ ဟိုကောင်ဖွန် ကြောင် 'စည်သူ' ကလည်း ဒီကောင်မလေး ဝင်လာကာမှ ဒီမှာမရှိတဲ့ ထဲဝင်သွားရတယ်လို့ ... စိတ်နဲ့ ငါနဲ့ ညစ်ရပါလား။

"သွားစရာရှိတာ အမှန်ပဲ"

"ဘယ်ကိုလဲ"

"ချစ်သူဆီ"

"မယုံပေါင် ... ဘယ် Sweet Heart ကမှ ည (၉) နာရီ အချိန်ကြီး ခေါ်မတွေ့ဘူး။ ပန့်ကို လာမဘောင်ချင်နဲ့"

"တကယ်ပြောတာပါ"

"တကယ်မကာလို့ ခံယ်ကယ်ပဲပြောပြော မယုံပါဘူးနော်နော်မှ"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်မကို ကျိတ်ရှိုက်လိုက်မိတော့၏။ ပေါ်တင်ပြေ[illegible] လည်း မယုံဘူးတဲ့လေ။ ဘယ်လိုများ ပြောရပါ့မလဲ။ သူ့ pho[illegible] ထဲမှာ 'တျာ'ရဲ့ဓာတ်ပုံတွေ ရှိတာမှန်ပေမယ့် သူစိမ်းမိန်းကလေးကို[illegible] ထုတ်မပြချင်ပါ။ သိတဲ့အတိုင်းပါပဲ . . . သူက 'တျာ'နှင့် ပတ်သ[illegible] လာလျှင် မိန်းကလေးတွေနဲ့တောင်မှ မနာလိုအူတိုစိတ်ဖြစ်ပါတယ်[illegible]

"အေးအေးဆေးဆေးပြင်မှပဲ ရနိုင်မယ်"

"ဘယ်နှရက်လောက် စောင့်ရမှာလဲ"

"ပြောပြီးပြီလေ၊ ရရင် phone ဆက်လိုက်မယ်လို့"

"ဒါဖြင့် ဈာန့် phone ပေး"

"ဆိုင် phone ကိုပဲ"

"မရပါဘူး . . . ဒီလောက်တော့ ပေးနိုင်ရမှာပေါ့၊ ဒါေ[illegible] တောင် မပေးနိုင်ဘူးလား၊ ကပ်စေးနဲပါ့"

"မဟုတ်ပါဘူး . . . ခဏစောင့်"

မတတ်နိုင်တော့ပါလေ။ အခုအရှုပ်ထုပ်ကို အရင်ရှင်းနိုင်[illegible] သာ နောက်မရှုပ်အောင် လုပ်နိုင်မှာပဲ။ အံဆွဲထဲမှ သူ့ phone [illegible] သွားယူလိုက်ပြီး ကောင်တာပေါ်တင်ပေးလိုက်ပါ၏။ ကောင်မလေ[illegible] စွဲဆောင်နိုင်သည့် ရယ်သံခပ်တိုးတိုးဖြင့် သူ phone ကို ယူလို[illegible] နံပါတ်ထည့်ပေးလိုက်သလို comera ခလုတ်နေရာကိုထိပြီး သူမ[illegible] သူ့မ ဓာတ်ပုံရိုက်ကာ ထည့်ပေးလိုက်လေသည်။ နာမည်နှင့်နံပါ[illegible]





[illegible]ာ လှုပုံပါ တစ်ခါတည်း ထည့်လိုက်တာပါလား။ အတော်လည်သည့် [illegible]ကလေးပါပဲ။

"Ok တယ် မဟုတ်လား၊ အိမ်က phnoe နံပါတ်ပဲ ခဏ [illegible]ည့်ပေးထားတယ်၊ ပန့် phone ကောင်းသွားမှ phone နံပါတ် [illegible]ပြောင်းပေါ့"

"မနိုင်ပါလား"

"ဘယ်နိုင်ပါ့မလဲ . . . ပန့် weight က ပေါင် (၁၁၀) ကိုး"

သူ ပခုံးကိုသာ တွန့်ပြလိုက်ပါ၏။ 'တျာ' နှင့်ကိုယ်အလေး [illegible] မတိမ်းမယိမ်းပါပဲလား။ သို့သော် ဒီရက်ပိုင်းမှာ ကလေးတွေ [illegible]မေးပွဲရှိတာမို့ ပင်ပန်းပြီး 'တျာ' တော့ ကိုယ်အလေးချိန် ကျတော့ [illegible]ပဲ။ ဒါကြောင့်လည်း အိမ်ကို သွားကြည့်ဖို့ စိတ်က လောနေပြီ [illegible]တ်ပါလား။

"ဈာန်ကိုယ်တိုင် ဆက်မယ်လို့ ကတိပေးမှ ပြန်မှာနော် [illegible] Ok လား"

"အင်း"

"ဒီလိုမှပေါ့ . . . သိပ်ချစ်ဖို့ကောင်းတာပဲ၊ See you ... [illegible]odnight!"

မေးစေ့နေရာကို လက်ညှိုးဖြင့် လှမ်းတို့လိုက်သဖြင့် ရှောင် [illegible]ခပေမယ့် ထိသွားပါ၏။ နှုတ်ရောလက်ပါ မရဲသည့်အရာမျိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးပါပဲ။ ဒေါက်ချွန်ဖိနပ်ကို အသံမြည်အောင် လျှောက်ပြီး
ထွက်သွားချိန်မှာမှ 'စည်သူ'က အနီးသို့ ရောက်လာလေတော့၏

"အားပါး! . . . အခြေအနေက (၇၅%) လောက် ရှိနေပြီ

"ဘာကိုလဲကွ"

"မင်းနဲ့ကောင်မလေးကို ပြောတာလေကွာ"

"ငါနဲ့ကောင်မလေးက ဘာလုပ်နေလို့လဲ"

"ငါမြင်လိုက်ပါတယ် ရှာနိရာ"

"ကျစ်! . . . အလကားပါကွာ၊ အရေးမပါတာတွေ"

"အေး . . . အစကတော့ အရေးမပါတာ၊ နောက်မှ အရေး
ပါတာတွေရှိလာရင် ဘယ်လိုလုပ်မလဲ၊ ကြည့်လည်းနေဦး ရှာ
. . . တချာသာ ဒီလို,ဟိုလိုလုပ်ပြရင် မင်း ငြိမ်နေမှာမှ မဟုတ်တာ"

"ဘာ"

"ဟုတ်တယ်လေ၊ ငါတို့လို သူငယ်ချင်းတွေနဲ့တောင်မှ
ဒီလောက်အူတိုပြနေသေးတာ၊ သူစိမ်းနဲ့ ထိလားကိုင်လားအထိ ဖြစ်
သွားရင် ငါ မပြောရဲတော့ဘူး၊ မင်းအကြောင်း သိပြီးသား"

"ထိရဲထိကြည့်ပါလား"

"အဲဒါပဲလေ . . . မင်းအလုည့်ကျ တခြားကောင်မလေး
နှစ်ပါးကြည့်နေပြီး တချာ့ကိုကျ လှောင်ချိုင့်ထဲမှာ ထည့်ထားချင်နေ
မင်း တော်တော်အတ္တကြီးတဲ့ကောင်ပဲ၊ မင်းတို့ယူပြီးရင် တချာ





အလုပ်လုပ်ခိုင်းတော့မယ် မထင်ဘူး"

"ဒါပေါ့ . . . သူထွက်လုပ်စရာ ဘာများလိုလို့လဲ၊ သူ့တာဝန်
က အိမ်ရှင်မအလုပ်နဲ့ ငါ့ကို ချစ်ဖို့ပဲရှိတာ"

"မင်းကွာ . . . တစ်ဦးတည်းသောသားသမီးဖြစ်ပေမယ့်
တချာနဲ့ လုံးဝမတူဘူး၊ အဝေတ် ဥတစ်လုံးဆန့်တဲ့ကောင်ပဲ"

"လူဆိုတာ ကိုယ့်ဖို့ပဲကိုယ် အရင်ဆုံး ကြည့်ကြတာ
သဘာဝပဲဟာ၊ သူများအတွက်ပဲ လုပ်ချင်ရင် ပရဟိတ အလုပ်ချည်း
ရွေးလုပ်တော့မှာပေါ့ကွာ၊ ဘာလို့ စီးပွားရှာနေတော့မှာလဲ"

"တကယ်ပါပဲကွာ"

"ပြန်ဖို့ပြင်နေရင် လခယူတုန်းက ငါ့အကြွေး ပြန်မပေးခဲ့
တာ သတိရဦး"

"ဘာအကြွေးလဲ"

"Taxi ဖိုး ရှင်းပေးလိုက်ရတဲ့ငွေတစ်သောင်းလေ"

"တစ်သောင်းလေးများကွာ"

"တစ်သောင်းဆိုတာ တချာ့အတွက် Anlene တစ်ဗူး
ရတယ်ကွ၊ ဘာမှတ်လဲ"

"ချစ်တီးနဲ့ အမျိုးတော်လား မှတ်ရတယ်၊ ယူကွာယူ၊ အခုပဲ
ပေးမယ်၊ သေရင် ကျွတ်မှာမဟုတ်တဲ့ကောင်"

"ယူတော့ ပြုံးပြုံး၊ တောင်းလျှင်မုန်းဆိုတာ အမှန်ပဲ၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးချပြီး မတရား အကြွေးတောင်းနေတာ မဟုတ်ဘူး၊ ငါ့ပိုက်ဆံ ငါပြန်တောင်းတာ၊ ဘာမှမတရားတာ မရှိဘူးကွ၊ စိတ်ဆိုးလည်း မတတ်နိုင်ဘူး။ ဒီဘဝမပေးနိုင်ရင် နောက်ဘဝမှ ဆပ်လည်းရတယ်"

"အမယ်လေး ... မင်းအိမ်မှာ ခွေးတွေ၊ ကြောင်တွေဘ ပြန်ဖြစ်နေပါဦးမယ်၊ ဖွ! လွဲစေ၊ ဖယ်စေ ... ရှော့"

'စည်သူ' က သူ့ကို မျက်စောင်းခဲလျက် ငါးထောင်တ နှစ်ရွက်ကို ကောင်တာထက် တင်ပေးလိုက်လေသည်။ မှန်ပုံးတွင် ပစ္စည်းတွေကို ပစ္စည်းသိမ်းသည့် Box တွေထဲ သေချာပြင်ဆင်ထည့် ပြီး သိမ်းနေတာပါ။ ဒီကောင်က အတော်အမေ့ခံတဲ့ သူငယ်ချင်း မဟုတ်လား။ စိတ်တော့ အကြာကြီးမဆိုးတတ်ပါလေ။ စိတ်ကောင်း ကျင့်ရှိတဲ့လူက သူပင် မဟုတ်လား။

"ဒီအထုပ်ကြီးက ဘာတွေလဲ"

"မထိနဲ့ ... တျာ့အတွက် ဝယ်ထားတာ"

"မမလေးဖို့တော့ ကျတယ်၊ အလိုက်သိတဲ့ ကိုဗျတ္တလေး နော်"

"ဒါပေါ့ ... မနာလိုမရှိလေနဲ့"

"အေးပါ ... အေးပါ၊ တစ်ယောက်ဆိုတစ်ယောက်ပဲ ချစ် စေ၊ နှစ်ယောက်တော့ ရှုပ်မယ်မကြံနဲ့၊ ငါက ချွန်မှာ"

"ချွန်ရဲချွန်ကြည့် ... ဖြတ်ပစ်မယ်"





"ဘာကွ"

"လေများမနေနဲ့ ... မြန်မြန်သိမ်း၊ (၉) နာရီကျော်နေပြီ"

'စည်သူ' ကို သတိပေးပြီး လုပ်လက်စအလုပ်ကို ခပ်သွက် သွက်လုပ်နေရပါ၏။ မတွေ့ဖြစ်တာ အတော်ကြာနေပြီလေ။ 'တျာ' စိတ်များ ဆိုးနေပြီလား။ သူ၏'တျာ'က ဤမျှကလေးမဆန်ပါ။ ကလေးတွေ Exam အတွက်သာ စိတ်ပူနေပြီး သူ့ကိုတော့ တမင် မေ့ထားတာ မဟုတ်လား။

"သွားကြစို့"

စတို Locker ကို သေချာခတ်ပြီးမှ Show room မှန်ကို သော့ပိတ်ကာ သွပ်တံခါး ပြန်ချလိုက်ပါသည်။ 'စည်သူ' ကားပျက် နေစဉ်က Taxi နှင့် သွားလာခဲ့ရတာပါ။ အခုတော့ ကားပြင်ပြီးပြီမို့ ကိုယ့်ကားနှင့်ကိုယ်စီးလျက် လမ်းခွဲခဲ့ကြရလေ၏။ ကားကို 'တျာ' ဆီ့ တိုက်တန်းဘက် မောင်းရင်း phone ခေါ်လိုက်ပါသည်။

Phone က တတူတူမြည်နေပေမယ့် မကိုင်ပါချေ။ မပိတ် ထားတာမို့ မအိပ်သေးမှန်း သိနေပါ၏။ ဘာများဖြစ်လို့လဲ။ နေများ ကောင်းလို့လား။ တွေးရင်း စိတ်ပူလာရပါသည်။ ဒီလောက် အသံ ညည်နေရင် 'အန်တီသော်' လည်း ကိုင်တတ်တာ မဟုတ်ပါလား။ ကားကို လမ်းကြားထဲသို့ ကွေ့လိုက်ပါ၏။

'မမော်' ဆိုင်တောင် ပိတ်နေပြီမို့ ဆိုင်ဘေးလှေကားထိစ်မှ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ လက်ထဲပါလာသည့် အထုပ်တွေ
ညမှောင်မီးမှိန်မှိန်မှာ အသံမြည်ပြီး ကျယ်နေသည့်နှယ်ပါ။ တတိယ
ထပ်သို့ရောက်စဉ် ခြေလှမ်းကို ခဏမျှရပ်ကာ အမောဖြေလိုက်ရ
ပြီးနောက် 'တျာ' ၏အခန်းတံခါး Bell ကို အသာနှိပ်လိုက်ပါသည်

"တျာ"

"တင်းတောင်!"

ခေါ်သံရော Bell မြည်သံပါ ထွက်နေပေမယ့် အတွင်း
တုတ်တုတ်မျှ မြည်သံမထွက်လာတာမို့ ခေါင်းနပမ်းကြီးသွားရ
သည်။ သေချာပါတယ်။ 'တျာ' တို့ တစ်ခုခုဖြစ်နေပါပြီ။ ပိုက်ဆံအိတ်
ထဲမှာ အမြဲဆောင်ထားပါသည့် သော့အပိုကိုထုတ်၍ တံခါးကို ဖွင့်
လိုက်ပါသည်။ တိုက်ခန်းထဲဝင်စဉ် phone မှ ဓာတ်မီးခလုတ်ကို ဖွင့်၍
အမှောင်ထဲ စမ်းလျှောက်ကာ မီးခလုတ်ကို နှိပ်လိုက်မိ၏။

'တျာ' အိပ်ခန်းတံခါးက စေ့ရုံစေ့ထားသဖြင့် တံခါး
အသာဖွင့်၍ ကြည့်လိုက်ပါသည်။ စောင်ပါးလေးခြုံထားပါသည့် 'တျာ
က နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေ၏။ လက်ဖျံထက်မှာ ငွမ်း
နှင့် Tape ကပ်ထားတာကြောင့် ဆေးသွင်းထားမှန်း သူသိလိုက်
သည်။ ကိုယ့်ချစ်သူလေး ဖျားနေတာတောင်မှ မသိရတယ်လို့ 'ရျာန်
ရယ်။



## အခန်း (၂၁)

ခပ်မှုန်းမှုန်းလေး ရှူထုတ်နေသည့် အသက်ရှူသံ ခပ်တိုး
ိုးကြောင့် ဆတ်ခနဲ နိုးသွားရပါ၏။ မျက်လုံးကို ဖွင့်လိုက်စဉ် ခေါင်း
ကြည်လင်နေပြီး အားအင်ပြည့်နေသလို ခံစားရပါသည်။ လက်ဝါး
ကို ဆုပ်ကိုင်ထားပါသည့်အတွက် ဘေးကို ငုံ့ကြည့်လိုက်မိ၏။ 'တျာ'
သာရှိ နေရာမှာ ခုတင်ကို ခေါင်းတင်ပြီး တရှူးရှူး အိပ်ပျော်နေသည်
ာ 'ရျာန်' ရယ်ပါလေ။

ဘယ်အချိန်ကတည်းက ရောက်နေပါသလဲ။ ညကတည်းက
ထင်ပါရဲ့။ အခုမှ မနက် (၆) နာရီမို့ ဒီလောက်အစောကြီးရောက်
ာစရာမှ မရှိတာလေ။ 'တျာ' ဘက်ကိုလှည့်ပြီး ခေါင်းစောင်းအိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ သူ အသက်ရှူတာကို သိလိုက်ရတာပါ။ ကြည့်ပါဦး ... တစ်ညလုံး စိတ်ပူပြီး စောင့်အိပ်ပေးနေတာပေါ့လေ။ ဘယ်လော ချစ်ဖို့ကောင်းလိုက်တဲ့ ကောင်လေးပါလဲ။

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ အပေါ်အောက်ညီသည့် နှု ခမ်းက မထူမပါး။ သိပ်လည်း မပိုင်း၊ သိပ်လည်း မရှည်ပါသ မျက်နှာနှင့် မေးရိုးကျသေသပ်ပုံက သူ့ကို ယောက်ျားပီသ၍ ကြ ကောင်းသွားစေတာပင်။ နဖူးထက် ဖုံးနေပါသည့် ဆံစခပ်တိုတိုတို (ဘယ်လက်ကို သူ ဆုပ်ကိုင်ထား၍) လွတ်နေသည့် ညာလက် အသာဖွဖွ ဖယ်လိုက်မိစဉ် သူက တွန့်ခနဲဖြစ်သွားကာ မျက်စိပွင့် လေတော့၏။

"တျာ ... နိုးနေပြီလား"

"အင်း ... ဘယ်တုန်းကရောက်လဲ"

"ညကတည်းက (၉) ခွဲကျော်ကျော်"

"အိမ်ပြန်မအိပ်ဘူးလား"

"မာမီ့ဆီ phone ဆက်ပြောထားပါတယ်"

"အဆူခံရတော့မှာပဲ"

"ဆူစရာလား ... ချွေးမလောင်းလေး ဖျားနေတာကို ပြု ပေးရမယ့်ဟာ"

"ကြည့်စမ်း! ... ဘာချွေးမလောင်းလဲ"





"မဟုတ်ဘူးလား ... မာမီ့ချွေးမလောင်းလေးပဲဟာ"

"ရှူး ... အန်တီလေးလည်း ဖျားနေတာ"

"ဟုတ်လား"

"ရှာန်, ဆိုင်ကို သွားရမှာမဟုတ်လား ... တျာ သက်သာ နေပါပြီ"

"မလွှားပါဘူး ... ဟိုနှစ်ကောင်စလုံး ရှိနေတာပဲဟာ၊ သူတို့ ဘာသာ ကြည့်[illegible]စေ၊ တစ်ခါတလေ တစ်ရက်လောက် ပစ် ထားလိုက်မယ်"

"ဒါဆို ဒီမှာ တစ်နေ့ကုန် နေမဲ့လို့လား"

"အင်း"

"ဘယ်ဖြစ်ပါ့မလဲ"

"သိတယ် ... သိတယ်၊ လူကို အမြဲနှင်ချင်နေတာပဲ၊ နေ့ တစ်ပိုင်းလောက်တော့ နေပါရစေ၊ ညနေပြန်ရင် ပြီးရောမဟုတ်လား"

"အန်တီထား ဆူမှာစိုးလို့ပါနော်"

"ဆူလည်း ခံလိုက်ရုံပေါ့၊ မာမီ့ကို အဲဒီလောက်ကြောက်ရ သား"

နှစ်ခြိုက်စွာ ပြုံးလိုက်လေ၏။ နံနက်စောစောမှာ လန်းဆန်း သည့် အပြုံးလေးပါပဲလား။ နေမကောင်းသည့် လူနာမှ ဟုတ်ရဲ့လား ဘယ်လောက်ချစ်စရာကောင်းလိုက်ပါသလဲ။ သူ ခုံမှ ထရပ်ကာ 'တျာ'



www.burmeseclassic.com

www.burmeseclassic.com



နဖူးကို ငုံ့နမ်းလိုက်မိတော့၏။ 'တျာ' က သူ့ရင်ဘတ်ကို တွန်းလိုက်လေသည်။

"Dirty"

"ဘာမှမညစ်ပတ်ဘူးနော် ... ကိုယ် Cleaning လုပ်ပြီး အဝတ်အစားလဲပြီးမှ ပြန်မွှေးနေမိတာ၊ အစောကြီးထပြီး တျာ့ကို ကြက်သားဆန်ပြုတ်တောင် ဆင်းပြီး ဝယ်ထားပြီးပြီ"

"ဟုတ်လို့လား"

"လှလား"

"ဘာလဲ ... လှလား၊ အင်္ကျီကို ပြောတာလား"

"Couple T-shirt လေး တျာ့ဖို့လည်း ဝယ်လာပေးတယ်"

"တကယ်"

"ဒါပေါ့"

"အဖြူပဲလား"

"တျာ့အကြိုက် sky blue ရော, အဝါဖျော့ရော သုံးမျိုး ပါ,ပါတယ်"

"တော်လိုက်တာ"

"တော်တယ်ဆိုပြီး One kiss ပေးလေ"

"တျာ dirty နေတယ်လေ"

"ဘာပဲဖြစ်ဖြစ် ပေးပါကွာ"





'တျာ' ခပ်တိုးတိုးရယ်လိုက်မိပါ၏။ မတွေ့ဖြစ်တာ ကြာပေမယ့် ကိုဖိုးသည်းကဖြင့် ခပ်သည်းသည်းဖြစ်တုန်းပါပဲလား။ ခုတင်ထက်မှ ဆင်းနေပြီမို့ ပါးထိုးပေးထားပါသည့် သူ့ပါးကို ရွတ်ခနဲ ပြန်၍ မွှေးလိုက်ရတော့၏။ အလိုက်သိပေးတဲ့အတွက် ဆုပေါ့နော်။

"အနံ့တီလေး ထနိုင်ရဲ့လား မသိဘူး"

"ကိုယ်ကြည့်လိုက်မယ်"

ရေချိုးခန်းရှိရာဆီ ဦးတည်၍ လျှောက်လိုက်ပါ၏။ ထမင်းစားပွဲထက်ရှိ Steel အိုးလေးထဲမှာ တကယ်ပင် ဆန်ပြုတ်ဝယ်ပြီး အဖုံးအုပ်ထားလေသည်။ အိကြာကွေးထုပ်ပါ မြင်လိုက်ရ၍ 'ဈာန်' အလိုက်သိတာကို စိတ်ထဲမှ ချီးမွမ်းမိပါ၏။ ရေချိုးခန်းထဲမှာ သွားတိုက်မျက်နှာသစ်ကာ ရေချိုးလိုက်ပါသည်။ 'တျာ'က သွေးပေါင်သာ ကျပြီး ဖျားတာမဟုတ်တာမို့ ရေချိုး၍ ရပါ၏။

ခပ်မြန်မြန်လေးလုပ်လိုက်ပြီး အိပ်ခန်းထဲ ပြန်ဝင်ကာ သူတင်ထားပါသည့် အထုပ်ထဲမှ T-shirt အဖြူလေးကို ယူဝတ်လိုက်ပြီး ထမီချည်ကို အနက်ခံမှာ စံပယ်ပွင့်လေးတွေ ကျဲထားပါသည့် အပျော့စားဖြင့် တွဲဝတ်လိုက်ပါသည်။ ဆံပင်ကို သေသပ်စွာဖြီး၍ စည်းလိုက်ပါ၏။ မျက်နှာကိုတော့ ထုံးစံအတိုင်း သနပ်ခါးရေကျဲလေးသာ လိမ်းလိုက်ပါသည်။

"တျာ ဘယ်ရောက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

"အန်တီသော်လည်း ဆန်ပြုတ်သောက်မယ်ကွဲ"

"အင်းပါ . . . တျာ နွေးလိုက်ပါ့မယ်"

"အေးကုန်ပြီမို့လို့လား"

"အေးတာထက် အရမ်းပျစ်ကုန်တာမို့ပါ . . . ရတယ်၊ တျာ ရေနွေးနည်းနည်းရောပြီး တည်လိုက်မယ်၊ ကြက်သွန်မြိတ် ထပ်ထည့် ရမယ်ထင်တယ်"

"ရှိလို့လား"

"ရှိပါ့ရှင် . . . အိမ်မှာ ခေါက်ဆွဲပြုတ် စားလေ့ရှိလို့ ဝယ် ထားပါတယ်"

မီးဖိုချောင်ထဲ ပြန်ဝင်ကာ လျှပ်စစ်မီးဖိုပေါ် အိုးကို တင်လိုက် ပါ၏။ ရေမချိုးခင် တည်ထားပါသည့် ရေနွေးအိုးထဲမှ ရေနွေး အနည်းငယ်မျှ ရော၍ မွှေလျက် နွေးလိုက်ပါသည်။ ရေခဲသေတ္တာ ဖွင့်၍ Plastic ဖြင့် ပတ်ကာ ထည့်ထားပါသည့် ကြက်သွန်မြိတ် စည်းထဲမှ အနည်းငယ်ကို နှုတ်ယူကာ ရေဆေး၍ အနေတော်သေး ဖြတ်လှီးလိုက်ပါ၏။

ဆန်ပြုတ်အိုးထဲကို (ကြက်သွန်မြိတ်လှီးထားတာ) တစ်ဝက် ခတ်ကာ ကျန်တာကို ပန်းကန်ပြားထဲထည့်၍ စားပွဲထက် တင်ထား လိုက်ပါသည်။ နံရံကပ်ဗီရိုထဲမှ ရွှေတ်ကောင်းဗူးကိုပါ ယူလိုက်ပါ၏





ပန်းကန်စင်ပေါ်မှ ပန်းကန်လေးချပ်၊ ပန်းကန်လုံးကြီးနှစ်ခု၊ အရည် သောက် ဇွန်းပိုင်းနှစ်ချောင်းနှင့် ကော်ဖီခွက်တစ်စုံကို ဘေဇင်မှာ သန့်ရှင်းစေရန် ထပ်ဆေးလိုက်ပါသည်။

ဆန်ပြုတ်ကို အိုးနှာနှာဆူပွက်လာမှ ခလုတ်ပိတ်ကာ ပန်းကန် လုံးတွေထဲ အနေတော် ခပ်ထည့်ကာ ပန်းကန်ပြားခံ၍ စားပွဲထက် တင်လိုက်ပါ၏။ ကျွတ်ကျွတ်အိတ်ထဲမှ အီကြာကွေးနှစ်ချောင်းကို ကတ်ကြေးဖြင့် ခပ်သေးသေးဖြစ်အောင် ပန်းကန်ပြားထဲ ထည့်လိုက် ပြီး ကျန်နေသည့် သုံးချောင်းကို သပ်သပ်ပန်းကန်ထဲ ထည့်ထားလိုက် ပါ၏။ 'တျာ' တို့တူအရီးက ဆန်ပြုတ်သောက်မှာမို့ 'ရျာန်' အတွက် ကော်ဖီခါးစိမ့်စိမ့်လေး ဖျော်လိုက်ပါသည်။

"အပြင်သွားကြမလို့လား"

"မသွားပါဘူး အန်တီလေးရဲ့၊ စိတ်ကြည်အောင် အကျီ အသစ် ဝတ်ထားတာပါ"

အန်တီလေးက 'တျာ့' လိုပင် မျက်နှာသစ် အဝတ်အစား လဲကာ သနပ်ခါးပါးပါး လူးထားပါ၏။ 'ရျာန်' တွဲခေါ်လာတာမို့ ခုံဆွဲ ၍ ထိုင်နိုင်းလိုက်လေသည်။ Breakfast ဝိုင်းက ready ပဲမို့ စားရုံသာ ကျန်တော့လေ၏။ သူက ကော်ဖီခွက်ကို လှမ်းယူလျက် 'တျာ့' ဘေးရှိ ခုံခုံမှာ ထိုင်လိုက်ပါသည်။

"တိုက်စသောက်နေပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီသော်"

"ဒါဆို လာမယ့်နှစ် လက်ထပ်ဖြစ်မယ်ပေါ့"

သူက အိကြာကွေးတစ်ချောင်းဖဲ့လိုက်ရင်းမှ 'တျာ့' ကို ဖျတ်ခနဲ ကြည့်လိုက်မိပါ၏။ ဘာမှဝင်မပြောပါလား။ နည်းနည်းပါး ပြောထားမှ သူ့အတွက် စကားပြောအခွင့်ပြေမှာလေ။ အန်တီသော် ဆန်ပြုတ်ပူပူကို နွေးအောင်မှုတ်ပြီးမှ ဖြည်းဖြည်းချင်း ခပ်သောက် လေ၏။

"အဲဒါက တျာ့သဘောပါ အန်တီသော်"

"အမယ် ... ဘယ်တုန်းကများ ပြောမိသေးလို့လဲ"

"တျာပဲ တိုက်ဆောက်တာ ပြီးရင် Ok ဆို"

"ကြည့်! ... တျာကပဲ ငွေမက်သလို ဖြစ်နေပြီ၊ ရာနှ သာ အန်တီထားကို မရမက ပူဆာထားတာပါနော်၊ တျာက ( နှစ်ပြည့် အထိမကလို့ (၅၀) မှ ယူဆိုလည်း စောင့်နိုင်တယ်"

"တျာကလည်းကွာ"

"ဟုတ်တယ်လေ ... လက်ထပ်ကြဖို့ဆိုပြီး ခေါင်းညိတ် နဲ့ ပြီးတာမှမဟုတ်တာ၊ တျာ လက်ခံထားတဲ့အလုပ်က တိခနဲပြ မရဘူး။ ဘာလုပ်မယ်,ညာလုပ်မယ်ဆိုတဲ့ တိုင်ပင်စရာတွေ သေးတယ်"

သူ အံ့ဩသွားရပါ၏။ သေချာတိုင်ပင်တာမျိုး မရှိသေး





မယ့် 'တျာ'က သူ့ကို သူပြောတာနှင့် ခေါင်းညိတ်ပြီး လက်ခံမည်ဟု ထင်ထားခဲ့တာ အမှန်ပါ။ အခုမှ ဘယ်လိုဖြစ်ပြီး ရှေ့ကို ကြိုပြော တောင်းဆိုတာတွေ ရှိလာရပါသလဲ။ သူ့ဘက်က အစစပြည့်စုံနေပါ လျက်နှင့် ဘာဖြစ်လို့များ လွယ်လင့်တကူ လက်မထပ်ချင်ရတာပါလိမ့်။

"ဒီနှစ်စမယ့် (၁၀) တန်းတစ်ပိုင်းပဲ လက်ခံလိုက်လေ၊ ဒါမှ နောက်နှစ်ကို ကိုယ်တို့ Wedding လုပ်နိုင်မှာ"

"ဒါဆို တျာက လက်ထပ်ပြီးတာနဲ့ အလုပ်ထွက်မလုပ် ရတော့ဘူးပေါ့၊ အဲဒီလိုလား"

"အိမ်အလုပ်ပဲလုပ်ပေါ့ တျာရယ်"

"ပျင်းလို့ သေရချည်ရဲ့၊ အိမ်မှာလည်း တျာ ပင်ပန်းမှာစိုး ပြီး ကောင်မလေးတွေ တစ်ယောက်နှစ်ယောက်တော့ အကူခေါ်ထား ဦးမှာ မဟုတ်လား။ ဟိုဟာလုပ်လည်း မလုပ်နဲ့၊ ဒီဟာလုပ်လည်း မကြိုက်ဘူးဆိုပြီး တားမှာသေချာတယ်၊ ဘာမှမလုပ်ရရင် လူက ပျင်းပြီး ဖျင်းဖို့ပဲ ရှိတော့လေ၊ အဲဒီလိုတော့ ငြိမ်ပြီး မနေနိုင်ဘူး"

"တျာမှာ တာဝန်ရှိသေးတာပဲဟာ"

"ဘာလဲ ... ကလေးတန်းယူဖို့လား"

"ဟဲ့!"

"ဟုတ်တယ်"

အပျိုကြီးဖြစ်သည့် အန်တီလေးရှေ့မှာ ဗြောင်ပင် ပြောချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမို့ မျက်နှာပူစရာပါ။ သို့သော် ဒီပြဿနာက မပြောဘဲ ပြီးသွားမှာမှ မဟုတ်တာလေ။ ကြည့်ပါဦး . . . အခုလက်ထပ် အခု ကလေးယူမှာတဲ့။ ကြားလို့မှ ကောင်းသေးရဲ့လား။ လူကို သားဖောက် စက်နှယ် သူ့သဘောအတိုင်း ထားချင်တာကိုတော့ လွန်သည်ဟု ထင်ပါ၏။ 'တျာ' လက်သင့်မခံနိုင်ပါ။

"မာမီတို့လည်း အဲဒါကို သဘောတူလို့ ကိုယ်ပြောသလို ရှေ့တစ်နှစ်တိုးပေးလိုက်တာပဲ, တျာ"

"တျာ့ဘက်ကိုရော မကြည့်တော့ဘူးလား"

"ဘာကိုကြည့်ရမှာလဲ"

"ကျစ်! . . . အသက်အရွယ်ငယ်တုန်း တျာလည်း ဝင်ငွေ ရှာနိုင်သလောက် ရှာချင်သေးတာပေါ့"

"တျာ့မှာ ဘာလိုအပ်တာရှိသေးလို့လဲ၊ လိုတာမှန်သမျှ ကိုယ် အားလုံးဖြည့်ဆည်းပေးနေတာ မဟုတ်လား"

စိတ်ထဲ တင်းခနဲဖြစ်သွားရပါ၏။ စောစောက ကြည်လင်နေ ပါသည့် ခေါင်းက ချက်ချင်းနောက်ကျိသွားရလေသည်။ အဘယ်မျှ ဒေါသဖြစ်စရာပါလဲ။ အဲဒါတွေကြောင့် သူနှင့် 'တျာ' အကြောမတည့် ဘဲ စကားများရတာပါလေ။ 'ရှာန်' ဟာ တစ်ခါတစ်ခါ မာနထောင် လွှားပြီး 'တျာ့'အပေါ် အထက်စီးဆန်ဆန် နှိမ်ပြီး ပြောသလို အပြု အမူမျိုး လုပ်တတ်တာလေ။





ချစ်တဲ့စိတ်ဖြင့်သာ ဘာမဆို အလျှော့ပေးသည်းခံနိုင်ခဲ့တာပါ။ ဝင်ငွေမရှာနိုင်ဘဲ သူ့ဆီမှာသာ နေစဉ်လက်ဖြန့်တောင်းသုံးနေရပါလျှင် 'တျာ' အဘယ်မျှ အပြောခံရမည်နည်း။ အသုံးများသွားလျှင်လည်း ဆူပူပြောဆိုနေဦးမှာ အသေအချာပါ။ အထူးသဖြင့် အန်တီလေးက 'တျာ့' ကို မီှခိုနေရသူမို့ ပိုပြီး မျက်နှာငယ်ရမှာပါလေ။ ဒါတွေကို သိထားပါလျက်နှင့် သူ့အတွက်ပဲ သူကြည့်တာပါလား။

"လူတိုင်းမှာ ပြည့်စုံတယ်လို့ ဘယ်ရှိပါ့မလဲ ရှာန်၊ တျာ့မှာ လည်း လိုတာတွေ ရှိနေတာပဲ၊ အစစအရာရာ ရှာန့်ကိုချည်း အားကိုး ပြီး အပူမကပ်ချင်ဘူး၊ ပြီးတော့ တျာ့မှာ အန်တီလေး ရှိသေးတယ်"

"အန်တီ့သော့ကို ကိုယ်တို့အိမ်ခေါ်ထားဖို့ ပြောထားပြီးပြီ လေ"

"ခေါ်ထားရုံနဲ့ ပြီးတာမှ မဟုတ်တာ"

"ဟယ် . . . တော်ကြပါတော့၊ အန်တီလေးအတွက်နဲ့ ကားမများကြပါနဲ့၊ သမီးတို့လက်ထပ်ပြီးရင် အန်တီလေးက ရိပ်သာ ခပြီးဝင်ဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"မဟုတ်တာ . . . တျာ့ကို ငယ်ငယ်လေးကတည်းက ပြုစု စောင်ပေးတဲ့ ကျေးဇူးတွေက ဆပ်လို့မှ မကုန်သေးတဲ့ဟာ၊ တျာ အိမ်ထောင်ပြုတာနဲ့ အန်တီလေးက အိမ်ကနေ အပြီးဆင်းသွားရတာ လုပ်မှမဟုတ်တာ၊ ဒါဆို တျာအိမ်ထောင်ပြုဖို့ မစဉ်းစားနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

“တျာ”

“သမီးတို့က သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူ ချစ်ကြတဲ့ တွေလေကွယ်”

“အချစ်က အချစ်ပါပဲ အန်တီလေး။ အိမ်ထောင်ပြုတာ တူတာမှမဟုတ်တာ၊ ချစ်သူရည်းစားဘဝက တစ်ယောက်မျက် တစ်ယောက်ကြည့်ပြီး ဗိုက်ပြည့်နိုင်တယ်လို့ ထင်ပေမယ့် အိမ်ထော သည်ဆိုတာက ဘဝနဲ့ သက်ဆိုင်နေပြီ”

“ကိုယ်က တျာ့ကို မပြည့်မစုံနဲ့ထားမယ့်ကောင်မို့ ငြင်းနေတာလား, တျာ”

“ငြင်းတာမှမဟုတ်တာ၊ အချိန်ယူစဉ်းစားဖို့ ပြောနေ ပါ, ရှာန်၊ ဒီထက်ပိုပြီး တစ်ယောက်အပေါ်တစ်ယောက် နားလည် နိုင်ဖို့”

“တော်ပြီ ... တော်ပြီ၊ ဆက်မပြောနဲ့တော့၊ ကိုယ်မကြ ချင်ဘူး၊ ကျွန်တော် ပြန်တော့မယ်, အန်တီသော်”

စိတ်မြန်သည့်သူက ချက်ချင်း ထပြန်သွားလေတော့ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး စကားများခဲ့ရပါသလဲ။ ရင်ထဲမှာ ရှုပ်ထွေး ပြီး ကျန်ခဲ့တာက ‘တျာ’ ပါလေ။



## အခန်း (၂၂)

ဆိုင်မှန်တံခါးကို တွန်းဖွင့်၍ ဝင်လိုက်ပါ၏။ တစ်ညလုံး တစ်မှေးမှ မအိပ်ဖြစ်ခဲ့သဖြင့် မျက်တွင်းက ဟောက်ပက်ဖြစ်နေလေသည်။ မျက်စိတွေ ကျိန်းစပ်နေပြီး အာခေါင်ထဲ ယားနေတာမို့ သူ နားတော့မည့်မှန်း သိနေပါ၏။ စိတ်ညစ်နေပါတယ်ဆိုမှ ကျန်းမာရေး ကပါ ဖောက်လာချေပြီ။

“တောက်!”

“ဟာ ... ဘာဖြစ်လာပြန်တာလဲ၊ မနေ့ကတော့ မလာဘူး နားမယ်ဆိုပြီး လူက မျောက်ခေါင်းပုံစံနဲ့ စောစောစီးစီး ရောက်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဘာမှလာမပြောနဲ့ . . . တင်းနေတယ်"

"မင်းမတင်းတာ ဘယ်အချိန်ရှိလို့လဲ"

"စည်သူ . . . ဆက်မပြောနဲ့တော့၊ ရာသီဥတု သိပ်မကြည်ဘူး"

"ဟုတ်ပါ့"

'ကျော်စွာ' က 'စည်သူ' ကို အသာနေစေရန် တားလိုက်ပါသည်။ ဆိုင်သန့်ရှင်းရေး၊ ကောင်တာထဲ ပစ္စည်းစီတာတွေပါ အကုန်လုပ်ပြီးနေပြီမို့ ဘာမှလုပ်စရာ မရှိတော့ပါ။ Air-con ကို သူမြင့်လိုက်သဖြင့် Show Room တစ်ခန်းလုံး အေးစိမ့်နေလေသည်။ စိတ်ထင်ရာ လျှောက်လုပ်နေတာ မင်းမြင့်ပါရဲ့လား၊ 'တျာ'။

"(၃) လပိုင်းကြီး ဆောင်းတွင်းရောက်နေပြီ၊ ရှာန်"

"ဘာဖြစ်လဲကွာ . . . အေးရင် အနွေးထည်ဝတ်ထား"

"ကန့်လန့်ကြီးသွားတဲ့ Crab ဖြစ်နေပြီ၊ ဘာလဲ . . . တျာနဲ့ ငြိလာပြန်ပြီလား၊ မင်းတို့နှစ်ယောက်ကလည်းကွာ . . . လက်ပဲထပ်တော့မယ်ဟာ . . . ခုထိကို အဆင်မပြေကြဘူး။ မိဘတွေက မတော်ပံ့ပေးနိုင်တဲ့ ဆင်းတောင့်ဆင်းရဲထဲကလည်းမဟုတ်။ တစ်ဖက်က သဘောမတူဘဲ အတင်းဖျက်နေတာလည်း မရှိ။ ဘာမဆို အဆင်ချောလွန်းလို့ ဟိုဘက်ကမ်းတောင်ရောက်နေပြီ။

"အေးပါကွာ"





"မင်းတို့ မသိပါဘူးကွာ"

"အေးပါ . . . ထားပါတော့၊ ငါတို့က အခုမှ စမြင်ပြီးခင်တဲ့ သူစိမ်းတွေကိုး၊ မင်းအကြောင်း မသိရင်ခက်မယ်"

သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိ၏။ ဘယ်သူမှားလဲ၊ ဘယ်သူမှန်လဲ လက်ထပ်ဖို့ ကတိပေးပြီးမှ အခု ဘာဖြစ်လို့ ကဖျက် ယဖျက်ပြောရပါသလဲ။ မာမီတို့ကတော့ ကိုယ့်အရှုပ် ကိုယ်ရှင်းဆိုပြီး သူ့ကို ဘေးဖယ်ထားတာပါ။ အချစ်မှာ အချစ်ပဲရှိသတဲ့။ အိမ်ထောင်ရေးက ဘဝနဲ့ သက်ဆိုင်တယ်ဆိုပြီး ဆရာမက စကားကြီး စကားကျယ်တွေနဲ့ ပြောတော့တာပါလေ။

"Bettery မှာထားတာတွေ ရပြီ"

'ကျော်စွာ' က အနားသို့ရောက်လာပြီး ပါဆယ်မှာထားသည့် ဘူးကိုဖောက်ကာ ကောင်တာထဲရှိ အကန့်တွေထဲ ကြည့်ကောင်းစေရန် စီထည့်ပေးနေပါသည်။ ဘာမှမပြောဘဲ မျက်နှာထက်ကာ ငြိမ်နေပါသည့် သူ့ပခုံးကို ဖတ်ခနဲ ပုတ်လိုက်လေ၏။ ဆိုင်ထဲမှာမို့ သူ့ကို ဤသို့ မှိုင်တွေနေတာမျိုး မဖြစ်စေချင်ကြပါလေ။

"ရှာန်"

"တျာက . . . တျာက . . . ငါ့ကို လက်မထပ်ဘူးတဲ့"

"ဘယ်လို . . . မဖြစ်နိုင်တာ၊ အပြတ်ငြင်းလိုက်တာလား"

"မသိတော့ပါဘူးကွာ၊ စဉ်းစားရမယ်တဲ့၊ ဘယ်ကာနေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ပြီး စကားများကုန်လည်းကိုမသိဘူး။ တူအရီးနှစ်ယောက် နေမကောင်းလို့ သွားကြည့်ပေးတဲ့ စေတနာကိုတော့ အသိအမှတ်မပြု ဘူး။ သူဖြစ်ချင်တာ၊ သူပြောချင်တာကိုပဲ ဦးစားပေးပြီး ဆုံးဖြတ် တယ်''

လေသံက တုန်သွားရပါ၏။ မငိုမိအောင် စိတ်တင်းထား တာက ပိုပြီး ခံရခက်စေလေသည်။ အန်တီသော်ကိုပဲ ကျေးဇူးရှင် ဆိုပြီး ခေါင်းထဲမှာ ထည့်ထားပါသလား။ ဒါ့ပြင် ကိုယ်က 'တျာ' ရင်ထဲမှာ တစ်နေရာစာလေးတောင်မှ မရှိခဲ့ဘူးလား။ ချစ်ပါတယ်ဆို ... ကိုယ်အမြဲ စိတ်ချမ်းသာအောင် ထားပေးပါ့မယ်ဆို။ မခွဲနိုင်ဘူး ဆိုတဲ့ စကားတို့က လေတစ်ချက်မှာ ပါသွားတဲ့ သဲမှုန်လေးတွေလို လွင့်ပျောက်ကုန်ပြီ ထင်ပါရဲ့။

ဪ ... 'တျာ' ရယ်။

''မင်း ဘာပြောလိုက်လို့ သူပြောတာလည်းမှ မသိတာ''

''ကျစ်! ... လက်ထပ်ပြီးရင် ဘာမှမလုပ်ရဘူး ပြောမိတာ ငါ မှားလား''

''အေး! ... အဲဒါပဲ၊ ဒီလောက်ကြိုပြီး ပြောတာပါရဲ့နဲ့ ပြောဖြစ်အောင်ကို ပြောလိုက်တာ၊ မင်းဟာလေ ... ခေါင်းအေး မာတဲ့ကောင်''

''မပြောလို့ဖြစ်မလားကွ ... သူ့ခေါင်းထဲမှာ ငါမှမရှိတာ''





''ဘာ''

သူငယ်ချင်းနှစ်ယောက်စလုံး အံ့ဩသွားကြလေ၏။ ရော်! ... ငါတော့ စကားမှားတော့မှာပဲ။ ခေါင်းထဲမရှိတာက သူမဟုတ်လျှင် အခြားသူစိမ်းယောက်ျားလေးကို မြင်ယောင်တော့မှာလေ။ မဖြစ်ဘူး နော်, တျာ။ ကိုယ်ကလွဲပြီး ဘယ်သူစိမ်းကိုမှ အတွေးထဲတောင် ဝင်ခွင့်မပေးလိုက်ပါနဲ့။

''ဒါဖြင့် ဘယ်သူရှိနေတာလဲ''

''သူ့အဒေါ်, အန်တီသော်''

''ဪ ... ဒါလေးများ''

''ဒါလေးမဟုတ်ဘူး ... ဒါကြီးကွ၊ အကြီးကြီးကို ဖြစ်ကုန် တာ၊ အန်တီသော်က ငါတို့လက်ထပ်ရင် ရိပ်သာအပြီးဝင်တော့မယ် ဆိုတာနဲ့ပဲ ပေါက်ကွဲကုန်တာ''

''နေမကောင်းဖြစ်နေရင် စိတ်ဆတ်တာ သဘာဝပဲလေကွာ၊ မင်းဆို အမြဲစိတ်ဆတ်နေပြီး ...''

''အေးလေ''

''ငါက အန်တီသော့်ကို အတူခေါ်သွားမှာပါကွာ၊ တစ်ယောက် တည်းထားခဲ့မှာမှ မဟုတ်တာ၊ ကလေး တန်းယူရမှာလား၊ မရဘူး ဆိုပြီး ဖြစ်ကုန်တာ''

'ကျော်စွာ' နှင့် 'စည်သူ' အံ့ဩနေလျက်မှ ရယ်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ သူ့ပုံစံက သူငယ်ချင်းတွေ လှောင်စရာဖြစ်နေပြီဆို
မင်း သိပ်ုမလား။ သူတို့အတွက် ရယ်စရာဖြစ်ကောင်း ဖြစ်နေပေ
သူ့အတွက်ကဖြင့် ရင်နာစရာပါလေ။ ကိုယ့်ကိုယ်ကိုယ် အမြဲအ
(၁) ဟု သတ်မှတ်ထားပါလျက် (၁) နေရာမှာ အန်တီသော်က ရှိ
ပြီး သူက ဒုတိယအဆင့်မှာတဲ့လား။

"တျာက ဒါတော့ ပြောရဲသားပဲ"

"ဘာ"

"ဟုတ်တယ်လေ . . . ရှေ့ကို ကြိုတွေးထားလို့ ပြော
ပေါ့၊ မင်းပဲ ကလေး (၃) ယောက်လောက် ယူမှာဆို၊ တျာ
သနားဦးမှပေါ့"

"အဲဒါ သူတာဝန်ပဲဟာ"

"တွေ့လား . . . အဲဒါကြောင့် မင်းကို အတ္တကြီးတယ်
ပြောတာ"

"ဘာများ အတ္တကြီးလို့လဲ၊ ငါက အိမ်ထောင်ဦးစီးရာထူ
ယူမယ်၊ သူက ပါရမီဖြည့်ပေးရုံပဲ တာဝန်ယူရမှာ၊ ဒါ ဘာများခ
လို့လဲ၊ မဆီမဆိုင် အန်တီသော့်ကို ဆွဲထည့်ပြောစရာ ဘာအကြေ
မှုကို မရှိဘူး"

"ရှာန် . . . ရှာန် . . . မင်းနဲ့တော့ ခက်ပါရဲ့"

'ကျော်စွာ' က ညည်းသလို ပြောလိုက်လေ၏။ ကာယ





ထက် ဘယ်သူက ပိုခံစားတတ်မှာတဲ့လဲ။ ဒါကြောင့် ပိုချစ်တဲ့လူက ပိုခံစားရပြီး အသဲရာပိုရတတ်သည်ဟု ပြောကြတာပင်။ ကိုယ့်အပေါ်မှာ ကိုယ်ချစ်သလောက်တောင်မှ မချစ်ခဲ့ဘူးလား 'တျာ' ရယ်။

"အူတိုတဲ့အကျင့်ကိုဖျောက်ဖို့ ငါတို့ မပြောဘူးလား"

"ငါက ဘာကိုအူတိုပြနေလို့လဲ"

"အခုပဲ အန်တီသော်နဲ့တျာ့ကို မင်း အူတိုပြနေတာပဲ ကြည့်လေ"

"ဘာကွ . . . မဟုတ်တာ"

"ဘာမဟုတ်ရမှာလဲ၊ သူ့ခေါင်းထဲမှာ အန်တီသော်ပဲ ရှိတယ်၊ အန်တီသော့်ကို မင်းထက်နေရာပေးပြီး ပထမဦးစားပေးလို့ မင်း ဒေါသထွက်နေတာလေ"

"မဟုတ်လို့လား"

"မင်းအတွက် အန်တီသော်က အဒေါ်ပဲလို့ ရိုးရိုးတွေးပေးပေမယ့် တျာ့အတွက်က မတူဘူးကွ၊ မိဘနေရာကို ပေးခဲ့တဲ့ပုဂ္ဂိုလ် အမေလို အားကိုးပြီး ခင်တွယ်ချစ်ခဲ့ရတဲ့သူကွ"

"အန်တီသော်က တျာ့ကို မှီခိုနေတဲ့လူပါကွာ"

"အေး . . . အဲဒီလို မင်းမြင်လို့ တျာနဲ့ စကားများရတာပဲ"

"ဘာလဲ . . . ဒါလည်း ငါမှားတာပဲလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် လိုအပ်သမျှ ကွက်လပ်တွေကို ငါပဲ ဖြည့်ဆည်းပေးနေတာလေ၊ အဲဒါကိုတော့, မေ့ထားပြီး အနိုင်တီသော့ကို ဦးစားပေးတာ ကောင်းလား"

"မင်း အဲဒီလိုထောက်ပံ့တယ်ဆိုပြီး တျာ့ကိုတော့ မပြောမိပါဘူးနော်"

သူ ပါးစပ်ပိတ်သွားရပါ၏။ ပြောမိလား၊ မပြောမိဘူးလားဆိုသည်ကိုပင် မမှတ်မိတော့ပါ။ ရင်ထဲမှာ ဗလောင်ဆူဝေနေပြီး ခေါင်းထဲမှာ ထူပူနေမှတော့ ဘာကိုမှ စဉ်းစားလို့မရတော့ပါလေ။ စိတ်မြန်, လက်မြန်, ပါးစပ်ပါ မြန်နေပြီလား 'ရျာန်'။ Morning Kiss အပြန်အလှန်ပေးဖြစ်တဲ့နေ့မှာပဲ မေ့ပစ်ရတဲ့ကိစ္စပြဿနာ အတုံးလိုက် အတစ်လိုက်ဖြစ်ပျက်ခဲ့ရတယ်လို့ ရက်စက်ပါ့ ကံကြမ္မာရယ်။

"ပြောမိရင်တော့ သွားပြီ, ရျာန်၊ အချစ်ကို အချစ်လို ရိုးရိုးရှင်းရှင်းပဲ မြင်ရပေမယ့် အဲဒီနောက်က မာနတွေ၊ အတ္တတွေ ကပ်ပါလာရင်တော့ မင်းတို့နှစ်ယောက် ဆက်ထားတဲ့ ကြိုးတည်းတည်းလေးက ပြတ်သွားနိုင်တယ်, ရျာန်"

"..."

"တျာက မင်းထက် ပိုပြီးရင့်ကျက်တယ်၊ တည်ငြိမ်တယ်၊ မာနလည်း ပိုကြီးတာ အမှန်ပဲ, ရျာန်၊ မင်းကို ချစ်လွန်းလို့ မင်းအပေါ် သံယောဇဉ်ကြီးလွန်းလို့ ဘာမဆို သည်းခံပြီး လိုက်လျောပေးခဲ့တာကို





စော်ကားတဲ့လေသံမျိုးနဲ့ သူ့မာနကို မထိပါစေနဲ့ ရျာန်"

သူ ငြိမ်သွားရပါ၏။ မာနကို မထိပါစေနဲ့တဲ့လား။ ပိုပြီးရင့်ကျက်ပါတယ်ဆိုပြီး သူ့ကို အလေးမထားသလို ပြောဆိုတာကိုဖြင့် မသိကြဘဲနဲ့လေ။ ချစ်လွန်းလို့ သံယောဇဉ်ကြီးလွန်းလို့ သည်းခံလိုက်လျောပေးနေတာတဲ့။ ဟုတ်ရဲ့လား 'တျာ'။

"ဪ ... မေ့နေတယ်၊ မနေ့က အံဆွဲထဲမှာတွေ့တဲ့ phone ကို ငါ ပြင်ထားပြီးပြီ၊ အဲဒါ မင်း lady ကို phone ဆက်ပြောလိုက်ဦး"

"ငါ့ lady မှ မဟုတ်တာ"

"သူလာတိုင်း မင်းကိုပဲ မေးနေတာကိုးကွ"

ဟုတ်တော့ ဟုတ်ပါရဲ့။ သူ့ကိုပဲ phone အပ်ထားတာမို့ တာဝန်ရှိပြီး ခေါ်ရတော့မှာပါ။ အိမ် phone မို့ သူမကိုယ်တိုင် မပြောသဖြင့် အိမ်မှ phone ကိုင်သူကိုသာ မှာလိုက်ရလေ၏။ မရွှေချောကတော့ အိမ်မှာ အမြဲမရှိဘဲ အပြင်မှာ ထွက်လိမ့်နေတာပဲ ဖြစ်ပေမည်။ အကယ်၍သာ ဒီညနေပိုင်းမှာ သူ့ဘဝအတွက် အကြီးမားဆုံး မုန်တိုင်းအဖြစ်အပျက်ကို ဖြစ်မယ်မှန်း ကြိုသိခဲ့ပါလျှင် သူမနှင့် မျက်နှာချင်းဆိုင် ထပ်ဆုံခွင့်ကို သူ ဘယ်လိုမှ မယူခဲ့မိပါလေ။

ညနေအတော်စောင်းသွားပေမယ့် နွေဥတုမို့ အပြင်မှာ မမှောင်သေးပါ။ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာသည့် ဒေါ်အိဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



သံကြောင့် သူမ၏ phone နှင့်အတူ အပိုဓာတ်ခဲအပြားကို စက္ကူ
ထဲသို့ ထည့်နေရင်း မော့ကြည့်လိုက်မိလေ၏။ မရွှေချောကတော့
ဒီလောက် လေအေးတွေတိုက်နေသည့် ညနေခင်းမှာတောင် မလုံ
တလုံဂါဝန်ဖြင့် ရောက်လာချေပြီ။

"ကြာမယ်ထင်နေတာ မြန်သားပဲ၊ ချာန်ကိုယ်တိုင် phone
ဆက်တာလား"

"အင်း"

"ပြင်ပေးခ ဘယ်လောက်ယူမှာလဲ"

"ဓာတ်ခဲဖိုးပဲပေးပါ (၈၅၀၀)"

"Ok!"

ငွေတစ်သောင်းတန် ထုတ်ပေးလိုက်တာမို့ အံဆွဲထဲ
အကြွေနှစ်ရွက်ကို နှိုက်ယူလိုက်ပါ၏။ သူမက စက္ကူဗူးကို ယူ၍ ပြန်
လှည့်နေပြီမို့ ရေးထားသည့် voucher စာရွက်ပါ ကျန်ခဲ့လေသည်
စာရွက်နှင့်ငွေကိုယူ၍ ကောင်တာနောက်မှ သူအမြန်ဆုံး ထွက်လို
ရပါ၏။

"ဒီမှာ"

"နာမည်ရှိတာ နာမည်ခေါ်မှပေါ့၊ ဘယ်လိုလူကြီးလဲ"

"ဘောက်ချာရော၊ ပြန်အမ်းငွေပါ ယူသွားဦးလေ"

"တမင်မေ့ကျန်ချင်ယောင်ဆောင်ရင် နောက်တစ်





ထပ်လာလို့ရမှာပေါ့၊ နို့တာလား။ လူလည်ကျလွန်းတာလားကွာ"

"နောက်တစ်ခါလာဖို့ စိတ်မကူးနေနဲ့ တစ်ခါတည်း ယူသွား
ပါ၊ ရော့! ... တောင့်ငါးရာ"

"Thanks!"

ကမ်းပေးနေသည့် ငွေနှင့် voucher ကို လှည့်ယူလိုက်သလို
သူ့မေးဖျားကိုပါ ခြေဖျားထောက်၍ မထိတထိပုံစံမျိုး လုပ်လိုက်သဖြင့်
အံ့ဩသွားရပါ၏။ ဆိုင်ထဲမှာ ယောက်ျားလေးသုံးယောက် ရှိနေမှန်း
မြင်ပါလျက်နှင့် ဤမိန်းကလေး ရဲတင်းလှချည်လား။

"မင်း! ... ဘယ်လိုလုပ်"

"ပန်းကို တောင့်ငါးရာပေးလို့ ဆုချလိုက်တာလေ၊ မကျေနပ်
ဘူးလား"

"မင်း!"

"တချာ"

"ဟင်!"

'ကျော်စွာ' နှင့် 'စည်သူ' ထံမှ ပြိုင်တူခေါ်သံ ထွက်လာသဖြင့်
ဆိုင်ဝင်ပေါက်ကို သူ လှမ်းကြည့်လိုက်မိပါ၏။ လက်ထဲမှာ စာအုပ်တွေ
ပွေ့ပိုက်ထားပါသည့် 'တချာ'က သူနှင့် 'ပန်း' ကို တအံ့တဩဖြင့်
ကြည့်နေလေသည်။ ခေါင်းထဲမှာ ဗုံးပေါက်ကွဲသည့်နှယ် အူသွားရသော
ရင်တွင်းမှာ ပြင်းထန်လွန်းပါသည့် မုန်တိုင်းက ဝင်မွှေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရူးရူးရဲရဲဖြင့် တစ်ချက်ကြည့်ကာ ဆိုင်တံခါးကို ဆွဲဖွင့်ထွက်သွား သည်က 'တျာ' ရယ်လေ။

"တျာ! ... တျာ! နေပါဦး"



## အခန်း (၂၃)

Taxi ကို လက်လှမ်းတားကာ အမြန်တက်စီးခဲ့ပါ၏။ ပါးပြင်ထက် တလိမ့်လိမ့် စီးကျလာသည့် မျက်ရည်တို့က တာကျိုးသည့်နှယ် Driver ဦးလေးကြီး ရှိနေမှန်း သိပေမယ့် မရှက်နိုင်တော့ဘဲ ချုံးပွဲချ ငိုရှိုက်လိုက်မိတော့၏။ ယောကျ်ားတွေကို ဒါကြောင့် 'တစ်ချိုကွယ် တစ်မယ်မေ့' ဟု တင်စားကြတာ တကယ်မှန်နေပြီလား။

ငိုတာက လွယ်ပေမယ့် ရှိုက်ရတာက ခက်ခဲလွန်းလေ၏။ ရင်ထဲဆို့နင့်နေမှုနှင့်အတူ လည်ချောင်းထဲမှာ တစ်နေသည့်နှယ်ပါ။ သူ ဝယ်လာပေးသည့် T-shirt အပြာဖျော့ဖျော့လေးကို ဝတ်ထား သဖြင့် ရင်ဘတ်နေရာကို လက်ဖြင့် ဆုပ်ကိုင်ထားမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံး ပွင့်ထွက်တော့မည့် အခြေအနေမျိုး ဖြစ်နေတာကို ဘယ်သူသိနိုင်မှာတဲ့လဲ။

"သမီးလေး ... ဘယ်ကိုမောင်းပို့ပေးရမလဲကွယ်"

ဦးလေးကြီး လှည့်မေးလိုက်တာကို နှုတ်မှပြန်မဖြေနိုင်ဘဲ လက်ညှိုးဖြင့်သာ ညွှန်ပြလိုက်မိပါ၏။ ဝင်ရမည့်လမ်းကို ရောက်ခါနီးမှသာ ပန်းကို အသာတို့၍ အမူအရာဖြင့် ကွေ့စေလိုက်ပါသည်။ ကားခက ထုံးစံအတိုင်း (၄၀၀၀) မှ မမေးဖြစ်တော့ဘဲ ငွေ (၅၀၀၀) တန်ကိုသာ ထုတ်ပေးလျက် အမြန်ဆင်းလိုက်မိတော့၏။

"သမီးလေး ပြန်အမ်းဖို့ငွေ"

ဦးလေးကြီး ပြောတာကို နားမထောင်နိုင်ဘဲ လှေကားထစ်တို့ကို အပြေးတက်ခဲ့မိပါသည်။ ခါတိုင်းလည်း နေ့စဉ်တက်ဆင်းခဲ့ပေမယ့် ဒီနေ့မှ လှေကားထစ်တွေက ပိုများနေသလို ခြေကုန်လက်ပန်းကျနေသဖြင့် ပိုပင်နေလေ၏။ 'တချာ' တော့ ကောင်းကောင်းကြီး သစ္စာဖောက်ခံပါပြီလား။

"တင်းတောင်!"

"သမီး ၊ ပန်းဆိုးတန်းလမ်းကိုသွားတာ မြန် ... ဟယ် ဘယ်လိုဖြစ်လာတာလဲ"

"တံခါး ... တံခါးပိတ်"

"အေးပါ ... အေးပါ"





"သူလာရင် လုံးဝမဖွင့်ပေးနဲ့နော်"

"သူ ... သူဆိုတာ ရျာန့်ကိုလား"

"တချာ, မတွေ့ချင်တော့ဘူး"

ယိုင်တိုးနေသည့် ခြေလှမ်းတို့ဖြင့် အိပ်ခန်းထဲဝင်ခဲ့ပြီး အိပ်ရာဆက် မှောက်လျက် လှဲချလိုက်မိတော့၏။ လောကမှာ 'တချာ့' ကိုယ် 'တချာ' က အကောင်းဆုံးဟု ယူဆသတ်မှတ်ခဲ့သမျှ အမှားကြီး မှားခဲ့လေပြီ။ 'ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ' 'ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း' ဘူးဆို ... 'ငယ်ကထူး အချစ်ဦးမို့ အရှုအမူး' ဆို ... အားလုံး အလကားပဲ ဖြစ်ကုန်တာ မဟုတ်ပါလား။

မျက်စိအောက်က အပျောက်မခံနိုင်တာ၊ သူများတွေနဲ့ ရောအာကို မနှစ်သက်တာ၊ ကိုကျော်စွာတို့လို သူငယ်ချင်းမျိုးနဲ့တောင် ရင်းနှီးစေချင်တာ၊ သူကလွဲပြီး ဘယ်ယောကျာ်းတွေကိုမှ မကြည့်စေချင်တာ၊ စိတ်နှလုံးအစုံကို ပိုင်ပါတယ်ဆိုပြီး တစ်ယူသန်စိတ်တွေနဲ့ မနာလိုဝန်တိုပြခဲ့သမျှ ချစ်ခြင်းတွေက အစစ်အမှန် မဟုတ်တဲ့ အတုအယောင်တွေတဲ့လားကွယ်။ သစ္စာဖောက်တယ်ဆိုတာ အိမ်ထောင်ရှင်တွေမှာပဲ ဖြစ်လေ့ဖြစ်ထရှိကြတာပါ။ 'တချာ' တို့ ချစ်သူနှစ်ယောက်က လက်ထပ်ဖို့အထိ ကတိကဝတ်ပြုခဲ့ပြီးမှ သူ ဤသို့ သစ်မင်းချိုး, ချိုးပြမည်ဟု ဘယ်လိုမှ ထင်မထားတာ အမှန်ပါလေ။

စိတ်ခုနေခဲ့လို့လား။ ဒါဆိုလည်း အချိန်တန် ပြေလည်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ့် အချိန်ထိ စောင့်သင့်တာပေါ့။ ချစ်သူသက်တမ်းကိုတောင် သုံးနှစ်ကြာချိန်အထိ စောင့်ခဲ့ပြီးမှ ဒီဘာမှမရှိတဲ့ အခိုက်အတန့်ကာ လေးကိုတောင်မှ မစောင့်နိုင်ဘူးပေါ့လေ။ အမြဲတစေ စိတ်ကောင် လေ့ရှိတဲ့ သူ့အပေါ်မှာ 'တျာ' ဘယ်နှခါများ အပြစ်တင်ခဲ့ပါသလဲ 'တျာ' စိတ်ခုစိတ်ကောက်လျှင်လည်း သိပ်မကြာတဲ့ အလိုလို စိတ်ပြေ သွားသည့်အကျင့်ရှိတာကို သူအသိဆုံးပါလေ။

အချစ်သစ်ကိုတွေ့လို့ အဟောင်းကို မေ့မယ်ဆိုလည်း ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောပြရုံသာ ရှိပါသည်။ ငယ် ငယ်ချင်းဖြစ်ခဲ့လို့ သံယောဇဉ်ဖြစ်ပြီး ချစ်ခဲ့ကြတာ မဟုတ်လား။ (၂၀၂ အပြည့်မပေးချင်လည်း (၁၅၀၀) နှုတ်လျှင် (၅၂၈) တော့ မဖြစ်မ ကျန်ရစ်ဦးမှာပါ။ ခုတော့ အမုန်းတွေ ဖန်တီးပြီး လမ်းခွဲချင်ရတယ် 'ချာန်' ရယ်။

"တင်းတောင်! . . . တင်းတောင်! . . . တင်းတောင်!"

တံခါး Bellကို အဆက်မပြတ်နှိပ်နေသံက ထွက်လာလေ အန်တီလေးတော့ သူ့ကြောင့် စိတ်အတော်ညစ်ရဦးမှာပါ။ ညီမ တွေ ဘာကြောင့်များလာရပြီး 'တျာ' တို့ကြားက ကြိုးက တ ဖြည်းနဲ့ အပ်ချည်မျှင်လောက်သာ ကျန်တော့တာလေ။ နင့်ကို သိပ်စိတ်နာတယ် 'ချာန်'။

"သမီးက မတွေ့ချင်ဘူး ပြောထားလို့ပါ"





"တွေ့မှဖြစ်မှာမို့ပါ အန်တီသော်"

"ကလေး အရမ်းငိုနေလို့ လွှတ်ထားပေးလိုက်ပါလား သားရယ်"

"မဖြစ်ဘူး အန်တီသော်၊ တျာအထင်လွဲသွားလို့ပါ၊ ကျွန်တော် အခုချက်ချင်း မဖြေရှင်းနိုင်ရင် ပြဿနာက ပိုရှုပ်ကုန်လိမ့် မယ်၊ တွေ့ပါရစေ"

"သမီးက"

အန်တီသော် တားနေစဉ်မှာပင် 'တျာ့' အိပ်ခန်းဆီကို သူ ရောက်လာပါ၏။ တံခါးကို တွန်းဖွင့်ပေမယ့် အထဲမှ lock ချထားတာမို့ ဖွင့်လို့မရပါ။ တဒုန်းဒုန်းထုလျက် တကြော်ကြော် ခေါ်နေသော်ငြား သူ၏'တျာ'က နည်းနည်းမှ အသံမပေးပါလေ။ ဘယ်လိုဖြစ်ပြီး ကံကြမ္မာက သူ့အပေါ် ကျီစားရတာပါလဲ။

"တျာ . . . တျာ . . . ကိုယ်ရှင်းပြပါရစေ၊ အဲဒီကောင်မလေး က ကိုယ်တို့ဆိုင်ရဲ့ customer သပ်သပ်ပါပဲ၊ ဒီထက်မပိုပါဘူး"

ဒီထက်မပိုတဲ့လူက ကောင်မလေးနမ်းတာကို ကြည်ကြည် ဖြူဖြူနဲ့ လက်ခံနေရပါသလား။ ဘယ်လိုမိန်းကလေးကမှ ကိုယ့်ချစ်သူ မဟုတ်တဲ့လူကို ဤသို့ပြုမူရဲပါ့မလဲ။ ယုံအောင်လည်း ရှိုးပါ 'ချာန်'။

"သူ့ဘက်က မရိုးမသား အမူအရာတွေ ပြနေတာ မှန်ပေ မယ့် ကိုယ့်ဘက်က ရိုးသားပါတယ် တျာရယ်၊ ယုံပါ၊ ကျော်စွာတို့



www.burmeseclassic.com

www.burmeseclassic.com



စည်သူတို့လည်း သိကြပါတယ်၊ ကိုယ်နဲ့သူ ဘာဆိုဘာမှ မဟုတ်ပါ ဘူး''

ဘယ်လိုယုံရပါ့မလဲ။ ရိုးသားကြောင်းကို သက်သေပြဖို့ သူငယ်ချင်းတွေကို ဆွဲထည့်ပြောနေတာပါလေ။ ကိုကျော်စွာနဲ့ ကိုစည်သူက ကျားထဲက ကျားတွေပဲ မဟုတ်လား။ သူ မျက်နှာများ တဲ့ကိစ္စကို ဖုံးဖုံးဖိဖိ ကူညီပေးကြမှာပေါ့။ စီးပွားရေးနဲ့ ဆက်နွယ်ပြီး ပတ်သက်ရာ ပတ်သက်ကြောင်းတွေ အနည်းနဲ့အများ ရှိကြတာလေ။

''တကယ်ပါ တျာရယ်၊ တျာကလွဲပြီး ကိုယ့်မှာ ဘယ်သူမှ မရှိပါဘူး။ တျာ့ကိုပဲ အကုန်ပုံပြီးချစ်ခဲ့တာပါ၊ တျာ့တစ်ယောက်တည်း ကိုပဲ တစ်သက်တာ လက်တွဲဖို့ တစ်ဘဝစာအတွက် ဆုံးဖြတ်ခဲ့တာ တျာအသိဆုံးပါ။ မာမီတို့တောင်မှ ကိုယ်တို့လက်ထပ်ဖို့ကို ကြည်ကြည် ဖြူဖြူနဲ့ ခွင့်ပြုပြီးမှ ဘာမဟုတ်တဲ့ကိစ္စလေးအတွက်နဲ့ ကိုယ်တို့ရဲ့ပွဲကို မပျက်ပါစေနဲ့လား, တျာ''

'ဘာမဟုတ်တဲ့ကိစ္စလေး' တဲ့လား။ သူ့အတွက် ဒီပြဿနာ က သေးသေးမွှားမွှားလေး ဖြစ်နေပေမယ့် 'တျာ့' အတွက်ကဖြင့် မဟာဧရာမ အကြီးကြီးပါပဲ။ ကိုယ့်ကိုမချစ်တော့တာ၊ အချစ်လျော့ သွားတာ၊ စွန့်ပစ်ဖို့ ကြံရွယ်တာ၊ တန်ဖိုးမထားချင်တော့တာ၊ ဥပေက္ခာ ပြုပြီး မေ့ပစ်ချန်ထားရစ်ခဲ့တော့မှာ မဟုတ်ပါလား။

ဒါကိုများ ယုံကြည်ပေးရမယ့် လျှာအရိုးမရှိသလို အလွယ်





တကူ ပြောထွက်တယ်ပေါ့လေ။ ချစ်သူဘဝမှာတောင် မျက်နှာလွှဲပြီး ယုံကြည်စိတ်မထားနိုင်လျှင် အိမ်ထောင်သည်ဘဝမှာ ဘယ်လိုယုံကြည် စိတ်မျိုးနဲ့ အားကိုးနိုင်မှာတဲ့လဲ။ လူကို တိရစ္ဆာန်လေးတွေလို အိမ်ထဲ မှာ လှောင်ပိတ်ထားပြီး သူကဖြင့် အပြင်မှာ လုပ်ချင်ရာ လုပ်နေတော့ မှာ အမှန်ပါလေ။

''တျာ''

အိပ်ရာထဲမှာ လှူးလဲထထိုင်လိုက်ပါ၏။ ပါးပြင်တစ်ဝိုက် ၌ရွဲစိုနေပါသည့် မျက်ရည်တို့ကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သုတ်လိုက် ပါသည်။ 'တျာ' ဆိုတာ အားငယ်ပြီး ဘာကိုမှ မစွမ်းဆောင်နိုင်တဲ့ ခပ်ပျော့ပျော့မိန်းကလေးမှ မဟုတ်တာ။ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်ပြီး ကိုယ့်ဝမ်းကိုယ်ရှာစားနိုင်တဲ့ သတ္တိတွေအပြည့်နဲ့ မတ်မတ်ရပ် တည်နေနိုင်တဲ့ မိန်းမဆိုတာကို နင်သိပါတယ်။

အံဆွဲထဲမှာ ထည့်ထားပါသည့် (မနက်ဖြန်ဘဏ်ထဲသွား ထည့်မည့်) platic အိတ်ဖြင့် ထုပ်ထားပါသည့် ငွေသိန်း (၂၀) ကို ထုတ်ယူလိုက်ပါသည်။ ငါ့အတွက် ဘာမဆို လိုလေသေးမရှိ ဖြည့် ဆည်းပေးနေတာတဲ့လား။ အဲဒီစကားက ငါ့ရင်ကို တစ်ဆုံးတိုင် ထိုး စိုက်လိုက်တဲ့ ဓားဆိုတာကို နင် သိစေရမယ် 'ရှာန်'။

တံခါးဆွဲဖွင့်၍ထွက်လာသည့် 'တျာ့' ကြောင့် သူ ဝမ်းသာ သွားရပါ၏။ ညွှဲခန်းဆီ တန်းတန်းမတ်မတ်ထွက်သွားသဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရပါသည်။ အန်တီသော်ကတော့ ထုံးစံအတိုင်း သူတို့ကို ရှောင်ပေးလေပြီ။ ညေ့ခန်းမှာ မထိုင်သေးဘဲ မတ်တတ်ရပ်နေသဖြင့် သူလည်း မထိုင်ဖြစ်ပါချေ။

"ရော့"

"ဒါက ဘာလဲ"

"ငါ့ကို နှင်းဝယ်ပို့ထောက်ပံ့ပေးခဲ့တဲ့ ပစ္စည်းတွေအတွက် ငွေပေါ့"

"တျာ"

"သိန်း (၂၀) ထက်တော့ မကျော်လောက်ပါဘူးနော်၊ ဆိုးတော့ မဆိုးပါဘူး။ ငါ့တန်ဖိုးက သိန်း (၂၀)လောက် ရှိသေးလို့"

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ, တျာ"

"နှင်းပြောလေ့ပြောထရှိတဲ့အတိုင်းပဲ ပြောလိုက်တာလေ"

"တျာ"

"ဘာမဆို နှင်းပိုင်တယ်၊ နှင်းဖြည့်ဆည်းပေးတယ်၊ နှင်းထား ရာနေ နှင်းစေရာသွားဆိုပြီး ကြိုးဆွဲနေရအောင် နှင်းမွေးထားတဲ့ ခွေး အိမ်မွေးတိရစ္ဆာန်မျိုးမဟုတ်ဘူး, ရှာန်"

"ဟာ! ... တျာ"

သူ ထင်မထားပါသည့် စကားတို့ကြောင့် အံ့သြမှင်တက်ရ မိ၏။





သံယောဇဉ်တို့ ပြည့်နှက်နေခဲ့ပါသည့် မျက်ဝန်းတို့က အခု တော့ဖြင့် မာနအရောင်တို့ဖြင့် လင်းလက်တောက်ပနေလေသည်။ ကိုယ့်အပေါ် ချစ်ပါတယ်ဆိုတဲ့ အချစ်တွေ ဘယ်ကိုရောက်ကုန်ပြီလဲ။ နှင်ကို အေးငြိမ်းစေတဲ့ အပြုံးတို့က ပျောက်ခြင်းမလှ ပျောက်ကွယ် နေလေပြီ။

"တျာ ... ကိုယ် မင်းကို သိပ်ချစ်တာပါ"

"မှန်တယ် ... အဲဒီစိတ်တစ်ခုကိုပဲ ဒီရင်ထဲ အပြည့်ထည့် သိမ်းပေးခဲ့တာပဲ, ရှာန်၊ အဲဒီချစ်စိတ်လေးကြောင့်ပဲ ငါ့အပေါ် နှင် အနိုင်ပိုင်းသမျှ သည်းခံခွင့်လွှတ်ပေးခဲ့တာပါ၊ ချစ်ခြင်းဆိုတာ ယုံကြည် မှုတစ်ခုနဲ့ပဲ တည်ဆောက်ရတယ်, ရှာန်"

"တျာ"

"အခုတော့ ငါ့ရင်ကို နှင် ရိုက်ချိုးခဲ့တာ"

"မဟုတ်ဘူး!"

"ငါ့ချစ်ခြင်းတွေ ပျက်သုဉ်းကုန်အောင် နှင် ရက်စက်ခဲ့တာ၊ ငါ့ယုံကြည်မှုတွေ ပျောက်ကွယ်ကုန်အောင် နှင် လုပ်ပြခဲ့တာပဲ"

"မဟုတ်ဘူး! ... ကိုယ် မင်းကို ဘာသစ္စာမှ မပျက်ဘူး, တျာ၊ မင်းတစ်ယောက်တည်းကိုပဲ"

စားပွဲထက် တင်ထားပါသည့် phone မှ ခေါ်သံထွက်လာ လေ၏။ Phone ခေါ်ဆိုသူပုံပါ အတူပေါ်လာတာမို့ သူရော 'တျာ'ပါ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်လိုက်မိပါသည်။ 'ချစ်ပန်' ဟူသည့် အမည်ဖြင့် စောစော မိန်းကလေးက အမြူးတွေအပြည့်ဖြင့် တတ်ပုံထည့်ပေးထားတာပါလေ မင်းတော့ သေပြီ 'ရှာန်'။

"ဘာလဲ ... ထပ်ပြီး ငြင်းနေဦးမှာပဲလား"

"ဟုတ်မှမဟုတ်တာ တျာရဲ့"

"ဘယ်အချိန်အထိ နင်ဆက်ငြင်းနေဦးမှာလဲ၊ ငါက ငါ့ကိုယ် ငါလည်း တန်ဖိုးထားသလို ငါ့နှလုံးသားကိုလည်း အလေးအနက် ထားပါတယ်, ရှာန်၊ နင်ပြောခဲ့ဖူးသလို ငါ့နှလုံးသားကို နင့်ဆီ အပ် ထားတာကို ခုချိန်ကစပြီး ငါ ပြန်ရုပ်သိမ်းလိုက်ပြီ။ အချစ်တွေ သံယောဇဉ်တွေ, ကရုဏာတရားတွေနဲ့ အရာအားလုံးကို ပြန်ယူလိုက် တာပါ"

"ဟာ!"

"နင်လည်း ငါ့ကို ပေးခဲ့သမျှ ငွေနဲ့တန်ဖိုးဖြတ်ခဲ့သလို ငါလည်း ငါပေးခဲ့ရသမျှအားလုံးကို နှမြောခဲ့တာပဲ, ရှာန်၊ ဖြတ်သန်း ကျော်လွှန်ခဲ့တဲ့ သုံးနှစ်တာကာလအတွက် ဖြုန်းတီးသလိုဖြစ်ခဲ့တာ ငါ အတော်အသုံးမကျလို့ပဲ မှတ်ယူလိုက်ပါ့မယ်"

"တျာ ... ကိုယ်"

"နင်နဲ့ငါ ပြတ်ပြီ"

"ဘာ!"





"အပြီးကိုင် လမ်းခွဲကြစို့၊ ဒီထက်ပိုပြီး ငါသည်းမခံနိုင်တော့ ဘူး၊ နင့်ကို မုန်းတာထက် စိတ်ပိုနာတာ၊ ခါးသီးနာကြည်းတာက ပိုမှန်ပါလိမ့်မယ်"

"တျာ! ... မင်း တစ်ဖက်သတ်မဆုံးဖြတ်နဲ့ ... မရဘူး!၊ ကိုယ်က ... ကိုယ်က မင်းမရှိဘဲ မနေနိုင်ဘူး တျာရဲ့"

"အဲဒီစကားလုံးတွေနဲ့ အရှည်ပျော်နိုင်တဲ့ တခြားကောင်မ လေးကိုပဲ သွား[illegible]ပါတော့, ရှာန်၊ နင်နဲ့ငါ ဘယ်တော့မှ ပြန်မဆုံ ချင်တော့ဘူး။ ငါ့ကိုဆက်ပြီး နှောင့်ယှက်နေရင် ငါကိုယ်ငါ သတ်သေ ပစ်လိုက်မယ်၊ ငါ မလုပ်ရဲဘူးလို့ မထင်လိုက်နဲ့ ရှာန်၊ ငါ့စိတ်ကို နင် အသိဆုံးပဲ၊ နင့်ပစ္စည်းတွေကို အကုန်လုံး ပြန်ပေးလိုက်ချင်တာ မှန် ပေမယ့် သုံးပြီးသားတွေမို့ ငွေနဲ့ ပြန်လျော်ပေးလိုက်တာပဲ၊ နှလုံးသား ဆိုတာ ငွေနဲ့ ပေးဝယ်လို့မရဘူး, ရှာန်၊ နင်ငွေပေးပြီး ဝယ်လို့ရတဲ့ သူ့ဆီကပဲ အချစ်ဆိုတာ နင် ရချင်ရလိမ့်မယ်၊ ငါ့ဆီကတော့ ဘယ် တော့မှ မမျှော်လင့်နဲ့တော့၊ နောက်ဆုံးရလိုက်တဲ့ ရလဒ်က ငါ နာတယ် ဆိုတာပဲ, ရှာန်"

သူ ဒူးထောက်၍ ထိုင်ချလိုက်ပါ၏။ အချိန်အခါဆိုတာ မမျှော်လင့်တဲ့ အခိုက်အတန့်လေးမှာ လျှပ်တစ်ပြက် ရောက်လာတာ ပါလေ။ မုန်းတာထက် စိတ်နာတာ၊ နာကြည်းတာတဲ့လား။

အထင်လွဲ မှုဆိုတဲ့ ပါးပါးလေးကို မဖယ်ရှားလိုက်နိုင်ခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချလိုက်တာက မြန်လွန်းနေတာပါလေ။

မင်း မချစ်နိုင်မှတော့ ငါ့အနာဂတ်က ဘာများအဓိပ္ပာယ်ရှိတော့မှာလဲ 'တဲ့'။

⊛ ⊛ ⊛



# လေးလခန့်ကြာပြီးသည့်နောက်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

ကျောင်းတွေစဖွင့်လေပြီ။ ဖူးဖူးတို့ဝိုင်းကို (၁၀) ယောက်ဖွဲ့ပြီး စာသင်ပေးရတာမို့ 'တျာ' သိပ်မပင်ပန်းတာ အမှန်ပါ။ ဒါကြောင့်လည်း (၈) တန်းတစ်ဝိုင်းနှင့် (၉) တန်းတစ်ဝိုင်းကို အချိန်ပေးနိုင်ခဲ့ပါ၏။ ကျန်ခဲ့သည့် Sunday တုန်းက တပည့်ဟောင်းတွေ အောင်စာရင်းထွက်ပြီမို့ တစ်နေကုန် phone ပြောခဲ့ရတာ မမောမပန်းနိုင်အောင်ပါပဲ။

သူရနှင့်စန္ဒီက All D ပါ။ ဝေယံနှင့်နှင်းဆီက D (၅) လုံးပါလေ၏။ ကျန်တဲ့ကလေးတွေက one D, two Dတွေသာ ရကြလေ၏။ ထူးချွန်စွာအောင်မြင်ခဲ့ကြတာမို့ 'တျာ' ကို ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ကြပြီး တွေ့ချင်နေကြပေမယ့် 'တျာ'က အတွေ့မခံတော့ပါ။ အပေါင်းတွေ အသစ်ဖြစ်လာရင် မကျက်သေးသည့် အနာက ပိုပြီး နာကျင်ရမှာလေ။

"ပွဲလန့်တုန်း ဖျာခင်းရတာမျိုး မဟုတ်ရပါဘူး, တျာ၊ တျာ့ကို မြင်မြင်ချင်းကတည်းက စွဲလမ်းမြတ်နိုးခဲ့ရတာပါ။ အဲဒီချစ်စိတ်တစ်ခု တည်းကြောင့်ပဲ နိုင်ငံခြားပြန်မထွက်ဖြစ်တော့ဘဲ ဒီမြန်မာပြည်မှာပဲ အခြေပြန်ချပြီး စီးပွားရှာဖြစ်ခဲ့တယ်၊ တျာ့ရင်ထဲမှာ ကိုယ့်အတွက် တစ်နေရာစာလေးတောင် မပေးနိုင်သေးမှန်း ကိုယ်သိပါတယ်၊ ဘာပဲ ဖြစ်ဖြစ် ဘယ်လောက်ကြာကြာ ကိုယ်စောင့်နိုင်ပါတယ်, တျာ၊ တျာ့ ရင်ထဲက ဒဏ်ရာကျက်သွားမယ့်အချိန်ထိ, တျာ ကိုယ့်ကို ပြန်ချစ် နိုင်မယ့် တစ်နေ့နေ့ကို မျှော်လင့်နေပါရစေ"

အစ်ကို့ရင်ဖွင့်စကားတို့က ရိုးသားလွန်းပါ၏။ အတင်းတိုက် တွန်းချက်မျိုးမပါ။ လောဘတကြီး တောင်းဆိုမှုတွေလည်း ပါမနေပါ လေ။ အသက် (၅) နှစ် ပိုကြီးတဲ့သူမို့ တည်ငြိမ်ရင့်ကျက်မှု ကွာခြား နေပါသလား။ 'တျာ့' ကိုကြည့်သည့် အကြည့်နွေးနွေး၊ 'တျာ့' ကို ပြုံးပြသည့် အပြုံးချိုချိုတို့က ရင်ထဲအေးမြသွားစေတာ အမှန်ပါ။

သို့သော် နှလုံးသားက ဆန်းပြားစွာ ခုန်လှုပ်ခြင်းမရှိဘဲ အေးခဲနေတော့ ခက်သားလား။ မချစ်ရဲတော့ပါ။ အချစ်တွေ အကုန် လုံး ပေးလိုက်တာမို့ ရင်ထဲမှာ လက်ကျန်သေးသေးလေးသော်မှ





မကျန်တော့သလိုပါပဲလား။ သူနှင့်ဆို ရင်ထဲမှာ အေးခနဲ နွေးခနဲ ဖြစ် ပျော်လိုက် မောလိုက် ရင်ခုန်ခြင်းတို့ လတ်ဆတ်ခဲ့တာပါလေ။

တစ်သက်မှာ တစ်ယောက်၊ တစ်ယောက်မှာ တစ်ချစ်တည်း ချစ်ခဲ့ပြီး တစ်ပွင့်သာ ပန်ချင်ခဲ့တာပါ။ ဒီရင်ခွင်ကနေ ဟိုရင်ခွင် ပြောင်းပြီး မျက်နှာများရအောင်လည်း လိပ်ပြာမသန့်ချင်ပါ။ မျက်စိစုံမှိတ်ပြီး မချစ်နိုင်တာကို ချစ်ပါသည်ဟုလည်း မညာနိုင်ပါ။ 'တျာ'သည် 'ဈာန်' ကြောင့် ချစ်တတ်ခဲ့ပြီး 'ဈာန်' ကြောင့်ပင် ချစ်ခြင်းမှာ ကျရှုံးခဲ့ရတာ လေ။

"အစ်ကို့ကို တျာ အရိုးသားဆုံး ပြောချင်ပါတယ်၊ အစ်ကို အခုလို မပြောခင်ကတည်းက တျာ့အပေါ် ဘယ်လိုသဘောထားလည်း ဆိုတာကို ရိပ်မိနေတာပါ"

"ဟင်!"

"ဒါပေမဲ့ . . . ခင်တာက ခင်ရုံသက်သက်ပါ အစ်ကို၊ ဘာ အရောင်မှ မရောယှက်ထားတဲ့ အဖြူထည်သက်သက်ထက် မပိုပါဘူး အစ်ကို၊ တျာ့အစ်ကိုရင်းတစ်ယောက်လို အားကိုးမိတာတော့ အမှန်ပါ။ သံယောဇဉ်ဖြစ်ဖို့၊ ချစ်လာဖို့ဆိုတာက ဘယ်လိုမှ မဖြစ်လာနိုင်တဲ့ အခြေအနေပါ"

"တျာရယ် . . . ကိုယ်က"

"တျာ့ဘဝမှာ တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုပဲ လက်ထပ်ဖို့ ကျွန်မ ဆုံးဖြတ်ခဲ့တာ၊ သူ့ကိုချစ်တဲ့ အချစ်တွေက ရင်ထဲမှာ ဘာမှမကျန်အောင် အကုန်ပုံပေးခဲ့တာ အမှန်ပါ။ သူနဲ့ ဒီဘဝ ပြန်ဆုံသည်ဖြစ်စေ၊ ပြန်မဆုံနိုင်သည်ဖြစ်စေ အဲဒါက ကျွန်မ့ကံကြမ္မာပါပဲ။ ရှေးဘဝကုသိုလ်ကံ နည်းပါးခဲ့မိလို့ ဒီဘဝမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရတာလို့ပဲ ကျွန်မ ယူဆပါတယ်"

"သူက ... သူက ကျွန်မ့ကို ထားရစ်ခဲ့တာလေ"

"မှန်ပါတယ် ... ကံတရားက ကျွန်မတို့ကို မျက်နှာသာမှ မပေးခဲ့တာကိုး၊ အချစ်စစ်မှန်ရင် ဖြောင့်ဖြူးခြင်းမရှိဘူးတဲ့၊ ဈာန်ဆိုတာ ကျွန်မမရှိရင် မဖြစ်ဘူးဆိုတဲ့စိတ်နဲ့ သူ ရှင်သန်နေခဲ့တာပါ အစ်ကို၊ အဲဒါကို ကျွန်မလည်း ယုံတယ်၊ ကျွန်မတို့ လမ်းခွဲခဲ့တဲ့ အခိုက်အတန့်က မှန်းလို့မှ မဟုတ်တာ၊ ကျွန်မလည်း ခုထိ မမေ့နိုင်သေးဘူး၊ ဒီလိုပဲ သူလည်း မေ့နိုင်မယ်မထင်ဘူး"

"ကျွန်မပဲ သူ့ကို စိတ်နာတယ်ဆို"

"နာရတာပေါ့ အစ်ကို၊ သိပ်ချစ်ခဲ့တာကိုး၊ ချစ်တာနဲ့ ညီမျှတဲ့ နာကျင်မှုတော့ ခံစားရမှာပေါ့၊ သေချာတာတစ်ခုကတော့ သူ့နေရာမှာ ကျွန်မ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးဆိုတာပါပဲ၊ ကျွန်မကို နားလည်ပေးစေချင်ပါတယ်"





"တီချယ် ... ပြီးပါပြီ"

ပြတင်းဝမှာ ရပ်ကြည့်နေရင်း အတွေးလွန်နေရာမှ သတိဝင်သွားရပါ၏။ အပြင်မှာ မိုးတို့က တစိမ့်စိမ့်ရွာနေပါသည်။ မိုးရွာတာကို မှန်းသည့်သူက ဆိုင်ထဲမှာ ဖျစ်တောက်ဖျစ်တောက်ဖြင့် ပြောဆိုနေပေလိမ့်မည်။ သို့တည်းမဟုတ် အိမ်မှာနေလျှင်လည်း စောင်ခြုံကွေးပြီး နွေးနွေးထွေးထွေး အိပ်နေပေလိမ့်မည်။ 'ကျွန်မ' ကဖြင့် မိုးရေထဲ ထီးတစ်ချောင်းဖြင့် ကလေးတွေဆီ စာလိုက်သင်ပေးနေရတာလေ။

"စာအုပ်ယူလာကြလေ"

"သားအရင်နော်"

"သမီးအရင်ပါ, တီချယ်"

'သား' ဟု 'ကိုထက်' သုံးလိုက်တာမို့ 'သူ့ရဲ' ကို သတိရမိ၏။ ကျောင်းသားတွေနှင့် ဆရာမဆိုတာ စာမေးပွဲဖြေပြီးသည်နှင့် လမ်းမှာ မတော်တဆဆုံ၍ နှုတ်ဆက်ရုံကလွဲပြီး ထပ်ဆုံစရာအကြောင်းမှ မရှိတာကိုး။ ကလေးတွေ သင်္ချာတွက်ပြီး လာပြတာကို စစ်ပေးလိုက်ရပါ၏။

"ရှမ်းတယ်နော် ... ရှမ်းတယ်၊ နင်တို့ ဗမာလူမျိုးမှ ဟုတ်ရဲ့လား"

တဟီဟီဖြင့် ရယ်ကြလေ၏။ ပြောသာ ပြောရတာ မနှစ်က



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေက ဆော့တာကလွဲပြီး စာဆို ပြောစရာမရှိအောင် တော် ကြတာ မဟုတ်လား။ ဒီကလေးတွေလည်း နှစ်စမို့ ဒီလောက်ထေ ပြောရဦးမှာပါ။ (၉) တန်း ဝိုင်းသင်ပေးကတည်းက ကိုထက်နှင့်ဖု တို့ကတော့ သိပ်မပြောရပါလေ။

"ကဲကဲ ... စာစီစာကုံးရေးဖို့ မှတ်သွားကြဦး"

"ဟာ!"

"လာပြန်ပြီလား။ ဒီ'ဟာ' တွေ၊ နင်တို့ကို စာစီစာကုံးရေး နိုင်းရင် ကျားမြီးပြေးဆွဲခိုင်းမယ့်လူလိုပဲ သေအောင် ကြောက် သိလား။ မပြောလိုက်ချင်ဘူး။ ခေါင်းစဉ်က 'မိုးရာသီမြင်ကွင်း'..."

'တျာ'က ကလေးတွေ ရေးရလွယ်ကူစေရန် Note သဘောမျိုး အတိုချုပ် စာကြောင်းခပ်တိုတိုလေးတွေ ရေးပြ ကျိုးကြောင်းဆီလျော်သည့် မိုးရာသီအကြောင်းကို နားဝင်အောင် ရှ ပြပေးပါသည်။ မနက်ဖြန် ပိတ်ရက်မို့ အိမ်စာပေးတိုင်း မျက်နှာလေး တွေ ရှုံ့တွသွားကြတာက ထုံးစံပါလေ။

"အိမ်စာမလုပ်ခဲ့ရင်၊ စာအုပ်ကျန်ခဲ့တယ်လို့ အကြောင်းပြ ဒဏ်ပေးခံရမယ်"

"ဘာဒဏ်လဲဟင်"

"သိချင်လား။ ထိုင်ထ အခါ (၅၀)ပဲ၊ အားလုံး အတန်းပြီး Monday တွေ့ကြမယ်"





ကလေးတွေက စာအုပ်သိမ်းပြီး စာသင်သည့် အခန်းမှ ပြေးအလွှားထွက်သွားကြလေ၏။ တိုက်ခန်းထဲမှထွက်ပြီး ဆင်းခဲ့ သည့် တပည့်တွေကို အရိပ်တောင်မှ မတွေ့တော့ပါလေ။ လှေကား အောက်ဆုံးထစ်ကို ရောက်စဉ် လက်ထဲမှ ခေါက်ထီးအကွက်လေး ကို ဖွင့်၍ ဆောင်းလိုက်ပါ၏။ မိုးတွင်းဆောင်းရန် သူ ဝယ်ပေးထား သည့် ထီးနက်ပြာလေးပါ။

သတိရမိပြန်ပြီ 'ဈာန်'။

အုတ်နံရံကိုမှီ၍ ရပ်နေမိ၏။ ဒီအချိန် အိမ်မှာ ရှိမနေမှန်း သိသော်ငြား အရိပ်လေး တွေ့လိုတွေ့ငြား လာကြည့်တာပါ။ စာသွား သင်မည့် ခပ်မြန်မြန်ခြေလှမ်းလေးတွေ၊ 'မမော်' ဆိုင်ထဲမှာ မိတ္တူ ကူးရင်း စကားပြောကာ ခပ်တိုးတိုးရယ်သံလေးကို သဲ့သဲ့လေးမျှ ကြားရရုံဖြင့် သူ ကျေနပ်ပါ၏။ မသိပေမယ့်၊ မမြင်ပေမယ့် 'တျာ့' နားမှာ အရိပ်လေးလို ရှိနေခွင့်ရဖို့ အတော့်ကို ကြိုးစားခဲ့ရတာပါ။ နာမ်းနာကျပြီး သူ ဆေးရုံရောက်ခဲ့ရတာတောင်မှ တစ်ချက်လေး တောင် 'တျာ' လာမကြည့်ခဲ့ပါလေ။ သူ၏'တျာ' က ဤမျှ အသည်း မာသည့် မိန်းကလေး ဖြစ်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးတဖွဲဖွဲရွာနေသည့် အချိန်မှာပင် လက်ဖက်ရည်ဆိုင်ထဲမှ သီချင်းသံက လွမ်းလွမ်းဆွေးဆွေးလေး ထွက်လာလေသည်။ ငိုချင် နေပါသည့် လူကို လက်တို့ပြီး ငိုနိုင်းလိုက်သည့်နှယ်ပါလေ။

ဩော် . . . တျာရယ်။

♫ လမ်းခွဲတစ်ခုမှာ ငြိမ်သက်စွဲ xxx ကိုယ်စီဒဏ်ရာများနဲ့ ပြည့်နှက်စဲပဲကွယ် xxx

ပတ်သက်ခဲ့တာ ဒါနောက်ဆုံးပဲ xxx ဒီလိုနာကျင်စေတဲ့ စကားတော့ မပြောပါနဲ့ xxx

ရင်ထဲက ချည်နှောင်ထားတဲ့ ဒီကြိုးလေးတွေလည်း xxx ပြတ်တောက်သွားရင် နောက်ဆုံးတော့ xxx နာကျင်မှာ တို့နှစ်ဦးပဲ xxx

သိပ်ချစ်ခဲ့တာ သိသားပဲ xxx ပြန်လည်ကာလေ စဉ်းစား ကြည့်ပါဦး xxx ကလေးရယ် xxx

ဒါ နောက်ဆုံး တောင်းဆိုနေခြင်းပဲ xxx နာကျင်စေတဲ့ စကားတော့ မပြောနဲ့ဦး xxx နေဦး xxx

ရင်ထဲက ချည်နှောင်ထားတဲ့ ဒီကြိုးလေးတွေလည်း xxx ပြတ်တောက်သွားရင် တို့နှစ်ဦးပဲ xxx နာကျင်မှာကို မင်းလည်း နာ လည် xxx

ဘယ်လိုရင်ဆိုင်မလဲ xxx ဘယ်လိုရင်ဆိုင်မလဲ xxx





အမှောင်ညတွေ xxx ဘယ်လိုရင်ဆိုင်မလဲ xxx အမှောင်ညတွေ xxx ပျောက်ဆုံးချိန်

ရင်ထဲက ချည်နှောင်ထားတဲ့ ဒီကြိုးလေးတွေလည်း xxx ပြတ်တောက်သွားရင် တို့နှစ်ဦးပဲ xxx နာကျင်မှာကို မင်းလည်း နားလည် xxx

လမ်းခွဲတစ်ခုမှာ ငြိမ်သက်စဲ xxx ကိုယ်စီ ဒဏ်ရာများနဲ့ ပြည့်နှက်စဲ xxx ... xxx ♫

မှန်ပါတယ် 'တျာ'။ မင်းရော ကိုယ်ပါ ဒဏ်ရာကိုယ်စီ ရခဲ့ ကြတာပါ။ ကိုယ်တို့ ဝေးခဲ့ကြကတည်းက အပျော်ဆိုတာက လုံးဝ ပျောက်ကွယ်သွားသလိုပါလေ။ ကိုယ့်ဘဝကြီးတစ်ခုလုံး အမှောင်ကျ ခဲ့ရတာ အမှန်ပါ 'တျာ'။

မင်းမရှိရင် ကိုယ်အသက်ဆက်မရှင်ချင်တော့တာ မသိဘူး လား။ ရက်ရက်စက်စက်နဲ့ ထားခဲ့တဲ့နေရာမှာ 'ရှာန်' ဆိုတဲ့ကောင် သေပြီး ကျန်ရစ်ခဲ့တာကို သိပါလေစ။ ရင်ခုန်သံနဲ့ ရှင်သန်ခြင်းတို့က မင်းကြောင့်သာ ဖြစ်ခဲ့ရတာပါ 'တျာ'။ ကျေးဇူးပြုပြီး ကိုယ့်ကို မမုန်း လိုက်ပါနဲ့၊ မမေ့လိုက်ပါနဲ့၊ မချန်ရစ်ခဲ့ပါနဲ့။

"ဟင်!"

လမ်းထဲကွေ့ဝင်လိုက်စဉ် တစ်ဖက်တိုက်ရှေ့မှာ ရပ်နေပါ သည့် လူကို ဖျတ်ခနဲ ကြည့်လိုက်မိပါ၏။ မိုးကာ (ခေါင်းဆောင်ပါသည့်



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်) ကို ဝတ်ထားပေမယ့် ဒီအရပ်အမောင်း၊ ဒီခပ်ပါးပါး ကိုယ်ခန္ဓာကို မြင်ရုံဖြင့် 'သူ' ဆိုတာကို ချက်ချင်းမှတ်မိနေပါသည်။ 'တျာ' တို့တိုက်ခန်းရှိရာဆီ မော့ကြည့်နေတာက တမေ့တမောပါပဲ။ ဤသို့ လှမ်းကြည့်နေရုံဖြင့် မြင်ရတာမှ မဟုတ်တာလေ။

'တျာ့ကောင်လေး လာကြည့်ကြည့်နေတာ မမော် တွေ့တယ်' ဟု ပြောခဲ့တာ အမှန်ပါပဲလား။ ခြေလှမ်းကို မမော်ဆိုင်ရှေ့ လမ်းဘက်မသွားပါဘဲ တစ်ဖက်တိုက်ဖက်သို့ ရွှေ့၍ ဆက်လျှောက်ခဲ့ပါ၏။ သူ့အနားသို့ရောက်သည့်အထိ ထိုနေရာမှာ ကျောက်ရုပ်နှယ် မလှုပ်မယှက်ရပ်နေသည်က အသက်မရှိသလိုပါပဲ။

ဘေးတိုက်အနေအထားဖြင့် လှမ်းမြင်နေရစဉ် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရပါ၏။ ပါးရိုးတွေ မြင်ရသည်အထိ အတော်ပိန်ကျသွားတာပါပဲလား။ 'တျာ' မရှိရင် အသက်မရှင်တာမျိုး မဖြစ်ရလေအောင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှပေါ့။ ဒီလိုတေပေပြီး နေနေရ အသက်ဆက်ရှင်ပါတော့မလား 'ရှာန်' ရယ်။

ဖျတ်ခနဲ ငဲ့ကြည့်လိုက်သည့် သူနှင့် အကြည့်ချင်းဆုံသွားရလေ၏။ မျက်ဝန်းတွေ လက်ခနဲဖြစ်သွားသလို နှုတ်ခမ်းတို့ပါ အလိုလို ပြုံးသွားတာပါ။ ခဏလေးပါပဲ။ တစ်ခဏအတွင်းမှာ မျက်နှာ ချက်ချင်း ညှိုးကျသွားပြီး မျက်ရည်တို့ စီဝဲလာတော့တာပါ။ ဒီဇုံး တဲ့လား။ ဒါ 'တျာ' သိပ်ချစ်ခဲ့တဲ့ 'ရှာန်' တဲ့လားကွယ်။





"တျာ"

သူ့ရင်ဘတ်ဆီကို လက်သီးဆုပ်ဖြင့် တစ်ချက်ထုချလိုက်၏။ ထို့နောက် ထပ်ခါထပ်ခါ ထုရင်း 'တျာ' ငိုချလိုက်မိတော့သည်။ ငိုလဲကျလာသည့် 'တျာ့'ခန္ဓာကိုယ် ပါးပါးလေးကို သူ မလွတ်တွက်စေရန် တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ထားလိုက်လေ၏။ ဘာကိုမှ စဉ်းစားချင်တော့ပါလေ။

'တျာ' သူ့ကို အရမ်းချစ်၏။

'ရှာန်'ကလည်း 'တျာ့' ကို သိပ်ချစ်ပါ၏။

ဒါထက် ဘာမှ ပိုအရေးမကြီးတော့ပါလေ။

အချစ်သည့် အပျော်ကို ဖန်ဆင်း၏။

ထို့နောက် မျက်ရည်ကို ဖန်ဆင်း၏။

ထို့အတူ မဆုံးသောအိပ်မက်တို့ကိုလည်း ဖန်ဆင်းပေးလေ၏။

လေးစားလျက် . . .

မမသန္တာမောင်

28th Mar. 2016

PM (1:37)



www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်မည့်စာအုပ်

“ရင်ခွင်ထဲက အသည်းပန်းချီ”

အချစ်ရဲ့နောက်ဆက်တွဲစာမျက်နှာမှာ အမုန်းတွေ နာကြည်းမှုတွေ၊ အာဃာတတရားတွေ ရှိနေလိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိတာ အမှန်ပါ' “နွေ”၊ မင်းကို ရင်ထဲရှိသမျှ အကုန်ပုံပေးပြီး ချစ်ခဲ့မိတာပါ။ အခုတော့ မင်းကြောင့် မင်းအတွက်နဲ့ အချစ်တွေအားလုံး ပျက်သုန်းပြီး ငါ့ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သပ်ကုန်ပြီ။ ငါ့ကို ချစ်တယ်ဆိုတဲ့ မင်းရဲ့အချစ်တွေ ဒါတဲ့လား···။

၂၀၁၆ ဇွန်တွင်
ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

နှလုံးသားကို ပိုင်စိုးသူ

**ကြယ်စင်မှူးဝေ**

အသည်းကွဲလေဒီ

**မယ်ခိုင်**

ကျွန်မကချစ်၍ ကျွန်မကိုချစ်သော

**မိုးစက်ပွင့်**

ဝန်ခံပါ ချစ်သူ

**အလင်းသစ်**

မာန်

**လှိုင်းကြာဖြူ**

www.burmeseclassic.com

www.burmeseclassic.com

## လှိုင်းကြာဖြူ (လားရှိုး)

### “ပန်းအနားသတ်မျဉ်း”

မိန်းကလေးတစ်ယောက် အလှပြင်တယ်ဆိုတာက ယောကျ်ားလေးတွေကို ဆွဲဆောင်ဖို့လို့ နင်တို့ပြောတယ်နော် ----- ယောကျ်ားလေးအလှပြင်တယ်ဆိုတာက မိန်းမတွေကို ဆွဲဆောင်ဖို့လား ----- ဒါဆိုရင် ----

မေကံကောင်း

နီး ----- ဘယ်ထိုးလို့ဖြစ်မလဲ။ မိန်းကလေးတစ်ယောက်နှင့် လက်သီးချင်းယှဉ်ထိုးမယ်ဆိုရင် ----- ကိုယ့်အဆင့်က မဟာပုရိသကနေ ဣတ္ထိယအဆင့်ကျသွားမှာပေါ့။

မွန်းတည့်နေ

-------။-------

လှိုင်းကြာဖြူ (လားရှိုး)



## စာစီစာကုံးပြိုင်ပွဲ

### မူလတန်း ✿ အလယ်တန်း ✿ အထက်တန်း

ပြိုင်ပွဲဝင်တစ်ဦးလျှင် နှစ်သက်ရာစာစီစာကုံး (၃) ပုဒ် ပေးပို့နိုင်ပါသည်။ တစ်ပုဒ်လျှင် ဖုလ်စကပ် (၇) မျက်နှာခန့် ရေးသားနိုင်ပါသည်။

စာစီစာကုံးများကို ပေးပို့သူ၏ လိုင်စင်ဓာတ်ပုံ (၁) ပုံ၊ ကိုယ်ရေးအကျဉ်း၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် ကိုယ်တိုင် ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံချက်ပါ ပူးတွဲ၍ အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

(စာအုပ်အဖြစ် ထုတ်ဝေပါမည်)

ဝက်ထူးမဝေသော စာတည်းအဖွဲ့

အမှတ် ၂၂၁၊ (ပထမထပ်)၊ ၃၁ လမ်းအထက်၊ ဝင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၀၉ - ၉၇၉၀၀၅၆၃၃


www.burmeseclassic.com